www.dhammaransi.com

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)
နှင့်
တောင်တန်းသာသနာပြုပဋိဂါလ်များအသင်း

တောင်တန်းသာသနာပြုသပိုင်း



1 သာသနာရေးဝန်ကြီးဌာန
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်

ဒုတိယ အုပ်ရေ သာသနာနှစ် ၂၅၄၈ ခရစ် ၂၀၀၅

www.dhammaransi.com

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)

နှင့်

တောင်တန်းသာသနာပြုပုဂ္ဂိုလ်များ အတွက်

တောင်တန်းသာသနာပြုသမိုင်း



သာသနာစေရးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားစေရေးဦးစီးဌာန

ကမ္ဘာစအား-ရန်ကုန်

ကောဇာ-၁၃၆၇ သာသနာနှစ်-၂၅၄၈ ခရစ်-၂၀၀၅

www.dhammaransi.com



ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ် ထုတ်ဝေသည်။

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

မာတိကာ

အမှာစာ

အပိုင်း(၁)

၁။ မြတ်စွာဘုရားရှင်လက်ထက်သာသနာပြု
လုပ်ငန်းများ

(၁) ဘုရားရှင်အဖြစ်သို့ရောက်ရှိတော်
မူခြင်းနှင့်သံဃာ့ပရိသတ်စုစည်းခြင်း

(၂) သံဃာတော်များအားသာသနာပြု
စေလွှတ်တော်မူခြင်း

(၃) ဘုရားရှင်ကိုယ်တော်တိုင်သာသနာပြု
ကြွတော်မူခြင်း

(၄) မွေးရပ်မြေသာသနာပြုခရီး

(၅) သာဝတ္ထိပြည်သို့ သာသနာပြုခရီး

(၆) ဗုဒ္ဓဏ်ဝါတော်အလိုက် သာသနာပြု
ခရီးစဉ်များ

(၇) မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ
ရောက်ရှိပုံ

F.A

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

(၈) ဒုတိယအကြိမ် သာသနာရောက်ရှိခြင်း

(၉) မြန်မာနိုင်ငံသို့ တတိယအကြိမ် ဗုဒ္ဓ
သာသနာရောက်ရှိခြင်း

(၁၀) ရာမညတိုင်းသို့ ဒုတိယအကြိမ်
ဂဝံပတိမထေရ် ကြွရောက်ခြင်း

(၁၁) မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ်
သာသနာရောက်ရှိခြင်း

(၁၂) ရှင်မဟာဗုဒ္ဓဃောသ မြန်မာနိုင်ငံသို့
ပိဋကတ်တော်များ သယ်ယူလာခြင်း

(၁၃) သထုံပြည်မှ ပိဋကတ်တော်များသွားရောက်
ကူးယူခြင်း

(၁၄) အထက်မြန်မာပြည်ပုဂံသို့ ပိဋကတ်
တော်များရောက်ရှိခြင်း

(၁၅) မြန်မာမင်းတို့ တောင်တန်းပြည်နယ်
သာသနာပြုစေလွှတ်ပုံ

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

အပိုင်း(၂)

၁။ ကိုလိုနီခေတ်တောင်တန်းဗုဒ္ဓဘာသာ အခြေအနေ

၂။ ခရစ်ယာန်နှစ်ခြင်းသာသနာပြုလုပ်ငန်း မြန်မာပြည်၌ သာသနာပြုပုံ

၃။ အင်ဂလိကန်ခရစ်ယာန်တို့၏ မြန်မာပြည်၌ သာသနာပြုမှု

၄။ အခြားခရစ်ယာန်သာသနာပြုအဖွဲ့များ

၅။ တောင်ကန်းနှင့်နယ်စပ်ဒေသများနေ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ ကိုးကွယ်မှုများ

၆။ တောင်တန်းဒေသရှိ တိုင်းရင်းသားများ အား ခရစ်ယာန်သာသနာပြုများ စတင်ထိုးဖောက်သာသနာပြုမှု

၇။ တောင်တန်း၌ ဗုဒ္ဓသာသနာရောင်နှိုး

၈။ အင်္ဂလိပ်ခေတ်တောင်တန်းသို့ စွန့်စား သာသနာပြုခဲ့ကြသော ဆရာတော်များ

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

(က) ဆရာတော်ဦးဇာဂရိယ

(ခ) ပုသိမ်ဦးဝိမလ

(ဂ) ဦးစိန္တာမဏိ၊ကြံခင်းဦးတိသ၊
ယောနယ်သားဦးကဝိန္ဒ

(ဃ) ဆရာတော်ဦးဥတ္တမသာရ

(င) ဆရာတော်ဦးဥဏ္ဏာ

(စ) ပန်းဆွဲဆရာတော်ဦးဝိလာသ

(ဆ) အရှင်တေဇိန္ဒ

၉။ ပထမဦးဆုံးတောင်တန်းသာသနာပြုအဖွဲ့
ပေါ်လာခြင်း

၁၀။ ကျပန်ခေတ်မဟာသံဃအဖွဲ့

၁၁။ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ပေါ်ပေါက်လာခြင်း

၁၂။ တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့
ပေါက်ပေါက်လာခြင်း

၁၃။ တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့၏
ပထမဦးဆောင်ရွက်ချက်များ

၁၄။ ပထမဆုံး သာသနာပြုဌာနများ

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

၁၅။ လွတ်လပ်ရေးအကြိုခေတ် ဗုဒ္ဓသာသနာ
နုဂ္ဂဟာအဖွဲ့ ဖွဲ့စည်းခြင်း

၁၆။ တောင်တန်းသာသနာပြုဌာနများ
တိုးချဲ့ခြင်း

၁၇။ ဗုဒ္ဓသာသနအဖွဲ့ပေါ်ပေါက်လာခြင်း

၁၈။ သာသနာပြုဗဟိုဌာနများ ဖွင့်လှစ်ခြင်း

၁၉။ ထောက်ပံ့ရေးအဖွဲ့များဖွဲ့စည်းခြင်း

၂၀။ တောင်တန်းသာသနာပြုသင်တန်းကျောင်း
ဖွင့်လှစ်ခြင်း

၂၁။ တောင်တန်းသာသနာပြုသင်တန်းကျောင်း
ဖွင့်လှစ်ရန်စည်းမျဉ်းပြဋ္ဌာန်းဘာသာရပ်များ

၂၂။ သင်တန်းကျောင်းအုပ်ချုပ်ရေးတာဝန်ခံ
ဆရာတော်များလိုက်နာရန် စည်းမျဉ်း

၂၃။ တာဝန်ခံကထိကများ၏တာဝန်

၂၄။ တောင်တန်းသာသနာပြုသင်တန်းကျောင်း
တက်ရောက်ခွင့် အရည်အချင်း

၂၅။ သင်ကြားရေးဆိုင်ရာစည်းမျဉ်းများ

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

၂၆။ သာသနာပြုရဟန်းတော်များ လိုက်နာရန်
စည်းကမ်းချက်များ

၂၇။ ပရိတ်တရေဟာများ တည်ထောင်ခြင်း

၂၈။ ကျောင်းဆရာ၊တရားဟောဆရာများ
ခန့်ထားခြင်း

၂၉။ တောင်တန်းသာသနာပြုကျောင်းဆရာ
ခန့်ထားရေးစည်းမျဉ်း

၃၀။ ဆရာများလိုက်နာရန်စည်းမျဉ်း

၃၁။ တောင်တန်းသာသနာပြုတရားဟော
ဆရာများခန့်ထားရေးစည်းမျဉ်း

၃၂။ တရားဟောဆရာများ လိုက်နာရန်
စည်းကမ်း

၃၃။ တောင်တန်းသာသနာပြုကျောင်းများ
ဆောက်လုပ်ခြင်း

၃၄။ တောင်တန်းသာသနာပြုသံဃာများ
စေလွှတ်ရန်နယ်မြေသတ်မှတ်ချက်

၃၅။ သာသနာပြုကျောင်းများ ဆောက်လုပ်ခြင်း

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

၃၆။ တောင်တန်းသာသနာပြုကျောင်းများ
ဆောက်လုပ်ရန်စည်းမျဉ်း

၃၇။ သာသနာပြုဌာနများတိုးချဲ့ခြင်း

၃၈။ ဗုဒ္ဓသာသနာအဖွဲ့အောက်သို့ ပူးပေါင်းခြင်း

၃၉။ တောင်တန်းသာသနာပြုသံဃအဖွဲ့
ပြောင်းလဲဖွဲ့စည်းခြင်း

၄၀။ တောင်တန်းသာသနာပြုအဖွဲ့ကြီး၏
ရည်ရွယ်ချက်များ

၄၁။ တောင်တန်းသာသနာပြုရန် သတ်မှတ်နယ်မြေများ

၄၂။ ဒေသအလိုက်သာသနာပြုဌာနများ ဖွင့်လှစ်ခြင်း

(က) ကချင်ပြည်နယ်သာသနာပြုဌာနများ ဖွင့်လှစ်မှု

(ခ) ကယားပြည်နယ်သာသနာပြုဌာနဖွင့်လှစ်မှု

(ဂ) ချင်းတောင်သာသနာပြုဌာနဖွင့်လှစ်မှု

(ဃ)နာဂတောင်တန်းသာသနာပြုဌာန ဖွင့်လှစ်မှု

(င) ရှမ်းပြည်နယ်သာသနာပြုဌာန ဖွင့်လှစ်မှု

(စ) ဝဒေသသာသနာပြုဌာနဖွင့်လှစ်မှု

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

၄၃။ တောင်တန်းသာသနာပြုကျောင်းများ
ဆောက်လုပ်ခြင်း

၄၄။ သံဂါယနာတင်ပြီးနောက် တောင်းတန်း
သာသနာ

၄၅။ တောင်တန်းဒေသအသီးသီးတွင်
သာသနာပြုခဲ့ပြီး၍ အနားယူသွားကြသော
ရဟန်းတော်များ စာရင်းချုပ်

၄၆။ တောင်တန်းဒေသအသီးသီးရှိ သာသနာပြု
ကျောင်းပေါင်းနှင့်ရဟန်းတော်ပေါင်း

၄၇။ တောင်တန်းသာသနာပြုဇာတိအပွဲ၏
ဆောင်ရွက်လုပ်ကိုင်မှုများ

၄၈။ သာသနာပြုလုပ်ငန်းမှရရှိသော
တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု

၄၉။ တော်လှန်ရေးကောင်စီအာဏာရလက်ထက်
တောင်တန်းသာသနာပြုလုပ်ငန်း

၅၀။ တောင်တန်းသာသနာပြုညီလာခံများ
ကျင်းပခြင်း

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

၅၁။ တောင်တန်းသာသနာပြုအမှုဆောင်အဖွဲ့
ပြန်လည်ဖွဲ့စည်းခြင်း

၅၂။ သာသနာရေးဦးစီးဌာနပေါ်ပေါက်လာခြင်း

၅၃။ ၁၉၈၀ပြည့်နှစ်ကိုကားပေါင်းစုံသံဃာ့အစည်းအဝေး
အပိုင်း(၃)

၅၄။ သာသနာရေးဝန်ကြီးဌာန ဖွဲ့စည်းပြီးကာလ
မြန်မာနိုင်ငံတော်တွင် တောင်တန်း
သာသနာပြုလုပ်ငန်းများဆောင်ရွက်မှု

(က) သာသနာရေးဝန်ကြီးဌာန သီးခြား
ပေါ်ပေါက်လာခြင်း

(ခ) သာသနာတော်ထွန်းကားပြန့်ပွားရေး
ဦးစီးဌာနဖွဲ့စည်းတည်ထောင်ခြင်း

(ဂ) ပြည်တွင်းသာသနာပြုဌာနခွဲ၏လုပ်ငန်း
တာဝန်များ

၅၅။ တောင်တန်းသာသနာပြုစည်းမျဉ်းနှင့်
လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်း

၅၆။ တောင်တန်းသာသနာပြုထေရ၀ါဒ
ဩ၀ါဒဆရာတော်များ ဖွဲ့စည်းခြင်း

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

၅၇။ ပြည်နယ်နှင့်တိုင်းအလိုက် ဌာနစုများ ဖွဲ့စည်းခြင်းနှင့်
သာသနာပြုဌာနများ ဖွင့်လှစ်ခြင်း

၅၈။ သာသနာပြုရဟန်းတော်များ၊သီလရှင်များ၊
လူပုဂ္ဂိုလ်သင်တန်းများ ဖွင့်လှစ်ခြင်း

၅၉။ သာသနာပြုရဟန်းတော်များ၊သီလရှင်များ၊
လူပုဂ္ဂိုလ်များ ခွေးချယ်စေလွှတ်ခြင်း

၆၀။ သာသနာပြုရဟန်း/သီလရှင်၊လူပုဂ္ဂိုလ်တို့၏
လုပ်ငန်းတာဝန်များ

၆၁။ သာသနာပြုစာသင်တိုက်များ တည်ထောင်ခြင်း

၆၂။ တိုင်းရင်းသားဘာသာဖြင့် ဗုဒ္ဓဘာသာ
ဆိုင်ရာစာအုပ်များ ဘာသာပြန်ထုတ်ဝေခြင်း

၆၃။ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ
ဖွင့်လှစ်ခြင်း

၆၄။ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု
စည်းမျဉ်းရေးဆွဲအတည်ပြုခြင်း

၆၅။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ
ဖွင့်လှစ်ခြင်း

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

၆၆။ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာပေးပွဲစီမံချက်
စည်းမျဉ်းရေးဆွဲခြင်း

၆၇။ ယဉ်ကျေးမှုသင်တန်းဖွင့်လှစ်ခြင်း

၆၈။ မြို့နယ်သာသနာရေးအရာရှိများ ဖွဲ့စည်း
ခန့်အပ်တာဝန်ပေးခြင်း

၆၉။ သာသနာပြုဂြိုဟ်ထောက်အကူပြု တိုင်းရင်းဆေးပညာ
သင်တန်းများ ဖွင့်လှစ်ခြင်း

၇၀။ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ပေါ်ပေါက်လာပြီးနောက် ရဟန်းတော်များ၊
လူပုဂ္ဂိုလ်များအားသက်ဆိုင်ရာဘွဲ့တံဆိပ်တော်များ
လျှောက်ထားခြင်းနှင့် ဘွဲ့တံဆိပ်တော်ရ တောင်တန်း
သာသနာပြု ရဟန်းတော်များနှင့်လူပုဂ္ဂိုလ်များ

၇၁။ အခြားအဖွဲ့အစည်းများမှ တောင်တန်းသာသနာပြု
ဆောင်ရွက်ခြင်း

၇၂။ တောင်တန်းသာသနာပြုဇာတိသင်တန်းကျောင်း
အဆောက်အအုံ

www.dhammaransi.com

အဖွင့်

နှုတ်တော်အင်အား သည် နှုတ်တော်အတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှစ်မများ၏ ညီညွတ်သောစည်းလုံးမှု ဖြစ်ပါသည်။ စည်းလုံးညီညွတ်မှု ရှိသော နိုင်ငံတော်ကို ကမ္ဘာ့နိုင်ငံအများက လေးစားကြပါသည်။ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှစ်မများအနေဖြင့်လည်း စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးမှုကို အားချမ်းစွာလုပ်ကိုင်နိုင်ကြမည်ဖြစ်ပါသည်။ စီးပွားရေး လူမှုရေး ဖွံ့ဖြိုးသော် သာသနာနှင့် ယဉ်ကျေးမှုများသည်လည်း တိုးတက်မြင့်မားမည် ဖြစ်ပါသည်။

ထိုသို့သော အကျိုးများကိုရရှိရန် ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် မိမိတို့နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား ညီညွတ်သောစည်းလုံးမှုရရှိအောင် ပုံစံအမျိုးမျိုးနှင့် လုပ်ဆောင်နေကြရ ပါသည်။

မြန်မာနိုင်ငံသည် ကိုလိုနီဘဝနှင့် နှစ်ပေါင်းတစ်ရာခန့်မျှ နေခဲ့ရသဖြင့် တိုင်းရင်းသားစည်းလုံးမှု ဖြိုခွဲခံခဲ့ရသည်။ စီးပွားရေးနှင့် လူမှုရေးဘဝများ နောက်ကျခဲ့ရသည်။ သာသနာနှင့် ယဉ်ကျေးမှုများလည်း ညှိုးနွမ်း ခဲ့ရသည်။

www.dhammaransi.com

ထိုသို့သော ကိုလိုနီဆိုးမွေများကို ကုစားနိုင်ရန် အဆက်ဆက်သော နိုင်ငံတော်အစိုးရနှင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများသည် တောင်တန်းဗုဒ္ဓသာသနာပြုလုပ်ငန်းကို ဖွဲ့စည်း၍ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

တောင်တန်းဗုဒ္ဓသာသနာပြုလုပ်ငန်းသည် ဗုဒ္ဓယဉ်ကျေးမှုကို အခြေခံလျက် တိုင်းရင်းသားညီအစ်ကို မောင်နှစ်မများအတွက်-

- စီးပွားရေးနှင့် လူနေမှုဘဝတိုးတက်မြင့်မားစေရန်၊
- တိုင်းရင်းသားအချင်းချင်း ညီညွတ်သော စည်းရုံးမှုကို ရရှိစေရန်

ဟူသော ဦးတည်ချက်တို့ဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။

ပြည်ထောင်စုမပြိုကွဲရေးနှင့် တိုင်းရင်းသားစည်းလုံ ညီညွတ်မှု မပြိုကွဲရေးသည် မည်သည့်ခေတ်သို့ရောက်ေ သည်ဖြစ်စေ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အသက်သွေးကြော လုပ်ငန်းစဉ် ဖြစ်ပါသည်။

www.dhammaransi.com

တောင်တန်းနှင့်နယ်စပ်ဒေသသာသနာပြုလုပ်ငန်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိရေးနှင့် တောင်တန်းနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပုံ သမိုင်းဖြစ်စဉ်ကို ယနေ့ ဆောင်ရွက်ဆဲပုဂ္ဂိုလ်များ သုံးသပ်ဆင်ခြင်နိုင်ရန်၊ နောင်သားစဉ်မြေးဆက် နမူနာကောင်းနှင့် သင်ခန်းစာယူပြီး ဆောင်ရွက်နိုင်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် သာသနာရေးဝန်ကြီးဌာနသည် ဤတောင်တန်းသာသနာပြုသမိုင်းကို အချက်အလက် ပြည့်စုံစွာပြုစုရန် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနသို့ လမ်းညွှန်ခဲ့ပါသည်။

သမိုင်းပြုစုနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များပါဝင်သောအဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့ပါသည်-

(၁) ဒေါ်ခင်နွဲ့ဟန်ကြည် ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး

(၂) ဒေါ်အောင်ကြည် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး

(၃) ဦးလေးအောင် အဖွဲ့ဝင်
လ/ထညွှန်ကြားရေးမှူး

www.dhammaransi.com

(၄) ဦးဝင်းအောင် အဖွဲ့ဝင်
ဦးစီးအရာရှိ

(၅) ဦးသိန်းမြင့် အဖွဲ့ဝင်
ဦးစီးမှူး

(၆) ဒေါ်မြင့်မြင့်ကြည် အဖွဲ့ဝင်
ကြီး/စာရေး

(၇) ဦးကိုကိုမြင့် အတွင်းရေးမှူး
လ/ထည့်သွင်းရေးမှူး

ယင်းအဖွဲ့က မာတိကာအကြမ်းကို ရေးဆွဲပြီ
ထိုစဉ်က ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်ထံ တင်ပြခဲ့ပါသည်
ညွှန်ကြားရေးမှူးချုပ်ထံမှ လမ်းညွှန်ချက်ရပြီးသောအခါ
သမိုင်းဆိုင်ရာအချက် အလက်များကို အဖွဲ့ဝင်များက
စုဆောင်း ရှာဖွေလျက်ရလာသော အချက်အလက်
ပေါ်မူတည်၍ သမိုင်းကိုစတင်ရေးသားပြုစုစေခဲ့ရာ ပဝေ
မူကြမ်း ပြီးစီးခဲ့ပါသည်။

ဤတောင်တန်းသာသနာပြုသမိုင်းနှင့်ပတ်သက်၍
တစ်ဖန် နှိုင်းတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ
အုပ်ချုပ်ရေးဗဟို အဖွဲ့.အစည်းအဝေး(၁/၂၀၀၅)တွင်

www.dhammaransi.com

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ စတုတ္ထနှစ် အောင်မြင်ပြီး၍ တောင်တန်းနှင့် နယ်စပ်ဒေသသာသနာပြု ကြွရောက်တော်မူကြသော ရဟန်းတော်များအတွက် အထောက်အပံ့ဖြစ်စေသောကြောင့် ဤသမိုင်းကို ဆက်လက်ပြုစုထုတ်ဝေရန်တင်ပြရာ ထိုစဉ်က တက္ကသိုလ်များအုပ်ချုပ်ရေးဗဟို အဖွဲ့.ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ သြသဓာဘိဝံသ၊ သာသနာရေးဝန်ကြီး ဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုတို့.မှ ဤသမိုင်းကို မူချောဖြစ်သည်အထိ ဆက်လက်ဆောင်ရွက်ရန် လမ်းညွှန်မူပြုခဲ့ပါသည်။

ထိုလမ်းညွှန်ချက်အရ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယ ဗိုလ်မှူးကြီး မျိုးကျော်သည် ၁၄-၃-၂၀၀၅ရက်စွဲပါရုံးအမိန့်.စာအမှတ် (၁၀၁/၀၅)ကို ထုတ်ပြန်၍ အောက်ပါ တောင်တန်း သာသနာပြုသမိုင်း ရည်ညွှန်းကျမ်းစာအုပ် ထုတ်ဝေရေးအဖွဲ့.ကိုဖွဲ့.စည်းကာ ပထမမူကြမ်းကို မူချောဖြစ်အောင် ဆက်လက်ဆောင်ရွက်စေခဲ့ပါသည်။

www.dhammaransi.com

တောင်တန်းသာသနာပြု သမိုင်းရည်ညွှန်း ကျမ်းစာထုတ်ဝေရေးအဖွဲ့-

(၁) ဦးအောင်သိန်းညွှန်. အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး

(၂) ဦးမိုးဇော်ရွှေ အဖွဲ့ဝင်
ညွှန်ကြားရေးမှူး

(၃) ဦးသိန်းဦး အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး

(၄) ဦးလေးအောင် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး

(၅) ဒေါ်အေးမြင့်ကြည် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး

(၆) ဦးကိုကိုမြိုင် အတွင်းရေးမှူး
ကျမ်းကျင်သူ

www.dhammaransi.com

ဤအဖွဲ့သည် ပထမမူကြမ်းကို ပြန်လည်စီစစ်ပြီး လိုအပ်သည်များကို ပြန်လည်ဖြည့်စွက်ကာတောင်တန်း နှင့် နယ်စပ်ဒေသသာသနာပြုလုပ်ငန်းတွင် တစ်နည်းနည်းဖြင့် ဆောင်ရွက်ထိတွေ့မှုရှိခဲ့သော အောက်ပါ ဆရာတော်များနှင့် ပညာရှင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၏ ဖတ်ရှုပြင်ဆင်ဖြည့်စွက် အတည်ပြုချက်များကို ရယူခဲ့ပါသည်။

အကြံပြုပြင်ဆင်ပေးကြသော ဆရာတော်နှင့် ပညာရှင်ပုဂ္ဂိုလ်များမှာ-

၁။ ဘဒ္ဒန္တသြသမာဘိဝံသ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟို
အဘိဓဇမဟာရဋ္ဌဂုရု အဖွဲ့ဒုတိယအဓိပတိနှင့်နိုင်ငံ
တော်သံဃမဟာနာယကအဖွဲ့
အကျိုးတော်ဆောင်

၂။ ဘဒ္ဒန္တသောဘန မြသိန်းတန်ကျောင်းတိုက်ဆရာ
အဘိဓဇအဂ္ဂမဟာ တော် (ယခင်တောင်တန်း
သဒ္ဓမ္မဇောတိက သာသနာပြုဗဟိုအဖွဲ့ဝင်
ဆရာတော်)

၃။ ဘဒ္ဒန္တကုက္ကုလာဘိဝံသ ထေရဝါဒဗုဒ္ဓ သာသနာပြု
အဂ္ဂမဟာသဒ္ဓမ္မ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ
ဇောတိကဓဇ ဆရာတော်

www.dhammaransi.com

၄။ဘဒ္ဒန္တနရိန္ဒာဘိဝံသ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ	ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒ စရိယအဖွဲ့. (ယခင်အကျိုးတော်ဆောင်)
၅။ဘဒ္ဒန္တဝါယာမိန္ဒ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက	ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒ စရိယအဖွဲ့.အကျိုးတော်ဆောင
၆။ဘဒ္ဒန္တဉာဏဒဿီ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ	ဒုတိယနာယကချုပ်ဆရာတော် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)
၇။ဦးကြည်ညွှန့်.	ဒုတိယဝန်ကြီး(ငြိမ်း) ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန
၈။ဦးအုံမောင်	အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွဲ့ဖြိုးရေးကောင်စီဆုံး
၉။ဦးစန်းလွင်	ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) သာသနာတော်ထွန်းကားပြန့်ပွား ရေးဦးစီးဌာန

www.dhammaransi.com

၁၀။ ဒုတိယဗိုလ်မှူးကြီး မျိုးကျော် — ညွှန်ကြားရေးမှူးချုပ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

၁၁။ ဒေါက်တာမျိုးမြင့် — ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန

ဒုတိယဗိုလ်မှူးကြီးမျိုးကျော် (ညွှန်ကြားရေးမှူးချုပ်)၏ အနီးကပ်ကြီးကြပ်မှုဖြင့် သမိုင်းပြုစုရေးကော်မတီသည် ဆရာတော်များ၊ ပညာရှင်ပုဂ္ဂိုလ်များ၏ အကြံပြုချက်၊ ပြင်ဆင်ဖြည့်စွက်ချက်တို့ကို ထပ်မံဖြည့်စွက် ပြုပြင်ရေးသားပြုစုခဲ့ကြပါသည်၊ ဒုတိယမူကြမ်းကို ဆက်လက်ဆောင်ရွက်ဆဲ ကာလတွင် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနသို့ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးမြင့်၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုဖြင့် ဒုတိယမူကြမ်းကို ဆက်လက်ပြုစုရေးသားခဲ့ကြပါသည်။

ဤသို့စိစစ်လျက် အဆင့်ဆင့်ရေးသားခဲ့ကြသော်လည်း ဤသမိုင်းသည် အစစအရာရာပြီးပြည့်စုံသော သမိုင်းတစ်ရပ်ဟူ၍ မယူဆပါ။ ဤတောင်တန်းသာသနာပြုသမိုင်းနှင့်ပတ်သက်၍ လက်တွေ့ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်

www.dhammaransi.com

အသီးသီး၏ အတွေ့.အကြုံများမှပါဝင်သင့်သော အဖြစ်အပျက်၊ အချက်အလက်များ၊ အတွေ့.အကြုံများ၊ ကျန်ရှိနေဦးမည်မှာ သေချာပါသည်။

ထိုပုဂ္ဂိုလ်များ၏ အကြံပြုချက်၊ ဖြည့်စွက်ချက်များ ရှိလာပါကလည်း လိုက်လဲစွာ ကြိုဆိုပါကြောင်း ဖော်ပြအပ်ပါသည်။

ဤသမိုင်းပြုစုရန်လမ်းညွှန်မှုပြုခဲ့ကြသော ပုဂ္ဂိုလ်များ၊ အကြံပြုဖြည့်စွက်ပေး ကြသောပုဂ္ဂိုလ်များ၊ စီစဉ်ပေးကြသောပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်.

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

လှူဒါယကာဆိုင်ရာအပေါ်.

၁။	ဥက္ကဋ္ဌ	စပ်ငယ်ဦး (ဘော်လခဲနယ် စောဗျား
၂။	ဒုဥက္ကဋ္ဌ	စပ်လပ်(ကန့်ရှ် ဝတီနယ်အခွန် စာရေးကြီး)
၃။	အတွင်းရေးမှူး	ဦးလေးမြင့် (ဘော်လခဲနယ် အမတ်ချုပ်)
၄။	တွဲဘက် အတွင်းရေးမှူး	ဦးဘိုးကွယ်(ကန့်ရဝတီ နယ်အခွန်စာရေးကြီး)
၅။	ဘဏ္ဍာရေးမှူး	ဦးစောမောင်မောင် (ဘော်လခဲခွန်တော်)
၆။	စာရင်းစစ်	ခရိုင်ဝန်မင်း
၇။	အမှုဆောင်	မဟာသရေစည်သူဦးစိန် (ပါလိမန်အတွင်းဝန်)
၈။	〃	ဦးဆရာဆာ(သမားတော် ကြီး)

www.dhammaransi.com

ဖောင်တန်းသာသနာပြုသမိုင်း

၉။	။	ဦးစံထွန်း(ပညာရုံးစာရေးကြီး)
၁၀။	။	ဦးဘငြိမ်း(ကုန်သည်-ဒေသကိုယ်စားလှယ်)
၁၁။	။	ဦးဘအေး(ကုန်သည်ကြီး)
၁၂။	။	ဆရာဦးဘိုးလူ(လူထု ပညာရေးမှူး)
၁၃။	။	ဆရာဦးဘိုးရယ်(လူထု ပညာရေးမှူး)
၁၄။	။	ဆရာဦးချစ်လှိုင်(ဘဝသစ် အဖွဲ့ခေါင်းဆောင်)
၁၅။	။	ဦးမောင်ကြီး(လွယ်ကော် မြို့အုပ်မင်း)
၁၆။	။	ဦးအေးဖေ(ကျန်းမာရေး ဌာနရုံး)
၁၇။	။	ဦးစောသိန်း(ပညာအုပ်)
၁၈။	။	ဦးစံကျော်(ပူဇော်ခင်းဘိုးရွာ ကောင်းစားမင်း)

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

၁၉။ ။ ဦးလုံး(ဘော်လဲနယ်တရား ဌာနစာရေးကြီး)

၂၀။ ။ ဦးသိန်းဇာ(မိုးဗြဲနယ်)

၂၁။ ။ ကြက်ဖိုးကြီးနယ်မှ ကိုယ်စားလှယ်တစ်ဦး)

လားရှိုးမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်းအစွဲ.စွဲ – အမှုဆောင် စာရင်း(ဝန်ယမ်ဒေသ)

၁။	နာယက	သိန္ဓိကိုဏ်းချုပ်ဆရာတော်
၂။	။	မိုင်းရယ်ကိုဏ်းချုပ် ဆရာတော်
၃။	။	ကာမိန်းကျောင်းတိုက် ဆရာတော်
၄။	ဥက္ကဋ္ဌ	သတိုးမဟာသရေစည်သူ စပ်တုံဖ (ရှမ်းပြည်နယ် အထူးတိုင်းမင်းကြီး)
၅။	ဒုဥက္ကဋ္ဌ	ဗိုလ်မှူးကြီးစည်သူချစ်မြိုင် (တပ်မင်း၊အာမှတ်(၆)ခြေလျှင် တပ်မဟာဌာနချုပ်၊ လာရှိုး)
၆။	။	စပ်မန်ဖ(နယ်ချုပ်–သိန္ဓိမြို့)

www.dhammaransi.com

အပိုင်း(၁)

မြတ်စွာဘုရားရှင်လက်ထက် သာသနာပြုလုပ်ငန်းများ

၁။ ဘုရားရှင်အဖြစ်သို့ရောက်ရှိခြင်းနှင့် သံဃပရိသတ် စုစည်းခြင်း

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန် လပြည့်နေ့တွင် သစ္စာလေးပါးသိမြင် သဗ္ဗညုတ ဘုရားရှင် အဖြစ်သို့ ဆိုက်ရောက်ခဲ့ပါသည်။

ထိုနှစ် ဝါဆိုလပြည့်နေ့တွင် ဗာရာဏသီပြည်အနီးရှိ မိဂဒါဝုန်ဥယျာဉ်ဝယ် ပဉ္စဝဂ္ဂိဇနီးတို့အား ရှေးဦးအစဖြစ်သော ဓမ္မစက္က-ဓမ္မစကြာ တရားတော်ကို ဟောကြား၍ သာသနာ စတင်ပြုခဲ့သည်။

www.dhammaransi.com

ပဉ္စဝဂ္ဂိဒါးဦးတို့သည် ဓမ္မစကြာတရားကို နာကြားရပြီး နောက် ပညာမျက်စိအလင်းဖြင့် ကောင်းမြတ်မှန်ကန်သော တရားတော်ကို ထိုးထွင်းသိမြင်ကြပြီးနောက် ရဟန္တာဖြစ်ကြကာ ဟိဘိက္ခုရဟန်းဖြစ်ကြသည်။

ထို့ကြောင့်ဤလောကဓာတ်ဝယ် ရဟန္တာအရှင်မြတ် ဒါးပါးသည် ထင်ရှားပေါ်လာခဲ့ပါသည်။

ဘုရားအဖြစ်ကို ရတော်မူသည်မှာ–ဘုရားရတနာ

ဓမ္မစကြာတရားတော်ကို ဟောသည်မှာ–တရားရတနာ

ပဉ္စဝဂ္ဂိရဟန္တာဒါးပါး ပေါ်ပေါက်လာသည်မှာ–သံဃာ ရတနာ

ဤရတနာမြတ်သုံးပါးသည် လောကဓာတ်ဝယ် ထင်ရှားစွာ ပေါ်ထွန်းလာခဲ့ပါသည်။

ထို့နောက် ဗာရာဏသီမြို့တော်ဝယ် အာလွန်ထင်ရှား ကျော်ကြားနေသော သူဌေးသားယသသည် မောင်းမဖြေရိုမျှား ရွံရှာစက်ဆုပ်ဖွယ်ကောင်းအောင် သတိလွတ်ကင်းစွာ အိပ်ပျော် နေကြခြင်းကို တွေ့မြင်ရပြီး သံဝေဂ ဖြစ်ကာ ချမ်းသာကို ရှာမှီးရန် တောထွက်လာရာမှ ဘုရားရှင်နှင့် တွေ့ပြီး ဘုရားရှင်မှ တရားဟောသာသနာပြုခဲ့ရာ ဘုရားရှင်၏ တရားကို နာရပြီး

www.dhammaransi.com

ရဟန္တာဖြစ်တော်မူသည်။

ထို့နောက် ယသသတို့သား၏ သူငယ်ချင်းများ ဖြစ်ကြသော ဝိမလ,သုဗာဟု,ပုဏ္ဏာဇီ,ဂဝမ္ပတိ အမည်ရှိသော သူငယ်ချင်းလေးယောက်တို့သည်-

"ယသ-သတို့သားသော်မှ စည်းစိမ်စွန့်ခွာလျက် ရဟန်းပြုခြင်းသည် ကောင်းမြတ်သောတရားကိုတွေ့၍ ဖြစ်မည်"

ဟု စဉ်းစားကြပြီး အရှင်ယသမထေရ်ထံ ချဉ်းကပ်ကြသည်။

အရှင်ယသက ထိုသူငယ်ချင်းလေးယောက်ကို ဘုရားရှင်ထံသို့ ခေါ်ဆောင်သွားပြီး တရားနာယူစေသည်။

ဘုရားရှင်၏ တရားကို နာကြားရသော ထိုသူငြေးသားလေးဦးသည်လည်း ရဟန္တာဖြစ်ကြသည်။

တစ်ဖန် တောမြို့ရွာစသည်၌ နေကြကုန်သော ရှင်ယသ၏ သူငယ်ချင်းသူငြေးသား၀ါးဆယ်တို့သည်လည်း ကြီးကျယ်သော စည်းစိမ်ကိုစွန့်၍ ရှင်ရဟန်းပြုသွားသော အရှင်ယသ၏ သတင်းစကားကိုကြားရ၍-

"တရားတော်သည် ကောင်းမြတ်ချမ်းသာသော အမြိုက်အရသာ ရှိပေလိမ့်မည်"

ဟု အချင်းချင်းတိုင်ပင်ညီညွတ်ကြကာ အရှင်ယသထံလိုက်လာ

www.dhammaransi.com

၄ တောင်တန်းသာသနာပြုသမိုင်း

ကြ၍ ဘုရားရှင်အား ဖူးတွေ့ကြရသောအခါ တရားနာရပြီး ဖေါ်ဘိက္ခု ရဟန္တာဖြစ်ကြသည်။

ဤသို့ဖြင့် ဘုရားရှင်သာသနာဝယ် ဘုရားရှင်၏ ဟောပြောမှုကြောင့် ချောက်ကိုပ်သော ရဟန္တာအရှင်မြတ် တို့သည် ပေါ်ထွန်းထွက်ပေါ်လာခဲ့လေသည်။

၂။ သံဃာတော်များအား သာသနာပြု ဆေလွှတ်တော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဤခြောက်ကိုပ်သော ရဟန္တာမြတ်တို့နှင့်အတူ ဣသိပတနမိဂဒါဝုန်တော၌ ပထမဝါကပ် တော်မူသည်။

ဝါကျွတ်သော် ရဟန်းခြောက်ကိုပ်တို့ကို စည်းဝေး ခေါ်ယူတော်မူကာ-

စရထဘိက္ခဝေ စာရိကံ - ဗဟုဇနဟိတာယ
ဗဟုဇနသုခါယ၊ လောကာနုကမ္ပါယ၊ အတ္ထာယ
ဟိတာယ၊ သုခါယ, ဒေဝမနုဿာနံ
မာဧကေန ဒွေ အဂမိတ္ထ၊ ဒေသေထဘိက္ခဝေဓမ္မံ--

''ရဟန်းတို့-များစွာသောလူတို့အကျိုးငှာ လူအများ ချမ်းသာခြင်းငှာ, လောကကိုစောင့်ရှောက်ခြင်းငှာ, နတ်

www.dhammaransi.com

လူတို့၏ အကျိုးစီးပွားချမ်းသာခြင်းငှာ ခရီးလှည့်လည်ကြပါကုန်၊ တစ်ကြောင်းတည်းသော ခရီးကိုနှစ်ပါး မသွားကြကုန်လင့်၊ ရဟန်းတို့– ကောင်းမြတ်သော တရားကို ဟောကြားကြကုန်လော့”

ဤသို့စသည်ဖြင့် မိမိ၏သာသနာတော်ကြီး ပြန့်ပြောစည်ပင်စေရန် သတ္တဝါတို့ အမိုက်မှောင်ကင်းပျောက်ပြီး အလင်းသို့ ရောက်စေရန် တရားဓမ္မများ ဟောကြားရန် ဒေသအသီးသီးသို့ သာသနာပြုစေလွှတ်တော်မူခဲ့ပါသည်။

ထိုမှတစ်ပါး ရဟန်းတို့အား ရောက်ရာအရပ်၌ ရဟန်းပြုရန် လွယ်ကူချမ်းသာစေခြင်းငှာ–

“ရဟန်းတို့ အမျိုးမျိုးသော ဂျာနိဂုံးတို့မှလာကြ၍ ရဟန်းပြုကြရခြင်းသည် ဆင်းရဲ၏၊ ခဲယဉ်း၏၊ ကိုယ်တိုင်ပင် ရောက်သောရပ်ဂျာနိဂုံးစသည်တို့၌ ရဟန်းလောင်းတို့အား သရဏဂုံသုံးပါးပေး၍ ရဟန်းပြုပေးကြကုန်” ဟု သရဏဂမနုပသမ္ပဒါ ရဟန်းအဖြစ်ကို ခွင့်ပြုပညတ်ပေးတော်မူပြီး အသီးသီးသော ရဟန်းတို့အား မှန်ကန်သော သစ္စာတရားတို့ကို သတ္တဝါတို့အား ဟောပြောပြသကြရန် ထိုထိုအရပ်များသို့ သာသနာပြုစေလွှတ်တော်မူခဲ့ပါသည်။

www.dhammaransi.com

၃။ ဘုရားရှင်ကိုယ်တော်တိုင် သာသနာပြု ကြွတော်မူခြင်း

ဘုရားရှင်ကိုယ်တော်တိုင်လည်း တစ်ပါးတည်းဖြင့် ဥရုဝေဠုတောသို့အသွား လမ်းခရီးအကြားတောအုပ်၌ သစ်တော်ပင်ရင်းတွင် သီတင်းသုံးစဉ် ဘဒ္ဒဝဂ္ဂိညီနောင်သုံးကျိပ်တို့သည် ထိုတောအုပ်၌ ပျော်ပါးကြစဉ် ပြည့်တန်ဆာမတစ်ဦးသည် မင်းသားတို့မေ့လျော့ခိုက် ဥစ္စာပစ္စည်းထုပ်တို့ကို ခိုးယူထွက်ပြေးသဖြင့် လိုက်ရှာကြရာမှ ဘုရားရှင်နှင့်တွေ့ကြသည်။

မင်းသားတို့က ဘုရားရှင်ကို မိန်းမတစ်ယောက် တွေ့မတွေ့မေးရာမှ ဘုရားရှင်က ကိုယ်ကိုယ်ကိုရှာဖွေခြင်းကသာ အကောင်းဆုံးဖြစ်ကြောင်း တရားဟောတော်မူရာ ထိုမင်းသားညီနောင်သုံးကျိပ်တို့သည်လည်း တရားဓါအဆုံး၌ ဉာဏ်အလင်းရကြပြီး ဇော်ဘိက္ခူရဟန်းဖြစ်ခဲ့ကြသည်။

ထို့နောက် အစဉ်အတိုင်း သာသနာပြုခရီးကြွသွားတော်မူရာ ဥရုဝေဠုတောသို့ ရောက်ရှိခဲ့ပြီး ရဿေ့အခြံအရံငါးရာရှိသော ဥရုဝေဠုကဿပထံချဉ်းကပ်ကာ ထိုရဿေ့ထံ၌ရှိသော ကြမ်းတမ်းခက်ထန်သော နဂါးကြီးကို နှိမ်နင်းခြင်းစသော တန်ခိုးပြဋိဟာ(၁၆)ပါးနှင့်တကွ (၃၂)ပါးသော တန်ခိုးပြာဋိဟာ

www.dhammaransi.com

တို့ကို ပြတော်မူပြီးလျှင် မိမိကိုယ်ကို ရဟန္တာဟုထင်နေသော ဥရုဝေဠုကဿပရသေ့ကို ထိတ်လန့်စေပြီးလျှင် တပည့်ငါးရာနှင့် တကွ သာသနာပြုတရားဟောတော်မူရာ အားလုံး ဖေါဘိက္ခု ရဟန္တာဖြစ်ကြသည်။

ထို့နောက် တပည့်သုံးရာအခြံအရံရှိသော နဒီကဿပ တပည့်နှစ်ရာအခြံအရံရှိသော ဂယာကဿပတို့ကိုလည်း သာသနာပြုတရားဟောပြောပြီး ဖေါဘိက္ခု ရဟန်းပြုပေးတော်မူသည်။

ထို့နောက် ထိုရဟန်းများကို အာဒိတ္တပရိယာယဒေသနာတော်ကို ဟောကြားတော်မူရာ ရဟန်းတစ်ထောင်တို့သည် အာသဝေါကုန်ခမ်းပြီး ရဟန္တာအဖြစ်သို့ ရောက်ခဲ့ကြသည်။

ဘုရားရှင်သည် ထိုရဟန်းတစ်ထောင်ခြံရံလျက် ရာဇဂြိုလ်မြို့သို့ ကြွတော်မူပြီး ဘုရင်ဗိမ္ဗိသာရနှင့် မင်းပရိသတ်တို့ကို တရားဟောပြောသာသနာပြုတော်မူရာ မင်းနှင့်တကွ ပရိသတ်တစ်သိန်းတစ်သောင်းသည် မြတ်သောဓမ္မအာလင်းရောင်ကိုရရှိကြပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုကြသည်။

တစ်သောင်းသောပရိသတ်သည် ရတနာသုံးပါးကိုကိုးကွယ် ဆည်းကပ်သော ဗုဒ္ဓအဆုံးအမနာခံသူများ ဖြစ်လာခဲ့ကြသည်။

www.dhammaransi.com

၈ တောင်တန်းသာသနာပြုသမိုင်း

ဗိမ္မိသာရဘုရင်မင်းမြတ်က ဘုရားရှင်အား ဝေဠုဝန် ဥယျာဉ်ကို လှူဒါန်းတော်မူခဲ့ပါသည်။

ထိုအချိန်ဝယ် သဒ္ဓယအမည်ရှိသော ပုဂ္ဂိုဏ်သည် တပည့် (၁၂၅၀)နှင့် ရာဇဂြိုဟ်မြို့တွင်နေသည်။ ထိုပုဂ္ဂိုဏ်ဆရာကြီးထံတွင် သာရိပုတ္တရာလောင်း ဥပတိဿနှင့် မောဂ္ဂလာန်လောင်း ကောလိတ အမည်ရှိ သူငယ်ချင်းနှစ်ယောက်သည် လောကမှ လွတ်မြောက်ရာ တရားထူးကို ရှာကြရင်း ထိုဆရာကြီးထံသို့ ရောက်နေကြသည်။

တစ်နေ့လျှင် ဥပတိဿပုဂ္ဂိုဏ်သည် ပဉ္စဝဂ္ဂိဇ်းဦးတွင် တစ်ပါးအပါအဝင်ဖြစ်သော ရှင်အဿဇိရဟန္တာ ဆွမ်းခံဝင်ရာတွင် တွေ့ဆုံကြပြီး တရားကိုလည်းကောင်း, ဆရာကိုလည်းကောင်း မေးခဲ့သည်။

ဥပတိဿပရိဗိုဏ်သည် ရှင်အဿဇိထံမှ အကြင်တရားတို့သည် အကြောင်းကြောင့်အကျိုးဖြစ်ရသည်ကို ဇါတိုဆရာဖြစ်သော ဘုရားရှင်က ဟောကြားခဲ့သည်ဟု တရားကို နာကြားရပြီးနောက် အမြင်မှန် ဉာဏ်အလင်းရကာ သူငယ်ချင်းဖြစ်သူကောလိယကို ပြောပြသည်။

ထို့နောက် သူငယ်ချင်းနှစ်ယောက် မိမိတို့ဆရာသဒ္ဓယထံ ခွင့်ပန်ပြီး ဆရာကြီးကိုပါ ဘုရားထံသို့ ခေါ်ဆောင်

www.dhammaransi.com

ကြသည်။

"ဆရာ-ကျွန်ုပ်တို့မြတ်စွာဘုရားထံသို့သွား၍ မြတ်သော တရားအမြိုက်အရသာကို သောက်သုံးကြပါစို့၊ မြတ်စွာဘုရားသည် ကျွန်ုပ်တို့ဆရာဖြစ်ပါပြီ"

ဟု ဆရာကို ကျေးဇူးဆပ်သောအားဖြင့် ခေါ်ကြသည်။

သိဒ္ဓယက ဆရာကြီးဖြစ်၍ အိုးစရည်းဖြစ်ပြီးမှ ခွက်ငယ် မလုပ်လိုကြောင်း သုံးကြိမ်တိုင်တိုင် ငြင်းပယ်ပြီး နေခဲ့သည်။

ကျွန်တပည့်(၂၅၀)တို့သည် ဥပတိဿနှင့် ကောလိတတို့ နောက်သို့လိုက်လာကြသည်။

"ရဟန်းတို့ ကောလိတနှင့် ဥပတိဿတို့ ငါဘုရားထံ လာကြပြီး ထိုနှစ်ဦးကား ငါဘုရား၏မြတ်သော သာဝက အစုံ ဖြစ်ကုန်လတ္တံ့"

ဟု အဝေးမြင်ကထဲကပင် မိန့်ကြားခဲ့သည်။

ထိုအရှင်နှစ်ပါးနှင့် ပရိသတ်သည် ဘုရားရှင်ထံရောက်ပြီး ဘုရားရှင်၏-

"ငါဘုရားသည် ကောင်းမြတ်သောတရားကို ဟောကြားအပ်ပြီး ဝဋ်ဒုက္ခအဆုံးသို့ရောက်ခြင်းငှာ မြတ်သောအကျင့်ကို ကျင့်ကြံကုန်"

www.dhammaransi.com

၁၀ တောင်တန်းသာသနာပြုသမိုင်း

ဟူ၍ပေါတော်မူရာ တရားအဆုံးဝယ် အားလုံး ဟိဘိက္ခု ရဟန္တာဖြစ်ကြလေသည်။

ဥပတိဿနှင့် ကောလိတတို့သည် ကမ္ဘာပေါင်းများစွာက ဖြည့်ဆည်းခဲ့ကြသော ပါရမီတော်အားလျော်စွာ-

ဥပတိဿကား ရှင်သာရိပုတ္တရာအမည်ဖြင့် ပညာအရာ၌ အကြီးမြတ်ဆုံး ဒေဝဒၵံထားခံရပြီး အဂ္ဂသာဝက ဖြစ်လာသည်။

ကောလိတကား ရှင်မောဂ္ဂလန်အမည်ဖြင့် တန်ခိုးအရာ၌ အကြီးမြတ်ဆုံး ဒေဝဒၵံထားခံရပြီး အဂ္ဂသာဝကဖြစ်လာသည်။

ထိုအချိန်မှစ၍ မာဂဓတိုင်းဝယ် မြတ်စွာဘုရား၏ ဂုဏ်သတင်းသည် ကျော်ဇောပျံနှံ့ပြီး များစွာသော လူအပေါင်းတို့သည် သာသနာဘောင်သို့ ဝင်လာမစဲတသဲသဲ ဖြစ်ပါတော့သည်။

ဘုရားဖြစ်ပြီး ပထမဝါကာလအတွင်းဝယ် ဘုရားရှင်၏ သာသနာပြုဆောင်ရွက်ချက်များသည် မာဂဓတိုင်းဝယ် အတိုင်းမသိ အောင်မြင်မှုကို ရရှိတော်မူခဲ့ပါသည်။

www.dhammaransi.com

၄။ မွေးရပ်မြေသာသနာပြုခရီး

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ဝယ် သာသနာပြုပြီးနောက် ဆောင်းလအာလွန် နွေလအရောက်ဝယ် ခမည်းတော် သုဒ္ဓေါဓနမင်းကြီး၏ စေလွှတ်ပင့်လျှောက်ချက်အရ ကပိလသို့ သာသနာပြုခရီး ကြွတော်မူပါသည်။

ဘခင်သုဒ္ဓေါဓနမင်းကြီးသည် သားတော်ဘုရားကို ဖူးမြင်လိုသဖြင့် အမတ်တစ်ယောက်ကို နောက်ပါတစ်ထောင်အခြံအရံဖြင့် ပင့်လျှောက်စေသည်။ သွားပင့်သောအမတ်နှင့် အခြံအရံတို့သည် ဘုရားရှင်၏တရားတော်ကို နာယူပြီးနောက် ဇေါတိကခွါရဟန်းချည်းဖြစ်ကြသည်။ (၉)ကြိမ်လွှတ်ရာ (၉၀၀၀)လုံး ရဟန္တာချည်း ဖြစ်ကြသည်။

ထို့နောက် ဆွေတော်မျိုးတော်များက ဘုရားရှင်ကို ကြည်ညိုလက်ခံကြပြီး နိဂြောဓသာကိုဝင်မင်း၏ဥယျာဉ်၌ နိဂြောဓရုံ ကျောင်းဆောက်လုပ်စီမံပြီး ဘုရားရှင်နှင့် ရဟန္တာများကို နေရာချထားပေးကြသည်။

မြတ်စွာဘုရားရှင်သည် ပိပိ၏မွေးရပ်မြေဝယ် သာသနာပြုလုပ်ငန်းဆောင်ရွက်တရားဟောရာ၌-

ဆွေတော်မျိုးတော်များအား တရားရေအေး အပြိုက်ဆေး တိုက်ကျွေးပြီး ဓမ္မအနှစ်သာရကို ခံစားစေသည်။

www.dhammaransi.com

ခမည်းတော်ကို အနာဂါမ်တည်စေခဲ့သည်။

ညီတော်နန္ဒမင်းသားကို ရဟန်းပြုစေပြီး ရဟန္တာဖြစ်စေခဲ့သည်။ သားတော်ရာဟုလာကို ရှင်ပြုပေးပြီး သာသနာအမွေပေးခဲ့သည်။

၅။ သာဝတ္ထိပြည်သို့ သာသနာပြုခရီး

မြတ်စွာဘုရားရှင်သည် ဆွေတော်မျိုးတော်များအား တရားရေအေးတိုက်ကျွေးပြီးနောက် ဒုတိယဝါကို ရာဇဂြိုဟ်ပြည်ရှိ ဝေဠုဝန်ကျောင်းမှာပင် ပြန်လည်ဝါဆိုတော်မူပါသည်။

သာဝတ္ထိပြည်မှ အနာထပိဏ်သူဌေးသည် လှည်းငါးရာနှင့် ရာဇဂြိုဟ်ပြည်ရှိ မိတ်ဆွေသူငယ်ချင်းထံ ရောက်လာခဲ့သည်။

ဘုရားမြတ်စွာ လောကဋ္ဌပေါထွန်းလာတော်မူကြောင်း သိရသဖြင့် အတိုင်းထက်အလွန်ဝမ်းမြောက်သဖြင့် နောက်တစ်နေ့နံနက်စောစော မိုးမသောက်မီထလျက် ဘုရားတည်းဟူသော အာရုံဖြင့် ဝေဠုဝန်ကျောင်းဆီသို့ သွားခဲ့သည်။ နတ်များကတံခါးဖွင့်ပေးသဖြင့် မြို့အပြင်အရောက်တွင် အလင်းရောင်ကွယ်ပျောက်ကာ ဆုတ်နစ်သောစိတ်ဝင်လာသည်။

နတ်များကတိုက်တွန်းသဖြင့် ကြောက်ခြင်းကင်းလျက် အလင်းရပြီး ဘုရားရှင်သီတင်းသုံးရာ သီတဝနသို့ ချဉ်းကပ်

www.dhammaransi.com

မိသည်။ ဘုရားရှင်သည် စကြိန်မှာရပ်တော်မူပြီး သုဒတ္တ ဟု ငယ်နာမည်ရင်းခေါ်ကာ နှုတ်ဆက်စကားမိန့်ကြားသည်။ အနာထပိဏ်သည် မိမိ၏ငယ်နာမည်ခေါ်ပြီး နှုတ်ဆက်သော ဘုရားရှင်အပေါ် အလွန်ယုံကြည်မြတ်နိုးသွားမိသည်။ ဘုရားရှင်၏ တရားကို နာရသောအခါ သောတာပန် တည်လေသည်။

အနာထပိဏ်သည် နောက်တစ်နေ့တွင် ရာဇဂြိုဟ်သူဌေး၏ အကူညီဖြင့် ဘုရားအမှူးရှိသော သံဃာတော်များပင့်ဖိတ်၍ ဆွမ်းဆက်ကပ်ပြီး သာဝတ္ထိသို့ ကြွရောက်တော်မူရန် ပင့်ဖိတ်သည်။

ဘုရားရှင်က လက်ခံသည်ကို သိသောအခါ မိမိ၏ကိစ္စအပြီးတွင် သာဝတ္ထိသို့ပြန်ကာ ဇေတမင်းသား၏ ဥယျာဉ်အသိပြာ(၁၈)ကုဋေတန် ရွှေခွက်များခင်း၍ ဝယ်ယူပြီးလျှင် ဘုရားရှင်အတွက် ဂန္ဓကုဋီတိုက်နှင့်တကွ သံဃာများအတွက် ကျောင်းဆောင်များကို(၁၈)ကုဋေ အကုန်ခံပြီး ဆောက်လုပ်ခဲ့သည်။

ကျောင်းဆောက်ပြီးသောအခါ ဘုရားရှင်ထံ တမန်လွှတ်ပြီး ပင့်ကြွရောက်စေရာ ဘုရားရှင်သည် ရဟန်းသံဃာအပေါင်းခြံရံလျက် ရာဇဂြိုဟ်မှ(၇၅)ယူဇနာခရီးကို ကြွတော်မူ၍ ဇေတဝန်ကျောင်းကို အလှူခံတော်မူသည်။

www.dhammaransi.com

အနာထပိဏ်သူဌေးသည် ဘုရားရှင်ကြွလာသည်ကို အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ထက်သန်သောသဒ္ဓါတရား ဖြင့်(၁၈)ကုဋေအကုန်အကျခံပြီး ကြီးကျယ်ခမ်းနားသော ကျောင်းပူဇော်ပွဲကြီးကို (၉)လတိုင်တိုင် ပြုလုပ်ကျင်းပလှူဒါန်း လေသည်။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌(၂၁)ဝါမှစ၍ (၄၄)ဝါရောက်သည့်အထိ(၁၈)ဝါတိတိ သီတင်းသုံး၍ ဝေနေယျတို့အား အမြိုက်နိဗ္ဗာန်တရားကို ဟောကြားသာသနာ ပြုခဲ့သည်။

ဘုရားရှင်၏သာသနာပြုပုံကြောင့် ကောသလမင်း အပါအဝင် သာဝတ္ထိပြည်သူပြည်သားများသည် ဘုရားရှင်၏ တရားဓမ္မအမြိုက်အရသာကို ခံစားခဲ့ကြရသည်။

သာဝတ္ထိတွင် ဗုဒ္ဓသာသနာ၌ ပုပ္ပါရုံကျောင်းအမ ဝိသာခါ, မလ္လိကာမိဖုရား စသည်တို့သည် သာသနာသမိုင်း၌ အထူး ထင်ရှားခဲ့ကြသော အမျိုးသမီးများ ဖြစ်ကြသည်။

www.dhammaransi.com

၆။ ဗုဒ္ဓ၏ဝါဒေတာ်အလိုက် သာသနာပြုခရီးစဉ်များ

တတိယဝါနှင့်စတုတ္ထဝါ- သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးပြီး မြို့သူမြို့သားများနှင့် ပတ်ဝန်းကျင်ဒေသရှိ ပရိသတ်များကို ဓမ္မအမြိုက်ရသာတရား တိုက်ကျွေး သာသနာပြုတော်မူခဲ့သည်။

ပဉ္စမဝါ ဝေသာလီပြည် ၊ မဟာဝုန်တောရှိ ကူဋာဂါရသာလ စုလစ်မွန်းချိန် ပြသာဒ်ကျောင်းတော်၌ ဝါဆိုတော် မူ၍ ဝဇနေယျတို့အား တရားဟရေအား, တိုက်ကျွေးကာ သာသနာပြုတော် မူခဲ့ပါသည်။

ဆဋ္ဌဝါ ဝေသာလီပြည်၊ မကုဋဝန်ချယ်း တော်၌ ရဟန်းသံဃာများနှင့်အတူ ဝါဆို၍ ပရိသတ်တို့အား တရားဟော သာသနာပြုတော်မူခဲ့ပါသည်။

သတ္တမဝါ သာဝတ္ထိပြည်၊ ကဏ္ဍာလျှဉ်သောသရက် ဥယျာဉ်၌ တိတ္ထိအပေါင်းတို့ကို တန်ခိုး အာစုံစုံဖန်ဆင်းပြကာ နှိမ်နင်းပြီး ဝါဆို

www.dhammaransi.com

လပြည့်တွင် တာဝတိံသာသို့ကြွပြီး အဘိဓမ္မာတရားကို(၃)လဟောကာ နတ်ပြည်၌ သာသနာပြုတော်မူခဲ့သည်။

ဝါကျွတ်သော် သက်သန့ဂိုရ်ပြည်သို့သက်ဆင်းကြွ၍ ဘုရားပြန်အကြွကို စောင့်မျှော်နေကြသော ပရိသတ်အပေါင်းကို တရားဓမ္မဟော ပြောပြ၍ သာသနာပြုတော်မူခဲ့ ပါသည်။

အဌမဝါ ဘဂ္ဂတိုင်းသို့ ကြွတော်မူ၍ ဗောဓိရာဇကုမာရမင်းသား ဆန်းကြယ်စွာ ဆောက်လုပ်ထားသော ကောကနုဒပြာသာဒ်နန်းတော်သဘင်၌ မင်္ဂလာအကျိုးငှာ ခေတ္တာသီတင်းသုံးပေးပြီး ဗောဓိမင်းသားအပါအဝင် ပရိသတ်အပေါင်းကို တရားအားတိုက်ကျွေး၍ သာသနာပြုခဲ့ပါသည်။

ထို့နောက် ဝါကာလရောက်သော်

www.dhammaransi.com

သံသုမာရဂိရိ တောင်ပေါ်ဌိ ဘေသ
ကဠေ ပဲစင်းငုံတောကျောင်း၌ ဝါကပ်
ပြီး ဗောဓိမင်းသားအမျိုးထားသော
ဘဂ္ဂတိုင်းသူပြည်သားများကို တရား
ဓမ္မ ဟောပြောပြပြီး သာသနာပြုခဲ့
ပါသည်။

နဝမဝါတော် – ဝါကျွတ်သော် ဝံသတိုင်း ကောသမ္ဗီ
ပြည်သို့ ဒေသစာရီ ကြွရောက်ပြီး
ယောသကသူဌေးဆောက်လုပ် လှူ
ဒါန်းသော ယောသိတာရုံကျောင်းကို
အလှူခံသည်၊ တစ်ဖန်ကောသမ္ဗီပြည်
၌ထင်ရှားကျော်ကြားသော ကုက္ကုဋ်စု
သူဌေး, ပါဝါရိယသူဌေးတို့က အသီး
သီး ဆောက်လုပ် လှူဒါန်း သော
ကျောင်းများကို အလှူခံပြီး ကောသမ္ဗီ
ပြည်သူ/သားတို့အား တရားဟရေအား
တိုက်ကျွေး သာသနာပြုတော်မူခဲ့
သည်။

ထိုကောသမ္ဗီတွင် ဝါကပ်တော်မူရာ ခုဇ္ဇုတ္တရာကျွန်မနှင့်

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

သာမာဝတီအမျှုးရှိသော မောင်းမင်းရာတို့ တရားဖရေအား တိုက်ကျွေးပြီး ဓမ္မအာရသာကို ခံစားရရှိစေသည်။

၃သမဝါတော် – ကောသမ္ဗိပြည်ရှိ အာဘိဇ္ဈာဆောင် ရဟန်းများနှင့် ဝိနည်းဆောင် ရဟန်းများ အချင်းချင်းမညီညွတ်ကြသည်ကို ဘုရားရှင်သော်မှစေ့စပ်၍ မရသောအခါ တစ်ပါးတည်း အေးချမ်းစွာနေလိုသဖြင့် ပါလိလေယျကတော သို့ တစ်ပါးတည်းကြွရောက်သီတင်းသုံးပြီး ပါလိလေယျဆင်မင်း၏ လုပ်ကျွေးမှုကို ခံယူကာ ထိုတောမှာပင် ဝါကပ်တော်မူခဲ့သည်။

၄ကဒသမဝါ – ထိုတောမှ ဝါကျွတ်သော် သာဝတ္ထိပြည်မှ ရှင်အာနန္ဒာတို့ လာရောက်ပင့်ဆောင်သဖြင့် ပြန်ကြွကာ နာဠမည်သော ပုဏ္ဏားရွာ၌ ဝါကပ်ပြီး ထိုရွာပတ်ဝန်းကျင်ရှိ ပရိသတ်တို့ကို တရားဟောကာ သာသနာပြုတော်မူခဲ့ပါသည်။

www.dhammaransi.com

ထိုမှ ဝါကျွတ်သော် ဝေဠုဂ္ဂာမပြည်သို့ကြွ၍ ကျောက်ကြားသော ဝေဠုရာပုက္ကားနှင့်တကွ ပရိသတ်တို့ကို တရားရေအေးတိုက်ကျွေး၍ သာသနာပြုတော်မူခဲ့ပါသည်။

တေရသမဝါ – ဝေသာလီပြည်၊ မဟာဝုန်တောရှိ ကုဋာဂါရသာလ ကျောင်းတော်၌ ဝါဆို၍ တရားဟောသာသနာပြုခဲ့သည်။ ထိုနေရာမှာပင် သူငှေးသား သုဒိန္နက သဒ္ဓါတရားဖြင့် ရဟန်းပြုပြီးနောက် ပထမပါရာဇိက ကျူးလွန်၍ သိက္ခာပုဒ်စတင်ပညတ်ခဲ့ရသည်။

စုဒ္ဒသမဝါ – စာလိယတောင်၌ဝါဆိုပြီး ဝေနေယျတို့အား တရားတိုက်ကျွေး သာသနာပြုခဲ့သည်။ ထိုမှဝါကျွတ်သော်သာဝတ္ထိပြည်သို့ ပြန်ကြွပြီးလျှင် ကောသလမင်း အမျှူးပြုသော များပြားလှသော တိုင်းသူပြည်သား အပေါင်းတို့အား တရားရေအေးတိုက်ကျွေး သာသနာပြုတော်မူခဲ့ပါသည်။

ပန္နရသမဝါ – ဘုရားရှင်သည် သာဝတ္ထိမှတစ်ဖန်

www.dhammaransi.com

ကပိုလဝတ်နေပြည်တော်သို့ ဒုတိယ အကြိမ် ကြွတော်မူ၍ နိဂြောဓာရုံ ကျောင်း၌ပါဆိုကာ ဆွမ်းမြိုးတော် များနှင့်များစွာသော ဝေနေယျတို့အား အမြိုက်ရအောင်တိုက်ကျွေး သာသနာပြုခဲ့ပါသည်။

သောဠသမဝါ – မြတ်စွာဘုရားရှင်သည် အာဠဝီတိုင်းသို့ ဒေသစာရီကြွတော်မူကာ အာဠဝကဘီလူးကို ဆုံးမတော်မူပြီးနောက် အာဠဝီပြည်၌ ဝါဆိုကာ ပြည်သူပြည်သားများအား တရားရအောင်တိုက်ကျွေး၍ သာသနာပြုတော်မူသည်။

သတ္တရသမဝါမှဝိသတိမဝါ–ဘုရားရှင်သည် ဝါမှကျွတ်သော် အာဠဝီတိုင်းမှ ရာဇဂြိုဟ်သို့ ပြန်ကြွကာရာဇဂြိုဟ်၌ လေးဝါဝါဆိုပြီး ကျွတ်ထိုက်သော ဝေနေယျတို့အား တရားရအောင်တိုက်ကျွေး၍ သာသနာပြုတော်မူခဲ့ပါသည်။

www.dhammaransi.com

ဤသို့အားဖြင့် တိုင်းကြီးများသို့ ယူဇနာခရီးများစွာလှည့်လည်၍ မောသည်,ပန်းသည်,နွမ်းနယ်သည်တို့ကိုသည်းခံတော်မူ၍ ဝေနေယျသတ္တဝါတို့၏ အကျိုးကို မဟာကရုဏာမေတ္တာကြီးစွာထားပြီး တရားဟရေအေးအမြိုက်ဆေးတိုက်ကျွေး သာသနာပြုတော်မူခဲ့ပါသည်။

ဤသို့ခရီးလှည့်လည် တရားဟောရင်းဖြင့် ပထမဇောဓိဟုဆိုအပ်သော ဝါတော်(၂၀)ကုန်လွန်ခဲ့ပြီးနောက် (၂၁)ဝါမှစ၍ (၄၄)ဝါထိ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌(၁၈)ဝါ၊ ဝိသာခါ၏ပုဗ္ဗာရုံကျောင်း၌(၆)ဝါ အလှည့်ကျဝါဆိုပြီး အမြို့မြို့အရွာရွာတိုင်းနိုင်ငံအသီးသီးမှ လာရောက်ကြကုန်သော လူအပေါင်းတို့အား တရားဟရေအေးအမြိုက်ဆေးကို တိုက်ကျွေးသာသနာပြုခဲ့ပါသည်။

နောက်ဆုံးဝါ – ဘုရားရှင်သည် သက်တော်(၈၀)ပြည့်ကာနီး အာယုသင်္ခါရလွတ်ကာနီးဝယ် ဒေသစာရီတစ်ဖန်လှည့်လည်၍ လူတို့အား တရားဟရေအေးအမြိုက်ဆေးကို တိုက်ကျွေးပြီးလျှင် နောက်ဆုံး (၄၅) ဝါကို ဝေဠုဝဂြာန် ဝါကပ်တော်မူပြီး တရားဟရေအေးတိုက်ကျွေးကာ သာသနာ ပြုခဲ့သည်။

www.dhammaransi.com

နောက်ဆုံးဝါ(၎၅)၊ သက်တော်(၈၀)အရွယ်၌ ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏အောင်ကြင်းဥယျာဉ်၌ သုဘဒ္ဒရဟန်းကို နောက်ဆုံး ရဟန္တာဖြစ်အောင် ဟောကြားပြီး မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့် အင်္ဂါနေ့၌ ပရိနိဗ္ဗာန်စံယူတော်မူသည်။

မြတ်စွာဘုရားရှင်သည် ဗိမိကိုပင်္ဂတော်တိုင် ဇမ္ဗူဒိပ်ကျွန်း၌ တိုင်းကြီး(၁၆)တိုင်းတို့သို့ ကိုယ်တိုင်လည်း(၎၅)ဝါပတ်လုံး ဒေသစာရီကြွ၍ တရားဟော သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သလို တပည့်သာဝကများကိုလည်း ဆိုင်ရာဆိုင်ရာ ဒေသအသီးသီးသို့ ကြွစေ၍ သာသနာပြုခဲ့ကြစေသည်ကိုလည်း တွေ့ရှိရပါသည်။

၇။ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာရောက်ရှိပုံ

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် အဌမသတ္တာဟဖြောက်၌ လင်းလွန်းပင်၌ နေတော်မူစဉ် မြန်မာပြည် ဥက္ကလာပဇနပုဒ်သား တပုဿ,ဘလ္လိကအမည်ရှိသော ကုန်သည် နှစ်ယောက်သည် ကုန်ကူးသွားရင်း အတိတ်ဘဝက မိတ်ဆွေ တော်ခဲ့သော နတ်သား၏ လမ်းညွှန်ချက်အရ မြတ်စွာဘုရားထံသို့ သွားရောက်ဖူးမြော်ပြီး ပျားမုန့်ဆွမ်း လှူခဲ့ကြသည်။

www.dhammaransi.com

မြတ်စွာဘုရားထံမှ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ ဟူသော ဒွေဝါစိကသရဏာဂုံဆောက်တည်ကြပြီး ဘုရားရှင်ထံမှ ကိုးကွယ်ရာတစ်စုံတစ်ရာ ချီးမြှင့်ရန် လျှောက်ထားကြရာမှ ဘုရားရှင်သည် လက်ျာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူရာ ဆံတော်(၈)ဆူ ပါလာသဖြင့် ထိုဆံတော်ကို ကိုးကွယ်ရာအဖြစ် ပေးသနားတော်မူသည်။

ထိုညီနောင်နှစ်ယောက်တို့သည် ဆံတော်(၈)ဆူကို ပင့်ဆောင်ယူလာပြီးလျှင် မိမိတို့ဖွားရာဇာတိဖြစ်သော ဥက္ကလာပဇနပုဒ် အသိတဉ္ဇနမြို့၌ ဈေးတိုဂုံစေတီတည်၍ ကိုးကွယ်ထားကြသည်

ဤသို့လျှင် မြန်မာပြည်တွင် ဘုရားပွင့်တော်မူစ အချိန်ကပင် ဘုရားရှင်အဆုံးအမ သာသနာစတင်ရောက်ရှိခဲ့သည်ဟု မှတ်ရပါသည်။

၈။ ဒုတိယအကြိမ် သာသနာရောက်ရှိခြင်း

မြတ်စွာဘုရားသည် (၈)ဝါမြောက်တွင် ရဟန္တာဂဝံပတိ မထေရ်၏ ပင့်လျှောက်မှုကြောင့် ရာမညရဋ္ဌသုဓမ္မာပူရမြို့ (ယခုသထုံ)သို့ နောက်ပါသံဃာများနှင့်အတူ ကြွရောက်တော်မူ၍ တိသသဒိဟမင်းကြီးနှင့်တကွသော လူအပေါင်းတို့အား တရား

www.dhammaransi.com

တည်းဟူသော အမြိုက်အရသာကို တိုက်ကျွေးတော်မူ၍ သရဏာဂုံသီလ၌တည်စေကာ ဆံတော်(၆)ဆူကို ကိုးကွယ်ရန် ပေးသနားတော်မူခဲ့သည်။

ထိုဆံတော်များကို စေတီများတည်ခဲ့ရာမှ ယခုခါ မြန်မာနိုင်ငံတွင် ကမ္ဘာကျော်သော ကျိုက်ထီးရိုးစေတီတစ်ဆူ အပါအဝင် ဖြစ်ခဲ့ပါသည်။

၉။ မြန်မာနိုင်ငံသို့ တတိယအကြိမ် သာသနာ ရောက်ရှိခြင်း

မြတ်စွာဘုရားရှင်သည် နောင်အခါ သာသနာတော် အရှည်တည်တံ့မည်ကို မြင်တော်မူ၍ ပထမဗောဓိအလွန် ဝါတော် (၂၀)ကျော်တွင် မြန်မာနိုင်ငံအထက်ပိုင်း သုနာပရန္တတိုင်း၊ ဝါကိုဇူဂါမသို့ အရှင်ပုဏ္ဏမထေရ်၏ ပင့်လျှောက်ထားမှုကြောင့် အရှင်ပုဏ္ဏမထေရ်၏ညီဖြစ်သော စူဠပုဏ္ဏဆောက်လုပ်လျှုဒါန်း သော စန္ဒကူးနှံသာကျောင်းတော်ကို အလျှုခံရန် နောက်ပါသံဃာ (၅၉၉)ပါးဖြင့် ကြွရောက်ခဲ့သည်။

ဝါကိုဇူဂါမရွာသူရွာသားများအား တရားဟောပြ၍ တိုက် ကျွေးပြီး သီလ၌တည်စေသည်။ နောက်အစဉ်အဆက် ကိုးကွယ် နိုင်ရန် နမ္မဒါနဂါးမင်းနှင့် သစ္စဗန္ဓုရသေ့တို့ တောင်းပန်လျှောက်

www.dhammaransi.com

ထားသဖြင့် ခြေတော်ရာ(၂)ဆူချထားတော်မူခဲ့သည်။

(စန္ဒကူးကျောင်းတော်ရာစေတီနှင့် ပါဒစေတီနှစ်ဆူသည် ယနေ့ထိ မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားနေဆဲဖြစ်သည်။)

ထိုအချိန်မှစ၍ ဗုဒ္ဓသာသနာတော်သည် အထက်မြန်မာနိုင်ငံ၌ စတင်ရောက်ခဲ့သည်။

၁၀။ ရာမညတိုင်းသို့ ဒုတိယအကြိမ် ဂဝံပတိမထေရ် ကြွရောက်ခြင်း

မြတ်စွာဘုရားရှင်သည် သက်တော်(၈၀)တိတော်(၄၅)တွင် ကုသိနာရုံတွင် ပရိနိဗ္ဗာန်စံဝင်တော်မူသည်။

ဘုရားရှင်တရော်တရာတည်လောင်ပြီးသောအခါ အရှင် ဂဝံပတိမထေရ်သည် ဘုရားရှင်၏ သွားတော်(၃၂)ချောင်းကို ကောက်ယူတော်မူခဲ့၍ သုဓမ္မာပူရသို့ ပင့်ဆောင်ကာ မင်းကြီးအား ပေးလှူ၍ စေတီ(၃၂)ဆူတည်စေသည်။

ဤသို့လှူ၍ ဘုရားရှင်၏ သာသနာသည် မြန်မာပြည်သို့ တတိယအကြိမ်ရောက်သည်ဟု ဆိုရပါမည်။

www.dhammaransi.com

၁၁။ မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ် သာသနာ ရောက်ရှိခြင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သာသနာ(၂၃၅) အရောက်တွင် မဇ္ဈိမဒေသ ပါဋလိပုတ်ပြည်၌ သီရိဓမ္မာသောက မင်းကြီးကို အမှီပြု၍ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်အမျှူး ရှိသော ရဟန္တာမထေရ်တို့သည် တတိယသံဂါယနာတင်တော်မူခဲ့ကြသည်။

သံဂါယနာတင်ပြီးသောအခါ ပစ္စန္တရာဇ်အရပ်တို့၌ သာသနာတော်တည်တံ့ပြန့်ပွားစေရန် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုများစေလွှတ်ခဲ့ရာ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိသို့ အရှင်သောဏ၊ အရှင်ဥတ္တရတို့သည် နောက်ပါအရှင်အနုရုဒ္ဓ၊ အရှင်တိဿ၊ အရှင်ဥတ္တမထေရ်စသော တပည့်များနှင့်အတူ သုဝဏ္ဏဘူမိ သထုံပြည်သို့ကြွ၍ သာသနာပြုခဲ့ကြသည်။

ထိုမထေရ်တို့၏ သာသနာအစဉ်အဆက်သည် မြန်မာနိုင်ငံတွင် ဆက်လက်တည်ခဲ့ရာ ယနေ့ထိပင်ဖြစ်ပါသည်။

ဘုရားရှင်ကြွရောက်သည်မှ ရှင်သောဏ၊ ရှင်ဥတ္တရတို့ သာသနာပြုသည့်ကာလအထိ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာရောက်သော်လည်း ပိဋကတ်သုံးပုံဟူသော စာပေများ ရောက်ရှိခြင်း မရှိသေးချေ။

www.dhammaransi.com

၁၂။ ရှင်မဟာဗုဒ္ဓဃောသ မြန်မာနိုင်ငံသို့ ပိဋကတ်မျာ်း သယ်ယူလာခြင်း

ရှင်မဟာဗုဒ္ဓဃောသသည် မဇ္ဈိမဒေသ မဟာဗောဓိပင် အရှေ့ဘက်ရှိ ရွာငယ်တစ်ရွာမှ ပုဏ္ဏားအမျိုးအနွယ်သား တစ်ဦး ဖြစ်သည်။ ဇဒင် သုံးပုံ တစ်ဘက်ကမ်းခတ် တတ်မြောက်သည်။ အရှင်ရေဝတမထေရ်နှင့် တွေ့ပြီးနောက် ဗုဒ္ဓမန္တန်သင်လို၍ ရဟန်းပြုခဲ့သည်။ သီဟိုဠ်သို့ ကူးပြီး ပိဋကတ်စာပေများကို ဆက်ခံသင်ယူခဲ့ပြီး ပိဋကတ် တော်များကို အဖွင့် အဋ္ဌကထာများကို ကူးယူခွင့်ရရှိရန်အတွက် ဝိသုဒ္ဓိမဂ်ကျမ်းကို ရေးသားပြုစု တင်ပြခဲ့သည်။

ထိုဝိသုဒ္ဓိမဂ်ကျမ်းကို သီဟိုဠ်ဆရာတော်များက နှစ်သက်၍ ပိဋကတ်တော်များကို ကူးယူခွင့် ရခဲ့သည်။

ပိဋကတ်တော်သုံးပုံ ပါဠိတော်များ၏ အဖွင့်အဋ္ဌကထာများကို သီဟိုဠ်ဘာသာမှ မဂဓပါဠိဘာသာသို့ ကူးပြောင်း ရေးသားပြုစုခဲ့သည်။

ထို့နောက် ပိဋကတ်သုံးပုံနှင့် အဋ္ဌကထာများကို သယ်ယူပြီးနောက် အိန္ဒိယသို့ပြန်လာခဲ့ရာ သမုဒ္ဒရာတွင် သီကြား မင်း၏ လျှောက်ထားမှုကြောင့် အိန္ဒိယသို့မသွားတော့ဘဲ ရေရှည်

www.dhammaransi.com

သာသနာတည်တံ့မည့် မြန်မာနိုင်ငံ ရာမညတိုင်း သထုံသို့ သင်္ဘောရွက်လွှင့်ခဲ့သည်။

ထိုအချိန်မှစ၍ မြန်မာနိုင်ငံသို့ ပိဋကတ်သုံးပုံစာပေများ ရောက်ရှိလာပြီး အဆင့်ဆင့်သင်ကြားပို့ချရာမှ ပိဋကတ်စာပေသင်ကြားမှု ပျံ့နှံ့၍ ဗုဒ္ဓသာသနာသည်လည်း ပိုမိုထွန်းလင်းလာခဲ့လေသည်။

၁၃။ သထုံပြည်မှပိဋကတ်တော်များ သွားရောက်ကူးယူခြင်း

သာသနာသက္ကရာဇ် ၉၀၀ခုတွင် အရှင်မဟာဗုဒ္ဓယောသသည် သီဟိုဠ်၌ အသစ်ရေးထားသော အဋ္ဌကထာများရှိသည်ဟုကြားသိသဖြင့် သထုံပြည်ရှင် ဘုမ္မိရာဇာမင်းလက်ထက်၌ ထိုမင်းလက်ဆောင်ပေးသော ဆင်ဖြူတော်ကို သယ်ဆောင်ကာ ပုသိမ်ဆိပ်ကမ်းမှတစ်ဆင့် သီဟိုဠ်သို့ ကြွသွား၍ သီဟိုဠ်တွင် အဋ္ဌကထာသစ်များကို ကူးယူပြီးနောက် သထုံသို့ ပြန်ကြွလာခဲ့သည်။

ဗုဒ္ဓယောသုပတ္တိကျမ်းတွင် ပြဆိုထားသည်။ ဤသို့အဆိုနှစ်မျိုးကွဲပြားသော်လည်း အရှင်ဗုဒ္ဓယောသမထေရ်၏ကျေးဇူးကြောင့် မြန်မာနိုင်ငံတွင် ဘုရားဟောပိဋကတ်စာပေများရောက်ရှိ လာပြီး ထိုစာပေများကို တပည့်အဆင့်ဆင့်တို့အား

www.dhammaransi.com

ပို့ချပေးခြင်း အားဖြင့် ဗုဒ္ဓ၏သာသနာတော်သည် အောက်မြန်မာပြည်ဝယ် နေလိုလလို ထွန်းလင်းတောက်ပခဲ့ပါသည်။

၉။ အထက်မြန်မာပြည် ပုဂံသို့ ပိဋကတ်တော်များ ရောက်ရှိခြင်း

သာသနာသက္ကရာဇ် ၁၅၁၀-ခုတွင် မွန်ရဟန်းတော် အရှင်အရဟံသည် ထေရဝါဒသာသနာစစ် သာသနာမှန်မထွန်းကားသေးသော ပုဂံဒေသသို့ သာသနာစစ် သာသနာမှန် ရရှိစေရန် သာသနာပြုကြွခဲ့သည်။

ထိုအချိန်တွင် ပုဂံပြည်မှ အနိရုဒ္ဓဒေဝမည်သော အနော်ရထာမင်း နန်းစံနေသည်မှာ(၉)နှစ်ကျော်ပြီ ဖြစ်သည်။ ထိုမင်းသည် ပုဂံတွင် ထွန်းကားနေသော သာသနာ အတု အယောင် ဘုန်းကြီးများ၏ သာသနာကို မလိုလား မနှစ်သက်ဘဲ သာသနာစစ် သာသနာမှန်ရရှိရန် မျှော်မှန်းနေသော အချိန်တွင် ရှင်အရဟံနှင့် တွေ့ဆုံခွင့်ရခဲ့သည်။

အနော်ရထာမင်းသည် ရှင်အရဟံမထေရ်၏ ဟောပြောမှုကြောင့် တရားစစ်တရားမှန်ကိုရရှိကာ ရှင်အရဟံကို ဆရာသခင်အဖြစ် ကိုးကွယ်ဆည်းကပ်ခဲ့ပြီး ထေရဝါဒသာသနာထွန်းကားရန် ရှင်အရဟံကို ဦးထိပ်ထားပြီး သာသနာပြုခဲ့သည်။

www.dhammaransi.com

နောင်တွင် ရှင်အရဟံက ဘုရားဟောပိဋကတ်တော်များ သင်ကြားပို့ချပေးမှသာ ဗုဒ္ဓသာသနာ စဉ်ဆက်မပြတ် တည်မည် ဖြစ်ကြောင်း သာသနာတော်အရှည်တည်ရန် ပိဋကတ်စာပေများ သင်ကြားပို့ချရန်လိုကြောင်း မိန့်ကြားရာ အနော်ရထာမင်းက ပိဋကတ်တော်များ ရရှိနိုင်မည့်နေရာကို လမ်းညွှန်ပါရန် လျှောက်ထားသည်။

ရှင်အရဟံသည် သထုံပြည့်ရှင် မနုဟာထံ၌ ပိဋကတ် သုံးပုံအစုံ(၃၀)ရှိ၍ တစ်စုံတောင်းယူရန် လမ်းညွှန်မိန့်ကြား ခဲ့သည်။

သာသနာသက္ကရာဇ် ၁၆၀၀ခု၊ အနော်ရထာမင်းက သံတမန်စေလွှတ်၍ တောင်းခံရာ သထုံဘုရင်က မချေမငံဆက်ဆံ ပြောဆိုလွှတ်သဖြင့် အနော်ရထာမင်းက စစ်ချီတိုက်ပြီး ပိဋကတ် သုံးပုံနှင့်ဓာတ်တော်မွေတော်များ၊ ရဟန်းပညာရှိများကိုပင် ဆောင်ခဲ့သည်။ ပုဂံသို့ ပိဋကတ်တော်များ ရောက်လာသောအခါ အနော်ရထာမင်းသည် ရှင်အရဟံမထေရ်၏ အကူညီဖြင့် ပိဋကတ်တော်များ သင်ကြားမှု ပို့ချမှုတို့ကို ဆောင်ရွက်စေခဲ့သည်။

တစ်ဖန် အနော်ရထာမင်းကြီးသည် ပိဋကတ်တော် များကို မြန်မာလူမျိုးများ နားလည်သိရှိစေရန် ရှင်အရဟံဖြင့် ညှိနှိုင်း၍ မွန်အက္ခရာကို အတုယူကာ မြန်မာအက္ခရာ သင်ပုန်း

www.dhammaransi.com

ကြီးကို စိမံပေးပြီး မြန်မာစာပေ၊ မြန်မာစကားဖြင့် သင်ယူမှု သင်ကြားမှု၊ ပို့ချမှုတို့ကိုပြုခဲ့သဖြင့် ဗုဒ္ဓသာသနာသည် အလွန်ဖံ့ဖြိုးတိုးတက်ခဲ့ရလေသည်။

၁၅။ မြန်မာမင်းတို့ တောင်တန်း-ပြည်နယ် သာသနာပြုစေလွှတ်ပုံ

အနော်ရထာမင်းလက်ထက် ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် ပိဋကတ်တော်များ ရောက်ရှိလာပြီး အထက်မြန်မာပြည်အနှံ့ သာသနာတော်ထွန်းကားပြန့်ပွားအောင် အနော်ရထာမင်းသည် ဆောင်ရွက်ခဲ့သည်။

တောင်တန်းဒေသများ၌မူ သာသနာအရှိန်အဝါ ရောက်ရုံသာရောက်သည်။ စာပေမရောက်ခြင်း၊ ပရိယတ္တိသင်ကြားမှုမရှိခြင်းတို့ကြောင့် သာသနာတော်သည် တည်သင့်သလောက် မတည်ချေ။

ကျန်စစ်မင်းလက်ထက်တွင် စိန်မင်းညက် မိဖုရား၏သား သာသနာပိုင်ဆရာတော်သည် မိုးကောင်း၊ သိန္နီ၊ သီပေါ စသော ရှမ်းပြည်နယ်များ၊ ကလေး၊ ရာဇဂြိုဟ်စသော ချင်းပြည်နယ်မြောက်ပိုင်း ဒေသများသို့ သာသနာပြုသံဃာများ စေလွှတ်၍ သာသနာပြုခဲ့သည်ဟု သာသနာဝံသပကာသနီကျမ်း၌ ဆိုပါသည်။

www.dhammaransi.com

အလောင်းစည်သူမင်းလက်ထက်တွင် မင်းကြီးကိုယ်တိုင် တိုင်းခန်းလှည့်လည်၍ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း စသည်များကို ရောက်လေရာဒေသတိုင်း၌ ဆောင်ရွက်ခဲ့ရာ ချင်းတွင်းအထက်ဒေသတစ်လျှောက် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ နယ်စပ်အစတို့၌ သာသနာပြုရဟန်းတော်များ ကြွရောက်ခြင်းကို အားပေးချီးမြှင့်ခဲ့ကြောင်း၊ ဦးကုလား၏ မဟာရာဇဝင်၌ ရေးသားထားသည်ကို တွေ့ရသည်။

တောင်ငူခေတ် ဘုရင့်နောင်မင်းတရားကြီးလက်ထက်တွင်မူ မင်းတရားကြီးသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းအရှေ့ပိုင်းတလွှားရှိ မငြိမ်မသက်ရှိသည်များကို ငြိမ်သက်အောင် ဆောင်ရွက်ပြီးလျှင် ရှမ်းပြည်နယ်တစ်လွှားတွင် မှားသော မိစ္ဆာဒိဋ္ဌိ အယူဖြန့် စော်ဘွားတို့သေလျှင် စော်ဘွားစီးသောဆင်၊ စော်ဘွားစီးသည့်မြင်း၊ ချစ်သောကျွန်တို့ကိုသတ်၍ တွင်းတွင်အတူတူ ထည့်မြှုပ်သော မကောင်းသောအယူကို မယူရန်တားမြစ်ခဲ့သည်။

ပရိယတ္တိ ပဋိပတ္တိသာသနာ မ,တည်လေဟု မိန့်ကြားပြီး ကုန်းဘောင်၊မိုးမိတ်၊မိုးကောင်း၊ မိုးညှင်း၊ မိုးနဲ၊သိဒ္ဓိ၊ သီပေါ စသော နေရာဒေသအသီးသီး၌ ဝတ္တရေမြေလျှာခြင်း၊ စေတီများတည်ခြင်း၊ ဇေတဝန်သုံးထပ်ကျောင်းများ ဆောက်လုပ်လှူဒါန်းခြင်း၊ ပါဠိ အဋ္ဌကထာ၊ ဋီကာတတ်သော အရိယာသံဃာတို့ကို

www.dhammaransi.com

တောင်းပန်တော်မူ၍ သီတင်းသုံးနေစေရသည်။ စော်ဘွားမှစ၍ အာမှူးအာမတ်ခေါင်းကြီးတို့ကိုလည်း တစ်လလေးသီတင်း၊ ပဉ္စသီလခံ၍ တရားနာရသည်။ ပိဋကတ်သုံးပုံကိုလည်းထားပေးတော်မူသည်။ ပြိုသူရွာသားတို့ကို စစ်ကဲတော်တို့က ဆော်ဘန်၍ တစ်လလေးသီတင်း တရားနာစေသည်။

ဤသို့လျှင် ရှမ်းပြည်နယ်တောင်တန်းဒေသ နယ်ပယ်များ၌ ဘုရင့်နောင်မင်းတရားကြီး၏ ဗုဒ္ဓသာသနာပြန့်ပွားစေရန် စီမံပုံကို မှန်နန်းရာဇဝင်ကြီး၌ ရေးသားဖော်ပြထားသည်ကို တွေ့ရပေသည်။

အလားတူ ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရားကြီး လက်ထက် မင်းတုန်းမင်းတရားကြီးလက်ထက်နှင့် သီပေါမင်း လက်ထက်တို့တွင်လည်း သာသနာပြု သုဓမ္မာဆရာတော်များကို စီမံစေ၍ ကရင်နီနယ်(ယခုကယားပြည်နယ်)ရှိ စော်ဘွားများ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ရှမ်း(ဝ)လူမျိုးများ၊ ကချင်ပြည်နယ်ရှိ ဒူးဝါးများကို ဗုဒ္ဓဘာသာခံယူစေ၍ သာသနာပြု ရဟန်းတော်များကို စေလွှတ်ပေးခဲ့သည်။ ဘုရားစေတီများတည်ခြင်း၊ ကျောင်းများ ဆောက်လုပ်ခြင်း၊ ပိဋကတ်တော်များရေးကူး ပို့ပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး တွင် ရေးသားဖော်ပြထားသည်ကို တွေ့ရပေသည်။

www.dhammaransi.com

ကျိုက်သို့အားဖြင့် အထက်အောက်မြန်မာပြည် မြေပြန့်ဒေသ တစ်ဝှန်း တစ်လျှားတွင် ဗုဒ္ဓသာသနာတော် နေလိုလလို ထွန်းကားအောင် မင်းနှင့်ပြည်သူများ၊ ဆရာတော် သံဃာတော်များက ကြိုးစားဆောင်ရွက်ခဲ့၍ သာသနာတော်ထွန်းလင်းပြန့်ပွားသကဲ့သို့ တောင်တန်းဒေသရှိ တိုင်းရင်းသားများမှာ အယူမှန် တရားမှန်ရရှိခံစားနိုင်ဖစေရန် သာသနာပြုမင်း အဆက်ဆက်သည် မိမိတို့စွမ်းအားရှိသလောက် ဆရာဒကာ လက်တွဲပြီး သာသနာပြုခဲ့ကြသည်ကို တွေ့ရပါသည်။

၁၈၅၅ ခု၊ မြန်မာနိုင်ငံအားလုံး အင်္ဂလိပ် လက်အောက်သို့ ကျရောက်သောအခါတွင် အင်္ဂလိပ်တို့သည် အများပြည်သူတို့နှင့် မဆန့်ကျင်လိုသော နိုင်ငံရေးပရိယာယ်၊ နှစ်သိမ့်လိုသော ရာဇပရိယာယ်ဖြင့် မြန်မာနိုင်ငံ၏ဗုဒ္ဓသာသနာအတွက် သာသနာပိုင်ခန့်ထားပေးခြင်း၊ ပထမပြန်စာပေးပွဲများကို ကျင်းပပြုလုပ်ပေးခြင်းများကို ပြုလုပ်ပေးခဲ့သည်။

သို့သော် ဗုဒ္ဓသာသနာခိုင်ခိုင်မာမာ မတည်ဆောက်ရသေးသော တောင်တန်းဒေသများသို့ မိမိတို့၏ သာသနာပြု များသာသာသနာပြုနိုင်ရန်နှင့် ဗုဒ္ဓဘာသာရဟန်းတော်များ သွားရောက်သာသနာမပြုနိုင်ရန် နယ်စပ်ဖြတ်ကျော်ရေး ဥပဒေကို ထုတ်ပြန်၍ ရဟန်းတော်များကို ပိတ်ပင်ခဲ့သည်။

www.dhammaransi.com

အခန်း(၂)

ကိုလိုနီခေတ် မြန်မာပြည်သို့ ဗောင်တန်းဗုဒ္ဓဘာသာအခြေအနေ

မြန်မာပြည်သို့ ခရစ်ယာန်ဘာသာနာပြုများ ဝင်ရောက် သာသနာပြုရာတွင် ဂိုဏ်းအားဖြင့်(၃)ဂိုဏ်းရှိသည်ကို တွေ့ရသည်-

(၁) ရိုမန်ကသလစ်ဂိုဏ်း

(၂) အမေရိကန်နှစ်ချင်းသာသနာပြုဂိုဏ်း

(၃) အင်ဂလိကန် ခရစ်ယာန်ဂိုဏ်းတို့ ဖြစ်သည်။ ယင်းတို့တွင် ရိုမန်ကသလစ်ဘုရင်ခံဂိုဏ်းသည် ပေါ်တူဂီတို့မှ စတင်ခဲ့သည်။

www.dhammaransi.com

မြန်မာနိုင်ငံ၌ ခရစ်ယာန်သာသနာပြုလုပ်ငန်းကို ဘရင်ကို ဘာသာဝင်ပေါ်တူဂီလူမျိုးတို့ စတင်စည်းရုံးသာသနာပြုခဲ့သည်။ ပေါ်တူဂီတို့သည် ဘာသာရေးစိတ်ဓာတ်ပြင်းထန်ပြီး တစ်ဘက်စောင်းနင်းအဓမ္မသိမ်းသွင်းခြင်းကြောင့်လည်းကောင်း၊ နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်သောကြောင့်လည်းကောင်း၊ မြန်မာဘုရင်နှင့် ပြည်သူအများက မလိုလားမနှစ်သက်ကြချေ။ ပေါ်တူဂီတို့သည် သန်လျင်တွင် လှုပသောဘုရားရှိခိုးကျောင်း တစ်ကျောင်း ဆောက်လုပ်ခဲ့သည်။ (ထိုကျောင်းများ ယနေ့ထိ တည်ရှိခဲ့သည်)

ထို့ကြောင့် ၁၆၁၂ ခုတွင် ဒီဗရစ်တို ငဇင်ကာ နိုင်ငံရေးမှာ ဝင်ရောက်စွက်ဖက်မှု ဖြစ်ပေါ်လာခဲ့သောကြောင့် ငဇင်ကာကို မြန်မာဘုရင်က ကွပ်မျက်နှိမ်နင်းခဲ့သလို ပေါ်တူဂီတို့၏ သာသနာပြုလုပ်ငန်းကိုလည်း ရပ်စဲပစ်ခဲ့သည်။

ထို့နောက် အောက်မြန်မာနိုင်ငံတွင် ခရစ်ယာန်သာသနာပြုလုပ်ငန်းများ ဆက်လက်ပြုလုပ်လာခဲ့ကြရာ မှတ်တမ်းများအရ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

- ၁၇၁၉ ခုတွင် ရဟန်းမင်းကြီး ကလီမင်း(၁၁) (CLEMENT-11)က အင်းဝပေခူးနှင့် မုတ္တမတို့တွင်

www.dhammaransi.com

သိက္ခာရဆရာ ဂျိုးဇက်ဗွာတိုနီနှင့် ခင်ကြီးကာလဲချို (JOSEPH VITTONI AND FATHER CHLCHI) တို့ သာသနာပြုရန် တာဝန်ပေးခဲ့သည်။

- ၁၉၄၉ခုတွင် သံလျှင်၌ အုတ်ဘုရားရှိခိုးကျောင်း တစ်ဆောင်၊ ဘုန်းကြီးကျောင်းတစ်ဆောင်၊ မိဘမဲ့ ဂေဟာတစ်ခု ဖွင့်လှစ်ခဲ့သည်။

ထိုနှစ်မှာပင် မြန်မာအဘိဓာန်နှင့် သဒ္ဒါကျမ်း၊ ဘာသာရေးအဓိပ္ပာယ်ကျမ်းနှင့် ဆုတောင်းစာအုပ်များ ရေးသားပြုစုပြီး ထုတ်ဝေသည်။ ထို့ပြင် ဓမ္မပဒကျမ်းအဓိပ္ပာယ်(၃)ဘာသာ အဘိဓာန်နှင့် ဗုဒ္ဓဘာသာဝိနည်းတို့ကို အီတလီဘာသာပြန်ဆို ထုတ်ဝေသည်။

- ၁၉၉၆ ခုတွင် မင်းလှ၌ မြန်မာခရစ်ယာန်ဘုန်းကြီးများအား လေ့ကျင့်သင်ကြားပေး၍ ဘာသာရေးသင်ကျောင်းတစ်ကျောင်း ဖွင့်လှစ်ခဲ့သည်။

- ၁၉၇၄ ခုတွင် ဘုန်းတော်ကြီးတာပနီ (FATHER CAPANI)သည် ရောမမြို့သို့သွား၍ မြန်မာပြည်၏ ကတ်သလစ်အခြေအနေကို အစီရင်ခံပြီး ၎င်း၏ အဓိပ္ပာယ်ဖွင့်ကျမ်းကို ရိုက်နှိပ်ရန်စီစဉ်သည်။ ထိုနှစ်မှာပင် ပထမဆုံး မြန်မာစာစာအုပ်ထွက်ပေါ်လာသည်။

www.dhammaransi.com

– ၁၈၂၈ ခုတွင် ခင်ကြီးဂါလီဇိယာနှင့် နေရိန် (FATHERS GALLIZIA AND NERINI)တို့သည် သံလျှင်သို့ ရောက်လာကြပြီး ဘုရားရှိခိုးကျောင်းတစ်ကျောင်းဆောက်လုပ်၍ သာသနာပြုခဲ့ကြသည်။

ထိုနှစ်မှာပင် ခင်ကြီးဆန်ဂါးမင်နို (SAN-GERMANG)သည် ရန်ကုန်သို့ရောက်ရှိလာပြီး စိန်ဂျန်းဘုရားရှိခိုးကျောင်းကို ဆောက်လုပ်ခဲ့ပြီး သာသနာပြုခဲ့သည်။

၁၈၃၀ ခုနှစ်အဆုံးတွင် ရန်ကုန်သည် မြန်မာပြည်၏ အဓိကမြို့တော်ဖြစ်လာပြီး ကက်သလစ်သာသနာပြုလုပ်ငန်းများသည်လည်း တိုးတက်လာခဲ့သည်။

ကက်သလစ်ဘုရားရှိခိုးကျောင်းများ၊ မိဘမဲ့ဂေဟာများ၊ စာသင်ကျောင်းများ၊ ကောလိပ်ကျောင်းများ များစွာပေါ်ထွက်လာခဲ့သည်။

၁၉ ရာစုအစပိုင်းတွင် ဘုန်းတော်ကြီး ဒီအမတို (Father De Amato)သည် ဓမ္မသစ်ကျမ်းကို မြန်မာလက်ာပြန်ဆိုခဲ့သည်။ မြန်မာပြည်နှင့်ပတ်သက်သော ဘူမိဗေဒ၊ ရာဇဝင်ဗေဒ၊ တိရစ္ဆာန်ဗေဒကျမ်းတို့ကိုလည်း ရေးသားပြုစုခဲ့သည်။

www.dhammaransi.com

ဘုန်းတော်ကြီးဒီဗရစ်တို (Father De Britto)သည် မြန်မာ-အိတလီ ပါဠိအဘိဓာန်တစ်ခု ပြုစုခဲ့သည်။ မော်လမြိုင်တွင် မြန်မာ-အင်္ဂလိပ်ပုံနှိပ်စက်တစ်ခု တည်ထောင်ခဲ့သည်။

၁၈၇၇ ခုတွင် ခရစ်ယာန်သီလရှင်တို့၏ (Sister of the Apparittion) အဖွဲ့ရောက်ရှိလာပြီး မော်လမြိုင်တွင် မိန်းကလေးကျောင်းဖွင့်၍ သာသနာပြုခဲ့ကြသည်။ နောက်ပိုင်း၌ ရန်ကုန်၊ပုသိမ်၊မန္တလေး၊မေမြို့အထိ ကျယ်ပြန့်စွာ ကျောင်းဖွင့်ပြီး သာသနာပြုခဲ့ကြသည်။

၁၈၅၆ ခုတွင် ဂိုဏ်းထောက်ပေါလ်ဘီဂင်ဒတ် (Bishop Parl Bigorndet)သည် မော်လမြိုင်သို့ ရောက်ရှိပြီး ဘုရင်ကျိုက်းကို ပြန်လည်စည်းရုံးသည်။ သူသည် မြန်မာနိုင်ငံတွင် မြန်မာစကားနှင့်မြန်မာစာပေကို တတ်မြောက်အောင်သင်ပြီး ဗုဒ္ဓဘာသာစာပေကိုလည်း တတ်ကျွမ်းအောင် လေ့လာသင်ကြားခဲ့သူဖြစ်သည်။

ဘုန်းတော်ကြီး ဘီဂင်ဒတ်သည် နောက်ပိုင်းတွင် ကျောင်းများတည်ထောင်ဖွင့်လှစ်ခဲ့ရာ-

- ၁၈၆၈ ခုတွင် မော်လမြိုင်၌ စိန့်ပက်ထရစ်ကျောင်း
- ၁၈၇၀ ခုတွင် ရန်ကုန်၌ စိန်ပေါလ်ကျောင်း

www.dhammaransi.com

- ၁၈၉၆ ခုတွင် မန္တလေး၌ စိန်ပိတာကျောင်း, တံတားဦး မိဘာမဲ့ဂေဟာ
- ၁၉၄၇ ခုတွင် မေမြို့၌ စိန်အယ်လဲဘတ်ကျောင်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ဘုန်းတော်ကြီး ဘီဂင်ဒတ်၏ ဖိတ်ခေါ်ချက်အရ (Sister of the Good Shephert) သီလရှင်တို့၏ အဖွဲ့တစ်ဖွဲ့သည် ၁၈၆၆ ခုတွင် ထပ်မံရောက်ရှိလာပြီး ပညာသင်ကြားရေး ကျောင်းများစတင်တည်ထောင်ခဲ့ကြသည်။ ထိုသီလရှင်အဖွဲ့မှ ဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံတွင်

- ရန်ကုန်မြို့၊ ဗိုလ်ချုပ်လမ်းရှိ စိန်ဂျွန်းကွန်ဗင့်အထက်တန်းကျောင်း
- ပြည်လမ်းရှိ စိန်သောမဗီးနပ်စ်အထက်တန်းကျောင်း
- သိမ်မြုံလမ်းရှိ ကွန်ဗင့်ကျောင်းခွဲ (Branch Convent)
- ဘုရားလမ်းရှိ စိန်ပက်ထရစ်မူလတန်းကျောင်း
- မော်ထောင်လေးလမ်းရှိ စိန်ဂျွန်းကွန်ဗင့်အထက်တန်းကျောင်း

www.dhammaransi.com

– မိဘမဲ့မိန်းကလေးဂေဟာကျောင်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထို့ပြင် ဆေးရုံများ၊ ဆေးပေးခန်းများ၊ အနာကြီးရောဂါကု ဆေးရုံများ စသည်များကို ဖွင့်လှစ်၍ သာသနာပြုခဲ့ကြသည်။

ထိုအဖွဲ့တို့သည် မြန်မာပြည်အနှံ့ သာသနာပြုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့ကြရာ ပညာရေး၊ လူမှုရေးဆိုင်ရာ လုပ်ငန်းတို့မှာ အထူးအောင်မြင်ခဲ့ကြပြီး ၁၉၀၃ ခုတွင် တိုက်အုပ် (၃)ဦး၊ ဥရောပသာသနာပြုဆရာ(၂၁၂)ဦးတို့ဖြင့် သာသနာပြုခဲ့ရာ ခရစ်ယာန်သာသနာဝင်ပေါင်း ၄၈၄၀၀ ရှိခဲ့သည်။

၂။ ခရစ်ယာန်နှစ်ခြင်းသာသနာပြုလုပ်ငန်း မြန်မာပြည်၌ သာသနာပြုပုံ

အမေရိကန်နှစ်ခြင်း သာသနာပြုလုပ်ငန်းကို တည်ထောင်ခေတ် စစ်ကိုင်းမင်းလက်ထက်(ဘကြီးတော်မင်း) ဆရာယုသန်ရောက်လာသည့် ၁၈၁၃ ခုမှစ၍ မြန်မာနိုင်ငံအထက်ပိုင်း၌ တစတစခြေကုတ်ရလာခဲ့သည်။ မြန်မာနိုင်ငံတွင် နှစ်ချင်း သာသနာပြုအဖြစ် သွတ်သွင်းခံရသူမှာ ၁၈၁၉ ခုနှစ်တွင် ဦးနော ဆိုသူဖြစ်သည်။

၁၈၅၂ ခုတွင် သာသနာပြုဆရာ(၆၂)ဦးထိ ရှိလာပြီး သာသနာပြုခဲ့ရာ မြန်မာခရစ်ယာန်ဘာသာဝင် ၂၆၇ဦး၊ ကရင် ခရစ်ယာန်ဘာသာဝင် ၇၅၇၀ ထိ ရှိခဲ့သည်။

www.dhammaransi.com

အမေရိကန်ခရစ်ယာန် သာသနာပြုအဖွဲ့သည် ၁၈၇၉ ခုတွင် ပိုးကရင်မစ်ရှင်အဖွဲ့ကို ပုသိမ်တွင်ဖွဲ့ပြီး ဆောင်ရွက်ခဲ့သည်။ သို့သော် ဘုရင်ကျိသာသနာဝင်တို့၏ လွှမ်းမိုးမှုကြောင့် မအောင်မြင်ခဲ့ပေ။ နောင်တွင် ပုသိမ်နှင့်မအူပင်မြို့တို့၌ ပိုးကရင်အထက်တန်းကျောင်းများဖွင့်လှစ်ပြီး သာသနာပြုရာမှ တစတစအောင်မြင်လာခဲ့သည်။

ထိုအဖွဲ့သည် နောင်တွင် မော်လမြိုင်၊ ဟင်္သာတ၊ သာယာဝတီ၊ တောင်ငူ၊ ရွှေကျင်နှင့် အထက်မြန်မာပြည်တို့တွင် ရရာမြို့နယ်ဒေသတို့၌ သာသနာပြုကျောင်းများ ဖွင့်လှစ်ပြီး စာပေသင်ကြားသာသနာပြုခဲ့ကြသည်။ ပူးတွဲလုပ်ငန်းအဖြစ် ဆေးဝါးကုသရေး၊ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းများပါ ပူးတွဲဆောင်ရွက်ပေးခဲ့သည်။ ဤသာသနာပြုအဖွဲ့၏ ထင်ရှားသော စိုက်ပျိုးရေးကျောင်းမှာ ပျဉ်းမနားစိုက်ပျိုးရေးကျောင်း(ဗိုလ်ကိုတ်)ဖြစ်သည်။

ကျွန်းမာရေးနှင့်ပတ်သက်၍ အနာကြီးရောဂါနှင့် တိဘီကုသရေးလုပ်ငန်းများမှာ အထူးအောင်မြင်ခဲ့သည်။

ထို့ကြောင့် ၁၉၁၀ ခုနှစ်သို့ရောက်သော် ခရစ်ယာန် ဘာသာဝင်ပေါင်း ၇၀၃၉၆ စည်းရုံးနိုင်သည်။ ယင်းတွင်-

www.dhammaransi.com

ကရင်	၅၄၇၉၉
ကချင်	၃၇၁
ချင်း	၁၀၁၁
ရှမ်း	၃၃၈
ပိုးကရင်	၃၀၈

အခြားမျိုးစုံ ၁၀၃၈၇ တို့ပါဝင်ခဲ့သည်။ ထိုအဖွဲ့များကို ဗြိတိသျှကျမ်းစာအသင်းနှင့် ခရစ်ယာန်လူငယ်များအသင်း(Y.M.C.A)တို့က အကူအညီပေးကြသည်။

၃။ အင်ဂလိကန်ခရစ်ယာန်တို့၏ မြန်မာပြည်၌ သာသနာပြုမှု

ဒေါက်တာမတ်ခ် (Dr.Mark)သည် အင်္ဂလန်နိုင်ငံ ခရစ်ယာန်ဂိုဏ်းမှ ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ဖောက်မြန်မာပြည်ကို အင်္ဂလိပ်တို့အုပ်ချုပ်သောအခါ အင်္ဂလန်သာသနာပြုအဖွဲ့သည် အိန္ဒိယမှတဆင့် မြန်မာပြည်သို့ ဝင်ရောက်လာသည်။

အဖြေစိုက်အဖွဲ့မှာ S.P.G(Society For Propagation of The Gospel) လန်ဒန်မြို့ရှိ သာသနာပြုအသင်း

www.dhammaransi.com

ဖြစ်သည်။ ၁၈၅၉ ခုတွင် မြန်မာပြည်၌ သာသနာပြုလုပ်ငန်းနှင့် တွဲ၍ ပညာရေးလုပ်ငန်းလုပ်ရန် ကျောင်းဆရာတစ်ဦး အလိုရှိကြောင်း ထိုအသင်းကကြညာရာမှ ဂျွန်အီဘမ်ကျောတ်ခတ် ဆိုသူသည် လျှောက်ထား၍ ၁၉၆၀ ခုတွင် မော်လမြိုင်မြို့သို့ ရောက်ရှိလာသည်။

မော်လမြိုင်တွင် ဥရောပတိုက်သားများနှင့် အာရှတိုက်သားကလေးများကို လက်ခံပညာသင်ပေးသည့် ကျောင်းတစ်ကျောင်း တည်ထောင်သည်။ (၂)နှစ်၊ (၃)နှစ်အတွင်း ကျောင်းသား ပေါင်း ၃၀၀ ရှိခဲ့သည်။

၁၈၆၄ ခုတွင် ဆရာမတ်ကို ကလကတ္တားရှိ ဘိရှောကော်တွန်(Cotton)က ခေါ်ယူရဟန်းပြုပေးပြီး သင်းထောက် (Descon)အဖြစ်ခန့်အပ်ပြီး ရန်ကုန်မြို့သို့ ပြန်လွှတ်သည်။

မတ်သည် ရန်ကုန်တွင် စိန်ဂျွန်းလမ်းရှိ ကျောင်းအိပ် ကျောင်းစား(၂၀)ဆံ့နိုင်သော အဆောက်အဦကလေး ဆောက်လုပ်ပြီး ကျောင်းသား ၂၂၀ကို လက်ခံပညာသင်ကြားပေးခဲ့သည်။

နောက်မကျန်းမာ၍ အင်္ဂလန်သို့ ပြန်သွားခဲ့သည်။ တဖန် အင်္ဂလန်မှ ပြန်လာသောအခါ သာသနာပြုနှင့် ပညာရေးလုပ်ငန်း လုပ်ရန် အမျိုးသားသုံးယောက်နှင့် အမျိုးသမီးတစ်ယောက် ခေါ်လာခဲ့သည်။

www.dhammaransi.com

၁၈၆၈ ခုနှစ်တွင် အမျိုးသားများက စိန်ဂျန်းကောလိပ်ကို တည်ထောင်၍ အမျိုးသမီးက စိန်ဖေရိမိန်းကလေးကျောင်းကို တည်ထောင်ဖွင့်လှစ်၍ ပညာသင်ကြားပေးသည့်အလုပ်ကို လုပ်ကြသည်။ ကျောင်းနှင့်အတူ မိဘမဲ့ဂေဟာများကိုလည်း ပူးတွဲဖွင့်လှစ်ခဲ့ကြသည်။

ဆရာမတ်သည် ပညာရေးအပြင် သာသနာရေးအတွက် အင်္ဂလန်ဂိုဏ်းသင်းအုပ်အဖြစ်ပါ ပူးတွဲဆောင်ရွက်ခဲ့သည်။

ဆရာမတ်သည် ၁၈၆၇ ခုနှစ်တွင် မန္တလေးသို့တက်ပြီး မင်းတုန်းမင်းထံ ဝင်ရောက်ခစားကာ မင်းတုန်းမင်း၏ အကူညီကို ရယူပြီး သာသနာပြုလုပ်ငန်းနှင့် ပညာရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

( )ခေါ် သံတဲကျောင်းကို ဖွင့်လှစ်၍ ပညာသင်ပေးခဲ့သည်။ မင်းညီမင်းသားများပင် တက်ရောက်ပညာသင်ကြားခဲ့ကြသည်။

ထို အင်္ဂလန်သာသနာပြုအဖွဲ့မှ မြန်မာပြည်အနှံ့ ကျောင်းများဖွင့်လှစ်သင်ကြားခဲ့ရာ နာမည်ကြီးကျောင်းများမှာ-

ရန်ကုန်၌ စိန်ဂျန်းကောလိပ်၊ စိန်ဖေရီ မိန်းကလေးကျောင်း

www.dhammaransi.com

၄၆ တောင်တန်းသာသနာပြုသမိုင်း

– မေမြို့၌ စိန်မိုက်ကယ်မိန်းကလေးကျောင်း

မော်လမြိုင်၌ စိန်မက်သယူ

တောင်ငူ၌ စိန်ဂျန်းဘတ်ပတစ်

အထူးသဖြင့် ထိုဂိုဏ်းသည် ကြည့်မြင်တိုင်၌ မျက်မမြင်ကျောင်း ဖွင့်လှစ်ပြီး မျက်မမြင်စာပေကို တီထွင်ကာ မျက်မမြင်များကို စာပေနှင့်လက်မှုလုပ်ငန်းပညာများကို သင်ကြားပေးခဲ့ရာ အထူးအောင်မြင်ခဲ့သည်။

၄။ အခြားခရစ်ယာန်သာသနာပြုအဖွဲ့.

မြန်မာနိုင်ငံအတွင်း ခရစ်ယာန်သာသနာပြုကြရာတွင် အထက်ပါဂိုဏ်းကြီး(၃)ဂိုဏ်းက အပြိုင်အဆိုင်သာသနာပြုကြသလို အခြားဂိုဏ်းများကလည်း သာသနာပြုကြသည်။ ထင်ရှားသော သာသနာပြုအဖွဲ့(၂)ဖွဲ့မှာ–

၁။ မက်သဒစ်သာသနာပြုအဖွဲ့ ၁၈၇၈ ခုနှစ်မှ စတင်သာသနာပြုခဲ့သည်။

၂။ အင်္ဂလိပ်ဝက်စလေယာန်သာသနာပြုအဖွဲ့. ၁၈၁၃ ခုနှစ်မှစ၍ အထက်မြန်မာပြည် သာသနာပြုခဲ့သည်။

www.dhammaransi.com

ထိုအဖွဲ့များသည် အဓိကကျောင်းဖွင့်၍ သာသနာပြုကြသည်ကများပါသည်။ ခရစ်ယာန်သာသနာပြုတို့၏ သာသနာပြန့်ပွားရေးအတွက် အဓိကထားဆောင်ရွက်ကြသော အချက်များမှာ-

၁။ အင်းစိန်ကျမ်းစာကျောင်းဖွင့်လှစ်ခြင်း- ၁၈၅၅ခုနှစ်တွင် စတင်တည်ထောင်၍ မြန်မာ၊ကရင်၊ချင်းလူမျိုးတို့ကို ကျမ်းစာသင်ပေးပြီးသာသနာပြုများဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးသည်။ လေးနှစ်သင်ကြားရသည်။ သာသနာပြုပုဂ္ဂိုလ်များ မွေးထုတ်၍ သာသနာပြုခြင်း ဖြစ်ပါသည်။

၂။ ပုံနှိပ်တိုက်တည်ထောင်ခြင်း-ရန်ကုန်တွင် ပုံနှိပ်တိုက်တည်ထောင်ပြီး ဘာသာရေးစာအုပ်စာတမ်းများကို ထုတ်ဝေခြင်း၊ တိုင်းရင်းသားစာပေများ တီထွင်အသုံးပြုပြီး ထိုတိုင်းရင်းသားဘာသာဖြင့် သမ္မာကျမ်းစာများ၊ တရားစာများကို ဖြန့်ဝေထုတ်ဝေခြင်း။

၃။ ကျောင်းများတည်ထောင်ပေးခြင်း-မူလတန်း၊အလယ်တန်း၊ အထက်တန်းကျောင်းများ တည်ထောင်၍ ခေတ်မှီပညာရှင်များကို ပို့ချသင်ကြားပေးခြင်း။

www.dhammaransi.com

၎။ ကောလိပ်များဖွင့်ခြင်း–ကောလိပ်များဖွင့်၍ အထက်တန်းပညာများ သင်ကြားပေးပြီး တစ်ဘက်က အစိုးရ ရာထူးဌာနန္တရကြီးများ၌ တာဝန်ထမ်းဆောင်စေပြီး တစ်ဘက်က သာသနာပြုလုပ်ငန်းများ၌ ပံ့ပိုး ပါဝင်ကူညီပေးသည်။

၅။ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်း ဖွင့်လှစ်ခြင်း– စိုက်ပျိုးရေး စက်မှုလက်မှုအတတ်ပညာသင်ကျောင်းများဖွင့်လှစ်ပေး၍ တစ်ဘက်က စားဝတ်နေရေးကို စိမ်ပေးသကဲ့သို့ ပြုလုပ်ပြီး တစ်ဘက်က သာသနာပြုခြင်း၊ သာသနာအတွက် ထောက်ပံ့ခြင်း။

၆။ ဆရာအတတ်သင်ကျောင်းဖွင့်၍ ဆရာများမွေးထုတ်ပေးခြင်း–၁၈၉၈ ခုတွင် ဆရာအတတ်သင် နော်မံကျောင်းကို ဖွင့်လှစ်၍ သာသနာပြုလုပ်ငန်း အထောက်အကူပြု ဆရာများကို မွေးထုတ်ပေးခဲ့သည်။

ခရစ်ယာန်သာသနာပြုများသည် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ကြရာတွင် –

www.dhammaransi.com

''ငါ၏ သွေးသားချင်းထဲမှ အောက်ကျ နောက်ကျ အဖြစ်ဆုံးသူကို သင်တို့ပြုစုခြင်းသည် ငါကားပြုစုခြင်း မည်ပေ၏''

''ပိမိကိုယ်ကို ချစ်ခင်သလို သင်၏ အိမ်နီးနားချင်းကို ချစ်ခင်ပါ''

''လူတို့ အသက်ရှင်နေရန် ငါလာသည်။ သူတို့ကို ပိုမို၍ ချမ်းသာကြွယ်ဝစေရန်ဖြစ်သည်''

ဟူသော ခရစ်တော်၏ သွန်သင်ဆုံးမချက်ကို အလေးအနက် ထားကာ တစ်ကမ္ဘာလုံး၌ လူသားများကို စားဝတ်နေရေး လူမှုရေး ပြည့်စုံစေရမည်။ ကျန်းမာရမည်။ အသိပညာတိုးတက် ရမည်ဟူသော ခံယူချက်ကို အလေးအနက်ထားကြကာ လူမှုရေး လိုအပ်ချက်များဖြစ်သော စားဝတ်နေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကယ်ဆယ်ရေးတို့ကို အထူးဦးစားပေးဆောင်ရွက်ပြီး သာသနာပြုခဲ့ကြသည်။

ထို့ကြောင့် သူတို့၏ သာသနာပြုမှုများသည် လူမှုရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာရောက်၍ တောင်ပေါ်ဒေသ၌ နတ်ကိုးကွယ်သူ တိုင်းရင်းသားများမှာ ခရစ်ယာန် သာသနာပြုတို့ကို စိတ်အားထက်သန်စွာ လက်ခံယုံကြည် သွားကြခြင်းဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

www.dhammaransi.com

၅။ တောင်တန်းနှင့် နယ်စပ်ဒေသများနေ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ ကိုးကွယ်မှုများ

တိုင်းရင်းသားအများစု၏ ကိုးကွယ်ယုံကြည်မှုတွင် ရိုးရာနတ်ကို အဓိကထား၍ ကိုးကွယ်ကြလေ့ရှိသည်။

နတ်က အစစအရာရာကို ဖန်တီးပေးနိုင်သည်ဟု ယုံကြည်ကြသည်။ ထို့ပြင် ဝိညာဉ်,လိပ်ပြာနှင့် ကံကြမ္မာတို့ကို နတ်ကောင်း နတ်ဆိုးတို့က ဖန်တီးနိုင်သည်။ ထို ဝိညာဉ် လိပ်ပြာနှင့် ကံကြမ္မာတို့သည် လူလောကတွင် အမှန်ရှိသည်။ နတ်တို့တွင် လူတို့မမြင်နိုင်သော တန်ခိုးများရှိသည်ဟု လက်ခံယုံကြည်ထားကြသည်။

ထို့ကြောင့် ရိုးရာနတ်ပူဇော်ပသမှုများကို မပျက်မကွက် ပြုလုပ်ကြလေ့ရှိသည်။ နတ်ရိုးရာ ကိုးကွယ်မှုနှင့်ပတ်သက်၍ တိုင်းရင်းသားများတွင် ဘာသာရေးနှင့်ပတ်သက်သော ပွဲတော်များ၊ စိုက်ပျိုးရေးနှင့်ပတ်သက်သော ပွဲတော်များ၊ လူမှုရေးနှင့် ပတ်သက်သော ပွဲတော်များကို ကျင်ပပြုလုပ်ကြလေ့ရှိသည်။

ထိုပွဲတော်များနှင့်ပတ်သက်သော ရိုးရာကခုန်တီးမှုတ်မှုများပါ ပါဝင်လာခဲ့ကြသည်။

www.dhammaransi.com

တိုင်းရင်းသားများသည် ထိုနှတ်ရိုးရာအပြင် အတိတ်နိမိတ်ဂကောက်၍ အစွဲအလမ်းယုံကြည်ခြင်းနှင့် ဖဗင်, ယတြာစသည်များကိုလည်း ယုံကြည်လက်ခံထားကြပါသည်။

နောက်ပိုင်း ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာများဝင်ရောက်စည်းရုံးသောအခါကျမှ ဗုဒ္ဓဘာသာကိုးကွယ်မှု၊ ခရစ်ယာန်ဘာသာကိုးကွယ်ယုံကြည်မှုများ ပေါ်ပေါက်လာခဲ့ကြရသည်။

၆။ တောင်တန်းဒေသရှိ တိုင်းရင်းသားများအား ခရစ်ယာန်သာသနာပြုများ စတင်ထိုးဖောက်သာသနာပြုမှု

တိုင်းရင်းသားများကို ခရစ်ယာန်သာသနာ စတင်ထိုးဖောက်ပြုရာတွင် ကရင်အမျိုးသား တိုင်းရင်းသားများကို ဦးစွာထိုးဖောက်စည်းရုံးခဲ့သည်။ ကရင်တိုင်းရင်းသားအများစုသည် မြေပြန့်တွင်နေခဲ့ပြီး ရိုးရာနှတ်ကိုးကွယ်သူများဖြစ်၍ ကရင်အမျိုးသားများကို ဦးစွာပထမစည်းရုံးသာသနာပြုမှု ဆောင်ရွက်ခဲ့ကြသည်။

ကရင်အမျိုးသားများအား သာသနာပြုလုပ်ငန်းဆောင်ရွက်ကြရာတွင် မြေပြန့်နှင့် တောင်ပေါ်ခွဲ၍ သာသနာပြုကြသည်။

www.dhammaransi.com

၅၂ တောင်တန်းသာသနာပြုသမိုင်း

တောင်ငူခရိုင်ရှိ တောင်ပေါ်ဒေသများကို တစ်နှစ်တွင် လေးလခန်သာ သာသနာပြုလုပ်ငန်း လုပ်ကိုင်ကြသည်။ ထို တောင်ပေါ်ရှိ ကလေးများကို မြေပြန့်ခေါ်ဆောင်၍ တောင်ငူမြို့တွင် ဖွင့်လှစ်ထားသော ယောက်ကျားကလေး၊ မိန်းကလေးကျောင်း များတွင် ထားပေးကာ ပညာသင်ကြားပေးခဲ့ကြသည်။

အလားတူ ကရင်ပြည်နယ်စပ်အတွက် မော်လမြိုင်ကို အခြေခံထား၍လည်းကောင်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်အတွက် ပုသိမ်-မြောင်းမြ-မအူပင်ကို အခြေခံထား၍လည်းကောင်း သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ကြသည်။

အဓိကမှာ ပညာသင်ကြားပေး၍ သာသနာပြုခြင်း လုပ်ငန်းကို အဓိကထား၍ ဆောင်ရွက်ခဲ့ကြသည်။

၁၉၁၀ခုတွင် ပိုးကရင်များကိုပါ ခရစ်ယာန်ဘာသာဝဲသို့ သွတ်သွင်းနိုင်ခဲ့ပြီး သမ္မာကျမ်းစာများ၊ သီချင်းများ ဧဝံသာ ဘာသာရေးစာပေများကို ကရင်စာပေများဖြင့် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိကြသည်။

ကချင်တောင်တန်းဒေသတွင် အမေရိကန်နှစ်ချင်း သာသနာပြုအဖွဲ့မှ မစ္စတာဟန်ဆန်က စတင်သာသနာပြုခဲ့ပါသည်။ ယင်းသည် ကချင်-အင်္ဂလိပ် အဘိဓာန်နှင့် ကချင်

www.dhammaransi.com

ဖတ်စာများကို ကျောင်းများအတွက် တီထွင်ရေးသား ထုတ်ဝေခဲ့သည်။ အင်္ဂလိပ်အစိုးရကလည်း အထူးကူညီအားပေးခဲ့သည်။

အလားတူ ရှမ်းတောင်တန်းဒေသတွင် အလားတူဘာသာကို ရောမအက္ခရာဖြင့် တီထွင်ပေးခဲ့သည်။ ဒေါက်တာကူရှင်က သမ္မာကျမ်းစာဘာသာပြန်နှင့် ရှမ်း–အင်္ဂလိပ်အဘိဓာန်ကို ပြုစုပေးခဲ့သည်။

ချင်းတောင်တန်းဒေသတွင် မစ္စတာစီအာကော်ကင်တွန်က စတင်သာသနာပြုခဲ့ပါသည်။ သူသည် ပထမ ၁၈၉၅ ခုတွင် မန္တလေး၌ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ခဲ့ရသည်။ ထိုမှ သရက်မြို့သို့ သာသနာပြုရန် တာဝန်ပေးအပ်ခြင်းခံရသည်။

ထိုအခါ သူသည် ချင်းလူမျိုးများနှင့် ထိတွေ့ဆက်ဆံခဲ့၍ ၁၈၉၈ ခုတွင် ချင်းလူမျိုး(၂၆)ဦးကို နှစ်ခြင်းသာသနာဝင် ဖြစ်အောင် စည်းရုံးနိုင်ခဲ့ပါသည်။

၁၈၉၉ခုနှစ်တွင် သိက္ခာရဆရာဂျီရှိုက်ဟက်(ခ်)သည် ပြည်နှင့်သရက်ခရိုင်တွင် သာသနာပြုလုပ်ငန်းလုပ်ဆောင်ရန် ချင်းဘာသာစကားကို စာပေဖြစ်အောင် ဆောင်ရွက်ခဲ့ပြီး ဆုတောင်းစာများ၊ ကျမ်းစာများကို ချင်းဘာသာသို့ ပြန်ဆိုပေးခဲ့သည်။

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

ချင်းရွာကြီးများတွင် ကျောင်းများဖွင့်လှစ်ပေးကာ သာသနာပြုခဲ့သည်။ သူ၏ သာသနာပြုစွမ်းဆောင်ချက်ကြောင့် ပြည်မြို့မှ မိုင်(၃၀)ဝေးသော သဲဖြူရွာသည် တစ်ရွာလုံး ခရစ်ယာန် ဘာသာဝင် ဖြစ်သွားခဲ့ရသည်။

ခရစ်ယာန်သာသနာပြုတို့က တောင်တန်းဒေသ၌ တိုင်းရင်းသားများအပေါ် လွှမ်းမိုးသာသနာပြုသွားနိုင်ခြင်းမှာ စီးပွားရေးနှင့်လူမှုရေး ပံ့ပြိုးရေးလုပ်ငန်းများကို အဓိကဦးစားပေး ဆောင်ရွက်သွားကြသောကြောင့်လည်းကောင်း၊ အင်္ဂလိပ်အစိုးရ ကလည်း ခရစ်ယာန်သာသနာပြုတို့အား လွတ်လပ်စွာ သာသနာပြုခွင့်နှင့် အကူအညီပေးခြင်း ခရစ်ယာန် ဘာသာဝင်များအား ရာထူးကြီးများပေးအပ်ခြင်းတို့ကြောင့် တိုင်းရင်းသားများမှာ ခရစ်ယာန်ဘာသာသို့ ဆိုက်ရောက် ကိုးကွယ်သွားကြခြင်း ဖြစ်ပါသည်။

တိုင်းရင်းသားများသည် ခရစ်ယာန်သာသနာပြုတို့ထံမှ အကူအညီရရှိခြင်း၊ ရာထူး အလုပ်အကိုင် ရရှိခြင်းတို့ကြောင့် ဘဝအခြေအနေများ တိုးတက်မှုရရှိလာသဖြင့် ခရစ်ယာန်ဘာသာသို့ အများအပြား သက်ဝင်ယုံကြည်ကြသည်သာမက ခရစ်ယာန် နိုင်ငံများနှင့် အင်္ဂလိပ်အစိုးရကိုပါ ပိုမို၍ ရိုသေလေးစားသွားကြပါသည်။

www.dhammaransi.com

ထို့ပြင် အင်္ဂလိပ်အစိုးရကလည်း-

တိုင်းရင်းသားများနှင့် ဗမာလူမျိုးတို့အား ဘာသာရေး လူမျိုးရေးစာပေနှင့် ယဉ်ကျေးမှုမှစ၍ စိတ်ဝမ်းကွဲအောင် သွေးခွဲရေးဝါဒကို လုံ့ဆော်ခဲ့သည်။

တောင်တန်းဒေသများသို့ ရဟန်းတော်များနှင့် ဗုဒ္ဓဘာသာဝင်များမသွားမလာနိုင်အောင် နယ်ခြားဖြတ်သန်းရေးဥပဒေ(Frontier Crossing Regulation) များ ပြဋ္ဌာန်း၍ အဟန့်အတားပြုလုပ်ခဲ့ကြသည်။

ထို့ကြောင့် ၁၉၂၁-ခု၊ သန်းကောင်စာရင်းအရ မြန်မာနိုင်ငံ၌ လူဦးရေ ၁၃-သန်းကျော်ရှိသည့်အနက် ဗုဒ္ဓဘာသာဝင် (၁၁)သန်းကျော်မျှရှိပြီး (၉)သိန်းကျော်(တစ်သန်းနီးပါးမျှ)သည် ခရစ်ယာန်နှင့်အခြားဘာသာ ကိုးကွယ်သူများ ဖြစ်နေရသည်။

တောင်တန်းဒေသတွင် ဗုဒ္ဓဘာသာဝင်ဦးရေများ အလွန်နည်းနေသည်။ ကိုလိုနီခေတ် လူဦးရေသန်းကောင်စာရင်း ဇယားအရကြည့်က သိသာနိုင်ပေသည်-

ဒေသ ဗုဒ္ဓ ခရစ်ယာန် ဟိန္ဒူး မွတ်စလင် နတ် အခြား

ချင်းမြို့ကုန်း ၂၄၄ ၁၂၂ ၁၂၂ ၂၂ -

ပလက်ဝ ၂၂၅၅ ၃၄ ၅၂၅ ၄၆ ၁၁၂၄ -

www.dhammaransi.com

ကရင်နီ	၁၉၅၀၂	၉၆၀၂	၂၉၃	၂၃၈	၃၄၂၅	-
ရှမ်းတောင်	၇၄၈၀၅	၁၁၁၃၇	၄၉၀၈	၂၃၁၀	၈၁၂၁	-
ရှမ်းမြောက်	၄၁၅၈၉၃	၁၉၂၉	၇၈၀၄	၂၂၈၆	၁၃၁၀၅၇	၂၄၉
ကချင် (မြစ်ကြီးနား)	၃၉၉၆၀	၉၉၄	၈၈၂၉	၁၂၈၃	၆၆၉၂၇	၃၈၉
ကချင် (ဗန်းမော်)	၅၅၉၈၂	၄၀၅၈	၁၃၉၇	၁၉၆၀	၄၈၃၉၅	၁၃၇၀
ပူတာအို	၆၁၂၃	၃၂	၉၉၇	၃၁	၄၆၃	၂၇

ဤဇယားအရ ဖောင်တန်းဒေသများ၌ ခရစ်ယာန်နှင့် အခြားဘာသာဝင်များ အလွန်တိုးတက်များပြားလာသည်ကို တွေ့ကြရပါမည်။

ကိုလိုနီခေတ် မြန်မာနိုင်ငံဖောင်တန်းဒေသများ၌ အင်္ဂလိပ်အစိုးရကိုယ်တိုင် ခရစ်ယာန်သာသနာပြုများကို အာဏာဖြင့်တစ်မျိုး၊ ပစ္စည်းရာထူးတို့ဖြင့်တတန်း၊ အမျိုးမျိုး ဆွဲဆောင်၍ ဘာသာရေးသွေးခွဲမှုကို ဆောင်ရွက်ပြုလုပ်ကြပြီးလျှင် လူမျိုးရေးသွေကွဲအောင် ထိရောက်စွာ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

www.dhammaransi.com

၇။ တောင်တန်းဥဒ္ဓသာသနာရောင်နီဦး

မြန်မာနိုင်ငံ အင်္ဂလိပ်ကျွန်လက်အောက်ခံဘဝတွင် ဗုဒ္ဓဘာသာသံဃာတော်များသည် တောင်တန်းဒေသများသို့ ကြွရောက်သာသနာပြုမှု အားနည်းခဲ့ကြသည်။

အကြောင်းအရင်းကို လေ့လာကြည့်ပါက-

- ခရီးလမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်း
- သဘာဝရာသီဥတု ဆိုးဝါးခြင်း
- အစားအစာရိက္ခာ ရှားပါးခြင်း
- ရောဂါဘယထူပြောခြင်း

စသော အခက်အခဲများကြောင့်နှင့် အထူးသဖြင့် အင်္ဂလိပ်အစိုးရက ဗမာလူမျိုးနှင့် ဗမာရဟန်းတော်များကို တောင်တန်းသို့ သွားလာကြွရောက်ခွင့် အထူးပိတ်ပင်ထားသောကြောင့် ဖြစ်ပါသည်။

သို့သော် ခရစ်ယာန်တို့၏ ဘာသာရေးဖိနှိပ်မှု၊ အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုကို နာကြည်းကြသော မျိုးချစ်စိတ်ရှိ ရဟန်းတော်အချို့သည်-

www.dhammaransi.com

– ကောင်တန်းဗုဒ္ဓသာသနာပြု လုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့်မိမိတို့၏ သွေးရင်းသားရင်း ကောင်တန်းသားများ တရားမှန်ကိုသိပြီး အသိမှန်အမြင်မှန်ရကြမည်၊ တိုင်းရင်းသားများနှင့် မြေပြန့်သားများ ပိုမို ရင်းနှီးလာခြင်း၊

– ပိုမိုချစ်ခင်စည်းလုံးညီညွတ်လာကြသည်။

– ပြည်ထောင်စုစိတ်ဓာတ် ရှိလာကြသည်။

– ယုံကြည်ချက်လည်း တူလာကြသည်။

ဟူသော ရည်မှန်းချက်များထားရှိလာကာ ကောင်တန်းဗုဒ္ဓသာသနာပြုလုပ်ငန်းကို ထူထောင်ပြုလုပ်ကြရန် ကြိုးစားလာကြသည်။

၈။ အင်္ဂလိပ်ခေတ် ကောင်တန်းသို့ ခွန်အား သာသနာပြုခဲ့ကြသော ဆရာတော်များ

(က) ဆရာတော်ဦးဇာဂရိယ

အင်္ဂလိပ်အစိုးရ၏ ပြည်နယ်ပြည်ပ ခွဲခြားအုပ်ချုပ်မှုနှင့် ဗမာနှင့်ဗမာရဟန်းတော်များ ကောင်တန်းသို့ ကြွရောက်မှုကို တားမြစ်မှု၊ အင်္ဂလိပ်အစိုးရက ခရစ်ယာန်သာသနာပြုများကို

www.dhammaransi.com

အာဏာဖြင့်တစ်မျိုး၊ ပစ္စည်းဖြင့်တစ်ပုံ၊ ရာထူးဖြင့်တစ်သွယ်၊ အသွယ်သွယ်အားပေးမှုတို့ကို တွေ့ကြုံသိမြင်လာကြသော မျိုးချစ်စိတ်ရှိ ရဟန်းတော်အချို့သည် တောင်တန်းနှင့် ပြည်မ သွေးစည်းညီညွတ်မှုရလာစေရန်၊ ပြည်ထောင်စုစိတ်ဓာတ်များ ကိန်းအောင်းလာကြစေရန်၊ နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ မတရား သွေးခွဲအုပ်ချုပ်ပုံကို ရသည့်နည်းဖြင့် ပြန်လည်တိုက်ရန်၊ ဘူသော ခံယူချက်၊ ယုံကြည်ချက်တို့ဖြင့် မိမိတို့ဘာသာမိမိ တောင်တန်း သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြပြီး ဆောင်ရွက်လာကြသည်။

ပထမကမ္ဘာစစ်ပြီး နောက်ပိုင်းတွင် ရခိုင်ပြည်နယ်၊ ရမ်းဗြဲကျွန်းသား ဆရာတော်အရှင်ဇာဂရိယသည် ရခိုင်ရိုးမ တောင်တန်း၏ တစ်စိတ်တစ်ဒေသဖြစ်သော တောင်ကုတ် ချောင်းဗျားနယ်တစ်လျှောက်ရှိ ချင်းရွာများသို့ ကြွရောက်ပြီး သာသနာပြုလုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့လေသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီ အစောပိုင်းကာလတွင် ချင်း တောင်တန်း၌ ၁၈၈၆ ခုကထဲက ရောက်ရှိသာသနာပြုနေသော အမေရိကန်လူမျိုး မစ္စတာကာဆင်အောဘိယံ ခေါင်းဆောင်သော ခရစ်ယာန်သာသနာပြုအဖွဲ့၏ ချင်းတောင်၌ သာသနာပြုလုပ်ငန်း ကို အောင်မြင်မှုများကို လေ့လာအံ့ခပ်မိသော ရခိုင်တောင်ကုတ်

www.dhammaransi.com

ဆရာတော်ကြီး(ချောင်းယွားဇာတိ၊ ပြင်တောရဦးဇာဂရ)သည် ၁၂၉၁ခုနှစ်တွင် မိမိဆွမ်ပါရမီ, ဗီဇ,ဝါသနာ,ဆန္ဒအလျောက် ပလက်ဝဘက်မှတဆင့် ချင်းတောင်သို့ တိတ်တဆိတ်တက်ကာ ချင်းတောင်၌ ခရစ်ယာန်သာသနာပြုတို့၏ ဆောင်ရွက်နေမှုကို လေ့လာခဲ့သည်။

ဆရာတော်ကြီးသည် ချင်းတောင်တွင် ခရစ်ယာန် သာသနာပြုများ သာသနာပြုပုံ အောင်မြင်နေပုံကို မြင်ရသောအခါ မိမိတို့၏တိုင်းရင်းသားများ မိစ္ဆာမှားသောအယူကို ယူနေရသည်ဟု ကြီးစွာသော သံဝေဂရတော်မူကာ ချင်းတောင်၌ သာသနာပြု လုပ်ငန်းကို ထိုးဖောက်လုပ်ကိုင်ရန် စိတ်ဆန္ဒ ပြင်းပြခဲ့သည်။

သို့တွက် ဆရာတော်ကြီးသည် တောင်တန်းဒေသများရှိ ချင်းရွာများသို့ လှည့်လည်သွားလာသိတင်းသုံး၍ သာသနာပြုခဲ့ရာ ရခိုင်လူမျိုးအချို့က ဆရာတော်ကြီး ပင်ပန်းဆင်းရဲမှုကို သနားကြင်နာကြပြီး၊ မြို့ရွာသို့ ပြန်ပင့်ကြသည်။

ဆရာတော်က လက်မခံဘဲ နတ်အယူသည်းနေသော တိုင်းရင်းသား ချင်းလူမျိုးများကို ဗုဒ္ဓဘာသာဝင်ဖြစ်အောင် မနားမနေ စည်းရုံးသိမ်းသွင်းခဲ့သည်။ တောင်တန်းဒေသများ၌ ဧစတီပုထိုးရုပ်ပွားဆင်းတုတော်များ၊ ကျောင်းကန်ဘုရားများ

www.dhammaransi.com

တည်ဆောက်၍ ကိုးကွယ်စေခဲ့သည်။ ချင်းကလေးများကိုလည်း ရှင်ပြုပေး၍ သာသနာဘောင်သွင်းခဲ့သည်။ ချင်းလူမျိုးများကလည်း ဆရာတော်ကြီးကို အထူးယုံကြည်အားကိုးခဲ့ကြသည်။

ဆရာတော်ကြီးသည် တိရစ္ဆာန်တို့မြည်တွန်သော မာဂဓ ဘာသာစကားကိုပင် နားလည်သည်ဟု နာမည်ကြီးခဲ့သည်။

ဆရာတော်ကြီးသည် ပျံလွန်တော်မူသည်အထိ ချင်းတောင်တန်းဒေသ၌ သာသနာပြုခဲ့သည်။ ဆရာတော် မျိုးစေ့ချခဲ့သော ချင်းလူမျိုးတို့၏နေရာ ရခိုင်တောင်တန်း၌ ဗုဒ္ဓဘာသာသည် ယနေ့ထက်တိုင် အခြေခိုင်ခဲ့သည်။

ဆရာတော်ဦးဇာဂရပျံလွန်တော်မူသောအခါ ဆရာတော်၏ တပည့်ကြီးဦးသံဝရ၊ တာရဲရွာမှ ဦးသုန္ဒရ၊ ဦးကွန္ဒဝံသ၊ ဦးကွဇန္ဒာဘာသ စသော တပည့်တို့က ဆက်လက်၍ သာသနာပြုခဲ့ကြသည်။

ထိုဆရာတော်များ သာသနာပြုမှုကြောင့် ချင်းအမျိုးသား ရဟန်း(၅)ပါး ပေါ်ထွန်းခဲ့သည်။

ထို့ပြင် တောင်ကုတ်မြို့မှ ကိုင်းရှည်ကျောင်း ဆရာတော် နှင့် ကန်ပိုင်ကျောင်းဆရာတော်တို့ကလည်း ချင်းရင်းသား ချင်း အမျိုးသားတို့အား ဗုဒ္ဓဘာသာကို

www.dhammaransi.com

ကိုးကွယ်ယုံကြည်စေရန် အာဘက်ဘက်မှ အထူးအားပေးပြီး သာသနာပြုခဲ့ကြသည်။

(ခ) ပုသိမ်ဦးဝိမလဆရာတော်

ပုသိမ်ဦးဝိမလဆရာတော်သည် ပထမကမ္ဘာစစ်ကြီးပြီးချိန်မှစ၍ တောင်တန်းဒေသအသီးသီးနှင့် အာသံပြည် တောင်တန်းဒေသများသို့ မိုင်ပေါင်းများစွာ ခြေလျင်ခရီးလှည့်လည်၍ တောင်တန်းသားတို့၏ ဘဝအခြေအနေကို တစ်ဘက်က လေ့လာရင်း တစ်ဘက်က သာသနာပြုခဲ့သည်။

ထိုအချိန်က တောင်တန်းတွင် ခရစ်ယာန်သာသနာ စတင်ထိုးဖောက်သာသနာပြုနေပြီး ဖြစ်သည်။

ဆရာတော်သည် ထိုတောင်တန်းမှအပြန် ပြည်မသို့ ပြန်ရောက်သောအခါ ရန်ကုန်မြို့ရှိ ဆာဦးသွင် အမှူးထားသော ဒါယကာများနှင့်တွေ့ဆုံကာ တောင်တန်းဒေသအခြေအနေကို မိန့်ကြားခဲ့သည်။ ဆရာတော်၏ စည်းရုံးမှုကြောင့် ဆာဦးသွင်တို့က သွင်စိန်မာရုပ်ရှင်ရုံတွင် အစည်းအဝေးခေါ်ယူကာ တောင်တန်းသာသနာပြုအဖွဲ့ကို ဖွဲ့စည်းပြီး တောင်တန်းသံဃာသနာပြုလုပ်ငန်းကို ဆောင်ရွက်ရန် စီမံခဲ့ကြသည်။

ဆရာတော်သည် မြေပြန့်ဒေသများမှ သာသနာပြုရန်

www.dhammaransi.com

ဆန္ဒရှိကြသော သံဃာတော်များကို ခေါ်ဆောင်ပြီး တောင်တန်းဒေသအသီးသီး၌ သာသနာပြုလုပ်ငန်းကို လုပ်ဆောင်စေခဲ့သည်။

တောင်တန်းတိုင်းရင်းသားတို့အား ခေတ်မှီစိုက်ပျိုးရေးနည်းပညာများကို လက်တွေ့စာသင်ကြားပေးသည်။ မြန်မာစကားနှင့် စာပေကိုလည်း သင်ကြားပေးသည်။

အရည်အချင်းရှိသော တိုင်းရင်းသားများကို မြေပြန်ဒေသသို့ ခေါ်ဆောင်ကာ လူနေမှုနှင့်ယဉ်ကျေးမှုများကို လေ့လာစေပြီး ဆာဦးသွင်အကူအညီဖြင့် ရန်ကုန် မန္တလေးစာသင်တိုက်ကြီးများ၌ လောကီ-လောကုတ္တရာပဉ္ဇာများကို သင်ကြားစေခဲ့သည်။

ဆရာတော်သည် မိမိ၏တောင်တန်းသာသနာပြု အတွေ့အကြုံများကို မြန်မာနိုင်ငံတော် တောင်တန်းလူမျိုးများဟူသော အမည်ဖြင့် စာအုပ်ရေးသားထုတ်ဝေခဲ့သည်။

ပညာပြည့်စုံလာသော တိုင်းရင်းသားရဟန်းတော်များကို မိမိတို့၏ ဒေသများ၌ သာသနာပြန်ပြုစေခဲ့သည်။

ဤသို့ဖြင့် ဆရာတော်၏ကြိုးစားဆောင်ရွက်မှုကြောင့် တောင်တန်းဒေသများ၌ ဗုဒ္ဓဘာသာပြန့်ပွားလာပြီး တိုင်းရင်းသားတို့၏ အသိပညာနှင့် လူနေမှုအဆင့်အတန်းများသည်လည်း

www.dhammaransi.com

၆၄ တောင်တန်းသာသနာပြုသမိုင်း

မြင့်မားလာခဲ့ရသည်။

နောက်တွင် ဆရာတော်၏လုပ်ငန်းကို နမ္မုနာယူလျက် ကိုဏ်းပေါင်းစုံသံဃအဖွဲ့ချုပ်ကြီးက သာသနာပြုသံဃာများ ခေါ်ယူပြီး တောင်တန်းသာသနာပြုလုပ်ငန်းကို ဆောင်ရွက်ရန် စီမံခဲ့သည်။

သို့သော် ဒုတိယကမ္ဘာစစ်ဖြစ်လာ၍ ထိုကိုဏ်းပေါင်းစုံသံဃအဖွဲ့ချုပ်ကြီး၏ လုပ်ငန်းမှာ ရပ်ဆိုင်းခဲ့ရသည်။

(၈) ဦးဓိန္ဒာဓဇီ၊ ကြံခင်းဦးတ်သ၊ ရေယာနယ်သား ဦးကဝိန္ဒ

ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီး၏ အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးပညာ ဆရာတော်ကြီးသည် ချင်းတောင်တန်းပေါ်၌ ဗုဒ္ဓသာသနာပြန့်ပွားစေရန် တောင်တန်းသာသနာပြုလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ခဲ့သည်။

၁၉၃၃-ခုတွင် ဆရာတော်သည် တပည့်ရင်းဦးဓိန္ဒာဓဇီက လိုအပ်သော သက်နှံးပရိက္ခရာ အသုံးအဆောင်တို့ကို ထောက်ပံ့၍ ချင်းတောင်တန်းတောင်ပိုင်းသို့ ရေယာနယ်မှတဆင့် စေလွှတ်ခဲ့သည်။

www.dhammaransi.com

ဦးစိန္တာမဏိသည် ချင်းတောင်တန်း၊ ကန်ပက်လက်နယ်ရှိ ချင်းရွာများသို့ လှည့်လည်ပြီး သာသနာပြုတရားဟောခဲ့သည်။

ဦးစိန္တာမဏိသည် ချင်းတောင်တန်း၌ မိမိတစ်ပါးတည်း သာသနာပြုလုပ်ငန်းလုပ်ရာ၌ မနိုင်၍ မိမိ၏ဆရာဖြစ်သော ဆရာတော်ဦးပညာကိုတင်ပြရာ ဆရာတော်ဦးပညာက တပည့်ဇရောဝတီတိုင်း၊ ကြံခင်းမြို့ဇာတိ ဦးတိသနှင့် ယောနယ်သားဇာတိ ဦးကဝိန္ဒတို့ကို ထပ်မံစေလွှတ်၍ သာသနာပြုစေခဲ့သည်။

ဆရာတော်ဦးစိန္တာမဏိသည် သာသနာပြုလုပ်ငန်းအတော်ပြုလုပ်ပြီးနောက် ခေါင်းဆောင်ချင်းအမျိုးသားကြီးတစ်ဦး၊ ကျောင်းသား(၁၁)ယောက်၊ အမျိုးသမီးငယ်(၁)ယောက်တို့ကို ပခုက္ကူသို့ခေါ်ဆောင်လာခဲ့သည်။

ထိုစဉ်က ခေါင်းဆောင်ချင်းအမျိုးသားမှာ မြန်မာနိုင်ငံလွတ်လပ်ရေးသမိုင်း၌ ထင်ရှားလာသော ဦးဝမ်းမသူးဖောင်ဖြစ်သည်။

မဟာဝိသုတရာမတိုက်ဆရာတော်ဦးပညာသည် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ဦးသုန္ဒရ၊ ဇွဏ္ဏတိုက်ပဓာနမဟာနာယက ဦးပဒုမစသော ဆရာတော်များနှင့် ဦးဘိုတူး၊ ဦးမျိုးညွန့်၊ သခင်အံ့ကြီး၊ ဦးဘိုးချမ်း၊ ဦးထွန်းလင်း၊

www.dhammaransi.com

ဦးဘိုးတုတ်စသော မြို့မျက်နှာဖုံးလူကြီးများနှင့် ညီနှိုင်းကာ ချင်းကျောင်းသားများ ရှင်ပြုမင်္ဂလာပွဲကို ၁၉၃၃ ခု ဖေဖော်ဝါရီလတွင် မင်းခင်းပင်းနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့သည်။

အချို့ချင်းသာမဏေများကို မဟာဝိသုတာရာမကျောင်းတိုက်၌ ပြန်မာစာနှင့် ပိဋကတ်အခြေခံစာများကို သင်ကြားစေသည်။

နောက်ပိုင်းတွင် ထိုချင်းကိုရင်များကို ချင်းတောင်သို့ ဦးစန္တာမဏိ၊ ဦးကိသတို့နှင့်အတူ ချင်းတောင်၌ ပြန်လည် သာသနာပြုစေခဲ့သည်။

ထိုရှင်ပြုပွဲအပြီး ၁၉၃၃ ခုနှစ်မှာပင် ပခုက္ကူမြို့မှ သခင်အံ့ကြီးအပါအဝင် တောင်တန်းသာသနာပြု ထောက်ပံ့ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်-

ဦးဝမ်းမသူးမောင် ဥက္ကဋ္ဌ
ကျောင်းဆရာဦးမန်းတင် အတွင်းရေးမှူး
တောင်တန်းအုပ်ဦးစီနှိုက်ကြီး အဖွဲ့ဝင်
ဦးကြီးဖေ ။
ကျောင်းဆရာကြီးဦးမနားဇေအောင် ။

www.dhammaransi.com

အရာရှိဦးကိုပွေ ။

ဦးလိန်ဘွန် ။

ဦးထွန်းဖေဏီဇနီးဒေါ်ကြည်ကြည် တို့ပါဝင်ခဲ့သည်။

(ဃ) ဆရာတော်ဦးဥတ္တမသာရ

ဦးဥတ္တမသာရသည် ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလတွင် အရေးပိုင်ကြီး ဦးသိန်းမောင်စသောအရာရှိများနှင့် သံဃာတော်များ၏ အားပေးမှုကြောင့် တောင်တန်းသာသနာပြုလုပ်ငန်းကို ပုပ်ရန် မဟာဝိသုတရာမတိုက်မှ နောက်ပါသံဃာ(၁၀)ပါးကို ခေါ်ဆောင်ပြီး ချင်းတောင်သာသနာပြုကြွခဲ့သည်။ ကန်ပက်လက်. မတူပီ. တီးတိန်. ပလက်ဝစသည့်ဒေသများ၌ သာသနာပြုငှာန များ ပွင့်လှစ်ကာ သာသနာပြုလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

ဆရာတော်သည် ကိုယ်တိုင်တောင်တန်းဒေသများ၌ လှည့်လည်ပြီး သာသနာပြုလုပ်ငန်းကိုဆောင်ရွက်ရင်း လူမှုပြဿနာ ရေးလုပ်ငန်းများကို လက်တွေ့ကျကျသင်ပေးသည်။ ဝိုက်ပျိုးရေး ၊ညာ. မြန်မာစာပေပညာပြေပြန်ဒေသဗဟုသုတ. ကျန်းမာရေး. နည်းလမ်းများ. ဝတ်စားဆင်ယင်မှုများ. လူမှုဆက်ဆံရေးစသည် များကို ေကာင်းမွန်စွာပြသသင်ပြခဲ့သောကြောင့် ချင်းလူမျိုးများ အသိ ၊ညာတိုးတက်ခဲ့သည်။

www.dhammaransi.com

၆၈ တောင်တန်းသာသနာပြုသမိုင်း

ထိုပြင် ဆရာတော်သည် တောင်တန်းဒေသသာသနာပြု ဌာနတို၌ ဝတ်အသင်းများ, ဥပသကာအသင်းများ, စာရိတ္တမကျိုင်အဖွဲ့, အဘိဓမ္မသင်တန်း, ရဟန်းခံရှင်ပြုပွဲစသည့် စည်းရုံးမှုအဖွဲ့ အစည်းများကိုလည်း ဖွဲ့စည်းတည်ထောင်ကျင်းပပြုလုပ်ခဲ့သည်။

ဆရာတော်ခေါင်းဆောင်၍ သမုတ်ခဲ့သော ဖလမ်းပြို့ လွတ်လပ်ရေးသိမ်တော်ကြီးနှင့် ဖောဝိပင်၊ တန်ဆောင်းဓမ္မာရုံများ ယနေ့ထိ ထင်ရှားစွာရှိနေခဲ့သည်။ ဆရာတော်က တောင်တန်း သာသနာပြု မိမိ၏အတွေ့အကြုံမှာ တောင်တန်း၏ပထဝီဝင်, ရာဇဝင်, လူမျိုးနှင့် ယဉ်ကျေးမှုများကို စူးစမ်းလေ့လာပြီး ဆောင်းပါးများရေးသားကာ ဒကုံမဂ္ဂဇင်းနှင့် မြန်မာ့အလင်းသတင်း စာများသို့ ရေးသားပေးပို့ထည့်သွင်းခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် သင့်ဘဝမဂ္ဂဇင်း ဓမ္မဗျူဟာ စာစောင်တွဲ၌ ရေးသားခဲ့သည်။

ဆရာတော်၏ လုပ်ဆောင်ချက်, သာသနာပြုချက်များသည် အလွန်အောင်မြင်ခဲ့သောကြောင့် နောင်အခါ ဗုဒ္ဓသာသနာနှင့်ဟအဖွဲ့မှ သံဃာတော်များကို ဦးဆောင်လျက် သာသနာပြု လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ကြရသည်။

www.dhammaransi.com

(၄) ဆရာတော်ဦးဉာဏ

ဦးဥတ္တမသာရနှင့်အတူ ၁၂၉၇ ခု၊ ၁၉၃၅ ခုနှစ်တွင် ယောနယ်ကတဆင့် ချင်းတောင်ပိုင်းသို့တက်၍ သာသနာပြုသော ဆရာတော်မှာ မလှိုင်မြို့နယ်၊ ရွှေပေါက်ချန်းဇာတိ အရှင်ဉာဏာဖြစ်သည်။

ဆရာတော်သည် ချင်းတောင်ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင်စေတီဖြစ်သော ကျိုင်းတော်စေတီကို ပြန်လည်ပြုပြင်တည်ဆောက်ပြီး အနီးတစ်ဝိုက်ရှိ ချင်းအမျိုးသားများကို စေတီကိုပြု၍ ချင်းအမျိုးသားတို့၏ ဘိုးစဉ်ဘောင်ဆက်ကိုးကွယ်ခဲ့သောဘုရားဖြစ်ကြောင်း စည်းရုံးဟောပြောပြီး ဗုဒ္ဓဘာသာကို လက်ခံလာအောင် စည်းရုံးသိမ်းသွင်း သာသနာပြုခဲ့သည်။

(၅) ပန်းဆွဲဆရာတော်ဦးဝိလာသ

ဆရာတော်သည် ပထမကမ္ဘာစစ်ကြီးပြီးစအချိန် တောင်တန်းဒေသများသို့ ခရီးလှည့်လည်သာသနာပြုခဲ့သည်။ ရောက်ရာလရာတောင်ပေါ်တိုင်းခ်ဳ တိုင်းရင်းသားများ၏ ဓိုးပွားရေး. လူမှုရေးနိမ့်ကျနေခြင်းနှင့် ခရစ်ယာန်သာသနာပြုများ ပြန့်ပွားစပြုနေခြင်းကိုတွေ့ရ၍ စိတ်မချမ်းမသာဖြစ်ရပြီး မိမိကိုယ်ကို တောင်တန်းသာသနာပြုလုပ်ငန်းအတွက်လျှောကာ တောင်တန်းသာသနာပြုလုပ်ငန်းကို လုပ်ဆောင်ခဲ့သည်။

www.dhammaransi.com

ဆရာတော်ကြီး၏ ကြိုးစားမှုကြောင့်လည်းကောင်း, အခြားသာသနာပြုသံဃာတော်များ၏ ကြိုးစားမှုကြောင့် လည်းကောင်း၊ ချင်းတောင်တန်းပေါ်၌ ဗုဒ္ဓဓမ္မနှင့် ဘုရား ကျောင်းကန်များပေါ်ထွန်းလာကာ တိုင်းရင်းသားများလည်း ဗုဒ္ဓ ဘာသာကို သက်ဝင်ယုံကြည်လာကြသည်။

ဆရာတော်သည် မြေပြန့်ဒေသနှင့်ဆက်သွယ်ပြီး ခေတ်မှီ စိုက်ပျိုးရေးမွေးမြူရေးများကိုပါ နည်းပေးလမ်းပြလုပ်ခဲ့၍ တိုင်းရင်းသားများ အတော်ပင်အသိအမြင်တိုးတက်ဖွံ့ဖြိုးခဲ့သည်။

ဆရာတော်သည် ၁၉၄၉ ခုနှစ်၊ မတ်လတွင် ထီးလင်းမြို့ နယ်အတွင်းရှိ တောင်တန်းသာသနာပြုထောက်ပံ့ရေးသံဃအဖွဲ့ နှင့် လူအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုနှစ်မှာပင် ချင်းတောင်တန်း အလယ်ပိုင်း ကန်ပက်လက် ချင်းနယ်အတွင်းရှိ မြင့်မိုရ်တောင်၌ ဘုရားစေတီအုတ်မြစ်ချခြင်းနှင့် ဇော်ဓိပင်စိုက်ပျိုးခြင်းတို့ကို ပြုလုပ် ခဲ့သည်။

ဆရာတော်သည် ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလတွင် ချင်း ကချင်. ကယားလူငယ်များကိုခေါ်ဆောင်လာပြီး ဆာဦးသွင် ကြီးမှူးလျက် ရန်ကုန်ကုက္ကိုင်းသာသနာ့ရိပ်သာ၌ တောင်တန်း ဒေသအသီးသီးမှ လူငယ်ကလေးများနှင့်အတူ ဂဟန်းခံရှင်ပြုပွဲကို

www.dhammaransi.com

ကြီးကျယ်စွာကျင်းပပြုလုပ်နိုင်ရန် စီမံခဲ့သည်။

ထို့ကြောင့် ဆရာတော်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံသံဃာအဖွဲ့ချုပ်ကြီးနှင့် ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီး၏ ဌာနခွဲဖြစ်သော တောင်တန်းသာသနာပြုအဖွဲ့က နှစ်ရှည်လများစွာ သာသနာဇရေးနှင့် သာသနာပြုတာဝန်များကို ဇွဲသတ္တိဖြင့် ရဲရင့်စွာ လုပ်ဆောင်ခဲ့သောပုဂ္ဂိုလ်အဖြစ် "ဦးဝိလာသဗုဒ္ဓသာသနဘာရဝဟာ ဓိကာရမ္ဘာသူရ" ဟူသော ဘွဲ့တံဆိပ်တော်ကိုဆက်ကပ်၍ ၁၉၅၀ ခု၊ မေလတွင် ရန်ကုန်မြို့တော်ခန်းမတွင် ချီးကျူးပွဲပြုလုပ်ခံရသည်။

(ဆ) အရှင်ဇောတိန္ဒ

ရန်ကုန်မြို့၊ ကုက္ကိုင်းလမ်းဆုံ ဇောတိန္ဒာရာမကျောင်းတိုက် ဆရာတော် အရှင်ဇောတိန္ဒသည် တောင်တန်းဒေသများသို့ ကြွရောက်သာသနာပြုဟောပြောသည်။ ပညာရေး, စိုက်ပျိုးရေး, လူမှုရေးအသိပညာတိုးတက်ဆောင် ဦးဆောင်လမ်းညွှန်မှုပေးပြီး သာသနာပြုခဲ့သည်။

ဆုရာတော်သည် နှစ်စဉ်သီတင်းကျွတ်လဆန်းမှ ဝါဆိုလဆန်းထိ (၈)လတိုင်တိုင် ချင်းတောင်တန်း, ကချင်တောင်တန်း, ရှမ်း, ကယားတောင်တန်းများသို့ကြွ၍ ဆင်းရဲသောကလေးသူငယ်များကိုခေါ်ဆောင်ကာ မိမိကျောင်း၌ထားပြီး ပညာသင်ကြားပေးခဲ့သည်။

www.dhammaransi.com

ဆရာတော်ကျောင်းမှ အဓိကထားသင်ပေးသော ပညာရပ်များမှာ-မူလတန်း. အလယ်တန်း. အထက်တန်းနှင့် သက်မွေးပညာအဖြစ် သိုင်းပညာ, ပန်းတိမ်ပညာ. ကြိမ်ကုလား ထိုင်ထိုးပညာ. ဘိန်ပယ်လုပ်ငန်းပညာ, မြန်မာဆေးဝါးပညာစသည့် သက်မွေးဝမ်းကျောင်းပညာများကို သင်ကြားပေးသည်။

ဤသို့လျှင် အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် မြန်မာရဟန်းတော်များသည် အမျိုးဘာသာသာသနာခံယူစိတ်အပြည့်အဝဖြင့် တောင်တန်းဒေသ၌ ဗုဒ္ဓသာသနာရောင်ခြည်ဦး စတင်ပေါ်လာသည်ဟု ဆိုရပါမည်။

၉။ ပထမဦးဆုံး တောင်တန်းသာသနာပြုအဖွဲ့. ပေါ်လာခြင်း

ပုသိမ်ဆရာတော်ဦးဝိမလသည် ချင်းတောင်တန်းဒေသနှင့် ကချင်, ကယားဒေသများ၌ မိမိလှည့်လည်သာသနာပြုခဲ့သော အတွေ့အကြုံအရ ခရစ်ယာန်သာသနာပြုများ တိုးပွားလာနေခြင်းနှင့် ထိုသာသနာပြုများ အောင်မြင်နေခြင်းမှာ နောက်ပိုင်း ထောက်ပံ့မှုအဖွဲ့အစည်းတစ်ခုရှိနေသောကြောင့် အောင်မြင်သည်ဟု ယုံကြည်ပြီး မိမိတို့ဗုဒ္ဓဘာသာ၌လည်း နောက်ပိုင်း ကျောထောက် နောက်ခံအဖွဲ့အစည်းတစ်ခုရှိသင့်သည်ဟု ယုံကြည်ပြီး ပြည်မရန်ကုန်သို့ဆင်းလာပြီး ထိုအခြေအနေကို

www.dhammaransi.com

သက်ဆိုင်ရာဆရာတော်များ၊ ဒါယကာများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထိုအချိန်က မြန်မာနိုင်ငံသည် လွတ်လပ်ရေးအတွက် လှုပ်ရှားနေသောအချိန်ကာလဖြစ်၍ မြန်မာတစ်မျိုးသားလုံး စည်းလုံးညီညွတ်ရန် လိုအပ်သောအချိန်ဟု အားလုံးကယုံကြည်လက်ခံထားသည်။ တောင်တန်းဒေသရှိ တိုင်းရင်းသားများကို သာသနာပြုနည်းဖြင့် စည်းရုံးလုပ်ဆောင်ရန် လိုအပ်သည်ကိုလည်း သဘောပေါက်နားလည်ထားကြသည်။

ထို့ကြောင့် တောင်တန်းသာသနာပြုလုပ်ငန်းကို ထိရောက်အောင်မြင်အောင် လုပ်ဆောင်နိုင်ရန်အတွက် ပုသိမ်ဦးဝိမလဇ၏ဆွေးနွေးတင်ပြချက်ကို မူတည်၍ ခြောက်ထပ်ကြိုးကျောင်းတိုက်တွင် ပဏာမစည်းဝေးညှိနှိုင်းကြပြီး ရန်ကုန်တစ်မြို့လုံး အစည်းအဝေးကြီးကို သွင်ရုပ်ရှင်ရုံ၌ အစည်းအဝေးကြီး ကျင်းပပြုလုပ်ခဲ့ပြီး ပထမဦးဆုံးသော တောင်တန်းသာသနာပြုအဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

ထိုအဖဲတင်-

၁။ ဆာဦးသွင်

၂။ ဦးဖို့ခြော့

www.dhammaransi.com

၃။ ဦးသိန်းမောင်(ဝတ်လုံတော်ရ)

၄။ ဦးညွန့်(ဖြိုတိသျှဘားမားရပ်ရွာ)

၅။ ဦးဘိုဘ(အောင်ဇေယျတု ဆေးတိုက်ပိုင်ရှင်)

၆။ ပါဠိဆရာကြီး ဆရာစတို့ပါဝင်ခဲ့ကြသည်။

ထိုအဖဲ့ကြီးသည် ဆရာတော်သံဃာတော်များ၏ ဩဝါဒကို ခံယူပြီးတောင်တန်းသို့ စွန့်စွန့်စားစားသွားရောက် သာသနာပြုကြမည့် အာဇာနည်ရဟန်းသံဃာများကို စုစည်းရုပ်ဖွေ၍ သာသနာပြုသံဃာများကို ပို့လွှတ်သည်။ သာသနာပြုလုပ်ငန်း အရှိန်အဟုန်ဖြင့် လုပ်ဆောင်ရန်စီမံနေဆဲပင် ၁၃၀၃ (၁၉၄၁-၄၂)ခုနှစ်၌ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာခြင်းကြောင့် တောင်တန်းဗုဒ္ဓသာသနာပြုအဖဲ့ကြီး၏ ရည်ရွယ်ချက်သည် ကစဉ့်ကလျားဖြစ်ကာ ရပ်စဲသွားရလေတော့သည်။

၁၀။ ဂျပန်ခေတ် မဟာသံဃအဖဲ့ပေါ်လာခြင်း

မြန်မာပြည်သို့ ဒုတိယကမ္ဘာစစ် ကူးစက်လာပြီးနောက် ၁၉၄၀-၄၁ ခုနှစ်တွင် အင်္ဂလိပ်တို့ဆုတ်ခွာ၍ ဂျပန်တို့ဝင်ရောက်လာခဲ့သည်။

www.dhammaransi.com

ဂျပန်တို့သည် မြန်မာပြည်ကို ၁၉၄၂ ခု၊ ဩဂုတ်လတွင် လွတ်လပ်ရေးပေးခဲ့သည်။ ဒေါက်တာဘမော်အစိုးရ တက်လာသည်။

ထိုအစိုးရအဖွဲ့တွင် လမ်းပန်းအဆောက်အဦနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီး ဗန္ဓုလဦးစိန်သည် နိုင်ငံတော်အတွင်းထင်ရှားသော သံဃာ့အဖွဲ့အစည်းများ ဖြစ်ကြသည်-

(၁) ရန်ကုန်မြို့ သာဓုတိုက်ဆရာတော်ဦးပညာသာမိကြီးမှူးသော(ဗုဒ္ဓသာသနာအစည်းအရုံးကြီး)

(၂) မန္တလေးတောင် ဦးဇောတိကကြီးမှူးသော(မြန်မာပြည်လုံးဆိုင်ရာ ရဟန်းပျိုအဖွဲ့)

(၃) မန္တလေးမြို့၊ ညောင်ကန်တိုက် မင်းကွန်းဆရာတော် ဦးဝိမလကြီးမှူးသော(မဟာသံဃသမဂ္ဂိအဖွဲ့ ချုပ်ကြီး)

(၄) သုံးဆယ်မြို့ သာသနာဇောတိကာရာမတိုက် ပန်းဆွဲဆရာတော်ဦးဝိလာသကြီးမှူးသော(ဒို့ဗမာအစည်းအရုံး)

အဖွဲ့များမှ အဓရေးပါသော ဆရာတော်ကြီးများကို ပင့်ဖိတ်ရာ (၅-၄-၄၃)(၁၃၀၄ ခု နှောင်းတန်ခူးလဆန်း(၁)ရက် ဓနှလည်(၂) နာရီ)အချိန်တွင် ရန်ကုန်မြို့၊ ဒို့ဗမာအစည်းအရုံး၌ အစည်းအဝေး

www.dhammaransi.com

ကျင်းပခဲ့ပြီး ဂိုဏ်းပေါင်းစုံသံဃာညီလွတ်ရေးအပ္ပ အစည်းကြီးတည်ထောင်ရန် လျှောက်ထားခဲ့သည်။

ဗန္ဓုလဦးစိန်၏ လျှောက်ထားချက်ကို ကြွရောက်တော်မူလာကြသော ဆရာတော်များက သဘောတူညီကြပြီး အစိပ်စိပ် အမှာမှာကွဲနေသော ရွှေကျင်၊ သုဓမ္မာ၊ ဒွါရစသော သာသနာပိုင် ဂိုဏ်းအသီးသီးတို့ကို စုပေါင်း၍ မြန်မာနိုင်ငံလုံးဆိုင်ရာ **ဂိုဏ်းပေါင်းစုံ** မဟာသံဃအပ္ပဲ့ချုပ်ကြီးကို ထိုနေ့မှာပင် အပြီးအပိုင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ဒေါက်တာဘမော်အစိုးရ သာသနာရေးဌာန ဖွင့်လှစ်ပေးခဲ့ပြီး သာသနာရေးဝန်ကြီးအဖြစ် ဗန္ဓုလဦးစိန်ကိုပင် တာဝန်ပေးခဲ့သည်။

သာသနာအုပ်ချုပ်ရေး(မဟာသံဃဝိနိစ္ဆယ)ဥပဒေကို လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။

ထိုဥပဒေတွင် သာသနာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ပါဝင်ခဲ့ရာ တောင်တန်းသာသနာပြု ဆောင်ရွက်ရေးကိစ္စလည်း ပါဝင်ခဲ့ပါသည်။

သို့သော် မတည်ငြိမ်သောစစ်ကာလအတွင်းဖြစ်၍ သာသနာရေးဆောင်ရွက်မှုများ၊ တောင်တန်းသာသနာပြုလုပ်ငန်း

www.dhammaransi.com

များမှာ အကောင်အထည်မဖော်နိုင်ခဲ့ပါဟု ချေ။

၁၉၄၅-၄၆(၁၃၀၇)ခု ဂျပန်တို့ စစ်ရှုံး၍ မြန်မာပြည်က ထွက်ခွာသွားခဲ့ရပြီး အင်္ဂလိပ်တို့ မြန်မာပြည်သို့ တစ်ဖန်ဝင်ရောက် လာခဲ့ပြန်သည်။

၁၁။ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ပေါ် ပေါက်လာခြင်း

အင်္ဂလိပ်တို့ ပြန်ဝင်လာသော ၁၉၄၅-၄၆ နှစ်မှာပင် **"မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီး"** ဖွဲ့စည်းနိုင်ခဲ့ပြန်သည်။

ထိုအသင်းချုပ်ကြီး၏ ရည်ရွယ်ချက်များမှာ-

၁။ မြန်မာနိုင်ငံလုံးဆိုင်ရာဂိုဏ်းပေါင်းစုံ မဟာသံဃ အဖွဲ့ချုပ်ကြီး၏ သာသနာရေး၊ ဘာသာရေး၊ ပညာရေးလုပ်ငန်းများအတွက် အားပေးချီးမြှောက်ထောက်ပံ့ရန်၊

၂။ ကမ္ဘာစစ်ကြီးဖြစ်ပြီး၁၀စ မြန်မာနိုင်ငံပြန်လည် ထူထောင်ရေး၌ ဗုဒ္ဓသာသနာတော်နှင့်စပ်လျဉ်း သောထူထောင်ရေးကိစ္စအဝဝတို့ကို အားပေး ကူညီဆောင်ရွက်ရန်၊

www.dhammaransi.com

၃။ စာသင်ကျောင်းများနှင့် သိပ္ပံကျောင်းများ၌ ပါဠိနှင့် ဗုဒ္ဓဘာသာတရားတော်များသင်ကြား လေ့လာခြင်း တိုးတက်အောင်အရေးယူဆောင် ရွက်ရန်၊

၄။ ပါဠိသပ္ပံကျောင်းများနှင့် ပါဠိတက္ကသိုလ် ကျောင်းများပေါ်ထွန်းလာအောင် ကြိုးစားရန်၊

၅။ ပုံမနှိပ်ရသေးသော ကျမ်းများကို ပုံနှိပ်ထုတ် ဝေရန်၊

၆။ ရှားပါးသောစာအုပ်များကို ထပ်မံပုံနှိပ်ရန်၊

၇။ ဗုဒ္ဓဘာသာဝင်အားလုံးတို့၏ ဗုဒ္ဓဘာသာဆိုင်ရာ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်

တို့ဖြစ်သည်။

ထိုအဖွဲ့ချုပ်ကြီးတွင်-

၁။ သတိုးသီရိသုဓမ္မဆာဦးသွင် ဥက္ကဋ္ဌ

၂။ သတိုးသီရိသုဓမ္မဦးသိန်းမောင် ဒု-ဥက္ကဋ္ဌ

၃။ ဖြိုတီသျှောဘားမားဦးညွန့် အဖွဲ့ဝင်

၄။ မဟာသီရိသုဓမ္မဟာသ်ာတဦးမြ ။

www.dhammaransi.com

၅။ သိရိပျံချီဦးအောင်သန်း ။

၆။ ဒေါက်တာဦးသိန်း ။

တို့အပါအဝင် အမှုဆောင်လူကြီး(၃၂)ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂၇-၉-၄၅(၁၃၀၇)ခု၊ တော်သလင်းလပြည့်ကျော်(၆) ရက် ကြာသပတေးနေ့တွင်ကျင်းပသော အမှုဆောင်အစည်း အဝေးကြီးက-

"မြန်မာနိုင်ငံလုံးဆိုင်ရာဗုဒ္ဓဘာသာအဖွဲကြီး၏ စည်းမျဉ်း ဥပဒေကို" အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါသည်။

၁၂။ တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့ပေါ် ပေါက်လာခြင်း

၃၁-၅-၄၆(၁၃၀၈ ခု၊ နယုန်လဆန်း(၁)ရက်၊ သောကြာနေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီး၏ အကူအညီဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာဂိုဏ်းပေါင်းစုံမဟာသံဃာ အဖွဲ့ချုပ်ကြီး၏ ဦးစီးဦးဆောင်ဖြစ်ကြသော နိုင်ငံတော်သြဝါဒိ စရိယ၊ နိုင်ငံတော်မဟာနာယကဆရာတော်ကြီးအပါး(၄၀) ကိုသည် ရောက်ထပ်ကြီးရောက်ကြီးတိုက်၊ အလယ်ရောက်ကြီးခြင် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ကြသည်။

www.dhammaransi.com

ထို့အစည်းအဝေးသို့ အစိုးရအာဏာပိုင်တို့၏ မေတ္တာရပ်ခံချက်အရ ဆရာတော်စုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။

ထိုအစည်းအဝေးတွင် မြန်မာနိုင်ငံလုံးဆိုင်ရာဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌဆာဦးသွင်က ဆရာတော်ကြီးများကို-

- ပြည်နယ်ဖတောင်တန်းဒေသများ၌ ဗုဒ္ဓသာသနာတော် ပြန့်ပွား ဟိုးတက်လာရေးအတွက် အလေးအနက်ထား ပံ့ပိုးစောင်တော်မူကြရန်၊
- တောင်တန်းဗုဒ္ဓဘာသာဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာဂိုဏ်းပေါင်းစုံ မဟာသံဃအဖွဲ့ချုပ်ကြီးက ဝမ္မာနုဂ္ဂဟကိုလည်းကောင်း၊
- မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးက ပစ္စယနုဂ္ဂဟကို ခံယူ၍လည်းကောင်း၊ ဆရာ-ဒကာ ညီညွတ်စွာဖြင့် ကွပ်[illegible] ဆောင်ရွက်ရန် လို အပ်ပါကြောင်း လျှောက်ထားအကြံပြုသွားသည်။

အဖွဲ့ကြီး၏ ဒုတိယနေ့အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒီးဒုတ်ဦးဘချို့တို့ တက်ရောက်ခဲ့ပြီး ထိုနေ့တွင် ပခုက္ကူပြို့ မဟာဝိသုတာရာမတိုက်ကြီး၏ ပဓာနနာယက၊

www.dhammaransi.com

မဟာနိကာယတိုက်ကြီး၏ ဦးစီးခေါင်းဆောင် ဂိုဏ်းပေါင်းစုံ မဟာသံဃအဖွဲ့ချုပ်ကြီး၏ မဟာနာယကဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတဆရာတော်ဦးပညာကိုယ်တော်တိုင်က "**တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့ကြီး**"ကို ဖွဲ့စည်းတည်ထောင်ရန် အဆိုတင်သွင်းခဲ့ရာ ကြွရောက်တော်မူလာကြသော ဆရာတော်များအားလုံးက သဘောတူဆိုးဖြတ် အတည်ပြုခဲ့ကြပါသည်။

ထိုအစည်းအဝေးကြီး၏ သဘောတူဆိုးဖြတ်ချက်အရ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံသံဃအဖွဲ့ချုပ်ကြီးနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးတို့ ပူးပေါင်း၍ အထူးအစည်းအဝေးကြီးတစ်ရပ်ကို ဗဟန်း၌ ဝါရုတ်ပိဋကတ် တိုက်၌(၁၇-၉-၄၆)(၁၃၀၈ ခု၊တော်သလင်းလပြည့်ကျော် ၇ရက်) အကြိမ်ဖြင့်တွင် ကျင်းပပြုလုပ်ခဲ့ကြသည်။

ထိုအစည်းအဝေးကြီးမှ တောင်တန်းဗုဒ္ဓသာသနာပြု အဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်လိုက်ကြသည်။

အဖွဲ့တည်ရာ ဌာနချုပ်ကိုလည်း ဗဟန်း ဇရတာရုံလည်း လမ်းရှိ တရုတ်ပိဋကတ်ကိုက်ကို သတ်မှတ်ထားခဲ့ကြသည်။

www.dhammaransi.com

၅၂ တောင်တန်းသာသနာပြုသမိုင်း

(က) သံဃာတော်ဆိုင်ရာ

(၁) နာယကအဖွဲ့

(၂) အမှုဆောင်အဖွဲ့ ဟူ၍(၂)ဖွဲ့

(ခ) ဒါယကာဘက်ဆိုင်ရာတွင်လည်း

(၁) နာယကအဖွဲ့

(၂) အမှုဆောင်အဖွဲ့ ဟူ၍(၂)ဖွဲ့

စုစုပေါင်း(၄)ဖွဲ့ ဖွဲ့စည်းခဲ့သည်။

တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့၏ သံဃာဘက်ဆိုင်ရာ နာယကဆရာတော်ကြီးများမှာ-

(၁) ပုဇွန်တောင်ကျောင်းကြီးဆရာတော်ဦးဉာဏာ

(၂) ဗဟန်းဝင်္ဂဝံန်ဆရာတော်ဦးခေမာစာရ

(၃) ဖောဓိဆရာတော်

(၄) ကျောင်းသစ်ဆရာတော်ဦးပညာ

(၅) ဘုရားကြီးတိုက်ဆရာတော်ဦးကောဏ္ဍည

(၆) မူလသံယုတ်ဆရာတော်

(၇) ဓမ္မာလင်္ကာရဆရာတော်

(၈) အလယ်တောရဆရာတော်ဦးဇရဝံတ

(၉) ဆားလင်းဆရာတော်

(၁၀) စက်ဘူကျောင်းဆရာတော်

www.dhammaransi.com

(၁၁) အရှင်အာဒိစ္စဝံသကျောင်းတိုက်ဆရာတော် ဦးကွာသရိယ

(၁၂) တောင်ဘီလူးဆရာတော်

(၁၃) နှစ်ကျိပ်ရှစ်ဆူဆရာတော် တို့ဖြစ်ကြပါသည်။

တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့၏ သံဃာဘက်ဆိုင်ရာ အမှုဆောင်ဆရာတော်ကြီးများမှာ-

(၁) သာသနာလက်ာရဆရာတော်ဦးနန္ဒသာမိ (ဥက္ကဋ္ဌ)

(၂) ရတနာပုံဦးဇာဂရ၊ ဝဠုဝန်ကျောင်း (အကျိုးတော်ဆောင်)

(၃) ဦးဝိမလ(သုံးထပ်ကျောင်း၊ဗဟန်း)

(၄) ဦးဝိလာသ(ပန်းဆွဲဆရာတော်)

(၅) ဦးပညာ(သွေးဆေးကန်ကျောင်းဆရာတော်)

(၆) ဦးဓမ္မာသာရ(ဓမ္မသုခကျောင်းတိုက်၊ဗဟန်း)

(၇) ဦးစိန္တာမဏိသာရ

(၈) ဦးသူရိယ(ပိဋကတ်တိုက်ကျောင်း)

(၉) ဦးသုန္ဒရ

(၁၀) ဦးဥတ္တမသာရ

(၁၁) ဦးပဏ္ဍာဝ

(၁၂) ဦးဥတ္တမ(နန္ဒဝန်ကျောင်း)

www.dhammaransi.com

(၁၃) ဦးတေဇဝန္တ

(၁၄) ဦးပညာဝံသ(ဆားလင်းဆရာတော်)

(၁၅) ဦးကုဏ္ဍာလ

(၁၆) ဦးကောဝိဒ(ဒလ)

တို့ဖြစ်ကြပါသည်။

တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့ အိုယကာဘက်ဆိုင်ရာ နာယကလူကြီးများမှာ-

(၁) ဆာဦးသွင်

(၂) တရားဝန်ကြီးဦးသိန်းမောင်

(၃) ဖြိုတိသျှဘားမား ဦးညွှန့်

(၄) အိုက်တာဦးသိန်း

(၅) ဦးဘိုးသောင်း

(၆) ဦးဘသိန်း

(၇) ဦးဘဟန်

(၈) ဦးလှစိန်

(၉) ဦးတိုင်ကျော်

(၁၀) ဖျာပုံ-ဦးအုန်းမောင်

(၁၁) ပဌမကျော်-ဦးကြီးဖေ

(၁၂) ဦးဘိုးချစ်

www.dhammaransi.com

(၁၃) ဆရာညာဏ်

(၁၄) ဦးတင်ရွှေ

(၁၅) ဦးအုန်းမောင်

(၁၆) ဦးခင်မောင်လင်း

(၁၇) ဦးထွန်းလှ

(၁၈) ဦးဘကျော်

(၁၉) ဦးထွန်းဖေ

(၂၀) ဦးဘရှင်

(၂၁) ဦးသိန်းမောင်

(၂၂) ဦးချစ်ဖေ

(၂၃) ဦးအောင်သန်း

(၂၄) ဦးအုန်းထွန်း

(၂၅) ဦးကျော်ငြိမ်း

(၂၆) ဦးပန်းမောင်

(၂၇) ဦးလှအောင်

(၂၈) ဦးမောင်ကလေး

(၂၉) ဦးလှကလေး

(၃၀) ဦးထွန်းရင်

www.dhammaransi.com

(၃၁) ဦးဘမိုး

(၃၂) ဦးသန်းရွှေ

(၃၃) ဦးမောင်ကြီး

(၃၄) သခင်အေး

(၃၅) ဦးဝင်းရှိန်

(၃၆) ဦးတင်မြင့်

တို့ဖြစ်ကြပါသည်။

တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့ အိယကာဘက်ဆိုင်ရာ အမှုဆောင် လူကြီးများမှာ-

(၁) ဒီးဒုတ်ဦးဘသိန်း(ပြန်ကြားရေးဝန်ကြီး) ဥက္ကဋ္ဌ

(၂) ဦးဘိုးဇော့(ရွှေတိဂုံဘုရား ဘဏ္ဍာတော်ထိန်း) အဖွဲ့ဝင်

(၃) ဦးမောင်မောင်စိန်(ကန်ထရိုက်တာ) ″

(၄) ပဌမကျော်ဦးကြီးဖေ ″

(၅) ရွှေပြည်တော်ဦးဘတင် ″

(၆) လွတ်တော်ရှေ့နေကြီးဦးတင်လှ အကျိုးတော်ဆောင်

(၇) ဦးချစ်ဦး တွဲဖက် ″

(၈) ဖြိုတီသျှဘားမားဦးညွန့် ဘဏ္ဍာထိန်း

www.dhammaransi.com

(၉) ဦးမောင်ကလေး စာရင်းစစ်

(၁၀) ဆရာဖေ အဖွဲ့ဝင်

(၁၁) ဦးလှစိန် ။

၁၃၁၇ ခု၊တပို့တွဲလဆန်း(၁၁)ရက် (၂၂-၂-၄၆)နေ့တွင် အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြန်လည် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပါသည်-

(၁) လူမျိုးစုလွှတ်တော် နာယကကြီး ဥက္ကဋ္ဌ
မဟာသရေစည်သူ စပ်ခွန်ကြည်

(၂) သီရိပျံချီဦးသန်းစိန် အကျိုးဆောင်စာချုပ်-၁

(၃) သတိုးမဟာသရေစည်သူဦးချန်ထွန်း

(၄) စည်သူဦးဘတင်(ချမ်သင်)

(၅) ဦးစံညွန့်(ကရင်ပြည်နယ်)

(၆) ဦးသက်ရှည်(ညောင်တုန်း)

(၇) ဗန္ဓုလဦးစိန် အကျိုးဆောင်စာချုပ်-၂

(၈) ဦးဝယ်သူဟောင်(ချင်းရေးရာဝန်ကြီးဟောင်း)

(၉) ဦးအောင်မြင့်(လားရှိုး)

(၁၀) ဦးဘအေး(စစ်ကိုင်း)

(၁၁) သတိုးသီရိသုဓမ္မဆာဦးသွင်

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

(၁၂) သီရိပျံချီဦးအောင်သန်း

(၁၃) သတိုးမဟာသရေစည်သူဦးဗကျမ်း

(၁၄) ဝဏ္ဏကျော်ထင်ဦးကြီးဌေ

(၁၅) ဝဏ္ဏကျော်ထင်ဦးလှစိန်

(၁၆) လွတ်တော်ရှေ့နေကြီးဦးလှသိန်း

(၁၇) ဇကျောင်းအုပ်ဆရာကြီးဦးအောင်ကြီး

(၁၈) ဓမ္မာစရိယဦးထွန်းဌေ

(၁၉) ဒီးဒုတ်ဦးသာဒင်

(၂၀) ရှေ့နေချုပ်ကြီးအပါးတော်မြဲ ဦးချန်ထွန်း

(၂၁) ဦးသိန်းမောင်(ဓမ္မာစရိယ)

(၂၂) ဦးစိုးဝေ

(၂၃) ဦးဘိုဉာဏ်(မြို့ချယ်ယာမင်ဟောင်း)

(၂၄) ကျောင်းအုပ်ကြီးဦးသာထက်

(၂၅) အဆုတ်နာဝိဇ္ဇာဆရာကြီးဦးချစ်ဝေ

(၂၆) ဓမ္မာစရိယဆရာဦးကြည်

(၂၇) လူမျိုးစုလွတ်တော်အမတ်ဦးဘထွန်း

(၂၈) သဘာဝဓမ္မဆရာသန်း

(၂၉) ဒီဗွစကၠဝါဆရာကျော်

(၃၀) မွန်ဦးကြည်စိန် တို့ဖြစ်ကြပါသည်။

www.dhammaransi.com

တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့၏ တောင်တန်းသာသနာပြု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထားရှိရမည့် ရည်ရွယ်ချက်များမှာ-

(က) ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမသြဝါဒကို ခံယူရှိကြစေရန်၊

(ခ) ရတနာသုံးပါးကို မှီခိုအားထားဆည်းကပ်နိုင်ကြစေရန်၊

(ဂ) ကိုယ်ကျင့်တရား ကောင်းမွန်၍ ယဉ်ကျေးသိမ်မွေမှု ရရှိကြစေရန်၊

(ဃ) မြန်မာစာပေတတ်မြောက်ကြ၍ ဗဟုသုတပြည့်ဝကြစေရန်၊

(င) ဗုဒ္ဓသာသနာအွန်ရှည်စွာ ပြန့်ပွားတည်မြဲမှုတို့ကို ရရှိကြစေရန်၊

ဟူ၍ ဖြစ်ပါသည်။ ဤသို့အားဖြင့် ဂိုဏ်းပေါင်းစုံ မဟာသံဃအဖွဲ့ချုပ်နှင့် ဗုဒ္ဓဘာသာအဖွဲ့ချုပ်တို့သည် တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့ကို ခိုင်ခိုင်မာမာ ဖွဲ့စည်းတည်ထောင်ခဲ့ကြပါသည်။

ဤမှနိမြတ်သော သာသနာပြုလုပ်ငန်းကြီးကို ၁၃၀၈ ခုမှစ၍ တိုင်းပြည်မှအလှူဒေကောက်ခံပြီး ဆောင်ရွက်ခဲ့ရာ-

www.dhammaransi.com

၁၃၀၈-မှ ၁၃၁၄ ခုထိ(၇)နှစ်၊ သတိုးသီရိသုဓမ္မ ဆာဦးသွင်က ဥက္ကဋ္ဌ၊ ဦးရွှေဦးဘတင်က အကျိုးတော်ဆောင် အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၃၁၄ ခုနှစ်ဦးမှစ၍ သံဃာတော်ဘက် ဆိုင်ရာတွင် ဗဟန်းဝင်္ဂဠဝန်ဆရာတော်ကဥက္ကဋ္ဌ၊ သာဓုတိုက် ဆရာတော်ဦးဝိသုဒ္ဓက အကျိုးဆောင်အဖြစ် ဆောင်ရွက်ခဲ့ ပါသည်။

လူဒါယကာဘက်တွင် ဆာဦးသွင်အနားယူသွား၍ သတိုးသီရိသုဓမ္မဦးသိန်းမောင်(နိုင်ငံတော်ဗဟုဿုတအဖွဲ့ဥက္ကဋ္ဌ) က ဥက္ကဋ္ဌ၊ ဝတ်လုံတော်ရဲဦးလှသိန်းက အကျိုးတော်ဆောင် အဖြစ် ဆောင်ရွက်ခဲ့သည်။

တစ်ဖန် ၁၃၁၄ ခု၊ ဝါဆိုလမှစ၍ မဟာသီရိသုဓမ္မ ဟသ်တ ဦးပြက ဥက္ကဋ္ဌ၊ အမျိုးသားစိမံကိန်းနှင့် သာသနာရေး ဝန်ကြီးဌာန၊ ပါလီမာန်အတွင်းဝန် သီရိပျံချီဦးသန်းစိန်က အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။

ဟသ်တဦးပြ အနားယူသောအခါ လူမျိုးစုလွှတ်တော် နာယကကြီး မဟာသရေစည်သူစပ်ခွန်ကြည်က(ဥက္ကဋ္ဌ)အဖြစ် ပြောင်းလဲတာဝန်ယူခဲ့ပါသည်။

သံဃာတော်ဘက်ဆိုင်ရာတွင် ဗဟန်းဝင်္ဂဠဝန် ဆရာတော်က ဥက္ကဋ္ဌ၊ မော်လမြိုင်ကျောင်းတိုက် ဆရာတော် ဦးပဏ္ဍိစ္စက အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။

www.dhammaransi.com

၁၃။ ဗောဓိတန်းဗုဒ္ဓသာသနာပြုအဖွဲ့၏ ပထမဦးဆောင်ရွက်ချက်များ

ဗောဓိတန်းဗုဒ္ဓသာသနာပြုလုပ်ငန်းကို မည်သည့် ဗောဓိတန်းဒေသတွင်စတင်၍ မည်သည့်ပုံစံဖြင့် အဘယ်ကာလ အထည်ဖော်ကြမည်ကို ဗောဓိတန်းဗုဒ္ဓသာသနာပြုအဖွဲ့၊ သံဃာ့ အမှုဆောင်ဆရာတော်များနှင့် ဒါယကာအမှုဆောင်လူကြီးများ တွေးတောကြံဆ စဉ်းစားကြရသည်။

အမှုဆောင်ဆရာတော်ဦးဝိမလသည် လက်တွေ့ သာသနာပြုနေသူ ပုသိမ်–ဦးဝိမလ၊ ဦးဥတ္တမသာရတို့နှင့် ဝိုင်ပင် ကြည့်ရာ ချင်းတောင်ပိုင်းမှ နိုင်ငံရေးခေါင်းဆောင်များ ရန်ကုန်မြို့ သို့ ရောက်ရှိလာခိုက် တွေ့ဆုံဆွေးနွေး၍ စူးစမ်းအကဲခပ်ကြည့် ရန် အကြံရကြလေသည်။

ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖဆပလအဖွဲ့ကြီးကလည်း မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် နေ့စဉ်ရက်ဆက်ဆိုသလို အစည်းအဝေးများပြုလုပ်၍ နိုင်ငံရေး ကိစ္စများ ဆွေးနွေးကြိုးပမ်းနေချိန်ဖြစ်ပေသည်။ ၁၃၀၈ ခုနှစ် (၁၉၄၆)ဒီဇင်ဘာလထဲတွင် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ တော်လှန်ရေးခေါင်းဆောင်များ နိုင်ငံရေးခေါင်းဆောင်များသည် ရန်ကုန်မြို့ ဖဆပလအဖွဲ့ချုပ်ကြီးသို့ နိုင်ငံလုံးဆိုင်ရာညီလာခံ

www.dhammaransi.com

တက်ရောက်ရန်အတွက် ရောက်ရှိလာကြသည်။ ယင်းပုဂ္ဂိုလ်များထဲမှမှ ချင်းတောင်တောင်ပိုင်း ကန်ပက်လက်မြို့နယ်မှ ရောက်နေသော ဂျပန်တော်လှန်ရေးခေါင်းဆောင် ချင်းအမျိုးသားများဖြစ်သူ ဦးဝမ်းမသူးမောင်နှင့် သခင်အောင်မင်းတို့ကို အမှုဆောင်ဆရာတော် ဦးဝိမလကခေါ်ယူတွေ့ဆုံ၍ တောင်တန်းဗုဒ္ဓသာသနာပြုလုပ်ငန်းနှင့်စပ်လျဉ်းသည့် အကျိုးအကြောင်းများ ရှင်းလင်းပြောကြားလျက် ဗုဒ္ဓဘာသာအဖွဲ့ချုပ်မှ အမှုဆောင်လူကြီးများနှင့် တွေ့ဆုံနိုင်ကြရန် ဒီဇင်ဘာလ(၂၀)ရက်သို့ ချိန်းဆိုသတ်မှတ်လိုက်သည်။

၁၃၀၈ ခု၊ နတ်တော်လဆန်း(၁၂)ရက် (၂၀–၁၂–၄၆) သောကြာနေ့တွင် ရေတာရှည်တရုပ်ပိုင်ကတ်တိုက်၌ ဆာဦးသွင်၊ တရားဝန်ကြီး ဦးသိန်းမောင်၊ ပြိတိသျှာဘားမားဦးညွန့်၊ ဒေါက်တာဦးသိန်း၊ ဝတ်လုံတော်ရဦးသိန်းစသော ဗုဒ္ဓဘာသာအဖွဲ့ချုပ်အမှုဆောင်လူကြီးများနှင့် ချင်းတောင်နိုင်ငံရေးခေါင်းဆောင်များဖြစ်သည့် ဦးဝမ်းမသူးမောင်း၊ သခင်အောင်မင်းတို့သည် အမှုဆောင်ဆရာတော်ဦးဝိမလ၏ ပိတ်ဆက်ပေးချက်အရ တောင်တန်းဗုဒ္ဓသာသနာပြုလုပ်ငန်းများ ချင်းတောင်ပိုင်းမှစတင် အကောင်အထည်ဖော်ရန်ကိစ္စကို ဆွေးနွေးညှိနှိုင်းကြလေသည်။

www.dhammaransi.com

ဦးဝမ်းမသူးမောင်နှင့် သခင်ဖောင်မင်းတို့သည် ပခုက္ကူ မဟာဝိသုတာရာမ်အာလယ်တိုက် ဆရာတော်ကြီးဦးပညာထံ၌ ကိုရင်ဝတ်ခဲ့ကြဘူးသော တပည့်ရင်းများဖြစ်နေ၍ တွေ့ဆုံဆွေးနွေးမှုသည် ပိုမိုရင်းနှီးပွင့်လင်းမှုရှိခဲ့ပြီး နှစ်ဦးနှစ်ဖက် အားရဝမ်းသာ ဖြစ်ခဲ့ကြပေသည်။ ဦးဝမ်းမသူးမောင်တို့အာနေဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သောဖဆပလအဖွဲ့ချုပ်ကြီးမှ ချမှတ်ထားသည့် နိုင်ငံရေးလုပ်ငန်းများကို နေ့ရောညပါ မအားလပ်အောင်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် မိမိတို့၏ဆရာရင်းဖြစ်သော ဆရာတော်ဦးပညာချမှတ်ထားသည့် ဖောင်တန်းဗုဒ္ဓသာသနာပြုလုပ်ငန်းကိုပါ ထပ်ဆင့်ပူးတွဲတာဝန်ယူဆောင်ရွက်ရခြင်းကိုပင် ဂုဏ်ယူနေကြပေသည်။ ကူညီဆောင်ရွက်ပေးပါမည်ဟု ကတိပြုသွားကြပေသည်။

ဤသို့ဖြင့် နောက်တဆင့်တက်၍ ဆောင်ရွက်ကြရသည့်မှာ ဖောင်တန်းဗုဒ္ဓသာသနာပြုရဟန်းတော်များ ဖောင်ပေါ်သို့ တက်ရောက်ခွင့်နှင့် နေထိုင်ခွင့်ရရှိရေးကို ဗြိတိသျှဘုရင်ခံမဂျာဂျင်နရယ်ဆာဟူးဘတ်ရန့်(စ်)နှင့် ဖောင်တန်းမင်းကြီးမစွတာစတီဗင်ဆင်တို့ထံမှ ခွင့်ပြုချက်ရယူရန်ဖြစ်သည်။ ချင်းဖောင်ပေါ်သို့ ရဟန်းသံဃာများတက်၍ ဗုဒ္ဓသာသနာပြုခွင့်ရရေးအတွက်ကို ဗုဒ္ဓဘာသာအဖွဲ့ချုပ်အမှုဆောင်လူကြီးများ

www.dhammaransi.com

ဖြစ်သည့် တရားဝန်ကြီး ဦးသိန်းမောင်၊ ဒေါက်တာဦးသိန်း၊ ဝတ်လုံတော်ရ ဦးလှသိန်းတို့က စီစဉ်ဆောင်ရွက်ကြလေသည်။

အမိန့်ရကြသောအခါ သာသနာပြုရန်ပုံငွေရှိရေးအတွက် ကြိုးပမ်းကြရပြန်သည်။ ရန်ပုံငွေရှိရေးအတွက် အမျှဆောင်ဆရာတော် ဦးဝိမလနှင့် အမျှဆောင်ဆရာတော်များ၊ ဗုဒ္ဓဘာသာအဖွဲ့ချုပ်မှ မြန်မာ့အလင်းဦးတင်စသော အမျှဆောင်လူကြီးများသည် နေ့စဉ်လိုလိုပင် တောင်တန်းဗုဒ္ဓသာသနာပြုရန်ပုံငွေကောက်ခံခဲ့ကြသည်၊ ရန်ပုံငွေကောက်ခံရာတွင် အသုံးပြုရန် ဖြိတိသျှဘားမားဦးညွှန့်က ကားတစ်စီးလျှောထားသဖြင့် ရန်ကုန်မြို့အနှံ့ ရပ်ကွက်တိုင်းသို့လိုက်၍ ကောက်ခံနိုင်သောကြောင့် အတန်အသင့်ရရှိခဲ့ကြသည်။ လိုအပ်သေးသောငွေများကို ဆာဦးသွင်နှင့် ဖြိတိသျှဘားမားဦးညွှန့်တို့က ပြည့်ဆည်းလှူဒါန်းကြပြီး၊ ယင်းမတည်ရန်ပုံငွေများနှင့်ပင် တောင်တန်းဗုဒ္ဓသာသနာပြုလုပ်ငန်းအတွက် လိုအပ်သောသင်္ကန်းပရိက္ခရာ၊ စားနပ် ရိက္ခာ၊ ဆေးဝါးနှင့် ဝတ္ထုပစ္စည်းများကို ဝယ်ယူစုဆောင်းကြရသည်။

တောင်တန်းသာသနာပြုနည်းပြသင်တန်းအဖြစ် (၁၃၀၈)ခုနှစ်၊ ပြာသိုလပြည့်ကျောင်(၈)ရက်၊ (၁၄-၁-၄၆)အာဂါနေ့မှစ၍ ရက်တိုသင်တန်းများပေးခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုထဲ

www.dhammaransi.com

တွင် ဗဟန်းရေတာရှည်လမ်း တရုတ်ပိဋကတ်တိုက်၌ ပြုလုပ်သော တောင်တန်းဗုဒ္ဓသာသနာပြုအစည်းအဝေးမှ ချင်းတောင်-တောင်ပိုင်း၊ ကန်ပက်လက်မြို့နယ်မှစတင်၍ ပဲခူးထွက်တောင်တန်းဒေသသာသနာပြုလုပ်ငန်းကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့ကြသည်။

၁၄။ ပထမဆုံး သာသနာပြုခရီးများ

၁၉၄၇ ခုနှစ်၊ ဇူလိုလထဲမှာပင် ဦးဥတ္တမသာရအမှာင်မြတ်နှင့် ဦးဝိသုဒ္ဓအရှင်မြတ်တို့ကြီးမှူးလျက် နောက်ပါသံဃာ(၁၀)ပါးနှင့် သာသနာပြုလုပ်ငန်းစတင်ခဲ့သည်။ ၁၉၄၆ ခု၊ နိဝင်ဘာလမှစ၍ ကြိုတင်စီစဉ်မှုများပြုလုပ်ခဲ့ရာ(၅)လခန့်အချိန်ကြာပြီးနောက် ၁၉၄၇ ခု၊ ဇူလိုလထဲရောက်မှ သာသနာပြုရဟန်းတော်များ ချင်းတောင်ပေါ်သို့ ရောက်ရှိကြပေသည်။ ဦးဝမ်းမသူးမောင်နှင့် သင်္ဃာအောင်မင်းတို့၏ စီစဉ်ပေးချက်အရ ချင်းတောင် တောင်ပိုင်းတွင်-

(၁) ကန်ပက်လက်သာသနာပြုဌာန

(၂) မင်းတပ်သာသနာပြုဌာန

(၃) ဝမ်းမသူးသာသနာပြုဌာန

(၄) လှည်းရုံးသာသနာပြုဌာန

(၅) ကျင်ဒွေးဌာန

www.dhammaransi.com

(၆) ပလက်ဝဌာန

(ဂ) ကျင်ခြောင်းဌာန

(ဂ) နမ္မဒါဌာန ဟူ၍ သာသနာပြုဌာန(ဂ)ခုကို လည်းကောင်း၊ ချင်းတောင်မြောက်ပိုင်းတွင်-

(၁) ဖလမ်းဌာန

(၂) တာရွန်းဌာန

(၃) တီးတိန်ဌာန

(၄) ခွာရုံဌာန ဟူ၍ သာသနာပြုဌာန(၄)ခုကို လည်းကောင်း စုစုပေါင်း(၁၂)ဌာနကို စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ချင်းတောင်သာသနာပြု သံဃာအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌ ဦးဝိဇယသိရိ အကျိုးတော်ဆောင် ဦးပဏ္ဍိတဖြစ်ပါသည်။

အလားတူ ကချင်ပြည်နယ်တွင် ၁၉၄၇ ခု၊ မတ်လ(၁) ရက်နေ့တွင် သာသနာပြုဌာနများ စတင်ဖွင့်လှစ်ခဲ့သည်။

တောင်တန်းသာသနာပြုလုပ်ငန်းကို ကူညီထောက်ပံ့ ရန်အတွက် ရန်ကုန်နှင့် နယ်များတွင် ရဟန်းတော်များ လူဒါယိကာများသာ ပါဝင်သောအဖွဲ့များကို ဖွဲ့စည်းတည်ထောင် ပေးခဲ့သည်။

www.dhammaransi.com

ချင်းတောင်အတွက် ထီးလင်း, ပေါက်စသောမြို့များမှ ဆရာတော် သံဃာတော်များနှင့် လူဒါယိကာများပါဝင်သော ထောက်ပံရေးအဖွဲ့။ ကို ဖွဲ့စည်းခဲ့သည်။ အဖွဲ့ခေါင်းဆောင်မှာ ဆောမြို့ပိုင်ကြီး ဦးဘခိုင်က ဦးစီးသည်။

ကချင်ပြည်နယ် ထောက်ပံ့ရေးအဖွဲ့အတွက် မန္တလေးမြို့ ညောင်ရမ်းဆရာတော်ကြီး ကြီးမှူးသောသံဃာ့အဖွဲ့နှင့် မြစ်ကြီးနားမြို့ အရေးပိုင်ဦးဘချို့ ရာဇဝတ်ဝန်ဦးကိုကိုကြီးနှင့် အခွန်ဝန်ဦးပြင်၊ ဦးစိုးမော်တို့ဦးစီးသော ထောက်ပံ့ရေးအဖွဲ့ကို ဖွဲ့စည်းထားခဲ့ပါသည်။

ထိုအချိန်တွင် ရုတ်တရက် တိုင်းရေးပြည်ရေးအပြောင်းအလဲများဖြစ်ပေါ်လာပါသည်။ ၁၃၀၉ ခု၊ ဝါခေါင်လဆန်း(၂)ရက်၊ (၁၉-ဂ-၄၇)စနေနေ့တွင် လွတ်လပ်ရေးအတွက် အပြင်းအထန် ကြိုးပမ်းနေသော ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ခေါင်းဆောင်ကြီး (၇)ဦး၊ သက်တော်စောင့်(၁)ဦး၊ စုစုပေါင်း(၉)ဦးတို့ကို မသမာသူများ၏ လုပ်ကြံချက်ဖြင့် အတွင်းဝန်များရုံးအဆောက်အဦး၌ ကျဆုံးခဲ့သည်။

တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့ကို မွေးဖွားပေးသည့် ရွှေကုံတိုင်လမ်း၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက် မဟာသံဃာအဖွဲ့ချုပ်နှင့် ဗုဒ္ဓဘာသာအဖွဲ့ချုပ်ပူးပေါင်းအစည်းအဝေးကို ဒုတိယ

www.dhammaransi.com

နေ့(၁-၆-၄၆)နေ့သို့ တက်ရောက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း နှင့် ဒီးဒုတ်ဦးဘချိုတို့သည် ပိပိတို့မျက်စေ့အောက်တွင် မွေးဖွားခဲ့သည့် တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့ကို မျက်ကွယ်ပြုသွားကြပေသည်။

၁၅။ လွတ်လပ်ရေးအကြိုခေတ် ဗုဒ္ဓသာသနာနှင့်ဂုဟာအဖွဲ့. ဖွဲ့စည်းခြင်း

ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက် ဦးနုဦးဆောင်သော ဖဆပလအဖွဲ့ ယာယီအစိုးရတက်လာသည်၊ ထိုအစိုးရသည် ဗုဒ္ဓဘာသာမြန်မာနိုင်ငံတော်ကြီးသည် ဗြိတိသျှအာဏာလိပ်အစိုးရဏ်လက်အောက်တွင် နှစ်ပေါင်း(၁၀၀)ကျော်ခန့် ကျရောက်ခဲ့ရသောကြောင့် အာဏာလိပ်အစိုးရ၏ ဖိနှိပ်မှု၊ ချုပ်ချယ်မှုနှင့် အမျိုးသားဇာတိမာန်နှင့် ယဉ်ကျေးမှုများ ပျက်ဆီးမှုတို့ကို ခံခဲ့ကြရသည်။ အထူးသဖြင့် ဘာသာယဉ်ကျေးမှု ပျက်ဆီးခံရမှုကြောင့် အမျိုးသားစာရိတ္တယဉ်ကျေးမှု ပျက်စီးခဲ့ရသည်။

တစ်ဖန် စစ်ဘေးစစ်ဒဏ်ကို နှစ်ကြိမ်ပြန်ခံရပြန်သဖြင့် မြန်မာပြည်အနှံ့ အသက်စည်းစိမ်ဥစ္စာများလည်း ပျက်စီးဆုံးရှုံးခဲ့ရသလို စာရိတ္တနှင့်ဘာသာသာသနာရေးတို့မှာလည်း ဖရိုဖရဲ ပျက်စီးညံ့ဖျင်းသွားခဲ့ရသည်။

ဤသို့ လောကီလောကုတ္တရာနှစ်ဘက်စလုံးနစ်နာခဲ့

www.dhammaransi.com

ရပြီးနောက် အမျိုးသားတို့၏ စည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးရရန် နီးစပ်နေပြီဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ကြားဖြတ်အစိုးရ တက်လာသည်။ ထိုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံထူထောင်ရေးကို ကြိုးပမ်းရန် စီစဉ်နေခဲ့သည်။ နိုင်ငံထူထောင်ရာတွင် လောကီရေးသက်သက်တစ်ခုတည်းဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် မလုပ်နိုင်ပါက အမျိုးဘာသာသာသနာစာရိတ္တာယဉ်ကျေးမှုတို့ကိုပါ ပူးတွဲတည်ထောင်ပေးမှသာလျှင် နိုင်ငံတော်၏အခြေခံဖြစ်သော-

- ငြိမ်ဝပ်ပိပြားရေး
- ငြိမ်းချမ်းသာယာရေး
- လူတိုင်းကိုယ်ကျင့်တရားကောင်းမွန်ရေး
- စည်ပင်ဝေပြာဖွံ့ဖြိုးတိုးတက်ရေး

တို့ပါ အောင်မြင်မည်ဟု လက်ခံယုံကြည်လာကြသည်။

ထိုအမြင် ထိုအတွေးအခေါ်ရှိလာခဲ့ကြသော နိုင်ငံခေါင်းဆောင်ကြီးများသည် နိုင်ငံအုပ်ချုပ်မှုတွင် ဘာသာယဉ်ကျေးမှုဖြင့် စည်းရုံးထိန်းသိမ်းခြင်းနည်းလမ်းသည် အောင်မြင်သောနည်းလမ်းဖြစ်သည်ဟု ခံယူကြပြီး ဗုဒ္ဓစာပေနှင့် ဟောပြောပြသမှုလုပ်ငန်းကို တာဝန်တစ်ရပ်အနေဖြင့် တိုးချဲ့လုပ်ကိုင်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။

www.dhammaransi.com

ထို့ကြောင့် ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလ(၁၃)ရက်နေ့တွင် ထိုစဉ်က ယာယီကြားဖြတ်အစိုးရဖြစ်သော ဝန်ကြီးချုပ်နေအိမ်၌ ဘာသာရေး သာသနာရေးခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ ဝန်ကြီးများ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးကြပြီးနောက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ကြီးကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်-

ထိုအဖွဲ့တွင်-

ဥက္ကဋ္ဌ	ဆာဦးသွင်
အကျိုးတော်ဆောင်	ဦးစံသိမ်း
ဌေထိန်း	ဦးအုန်းဆိုင်
ဌေစာရင်းစစ်	ဦးဘခင်နှင့် ဦးနု
အဖွဲ့ဝင်	ဦးသာဒင်၊ ဟသ်ာတဦးမြ၊ ကုန်သည်ကြီး ဦးတင်ဘွား၊ မြန်မာ့အလင်းဦးတင်တို့ပါ

ဝင်သောအမှုဆောင်လူကြီး အဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

ထိုအဖွဲ့သည် မူလရှိခဲ့သောအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ တောင်တန်းသာသနာထောက်ပံ့ရေးကိစ္စများကို စီမံဆောင်ရွက်ခဲ့ကြသည်။

www.dhammaransi.com

၁၆။ ဗောဓိတန်းသာသနာပြုဌာနများတိုးချဲ့ခြင်း

၁၃၀၉ ခု၊ သီတင်းကျွတ်လဆန်း(၁၀)ရက် (၂၄-၉-၄၇) ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီအချိန်တွင် ဗောဓိတန်းဗုဒ္ဓသာသနာပြုအဖွဲ့အမှုဆောင်ဆရာတော်အာသံအရှင်ပညာဝံသနှင့် တိုက်အုပ်ဆရာတော် အရှင်ပညာဇောတတို့သည် ကယားအမျိုးသားများခေါင်းဆောင်ဖြစ်သူ လွတ်တော်အမတ်ကြီး ဦးစိန်၊ စောဝဏ္ဏစသော စော်ဘွားများနှင့် ရန်ကုန်မြို့ဝင်ဒါမိယာပတ်၊ အိမ်အမှတ် (၂၄)၌ အနာဂတ်သာသနာရေးကိစ္စများ ဆွေးနွေးညှိနှိုင်းကြရာသို့ ဂိုဏ်းပေါင်းစုံမဟာသံဃအဖွဲ့ချုပ်မှ ဆရာတော်ကြီးများနှင့် ဗုဒ္ဓဘာသာအဖွဲ့ချုပ်မှ အမှုဆောင်လူကြီးများပါ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးညှိနှိုင်းချက်များအရ-

- ၁၉၄၈ ခုနှစ်တွင် ကချင်ပြည်နယ်ဗောဓိတန်းများခွဲလည်းကောင်း
- ၁၉၄၉ ခုနှစ်တွင်ကယားပြည်နယ်ဗောဓိတန်းများခွဲလည်းကောင်း

ဗောဓိတန်းဗုဒ္ဓသာသနာပြုမှာ ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။

သာသနာပြုဌာနများတိုးချဲ့နေသည့် ထိုအခါကာလ ၁၃၀၉ ခုနှစ်၊ ပြာသိုလဆန်း(၉)ရက် (၄-၁-၄၈)တနင်္ဂနွေနေ့တွင်

www.dhammaransi.com

မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့သည်။ ထိုနေ့နံနက် မြန်မာစံတော်ချိန်(၄း၂၀)နာရီတွင် ဖြိုတိသျှတို့၏ ယူနီယံဂျက်အလံကို ချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်ထူပြီး လွတ်လပ်သော အချုပ်အချာအာဏာကို မိမိတို့ကိုယ်တိုင် စီမံနိုင်ခွင့်ရခဲ့ပေသည်။

ထိုသို့သောအခြေအနေများတွင် သာသနာပြုလုပ်ငန်းများကို မည်သည့်ဘုရင်ခံနှင့် မည်သည့်တောင်တန်းမင်းကြီးစသည်တို့ထံ၌ ခွင့်ပြုချက်ရယူရန် မလိုတော့ဘဲ လွတ်လပ်စွာ သာသနာပြုခွင့် ရလာပေသည်။ ကချင်ပြည်နယ်၌ တိုးချဲ့ဖွင့်လှစ်သော ဌာနများမှာ-

(၁) ဆွမ်ပရာတွမ်ဌာန
(၂) တနိုင်းဌာန
(၃) ပူတာအိုဌာန
(၄) နန်းယွန်းဌာန
(၅) ရှင်ဘွေယန်ဌာန
(၆) နောင်ခိုင်ဌာန
(၇) တရုန်ဌာနများ ဖြစ်ပါသည်။

ကယားပြည်နယ်တွင် တိုးချဲ့ဖွင့်လှစ်သောဌာနများမှာ-

www.dhammaransi.com

(၁) ဒီဗောဆိုးဌာန

(၂) ညောင်ဇင်ဌာန

(၃) ဆိုင်မွန်ဌာန

(၄) ဒေါ်လောခုဌာန

(၅) ဒေါ်ကလိုခူးဌာန

(၆) မော်ချိုမိုင်းဌာန

(၇) ဒေါ်လဲခူးဌာန

(၈) လအိုဌာန

(၉) လပင်နွဲဌာန

(၁၀) လကျိုနွဲဌာနများ ဖြစ်ပါသည်။

၁၉၄၈ ခုတွင် ကချင်ပြည်နယ်သာသနာပြုဌာနများ ဖွင့်ရာ၌ မြစ်ကြီးနားမြို့ပေါ်တွင် ကချင်ပြည်နယ်တောင်တန်းဗုဒ္ဓသာသနာပြုထောက်ပံ့ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်-

(၁)ကချင်ပြည်နယ်ဦးစီးအဖွဲ့ဦးထွန်းရင်း ဥက္ကဋ္ဌ

(၂)အတွင်းဝန်ဝဏ္ဏကျော်ထင်ဦးဘမော် ဒု-ဥက္ကဋ္ဌ

(၃)ဒေသကိုယ်စားလှယ်ဦးစောနွဲ့အောင် အတွင်းရေးမှူး

(၄)ကျောင်းအုပ်ဆရာကြီးဦးတင်ဖေ တွဲဖက်အတွင်းရေးမှူး

တို့ပါဝင်သော အမှုဆောင်အဖွဲ့ဝင်ပေါင်း(၃၀)ကျော်ဖြင့် ဖွဲ့စည်းခဲ့သည်။

www.dhammaransi.com

ကချင်ပြည်နယ်အတွင်းရှိ ကျောင်းထိုင်ဆရာတော်များ ကလည်း ကချင်ပြည်နယ်တောင်တန်းဗုဒ္ဓသာသနာပြုသံဃာ့ သြဝါဒအဖွဲ့ကို သံဃာအပါး(၄၀)ကျော်ဖြင့် ဖွဲ့စည်းခဲ့ကြသည်။

ကချင်ပြည်နယ်တောင်တန်းဗုဒ္ဓသာသနာပြု သံဃ သြဝါဒအဖွဲ့ ကချင်ပြည်နယ်တောင်တန်းဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့နှင့် ကချင်ပြည်နယ်တောင်တန်းဗုဒ္ဓသာသနာပြုဆရာတော်များသည် တစ်နှစ်လျှင် တစ်ကြိမ်ကျတွေ့ဆုံ၍ နှီးနှောဖလှယ်ပွဲကျင်းပပြုလုပ်ကြပေသည်။ ယင်းနှီးနှောဖလှယ်ပွဲကို ''ကချင်ပြည်နယ်တွင်းရှိ ကျောင်းထိုင်ဆရာတော်များ၏ တောင်တန်းဗုဒ္ဓသာသနာပြုသံဃာ့အစည်းအဝေးပွဲကြီး'' ဟု ခေါ်သည်။ ရန်ကုန်မြို့၊ တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်မှ အမှုဆောင်ဆရာတော်များနှင့် အမှုဆောင်ဒါယကာများ တက်ရောက်ကြပါသည်။

၁၃၁၁ ခု၊ ပြာသိုလ(၁၉၄၉)ဇန်နဝါရီလထဲတွင် ကချင်ပြည်နယ်ဥက္ကဋ္ဌဆမားနှုးဝါးဆင်းဝါးနောင်နှင့် ကချင်ပြည်နယ်အစိုးရက ရန်ကုန်ရှိ တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်မှ သံဃာ့အမှုဆောင်အဖွဲ့ဥက္ကဋ္ဌဆရာတော်၊ သာသနာလက်ာရ ကျောင်း ဦးနန္ဒသာဓိကို ပင့်ဖိတ်၍ ဗုဒ္ဓဘာသာဆိုင်ရာအဆောက် အဦများ ဆောက်လုပ်ရန်နှင့် ဗုဒ္ဓသိမ်သမုတ်ရန် မြစ်ကြီးနားမြို့

www.dhammaransi.com

ပေါ်ရှိ(၁၀)ကောက္ခယ်သော မြေကွက်တစ်ကွက်ကို လှူဒါန်းခဲ့ကြသည်။

ထိုအတူ လွိုင်ကော်၊ တီးတိန်၊ ခန္ဒီး၊ ပလက်ဝ၊ ဘုက္ကန်၊ ဘားအံ၊ သာသနာပြုကျောင်းမြေများကိုလည်း စာချုပ်စာတမ်းနှင့်တကွ နောက်ပိုင်းတွင် စနစ်တကျလှူဒါန်းလာကြပါသည်။

၁၉၄၉ ခုနှစ်ထဲတွင် ချင်းတောင်တောင်ပိုင်းတွင်-

(က) ပလက်ဝမြို့နယ်အတွင်း၌-

(၁) ကျိုးလေဘွာန

(၂) တွိပုံးဘွာန

(၃) ဥဿလင်းဝဘွံန

(၄) အထက်ဆလိုင်ဘွာန

(၅) ရှမ်းလက်ဝဘွာနဟူ၍ (၅)ဘွာနကို လည်းကောင်း

(ခ) မင်းတပ်မြို့နယ်အတွင်း၌-

(၁) ခွန်တောင်ဘွာန

(၂) လှည်းတောင်းဘွာန

(၃) သိန်းဘွာန

(၄) မရိန်းလောဘွာန(၄)ဘွာနကို လည်းကောင်း

www.dhammaransi.com

(ဂ) ကန်ပက်လက်မြို့နယ်အတွင်း၌-

(၁) အေးချောင်းဌာန

(၂) ဗုဒ္ဓဂါမဌာန

(၃) မကြားဌာန(၃)ဌာနကိုလည်းကောင်း

(ဃ) မတူပီမြို့နယ်အတွင်း၌-

(၁) မတူပီဌာန

(၂) သွေးပန်းဌာန(၂)ဌာနကိုလည်းကောင်း

စုစုပေါင်း(၁၄)ဌာန ဖွင့်လှစ်နိုင်ခဲ့သည်။

ထိုနှစ်တည်းမှာပင် ချင်းတောင်မြောက်ပိုင်းတွင်လည်း-

(က) ဖလမ်းမြို့နယ်အတွင်း၌-

(၁) ဇာမွေဌာန

(၂) လိုင်ဇီဌာန

(၃) ကလောဌာန(၃)ဌာနကိုလည်းကောင်း

(ခ) ဟားခါးမြို့နယ်အတွင်း၌-

(၁) ဟားခါးမြို့မဌာန(၁)ဌာနကို

လည်းကောင်း

(ဂ) တီးတိန်မြို့နယ်အတွင်း၌-

(၁) တွန်းဇံဌာန

(၂) ဖိုင်တူဌာန(၂)ဌာနကိုလည်းကောင်း

www.dhammaransi.com

စုစုပေါင်း(၆)ဌာနကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

၁၉၄၇ ခုနှစ်၊ တောင်တန်းဗုဒ္ဓသာသနာပြုဌာနများစတင်ဖွင့်လှစ်ချိန်မှစ၍ နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ခဲ့သော ကျောင်းများအားလုံး တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့က သာသနာပြုကျောင်းများတည်ဆောက်ပေးရာတွင် ရန်ပုံငွေအင်အားကိုငဲ့ညှာသုံးစွဲရသဖြင့် ထိုစဉ်ကကျောင်းတစ်ကျောင်းလျှင် ကျောင်းကလေးများဖြစ်၍ အနေကျဉ်းကျပ်ပြီး အသွင်အပြင် တယ်ဝါမှုမရှိသဖြင့် သဘာဝရာသီဥတုဒဏ်ကိုလည်း ခံနိုင်ရန် မရှိဖြစ်ကြရသည်။

၁၃၀၉ ခု၊ ပြာသိုလဆန်း(၉)ရက် (၄-၁-၄၈)တနင်္ဂနွေနေ့တွင် မြန်မာပြည်လွတ်လပ်ရေးရရှိခဲ့သည်။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့သည် မြန်မာနိုင်ငံအတွင်း ဗုဒ္ဓသာသနာစည်ပင်ပြန့်ပွားရေးကို အားပေးချီးမြှောက်သည်ဟု ရည်ရွယ်ထားသည့် အားလျော်စွာ ဗုဒ္ဓသာသနာအရောက်အပေါက်နည်းသော ကချင်, ကယား, ကရင်, ချင်း, ပလက်ဝ, နာဂစသောတိုင်းရင်းသားများနေထိုင်ရာတောင်တန်းဒေသများ၌ သာသနာပြန့်ပွားစေရန် အတွက် ၁၉၄၈ ခု၊ ဇူလိုင်(၂၅)ရက်နေ့တွင် ဝန်ကြီးချုပ်နေအိမ်၌ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ နိုင်ငံတော်အစိုးရက ဘာသာပေါင်းစုံထောက်ပံ့ရန်ခွဲဝေသတ်မှတ်ပေးထားသော သာသနာရေးဆိုင်ရာ

www.dhammaransi.com

ရန်ပုံငွေ(၅)သိန်းထဲမှ ဗုဒ္ဓသာသနာအတွက် အချိုးကျရရှိသော ရန်ပုံငွေ(၄)သိန်းကို သာသနာရေးဆိုင်ရာကိစ္စများတွင် လိုအပ် သလိုသုံးစွဲနိုင်ရန် ဗုဒ္ဓသာသနာကြီးပြန့်ပွားရေး ရန်ပုံငွေအဖွဲ့က ခွဲဝေပေးရန် အပ်နှံခဲ့သည်။ ယင်းထောက်ပံ့ငွေ(၄)သိန်းကို အောက်ပါးအချိုးအတိုင်း ခွဲဝေသုံးစွဲရန် သတ်မှတ်ခဲ့ပါသည်-

တောင်တန်းဒေသများ	=	၂၅၀၀၀၀/-
ပြည်မ	=	၁၀၀၀၀၀/-
နိုင်ငံရပ်ခြားဒေသ	=	၅၀၀၀၀/-

ဤငွေစာရင်းသည် လွတ်လပ်ရေးရပြီးစ နိုင်ငံတော်အစိုးရ၏ သာသနာတော်အား ထောက်ပံ့ရေးအသုံးစရိတ် ပထမအကြိမ် စီမံခန့်ခွဲသောငွေ ဖြစ်ပါသည်။

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာ့နုဂ္ဂဟအဖွဲ့ကြီး မှာ ၁၂၈၅ ခုနှစ်(၁၉၂၃)ကတည်းက ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ထီးတန်းစက်မြေရပ်တွင် စတင်ထူထောင်ခဲ့သည့်အဖွဲ့တစ်ဖွဲ့ ဖြစ်သည်။ အဖွဲ့၏ ပထမဦးစီးနာယကဥက္ကဋ္ဌမှာ စည်ပင်သာယာ ရုံး အင်စပက်တော်ဦးဘိုးမြဖြစ်သည်။ နောက်တစ်နှစ်(၁၉၂၄) တွင် ဥက္ကဋ္ဌအသစ်ပြောင်းလဲခဲ့ရာ အငြိမ်းစားနယ်ပိုင် ဝန်ထောက် ဦးဘတင်(အောတီအမ်)က ဥက္ကဋ္ဌဖြစ်လာပေသည်။

www.dhammaransi.com

ဗုဒ္ဓသာသနာနှုဂ္ဂဟအဖွဲ့သည် မိမိတို့သုံးစွဲခွင့်ရှိသော သာသနာရေးဆိုင်ရာရန်ပုံငွေထဲမှ တောင်တန်းဗုဒ္ဓသာသနာပြုလုပ်ငန်းအတွက် ခွဲဝေသတ်မှတ်ပေးခဲ့သည်။ ထိုသို့ခွဲဝေရာတွင် ပထမဆုံးအကြိမ်(၁၉၄၈–၄၉)ခု၊ ဘဏ္ဍာရေးနှစ်တွင် တောင်တန်းဗုဒ္ဓသာသနာပြုလုပ်ငန်းအတွက်ငွေ(၉၄၅၀၀ဝ/–)ကျပ် ငွေကိုးသောင်းလေးထောင်ငါးရာကို ထောက်ပံ့ပေးခဲ့သည်။ ပထမဆုံးအကြိမ် နိုင်ငံတော်အစိုးရက တောင်တန်းသာသနာရေးအတွက် ထောက်ပံ့မှုရရှိခြင်း ဖြစ်ပါသည်။

ထို့နောက် တောင်တန်းနယ်များသို့ သာသနာရေးနှင့်ပတ်သက်၍ အသေးစိတ်စီမံကိန်းတစ်ရပ်ရေးဆွဲရန် ဆာဦးသွင်, ဦးဘခင်နှင့် ဦးစံသိန်းတို့ပါဝင်သော အဖွဲ့ငယ်ကတာဝန်ယူ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၁၉၄၈ ခု၊ မေလ(၂၃)ရက်နေ့တွင် ဗုဒ္ဓသာသနာနှုဂ္ဂဟအဖွဲ့ကြီး၏ ဖြောက်ကြိမ်မြောက်အစည်းအဝေးတွင် တောင်တန်းသာသနာပြုရေးကိစ္စနှင့်ပတ်သက်၍ တောင်တန်းဒေသတွင် သာသနာပြုလျှက်ရှိသော ဂိုဏ်းပေါင်းစုံမဟာသံဃအဖွဲ့ချုပ်နှင့် ဗုဒ္ဓဘာသာအဖွဲ့ချုပ်တို့မှကြိုးမျှးသော မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်တန်းသာသနာပြုအဖွဲ့သည် စီမံကိန်းတစ်ခုရေးဆွဲတင်ပြခဲ့ပါသည်။

www.dhammaransi.com

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်သည် သာသနာတော်ထောက်ပံ့ရေးရန်ပုံငွေထိန်းသိမ်းထားရှိရာ၌ တောင်တန်းသာသနာပြုအဖွဲ့ကြီးမှ ရေးဆွဲထားသောစီမံကိန်းအတိုင်း လိုအပ်သောငွေကို အခါအားလျော်စွာသုံးစွဲရန် သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

ထိုသို့ ဆုံးဖြတ်ချက်အတိုင်း ယခင်ကရှိနှင့်ပြီးသော မြန်မာနိုင်ငံလုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံမဟာသံဃအဖွဲ့ချုပ်နှင့် ဗုဒ္ဓဘာသာအဖွဲ့ချုပ်မှ ကြီးမျူးသော တောင်တန်းသာသနာပြုအဖွဲ့သို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးက ငွေအား, လူအား, အကြံဉာဏ်အား အမျိုးမျိုးတို့ဖြင့် အကြိမ်ကြိမ်အားပေးကူညီခဲ့သည်။

ငွေကြေးထောက်ပံ့ရာတွင် (၁၉၄၉-၅၀)ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ နောက်နှစ်များတွင် ကျပ်-၃၀၀၀၀/-(သုံးသောင်း) ထောက်ပံ့ခဲ့သည်။

၁၇။ ဗုဒ္ဓသာသနာအဖွဲ့ပေါ်ပေါက်လာခြင်း

လွတ်လပ်ရေးရပြီးနောက်(၂)နှစ်အကြာ(၁၉၅၀)ခုနှစ်ထဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ မှီတင်းနေထိုင်ကြကုန်သော ဗုဒ္ဓဘာသာဝင်တိုင်းရင်းသားလူမျိုးအားလုံးကို ကိုယ်စားပြုသည့် ဗုဒ္ဓသာသနာဆိုင်ရာအဖွဲ့အစည်းတစ်ခုလိုအပ်ကြောင်းနှင့် ယင်းအဖွဲ့အစည်းတွင်-

www.dhammaransi.com

(၁) ပြည်ပမှာ သာသနာပြုနိုင်သမျှအစွမ်းကုန်ပြုရန်

(၂) ပြည်တွင်းဌာန ဗုဒ္ဓဘာသာအုတ်မြစ်ကို ခိုင်မြဲသည့် ထက် ခိုင်မြဲအောင် ချမှတ်ရန်

ဟူသော ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်းတို့ကို နိုင်ငံတော်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးနုက အကြံပြုပြောကြားခဲ့သည်။

ထိုနှစ် ၁၃၁၂ ခုနှစ်၊ တော်ဝင်လင်းလပြည့်ကျော်(ဂ)ရက် (၃-၁၀-၅၀)အင်္ဂါနေ့တွင် တိုင်းပြည်ပြုလွှတ်တော်(ပါလီမန်)သို့ ပြန်ကြားရေးနှင့် သာသနာရေးဌာနဝန်ကြီးဦးထွန်းဖေက ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေကြမ်းကိုတင်းသွင်း၍ လူနည်းစု ရေးရာဌာနဝန်ကြီး ဦးဒေါင်ဇံဝေက ထောက်ခံပြီးလျှင် ပါလီမန် အမတ်များက ဝေဖန်ဆွေးနွေးကာ အတည်ပြုထောက်ခံခဲ့ကြပါသည်။

ယင်းနိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့အက်ဥပဒေပုဒ်မ(၁၁) အရ ဗုဒ္ဓသာသနာအမျှဆောင်အဖွဲ့ကို-

(က)	သာသနာရေးဝန်ကြီးဌာန	၁ - ဦး
(ခ)	နိုင်ငံတော်သမ္မတကခန့်အပ်သော ပုဂ္ဂိုလ်	၈ - ဦး

www.dhammaransi.com

၁၁၂ တောင်တန်းသာသနာပြုသမိုင်း

(ဂ) နိုင်ငံတော်ဩဝါဒိစရိယ
ဆရာတော်များခန့်ပုဂ္ဂိုလ် ၉ - ဦး

(ဃ) ဒေသကိုယ်စားလှယ် ၉ - ဦး

———

စုစုပေါင်း ၂၇ - ဦး

=====

ဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ယင်းအမျှဆောင်အဖွဲ့က ဗုဒ္ဓသာသနာအဖွဲ့၏ လုပ်ငန်းကိစ္စအဝဝကို ကြီးကြပ်အုပ်ချုပ်ဆောင်ရွက်မည်ဖြစ်သည်။

ပထမဆုံးအကြိမ် ဗုဒ္ဓသာသနာအဖွဲ့ကို ၁၃၁၃ ခုနှစ်၊ ဝါဆေးပေါင်လဆုပ်(၉)ရက်(၂၆-၈-၅၁)တနင်္ဂနွေနေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံတော်ဗုဒ္ဓသာသနာအမျှဆောင်အဖွဲ့မှာ အက်ဥပဒေပုဒ်မ(၁၁)အရ-

(က) ဦးဝင်း သာသနာရေးဝန်ကြီးဌာန

(ခ) နိုင်ငံတော်သမတကခန့်အပ်သော-

(၁) ဦးဘတင်(ချုပ်သင်း)

(၂) စည်သူဦးဘခင်(နိုင်ငံတော်ဌေစာရင်းမင်းကြီး)

www.dhammaransi.com

(၃) ဦးအုန်းဖေ(တရားဝန်ကြီး)

(၄) ဦးကြီးဖေ(သာသနာညွှန်ကြားရေးမှူး)

(၅) စည်သူဦးစံညွန့်(အတွင်းဝန်)

(၆) စကားစေ်ာ်ဘွားကြီး

(၇) ဦးစံသိမ်း-ယူအိုအော

(၈) ဦးအိခွက်-ဗုဒ္ဓဘာသာတရုတ်
အမျိုးသား

(ဂ) နိုင်ငံတော်သြဝါဒိစရိယဆရာတော်များ
ရွေးချယ်သော

(၁) သတိုးမဟာသရေစည်သူဦးချန်ထွန်း

(၂) ဦးဘဆွေ၊ သာသနာရေးဌာန

(၃) မဟာသီရိသုဓမ္မဦးမြ(ဟင်္သာတ)

(၄) ဦးစန်းရှိန်၊ ဧစတ်ယက်ဏာပရိယတ္တိ
အာသင်း

(၅) ဦးဘိုးမြ၊ ပရိယတ္တိသာသနနုဂ္ဂဟ
အာသင်း

(၆) ဦးသိန်းအောင်(မန္တလေး)

(၇) ဦးတင်အောင်၊ သာသနာရေးအရာရှိ
(မန္တလေး)

www.dhammaransi.com

၁၁၄ တောင်တန်းသာသနာပြုသမိုင်း

(၈) ဦးစံရှိ၊ စက်ပိုင်ရှင်(မန္တလေး)

(၉) ဦးမြင့်ဟန်၊ ကုန်သည်(မန္တလေး)

(ဃ) အမှုဆောင်အဖွဲ့ညီလာခံတွင် ရွေးချယ်တင်မြှောက်သော ဒေသကိုယ်စားလှယ်(၉)ဦးတို့ဖြင့် ပါဝင်ဖွဲ့စည်းကြပါသည်။

ယင်းပထမအကြိမ်ဗုဒ္ဓသာသနာအမှုဆောင်အဖွဲ့၏ပထမအကြိမ်အစည်းအဝေးကို(၂၇-၈-၅၈)ဗုဒ္ဓဟူးနေ့တွင် တည်ရာဌာနဖြစ်သော အတွင်းဝန်ရုံးကြီး၌ ရုံးခန်းမ၌ကျင်းပ၍ အက်ဥပဒေပါကိစ္စရပ်များကို ဆောင်ရွက်ရာ၌ လွယ်ကူစေရန် အလို့ငှာ-

(၁) ပရိယတ္တိအဖွဲ့ငယ်

(၂) ပဋိပတ္တိအဖွဲ့ငယ်

(၃) ဗုဒ္ဓသာသနာဖြန့်ချိရေးအဖွဲ့ငယ်

(၄) ဘဏ္ဍာရေးအဖွဲ့ငယ်ဟူ၍ အဖွဲ့ငယ်(၄)ဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ထိုအဖွဲ့ငယ်များသည် မိမိတို့နှင့်သက်ဆိုင်ရာလုပ်ငန်းများအတွက် အမှုဆောင်အဖွဲ့သို့တင်ပြ၍ သဘောတူညီမှုကို ရယူဆောင်ရွက်ရသည်။

တောင်တန်းဗုဒ္ဓသာသနာပြုလုပ်ငန်းအတွက် ထောက်ပံ့ငွေများကို နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က(၁၉၄၁)ခုနှစ်မှစ၍ ဆက်လက်ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

www.dhammaransi.com

ယင်း ၁၉၅၁ ခုနှစ်ထဲတွင် တောင်တန်းဗုဒ္ဓသာသနာပြု ဌာနများ၌ ကျောင်းဆရာများနှင့် တရားဟောဆရာများ ခန့်ထားပေးပါရန် သာသနာပြုဌာနအသီးသီးက တင်ပြလာကြသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ စုံစမ်းလေ့လာသုံးသပ်မှုပြုတော်မူကြရန် တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်၊ သံဃာ့အမှုဆောင်အဖွဲ့မှ ဆရာတော်များက ဘာဝန်အသီးသီးခွဲဝေယူကြကာ-

- ပလက်ဝဒေသသို့ ဆရာတော်ဦးဝိမလ
- မင်းတပ်ဒေသသို့ ဆရာဇော်ဦးနန္ဒသာမိ
- ဖလမ်းဒေသသို့ ဆရာတော်ဦးပဏ္ဍိစ္စ
- မြစ်ကြီးနာဒေသသို့ ဝေဠုန်ဝန်ဆရာတော်
- ကယားဒေသသို့ ဘုံပျံဆရာတော် စသည်ဖြင့် အသီးသီးခရီးထွက် လေ့လာကြသည်မှာ တစ်လနီးပါးခန့်ပင် ကြာခဲ့သည်။ ခရီးမှပြန်လည်ကြွရောက်လာပြီးနောက် သာသနာပြုဌာနများတွင် ကျောင်းဆရာ, တရားဟောဆရာများ ခန့်ပေးသင့် မပေးသင့်ကို နေရာဒေသ၊ လူမျိုး၊ စားနပ်ရိက္ခာ၊ ပထဝီအနေအထားအတွေ့အကြုံများဖြင့် ဆရာတော်ကြီးများ စည်းဝေးဆွေးနွေး သုံးသပ်တော်မူကြသည်။

www.dhammaransi.com

၁၈။ သာသနာပြုဗဟိုဌာနများ ဖွင့်လှစ်ခြင်း

တောင်တန်းသာသနာပြုအဖွဲ့ဝင်ဆရာတော်ကြီးများ ကွင်းဆင်းလေ့လာချက်များအရ သာသနာပြုဌာနများကို ခရီးဝေးလံလှသော နယ်ခြားဒေသတောင်ပေါ်ကျေးရွာများအထိ သွားရောက်ဖွင့်လှစ်သဖြင့် တစ်ဌာနနှင့်တစ်ဌာန ဆက်သွယ်လွယ်ကူစေရန် ယင်းဌာနများနှင့် လက်လှမ်းမှီရာအခြေစိုက်ဗဟိုဌာနများ လိုအပ်သည့်အတွက် အချက်အချာကျသောမြို့များတွင် အခြေစိုက်ဗဟိုသာသနာပြုဌာနများကို ၁၉၅၇ ခု၊ ဖေဖော်ဝါရီလ တွင် ဖွင့်လှစ်ခဲ့ပါသည်။

<u>ဗဟိုဌာနများမှာ-</u>

၁။	မြစ်ကြီးနား	ကချင်ပြည်နယ်
၂။	ပူတာအို	။
၃။	လာရှိုး	ရှမ်းပြည်နယ်(မြောက်)
၄။	ကွမ်းလုံ(ဝနယ်)	။
၅။	ဖလမ်း	ချင်းပြည်နယ်(မြောက်)
၆။	ဟားခါး	။
၇။	တီးတိန်	။
၈။	မင်းတပ်	။ (တောင်)

www.dhammaransi.com

၉။ ပလက်ဝ ။ ။

၁၀။ ခန္ဓီး နာဂဗောဓိတန်း

၁၁။ ဖားအံ ကရင်ပြည်နယ်

၁၂။ လွိုင်ကော် ကယားပြည်နယ်

၁၃။ ထောက်ပံ့ရေးအဖွဲ့များ ဖွဲ့စည်းခြင်း

ဗောဓိတန်းသာသနာပြုဌာနများတွင် သာသနာပြုလုပ်ငန်းများကို အထောက်အပံ့ပေးနိုင်ရန်အတွက် ရပ်သူ/ရွာသားများ၊ ဗုဒ္ဓဘာသာဝင်များပါဝင်သော ထောက်ပံ့ရေးအဖွဲ့ငယ်များကို ၁၉၅၆ ခု၊ ဇူလိုလတွင် ဗောဓိတန်းဒေသအသီးသီး၌ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

အခြေခိုက်ဗဟိုဌာနများတွင်မူ ထောက်ပံ့ရေးအဖွဲ့ခွဲများကို ဖွဲ့စည်း၍ ထိုအဖွဲ့များက ကျောင်းဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် ဘာသာရေးလုပ်ငန်းများ၊ သာသနာပြုလုပ်ငန်းများ၌ လိုအပ်သောအကူအညီများကို ထောက်ပံ့ကူညီစေသည်။

ထိုထောက်ပံ့ရေးအဖွဲ့များတွင် ဒေသခံတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များနှင့် အစိုးရဝန်ထမ်းများ၊ သာသနာပြုလုပ်ငန်းကို စိတ်ဝင်စားသော အခြားဘာသာဝင်များလည်း ပါဝင်စေရပါသည်။

www.dhammaransi.com

ထိုထောက်ပံ့ရေးဖွဲ့စည်းခဲ့သောဌာနများနှင့် အဖွဲ့ဝင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ကချင်ပြည်နယ်-မြစ်ကြီးနားမြို့၊ တောင်တန်းသာသနာပြုထောက်ပံ့ရေးအဖွဲ့ခွဲ-အမှုဆောင်များ-

ဗဟိုကော်မတီ

၁။	နာယက	တပ်မင်း(ကပ်မဟာ-ဂ)
၂။	ဥက္ကဋ္ဌ	ဦးထွန်းရင်-ကချင်ပြည်နယ် ဦးစီးအဖွဲ့ဝင်
၃။	ဒုဥက္ကဋ္ဌ	ဦးဘမောင်(အတွင်းဝန်)
၄။	ဒုဥက္ကဋ္ဌ	ဝဏ်ဏကျော်ထင်ဦးဘမြိုင် (အငြိမ်းစားခရိုင်ဝန်)
၅။	အတွင်းရေးမှူး	ဦးစောနွဲ့တောင် (ဒေသကိုယ်စားလှယ်)
၆။	တွဲဘက်-ဒုတိယ	ဦးတင်ဖေ(ကျောင်းအုပ် ဆရာကြီး)
၇။	။	ဦးထွန်းမြင့်(အတွင်းဝန်ရုံး)
၈။	။	ဦးသိန်းမောင်(ရုံးဝန်ထောက်)
၉။	ငွေထိန်း	ဦးတင်ဟန်(အတွင်းဝန်)

www.dhammaransi.com

၁၀။	စာရင်းစစ်	ဦးကိုအေး (စာတိုက်ဝန်ထောက်)
၁၁။	။	ဦးသိန်းမောင် (ထောက်ပံ့ရေး)
၁၂။	အာမှုဆောင်	ဆရာကြီးဦးငွေဘော်
၁၃။	။	ဝဏ္ဏကျော်ထင်ဦးဘသိန်း (လမ်းမင်းကြီး)
၁၄။	။	တပ်မတော(ဂ)မှ (ကိုယ်စားလှယ်တစ်ဦး)
၁၅။	။	ဦးသိန်းတန် (ပြည်နယ်ပညာဝန်)
၁၆။	။	ဦးအုန်းရွှေ (စာရေးကြီး)
၁၇။	။	ဦးချန်(ကုန်သည်ကြီး)

ဗဟိုကျောင်းအုပ်ချုပ်ရေးကော်မတီ

၁။	ဥက္ကဋ္ဌ	ဝဏ္ဏကျော်ထင်ဦးဘမော် (အတွင်းဝန်)
၂။	ဒုဥက္ကဋ္ဌ	ဦးသိန်းတန် (ပြည်နယ်ပညာဝန်)

www.dhammaransi.com

၃။	အာတွင်းရေးမှူး	ဦးတင်ဖေ(ကျောင်းအုပ် ဆရာကြီး)
၄။	တွဲဘက် အာတွင်းရေးမှူး	ဦးထွန်းမြင့် (အာတွင်းဝန်ရုံး)
၅။	အမှုဆောင်	ဦးဖေသိန်း (လမ်းဝန်ထောက်)
၆။	။	ဦးကံရ (စိုက်ပျိုးရေးအရာရှိ)
၇။	။	သဘာဝမွမ္မဆရာသန်း
၈။	။	ဦးငွေးဘော် (မြို့အာတွင်းရေးမှူး)
၉။	။	ဦးကျော်ဇော (မြို့မဝန်ထောက်ကြီး)
၁၀။	။	ဦးဘိုးခင်(တိရစ္ဆာန် ဆေးကု ဝန်ထောက်)
၁၁။	။	ဦးမောင်မောင် (ရုံးဝန်ထောက်)

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း ၁၂၁

နယ်ကျောင်းအုပ်ချုပ်ရေးဆပ်ကော်မတီ

၁။ ဉက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးဘဒ္ဒန္တ
(လမ်းမင်းကြီး)

၂။ ဒုဉက္ကဋ္ဌ ဦးဘိုးခင်(တိရစ္ဆာန်
ဆေးကု ဝန်ထောက်)

၃။ အတွင်းရေးမှူး ဦးစောနွဲ့တောင်
(ဒေသကိုယ်စားလှယ်)

၄။ တွဲဘက် ဦးသိန်းမောင်
အတွင်းရေးမှူး (ရုံးဝန်ထောက်)

၅။ အမှုဆောင် တပ်ရင်း(၂၄)မှအရာရှိတစ်ဦး

၆။ ။ ပြည်စောင့်ရဲတပ်ရင်း(၁၃)
မှ အရာရှိတစ်ဦး)

၇။ ။ ဦးလှမောင်(ခရိုင်ဝန်)

၈။ ။ ဦးသောင်း
(လမ်းအာရေးပိုင်)

ကချင်ပြည်၊ ပူတာအိုပြိုနယ်အဖွဲ့ခွဲအမှုဆောင်အဖွဲ့

၁။ ဉက္ကဋ္ဌ တပ်မတော်တပ်ခဲမှူး
ဗိုလ်ကြီးဝင်းမြင့်သန်း

www.dhammaransi.com

၂။	ဒဲညကွင်	လူဝင်မှုကြီးကြပ်ရေးမှူး ဦးအောင်မြင့်
၃။	အတွင်းရေးမှူး	ပါလီမန်အမတ်ဟောင်း ဦးအောင်ဘ
၄။	တွဲဘက် အတွင်းရေးမှူး	မြို့နယ်လျှပ်စစ်မှူး ဦးစောနွဲ့မောင်
၅။	ဘဏ္ဍာရေးမှူး	ပြည်သူ့ထောက်ပံ့ရေးဌာန ဦးပေါ်ထွန်း
၆။	စာရင်းစစ်	လူဝင်မှုကြီးကြပ်ရေးဌာန ဦ.းရွှေသောင်း
၇။	ဆော်သြရေးမှူး	ဦးထက်ရင်
၈။	အဖွဲ့ဝင်များ	စောနွဲ့မောင်းခွန် (တောင်တန်းဝန်ထောက်)
၉။	။	ဦးဘကြိုင်(စိုက်ပျိုးရေး ဌာန)
၁၀။	။	ဦးဘာသိန်း (ပညာရေးဌာန)
၁၁။	။	ဦးမြင့်ရွှေ (တိုင်းရင်းသား မှတ်ပုံတင်အရာရှိ)

www.dhammaransi.com

၁၂။ ။ ဦးအေးကြူ (ကျန်းမာရေး ဆေးဌာန)

၁၃။ ။ ဦးသန်းရွှေ (စကြည့်တိုက်ဌာန)

၁၄။ ။ ဦးစိန်းထွေး (ကြိုးမဲ့ကြေးနန်း)

၁၅။ ။ ဒေါ်အာခံဇိုလ်-ဇိုလ်ကေ ဇမာ့တပ်မတော်

၁၆။ ။ ဦးစံပါလစ်(ယူဘီအေ-ကိုယ်စားလှယ်)

၁၇။ ။ ဦးတောနွဲ့ကိန်း (ကံထရိုက်တာကြီး)

၁၈။ ။ ဦးဝန်ရှောလီ (တရုတ်အမျိုးသားအပွဲ)

၁၉။ အာမှုဆောင် ဦးစိန် (တရုတ်အမျိုးသားကြီး)

၂၀။ ။ ဦးလှရင်(ကုန်သည်ကြီး)

၂၁။ အပွဲဝင်များ တေဇမန်း(လှပ်ရှားတော်ဘွား ကြီး မှတောင်းရွာ)

www.dhammaransi.com

၂၂။ ။ စောခန်ဟုန်(လူကြီး-
ပူတောင်းရွာ)

၂၃။ ။ စောနွဲ့မန်း(သူကြီး-
ဟိုခိုရွာ)

၂၄။ ။ စောနွဲ့ရွှေတန်(သူကြီး-
ဟိုခိုရွာ(

၂၅။ ။ စောခိုင်ဖ(သူကြီး-
ကုန်လောရွာ)

၂၆။ ။ ဦးစောပက္ကို(သူကြီး-
လုံးခွက်ရွာ)

၂၇။ ။ စောဒွေး(သူကြီး-ကိုဖိုင်

၂၈။ ။ စောပလန်ဝန်(သူကြီး-
ပါအောင်ရွာ)

နာဂတောင်တန်းခရိုင်၊ ခန္ဓီးမြို့အဖွဲ့ -အမျှဆောင်

၁။ ဉက္ကဋ္ဌ ခရိုင်ဝန်မင်း

၂။ ဒုဉက္ကဋ္ဌ တပ်ဆွယ်မှူး

၃။ အတွင်းရေးမှူးနှင့်
ငွေထိန်း မြို့မဝန်ထောက်

www.dhammaransi.com

၄။	အမှုဆောင်	ဦးချစ်(ခရိုင်အာဏာဝန်)
၅။	။	ဦးသိန်းဟန်(ခရိုင်ရဲဝန်)
၆။	။	ဦးတင်ဦး (လမ်းဝန်ထောက်)
၇။	။	ဒေါ်သန်းမြင့်(မိခင်နှင့် ကလေးများစောင့် ရှောက်ရေးဥက္ကဋ္ဌ)
၈။	။	ဒေါ်သိန်းသိန်း(အမျိုးသမီး ဥက္ကဋ္ဌ)
၉။	။	ဦးဆက်မောင် (ပညာရေးမှူး)
၁၀။	။	ဦးမြခင်(စာတိုက်အုပ်)
၁၁။	။	ဦးဘမော်(အထက်တန်း ဆွေတာစုဆောင်း လ/ထ)
၁၂။	။	ဦးအောင်မြတ်သာ (သာသနာရေးဒေသကိုယ် စားလှယ်)
၁၃။	။	ဦးဘသွင်(ကန်တရိုက်ကြီး)
၁၄။	။	ဦးစိန်(ကုန်သည်ကြီး)

www.dhammaransi.com

၁၆။ ။ ဦးတင်(ကုန်သည်ကြီး)

၁၇။ ။ ဦးဘခိုင်(ကုန်သည်ကြီး)

၁၈။ ။ ဦးငြိမ်း(လျှပ်စစ်စာရေးကြီး)

၁၉။ ။ ဦးသန်းဆိုင်(ကုန်သည်ကြီး)

ကယားပြည်နယ်၊ လွိုင်ကော်မြို့အပွဲ.–အမှုဆောင်များ ရဟန်းတော်သက်ဆိုင်ရာအပွဲ.

၁။ နာယက စကားဆရာတော်

၂။ ။ မင်းကျောင်းဆရာတော်

၃။ ဥက္ကဋ္ဌ ဥတ္တရာရုံဆရာတော်

၄။ အကျိုးတော်ဆောင် ဦးသဒ္ဓမ္မပါလ

၅။ အမှုဆောင်ဆရာတော် မိုးဖြဲဆရာတော်

၆။ ။ ရွှေကျောင်းဆရာတော်

၇။ ။ ဝါဆိုကျောင်းဆရာတော်

၈။ ။ မိုင်းလုံးကျောင်းဆရာတော်

www.dhammaransi.com

၇။	အာတွင်းရေးမှူး	ဦးအောင်မြင့်(ဒေသကိုယ်စားလှယ်)
၈။	ငွေထိန်း	ဦးအောင်ညွန့်(ကစည်ပင်အတွင်းရေးမှူးလောင်း)
၉။	အဖွဲ့ဝင်	ဦးဇော်ဆိုင်း(ခရိုင်ဝန် အဖော်ချို မြောက်အထူးခရိုင်၊ဟိုပန်ခရိုင်)
၁၀။	။	တပ်ရင်းမှူး(အမှတ်-၁၂ ခြေလျင်တပ်ရင်း လားရှိုး)
၁၁။	။	တပ်ရင်းမှူး(အမှတ်-၇၈၇ သေနတ်ကိုင်တပ်ရင်း၊ ကွတ်ခိုင်)
၁၂။	။	ဗိုလ်မှူးတင်မောင် (ပြည်ထောင်စုစစ်ရဲတပ်ရင်း(၁၂)လာရှိုး)
၁၃။	။	ဦးကြည်မြင့်(နယ်ပိုင် ဝန်ထောက်၊ ပန်းယမ်းမြို့)
၁၄။	။	ဦးမောင်မောင်(နယ်ပိုင် ဝန်ထောက်၊ ကိုးကန်မြို့)

www.dhammaransi.com

၁၅။	။	ဦးစောနိုင်(နယ်ပိုင် ဝန်ထောက်၊မိုင်မောမြို့)
၁၆။	။	ဦးကျော်အေး (လ/ထ တိုင်းမှူး၊ ဘဝသစ် ဖန်တီးရေးအဖွဲ့၊ လာရှိုး)
၁၇။	အဖွဲ့ဝင်	ဦးပညာ(တောင်ပိုင်း(ဝ) နယ်၊ ပါလီမန်အဖတ်၊ သိပေါ်)
၁၈။	။	ဦးခွန်ကာ(မြောက်ပိုင်း(ဝ) နယ်၊ ပါလီမန်အဖတ်- သိန္နီမြို့)

မတူပီမြို့ ချင်းတောင်ပိုင်းအဖွဲ့ခွဲ-အမှုဆောင်စာရင်း

၁။	ဥက္ကဋ္ဌ	ဦးအောင်ခေါ်
၂။	အတွင်းရေးမှူး	ဦးဦးလှိုင်
၃။	ဒဏ္ဍထိန်း	ဦးငြိမ်းမောင်
၄။	စာရင်းစစ်	ဦးမောင်ဟန်
၅။	အမှုဆောင်	ဦးကျော်စိုး
၆။	။	ဦးဇုံထန်း

www.dhammaransi.com

၇။	။	ဦးထန်းခိုရှိန်း
၈။	။	ဦးဖော
၉။	။	ဦးရာပြည့်
၁၀။	။	ဦးလိန်းရှယ်
၁၁။	အမှုဆောင်	ဦးကျော်အေး
၁၂။	။	အေ-ဘိုးစိန်
၁၃။	။	ဦးပါဒဒိုင်း

ပလက်ဝမြို့ ချင်းတောင်ပိုင်းအဖွဲခွဲ-အမှုဆောင်စာရင်း

၁။	ဥက္ကဋ္ဌ	နယ်ပိုင်ဝန်ထောက်
၂။	အတွင်းရေးမှူး	ဦးစိန်ခ
၃။	အမှုဆောင်	ဦးသင်ဟုတ်(စိုက်ပျိုးရေးဝန်ထောက်)
၄။	။	ဦးခန့်(နယ်စီးတောအုပ်)
၅။	။	ဆရာအောင်(သမားတော်)
၆။	။	ဦးထွန်းမြ(အရပ်လူကြီး)
၇။	။	ဦးညှာ(လ/ထပြန်ကြားရေးအရာရှိ)
၈။	။	ဦးကြင်းကျန်(အရပ်လူကြီး)

www.dhammaransi.com

၉။	။	ဦးဘဇ္ဈေ(ရိုက္ခာရလူကြီး)
၁၀။	။	ဦးဘိုးသာ(နယ်ပိုင်ရုံးစာဖရေးကြီး)

ကန့်ပက်လက်ပြု၊ ချင်းတောင်ပိုင်းအဖွဲ့ခွဲ–အမျှဝေဆောင်စာရင်း

၁။	ဥက္ကဋ္ဌ	ဦးဘစော
၂။	ဒုဥက္ကဋ္ဌ	ဦးထန်းရှိန်း
၃။	အတွင်းရေးမှူး	ဦးသွင်
၄။	တွဲဘက် အတွင်းရေးမှူး	ဦးစောလူ
၅။	ဘဏ္ဍာရေးမှူး	ဦးချစ်ထွန်း
၆။	စာရင်းစစ်	ဦးအံဝေထော်နီ
၇။	အဖွဲ့ဝင်	ဦးစိန်ရိုး(ကုန်သည်)
၈။	။	ဦးစောလေး(မန်နေဂျာ)
၉။	။	ဦးဌီအောင်(ကျောင်းဆရာ)
၁၀။	။	ဦးထွန်းဖေ(။)
၁၁။	။	ဦးအုံးဖေ (။)
၁၂။	။	ဦးကိုးထန်းအောင်(။)
၁၃။	။	ဦးတင်အေး(အရပ်လူကြီး)

www.dhammaransi.com

၁၄။ ။ ဦးဘအုန်း(စာတိုက်ဌာန)

၁၅။ ။ ဦးချစ်ကရီ(အရပ်လူကြီး)

၁၆။ ။ ဦးနိုင်းလိန်းသာ (တိုက်အုပ်တိုက်နယ်)

တိဒင်ပြို့ ချင်းမြောက်ပိုင်းအဖွဲ့ခွဲ–အမှုဆောင်စာရင်း

၁။	ဥက္ကဋ္ဌ	နယ်ပိုင်ဝန်ထောက်မင်း
၂။	ဒုဥက္ကဋ္ဌ	ဗွဲတိုက်ဝန်ထောက်
၃။	အတွင်းရေးမှူး	ဦးဘသန်း(အကောက်အရာရှိ)
၄။	ဘဏ္ဍာရေးမှူး	ဦးဘချို(ချွေတာစုဆောင်းရေးဌာန)
၅။	စာရင်းစစ်	ဦးဘိုးမြိုင်(ဌာနအုပ်)
၆။	အမှုဆောင်	ဦးသိန်လှ(အထက်တန်းပြကျောင်းဆရာ)
၇။	။	ဦးမြလှိုင်(မူလတန်းပြကျောင်းဆရာ)
၈။	။	ဦးခင်လျှန်(ရဲကြပ်)

www.dhammaransi.com

မင်းတပ်ပြို့ ချင်းတောင်ပိုင်းအဖွဲ့ခွဲ-အမှုဆောင်စာရင်း

၁။	ဥက္ကဋ္ဌ	ဦးဘချစ်
၂။	ဒုဥက္ကဋ္ဌ	ဦးလှဖေ
၃။	အတွင်းရေးမှူး	ဦးသောင်း
၄။	တွဲဘက် အတွင်းရေးမှူး	ဦးသန်းတင်
၅။	ငွေထိန်း	ဦးအောင်မြတ်
၆။	အမှုဆောင်	ဦးချန်ထွန်း
၇။	။	ဦးခင်
၈။	။	ဦးခင်မောင်(ပညာအုပ်)
၉။	။	ဦးအောင်သာကုန်
၁၀။	။	ဦးရှိန်မောင်
၁၁။	။	ဦးထွန်းလှအောင်
၁၂။	။	ဦးကိုးလင်း
၁၃။	။	ဦးချစ်မောင်
၁၄။	။	ဦးအောင်ခိုင်
၁၅။	။	ဦးလိန်းဆန်းကိုး
၁၆။	။	ဦးခင်မောင်(ဆရာ)

www.dhammaransi.com

ဖလန်းပြို့ ချင်းတောက်ပိုင်းအဖွဲ့ခွဲ-အမှုဆောင်စာရင်း

၁။	ဥက္ကဋ္ဌ	ဦးစိန်းမောင်ဝင်း
၂။	ဒုဥက္ကဋ္ဌ	ဦးဖွင့်လိန်း
၃။	အတွင်းရေးမှူး	ဦးလေးမောင်
၄။	ဒုတိန်း	ဦးလှမောင်
၅။	တွဲဘက် အတွင်းရေးမှူး	ဦးကျော်မွန်း
၆။	ပစ္စည်းထိန်း	ဦးနီ
၇။	အမှုဆောင်	ဦးပင်ညော်ကီး
၈။	။	ဦးသိန်းမောင်
၉။	။	ဦးစိန်မင်း
၁၀။	။	ဦးဇော်နီ
၁၁။	။	ဦးသွင်
၁၂။	။	ဦးထွန်းအောင်
၁၃။	။	ဦးငုတ်ကျောင်း
၁၄။	။	ဒေါ်ခင်စော
၁၅။	။	ဦးသောင်းအုပ် (စာရင်းစစ်)

www.dhammaransi.com

သထုံ၊ ဘီးလင်း–အမျှဆောင်စာရင်း

၁။	ဥက္ကဋ္ဌ	ဦးသာဒွန်းအောင်(ယစ်မျိုးမှူး)
၂။	ဒုဥက္ကဋ္ဌ	ဦးအောင်သိန်း(သစ်တောရုံးစာရေးကြီး)
၃။	အကျိုးဆောင်	ဦးထွန်းလှ(ပဒေသရာဇ်ဝန်ရှင်တော်မင်းကြီးရုံးစာရေးကြီး)
၄။	တွဲဘက်အကျိုးတော်ဆောင်	ဦးစံသင်း(ကွာရီပိုင်ရှင်နှင့် သတ္တဝါကိုယ်စားလှယ်)
၅။	စာရင်းစစ်	ဦးသိန်းဉာဏ်(စာတိုက်အရာရှိ)
၆။	တွဲဘက်စာရင်းစစ်	ဦးချစ်စိန်(ကျောင်းဆရာကြီး)
၇။	ငွေထိန်း	ဦးကံဘော်(လယ်ဝန်ရုံးစာရေးကြီး)
၈။	အမျှဆောင်	လယ်တီဦးလှတင်(အစိုးရပါဠိပဥမပြန်ကော်မတီ)

www.dhammaransi.com

၉။	။	ဦးမောင်ကြီး (ရဝဏ်ထောက်)
၁၀။	။	ဆရာခင်(နက္ခဆရာကြီး)
၁၁။	။	ဦးညွှာ(ရဲတိုက်ပိုင်)
၁၂။	။	ဦးဘိုးမောင်(မြေပိုင်ရှင်)
၁၃။	။	ဦးမာင်ကလေး(ရဲတိုက်ပိုင်)
၁၄။	။	ဦးထွန်း(ကျောင်းဆရာကြီး)
၁၅။	။	ဦးမောင်မောင် (သာသနာအကျိုးဆောင်)
၁၆။	။	ဦးစိုစံ(ကုန်သည်ကြီး)
၁၇။	။	ဦးထွန်းလှဇံ(ကျောက်ထိုးအုပ်)
၁၈။	အမှုဆောင်	ဦးနှင်းမောင်(မြေစာရင်းအင်စပိတ်တော်)
၁၉။	။	ဦးကျော်ရွှေ(မြေပိုင်ရှင်)
၂၀။	။	ဦးဘသစ်(ရဝဏ်ကြီး)
၂၁။	။	ဦးဘသွင်(ရဲအုပ်)

www.dhammaransi.com

၁၃၆ တောင်တန်းသာသနာပြုသမိုင်း

၂၁။ ။ ဦးကျော်ငြိမ်း(ကျောင်းဆရာကြီး)

၂၀။ တောင်တန်းသာသနာပြုသင်တန်းကျောင်း ဖွင့်လှစ်ခြင်း

တောင်တန်းသာသနာပြုလုပ်ငန်းလုပ်ရာတွင် ခရစ်ယာန်သာသနာပြုများက အင်စိန်ကျမ်းစာကျောင်းတွင် ခရစ်ယာန်သာသနာပြုသင်တန်းဖွင့်လှစ်ပြီး လေ့ကျင့်ပေးပြီးမှ စေလွှတ်သကဲ့သို့ ဗုဒ္ဓဘာသာသနာပြုရဟန်းတော်များကိုလည်း လေ့ကျင့်သင်ကြားပညာပေးပြီးမှ လွှတ်ရန်သင့်ကြောင်း ဆရာတော်ဦးဝိမလ၊ ဦးဥတ္တမသာရတို့၏ အကြံပြုချက်အရ တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့သည် ၁၉၅၂ ခုတွင် တောင်တန်းဗုဒ္ဓသာသနာပြုသင်တန်းကို ရဲပိဋကတ်တိုက်၌စတင် ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့သည်။ ကျောင်းအုပ်ဆရာတော်မှာ သရက်တောကျောင်းတိုက် မင်းကျောင်းဆရာတော်ဦးဝိမလ(အဂ္ဂမဟာပဏ္ဍိတ)ဖြစ်ပါသည်။

ထို့နောက် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ပေါ်လာပြီးနောက် တောင်တန်းသာသနာပြုအဖွဲ့ ကမ္ဘာအေးသို့ပြောင်းရွှေ့သောအခါ သာသနာပြုသင်တန်းကျောင်းကို ဥတ္တရကုရုကျောင်းဆောင်၌ ဆက်လက်ဖွင့်လှစ်၍ သင်ကြားပို့ချပေးခဲ့ပါသည်။

www.dhammaransi.com

ဖောင်တန်းသာသနာပြုသမိုင်း ၁၃၇

ဖောင်တန်းဘာသနာပြုသင်တန်းဖွင့်လှစ်သင်ကြား ပို့ချမှု လုပ်ငန်းနှင့်ပတ်သက်၍ ဖောင်တန်းသာသနာပြုအဖွဲ့သည်-

၁။ ဖောင်တန်းသာသနာပြုသင်တန်းကျောင်း ဖွင့်လှစ်ရန် စည်းမျဉ်း

၂။ ပြဋ္ဌာန်းဘာသာရပ်များ

၃။ သင်တန်းကျောင်းအုပ်ချုပ်ရေးတာဝန်ခံ ဆရာတော်၏စည်းမျဉ်း

၄။ ဖောင်တန်းသာသနာပြုသင်တန်းကျောင်း တက်ရောက်ခွင့်အရည်အချင်း သတ်မှတ်ချက် စည်းမျဉ်း

၅။ သာသနာပြုရဟန်းတော်များ လိုက်နာရန် စည်းမျဉ်းတို့ကို ဖေးဆွဲသတ်မှတ်အတည်ပြုခဲ့ ကြရသည်။

၂၁။ ဖောင်တန်းသာသနာပြုသင်တန်းကျောင်း ပွင့်လှစ်ရန် စည်းမျဉ်းပြဋ္ဌာန်းဘာသာရပ်များ

၁။ သင်တန်းကျောင်းတွင် အခါးအားလျော်စွာ အုပ်ချုပ်ညွှန်ကြားရန်အတွက် ဆရာတော်ကြီး

www.dhammaransi.com

များအား သာသနာပြုသင်တန်းကျောင်း သြဝါဒါစရိယ မဟာနယကဆရာတော်များ အဖြစ်(၅)ပါး တင်မြှောက်ထားရမည်။

၂။ သင်တန်းချိန်အတွင်းအမြဲတန်းထိုင်၍သင်တန်း ကိစ္စအဝဝကို ဆောင်ရွက်ပေးရန်အတွက် သင်တန်း အုပ်ချုပ်ရေး တာဝန်ခံဆရာတော်များ အဖြစ်လည်း (၅)ပါး တင်မြှောက်ထားရမည်။

၃။ သာသနာပြုသင်တန်းကျောင်း ဖွင့်လှစ်ရန် အချိန်ကာလမှာ နှစ်စဉ်ဒီဇင်ဘာလမှစ၍ တစ်လတိတိသင်ကြား ပေးရမည်။

၄။ သာသနာပြုသင်တန်းကျောင်းတွင် တစ်ကြိမ်လျှင် အနည်းဆုံး(၅၀)တက်ရောက်သင်ကြားခွင့် ပြုရမည်။

၅။ သင်တန်းကျောင်းတွင် အောက်ပါဘာသာရပ်များကို သင်ကြားပြသရမည်-

၁။ ဗုဒ္ဓဘာသာအဓိကပြုဘာသာ

၂။ တရားဟောနည်းပြဘာသာ

www.dhammaransi.com

၃။ ဘာသာနိုင်းယှဉ်ချက်နည်းပြဘာသာ

၄။ ဒေသန္တရဗဟုသုတနည်းပြဘာသာ

၅။ ကျောင်းအုပ်ချုပ်ရေးနှင့် ပညာသင်ကြားရေး နည်းပြဘာသာ

၆။ ပေါင်းသင်းဆက်ဆံရေးနည်းပြဘာသာ

၇။ တရားဟောပြောဆွေးနွေးမှုနည်းပြဘာသာ

၈။ ကျန်းမာရေးနည်းပြဘာသာ

ဤဘာသာရပ်(၈)ရပ်ကို သင်ကြားပြသပေးနိုင်ရမည်။

၂၂။ သင်တန်းကျောင်းအုပ်ချုပ်ရေးတာဝန်ခံ ဆရာတော်များ လိုက်နာရန်စည်းမျဉ်း

၁။ အုပ်ချုပ်ရေးတာဝန်ခံဆရာတော်သည် သာသနာပြု သင်တန်းကျောင်း မဖွင့်မီကြိုတင်၍ တောင်တန်း သာသနာပြုဌာနများမှနစ်စဉ် အနားယူခွင့်တောင်းသော သံဃာစာရင်းများ၊ အခြားအကြောင်းများကြောင့် နှစ်မစေ့မီ ပြန်ကြွခွင့်တောင်းသော သံဃာတော်များ၊ သံဃာတော်များစာရင်းများနှင့် တိုးချဲ့ဖွင့်လှစ်ရန် အမိန့်ကျပြီးသော သာသနာပြုဌာနများ

www.dhammaransi.com

အတွက် သံဃာအသစ်ပို့လွှတ်ရန်စာရင်း များကိုအတိအကျ ကောက်ယူစစ်ဆေးရ မည်။

၂။ သာသနာပြုဌာနတို့မှ အနားယူမည့်သံဃာ ရှိ / မရှိ အကြောင်းကြား၍လည်းကောင်း၊ သာသနာပြုဌာနနှင့် သံဃာတော်များ မည်၍ မည်မျှလစ်လပ်သည်တို့ကိုသိရှိရန် စုံစမ်း စစ်ဆေးရမည်။

၃။ တာဝန်မှာ မဟာနာယကဆရာတော်ကြီးများ ထံသို့ သာသနာပြုသံဃာတော်ကောင်းများ ရရှိရေးအတွက် တောင်တန်းဒေသများတွင် သာသနာပြုရန်စိတ်အားထက်သန်ကြသော သံဃာတော်များရှိလျှင် ထောက်ခံစေလွှတ်ရန် အကြောင်းကြားစာများကို အချိန်မီကြိုတင်၍ ပေးပို့ရမည်။

၄။ ယင်းပုဂ္ဂိုလ်များအား သင်တန်းမဖွင့်မီတစ်လ ခန့်မှ ကြိုတင်၍ သင်တန်းလျှောက်လွှာများ ခေါ်ယူပြီး လက်ခံခြင်း၊ သင်တန်းသားဦးရေ သတ်မှတ်ခြင်းများကို ပြုလုပ်ရမည်။

www.dhammaransi.com

၅။ သင်တန်းသားသံဃာတော်များ နေထိုင်ရန် အတွက် အဖဲ့မှခွင့်ပြုသော သင်တန်းကျောင်း တွင် နေရာချထားပေးရမည်။

၆။ ဆွမ်းအတွက် မျှတအောင်ဆက်ကပ်နိုင်ရေးတို့ အတွက် အချိန်မီစီစဉ်ပေးရမည်။

၇။ သင်တန်းသားသံဃာတော်များ၏ စည်းကမ်း သေဝပ်ရေးနှင့် အချိန်မီသင်တန်းကတ်နိုင်ရေး အတွက် ကြိုးကြပ်အုပ်ချုပ်ရမည်။

၈။ လိုအပ်သောကိစ္စများကိုလည်း တတ်အား သမျှ ဆောင်ရွက်ကူညီပေး၍ ယဉ်ကျေး ဖော် ရွေစွာ ဆက်ဆံခြင်းကို ပြုရမည်။

၂၃။ တာဝန်ခံကထိကများ၏ တာဝန်

၁။ တာဝန်ခံကထိကများသည် သာသနာပြုသင် တန်းကျောင်း မဖွင့်မီရက်တစ်ပတ်ခန့်ကြိုတင် ၍ မျက်နှာစုံညီအစည်းအဝေးခေါ်ပြီး ဟော ပြောသင်ပြမည့် ဘာသာရပ်များကို အချိန် ဇယား မှန်ကန်စွာသတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးတိုင်ပင် ဆုံးဖြတ်ရမည်။

www.dhammaransi.com

၂။ သင်တန်းပြုရမည့်နေ့ရက်မတိုင်မီ ၎င်းရက်ခန့် ကြိုတင်၍ ဆိုင်ရာကထိကများအားလည်း အသိပေးထားရမည်။

၃။ ကထိကများအစည်းအဝေးသို့ ကြွရောက် လာနိုင်ရေးအတွက်လည်း အချိန်မီကားဖြင့် ပင့်ဖိတ် နိုင်ရန်စီစဉ်ပေးရမည်။

၄။ သင်တန်းကျောင်းဖွင့်လှစ်ချိန်တွင် ဆောင်ရွက် ဖွယ်ကိစ္စများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး အတွက် တောင်တန်းသာသနာပြုမှ စာရေး များအား ခေါ်ယူစေခိုင်နိုင်ခွင့်ရရန်ဆိုင်ရာ အဖွဲ့ လူကြီးများထံသို့ မေတ္တာရပ်ခံစာပေးရမည်။

၅။ သင်တန်းကျောင်းဖွင့်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်ပွဲများ၌ ပင့်ဖိတ်သင့်သောအဖွဲ့ဝင် လူကြီးများ၊ ကျန်းမာရေးကထိက နည်းပြ လူကြီးများအား အချိန်မီပင့်ဖိတ်၍ ခမ်းနား သိုက်မြိုက်စွာကျင်းပနိုင်အောင် ဆောင်ရွက် ပေးရမည်။

...

၆။ ကြွရောက်လာကြသော ဆရာတော်များနှင့် လူကြီးများအား ဝတ္တရားကျပွန်စွာ ဧည့်ခံ ကျွေးမွေးရမည်။

www.dhammaransi.com

၇။ သတင်းစာတိုက်များ၊အသံလွှင့်ဌာနနှင့်ပြန်ကြား ရေးဌာနသို့ နိုင်ငံတော်မှဖောင်တန်းသာသနာ ပြုရေးအ တွက် သဒ္ဓါတရားဖြစ်အောင် အား ပေးလာအောင် ကြေငြာချက်များ ဖြန့်ဝေပေး ပို့ခြင်း၊ အသံလွှင့်ဌာနမှ အသံလွှင့်ခြင်းများ ပြု လုပ်ရမည်။

ဤလုပ်ငန်းကိစ္စအဝဝကို သင်တန်းသားအုပ်ချုပ်ရေး တာဝန်ခံဆရာတော်များက လိုက်နာဆောင်ရွက်ကြရမည်။

၂၄။ ဖောင်တန်းသာသနာပြုသင်တန်းကျောင်း တက်ရောက်ခွင့်အရည်အချင်း

၁။ ဖောင်တန်းသာသနာပြုသင်တန်းကျောင်းသို့ တက်ရောက်သင်ကြားလိုသော သံဃာဖတ် များသည် ကျန်းမာရေး၊ ဇဲ့၊ သတ္တိနှင့်ပြည့်စုံရန် ပေါ်ဦးသင်းဆက်ဆံရေးကို နားလည်ပြီးလျှင် ဗုဒ္ဓသာသနာ ကြီးပွားတိုးတက်ရေးကို လိုလား သူ ဖြစ်ရမည်။

၂။ နိုင်ငံတော်အစိုးရ အသိအမှတ်ပြုပါဠိပထမပြန် စာမေးပွဲ၌ ပထမကြိုးတန်းအောင်မြင်သူ(သို့) ပထမကြိုးတန်းနှင့်တူညီသောပရိယတ္တိ အရေ

www.dhammaransi.com

၁၄၄ တောင်တန်းသာသနာပြုသမိုင်း

ခံရှိပြီး (၁၀)ဝါထက် မငယ်သောသံဃာတော်
ဖြစ်ရမည်။

၃။ ဗဟိုတောင်တန်းသာသနာပြု အမျှဆောင်
ဆရာတော်များအဖွဲ့မှ အမိန့်အရပြဌာန်းဆုံး
ဖြတ်ထားသောသာသနာပြုသင်တန်းကျောင်း
တွင် သင်တန်းရက်ကုန်ဆုံးသည့်အထိ ပြီးဆုံး
အောင်မြင်အောင် တက်ရောက်သင်ကြားရ
မည်။

၄။ တက်ရောက်အောင်မြင်ပြီးလျှင် အဖွဲ့မှစေလွှတ်
ခံထားသော သာနသာပြုဌာနများရှိသည့်
ကချင်, ကယား, ကရင်, ချင်း, နာဂစသော
တောင်တန်းဒေသများသို့ ကြွရောက်သာသ
နာပြုရမည်။

ကထိကများ ခန့်ထားရေးဆိုင်ရာ

၁။ သံဃာတော်ဘက်ဆိုင်ရာ ကထိကများနှင့်
ကျန်းမာရေးဘက်ဆိုင်ရာပုဂ္ဂိုလ်များနေရာ ကို
သံဃာအမှုဆောင်အဖွဲ့များမှ ရွေးချယ်ခွင့်ရှိ
သည်။

www.dhammaransi.com

၂၅။ သင်ကြားရေးဆိုင်ရာ စည်းမျဉ်း

၁။ ကျန်းမာရေးနည်းပြဘာသာရပ်များအတွက် နေ့စဉ်နံနက်တိုင်း လူပုဂ္ဂိုလ်ဘက်ဆိုင်ရာ ကျန်းမာရေးအဖွဲ့ဝင် ကထိကဆရာများက တာဝန်ယူ၍ ကျန်ဘာသာရပ်များအတွက် သံဃာတော်ဘက်ဆိုင်ရာကထိကများက တာဝန်ယူ၍ ဟောပြောသင်ကြားပြသရမည်။

၂။ သင်တန်းပြချိန်အတွက် သီတင်းနေ့များမှ တစ် ပါး နေ့စဉ်နံနက် (၈း၀၀) မှ (၉း၀၀) နာရီထိ တစ်ချိန်

နေ့လည်(၁၂း၀၀)နာရီမှ (၂း၀၀)နာရီထိ တစ် ချိန်၊

(၂း၃၀)နာရီမှ (၄း၀၀)နာရီထိတစ်ချိန်

တစ်နေ့သုံးကြိမ်ထား၍(၄း၃၀)နာရီတိုင်အောင် အချိန်ပြည့်သင်ကြားပြသပေးရမည်။

၃။ သင်တန်းစာမေးပွဲများကို (၂) ရက်ကျင်းပ၍ စာမေးပွဲအောင်မြင်သော သံဃာတော်များ အား သာသနာပြုစာမေးပွဲအောင်လက်မှတ် များ ဆက်ကပ်ပေးရမည်။

www.dhammaransi.com

ဂေတာင်တန်းသာသနာပြုသမိုင်း

၄။ ထိုနောက် မိမိတို့ကျရာ ဂေတာင်တန်းဒေသများသို့သွားရောက် သာသနာပြုရမည်။

၂၆။ သာသနာပြုရဟန်းတော်များလိုက်နာရန် စည်းကမ်းချက်များ

ဂေတာင်တန်းဒေသများ၌ သာသနာပြုရာတွင် အခက်အခဲများကျော်လွှားနိုင်ရန် သာသနာပြုများအား အောက်ပါအထောက်အပံ့နှင့် အခွင့်အရေးများသတ်မှတ်ပေးထားပါသည်-

သာသနာပြုရဟန်းအဖြစ်ခန့်ထားခံရသော ရဟန်းများသည်-

၁။ ဂေတာင်တန်းသာသနာပြုအဖွဲ့ချုပ်၏ ညွှန်ကြားချက်များကို အမြဲတန်းလိုက်နာရမည်။

၂။ အဖွဲ့ကစေလွှတ်သော ဂေတာင်တန်းဒေသသို့ ကြွရောက်၍ သာသနာပြုကျောင်းတွင် အနည်းဆုံးသုံးနှစ်တိတိ ၎သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ရမည်။

၃။ သာသနာပြုရဟန်းတော်၏ မိဘဆရာသမားများမကျန်းမာ၍ မှာကြားခဲ့လျှင်သော်လည်း ကောင်း၊ မသွားလျှင်မဖြစ်သော အရေးကိစ္စ

www.dhammaransi.com

များရှိလျှင်သော်လည်းကောင်း၊ အဖွဲ့သို့အမိန့်ခံ၍ အမိန့်စာရပြီးမှသာ သွားလာနိုင်ခွင့်ရှိသည်။

၄။ တောင်တန်းသာသနာပြုရဟန်းတော်များသည် လူအပေါင်းတို့ ကြည်ညိုလေးစားခံယူနိုင်သော ဝိနည်းဒေသနာတော်နှင့်အညီ ကိုယ်နှုတ်နှလုံးစောင့်စည်း၍ သီတင်းသုံးနေထိုင် ဟောပြောပြရမည်။

၅။ တောင်တန်းသာသနာပြုရဟန်းသည် သာသနာပြုအဖွဲ့ ရွေးချယ်ခန့်ထားသောခေါင်းဆောင် ဥက္ကဋ္ဌ ဆရာတော်၏ဆုံးမဩဝါဒ ခံယူရမည်။

၆။ သုံးလလျှင်တစ်ကြိမ်အစည်းအဝေးပြုလုပ်၍ သာသနာပြုလုပ်ငန်းများကိုလည်းကောင်း၊ လိုအပ်သောအရာများ ဖြည့်စွက်သင့်သော အရာများကို တိုင်ပင်ဆွေးနွေး၍ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ကြရမည်။

၇။ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် သာသနာပြုဆောင်ရွက်ချက်များကို ရန်ကုန်ကမ္ဘာအေးရှိ တောင်တန်း သာသနာပြုအဖွဲ့သို့ တစ်လတစ်ကြိမ်အစီရင်ခံစာ တင်ပေးရမည်။

www.dhammaransi.com

၈။ သာသနာပြုသံဃာတော်များသည် သာသနာပြုသင်တန်းကျောင်းသို့ တစ်လတက်ရောက်ရမည်။

၉။ သာသနာပြုကျောင်းမှသင်သော ဘာသာရပ်(၈)မျိုးကိုသင်ယူ၍ စာမေးပွဲစီစစ်မှုကို ခံယူကြရမည်။

၁၀။ အောင်မြင်သော သံဃာများကို ဂုဏ်ထူးဆောင်လက်မှတ်ဆက်ကပ်လှူဒါန်းခံရမည်။

၁၁။ စာမေးပွဲအောင်သောပုဂ္ဂိုလ်များကို သာသနာပြုအဖြစ်ခွေးချယ်ပြီး "သာသနယောဓ" ဘွဲ့တံဆိပ်ပေးအပ်နှင်း၍ သာသနာပြုစေလွှတ်ရာအရပ်သို့ ကြွရောက်သာသနာပြု ကြရမည်။

၁၂။ သာသနာပြုရာတွင် တောင်ပေါ်သားများ၏ စရိုက်ကိုကြည့်ရှု၍ အခါကာလအားလျော်စွာ ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်မှုရတနာသုံးပါးတို့ကို ကိုးကွယ်ဆည်းကပ်မှု ပေါင်းသင်းဆက်ဆံရေးနားလည်မှု၊ တိုးတက်ကြီးပွားမှု၊ နေထိုင် စားသောက်ရေးနှင့် ကိုယ်ကျင့်

www.dhammaransi.com

တရားဖောင်းမွန်မှု၊ ခေတ်မှီ နိုးကြားမှုစသည်တို့ကို စေတနာထက်သန်စွာထား၍ ဟောပြောပို့ချလမ်းညွှန် သင်ကြားပြသနိုင်ရမည်။

၁၃။ သာသနာပြုသံဃာတော်များသည် မိမိနေထိုင်ရာဖောကျောင်းမှ အခြားမနေနိုင်လောက်သော အဖောကြောင်းပြချက်ခိုင်လုံမှုမရှိဘဲ တစ်ပါးသောကျောင်း၌ ဝါကပ်ဝါဆိုခြင်း၊ ရက်လ များစွာနေထိုင်ခြင်းများကို ရှောင်ကြဉ်ပြီး မိမိကျောင်း၌သာ သီတင်းသုံးနေထိုင်ရမည်။

၁၄။ မနေနိုင်လောက်သော အဖောကြောင်းရှိက အဖောကြောင်းခိုင်လုံစွာပြ၍ ဆိုင်ရာခေါင်းဆောင်ဆရာတော်ရှိသော ဗဟိုဌာနသို့ခေတ္တ ပြောင်းရွှေ့ နေထိုင်ခွင့်တင်ပြပြီး ခွင့်ပြုချက်ရက နေနိုင်ခွင့်ရှိသည်။

၁၅။ ဖောင်တန်းသာသနာပြု ရဟန်းတော်များသည် ရန်ကုန်ရှိဖောင်တန်းသာသနာပြုဗဟို အဖွဲ့ချုပ်၏အမိန့်မရဘဲ မိမိသွားလိုရာဒေသများသို့ မိမိသဘောဖြင့် ထွက်ခွာမသွားရပါ။

www.dhammaransi.com

၁၆။ ဆွမ်းဆန်တော်ရိက္ခာတစ်နှစ်အတွက်ထောက်ပံ့ခံရပြီးသော သာသနာပြုရဟန်းသည် ရိက္ခာတော် နှစ်ကုန်ဆုံး၍ နှုတ်ထွက်အနားယူလိုလျှင် တောင်တန်းသာသနာ ပြုအဖွဲ့နှင့်ဆိုင်ရာ တောင်တန်းသာသနာပြု ဒေသခံါင်းဆောင် ဆရာတော်ထံသို့ စာဖြင့်အကြောင်းကြားရမည်။

၁၇။ သာသနာပြုကျောင်းမှနှစ်စဉ်၍ နှုတ်ထွက်အနားယူခဲ့လျှင်(သို့) အခြားသာသနာပြု ကျောင်းသို့ အဖွဲ့၏အမိန့်ဖြင့် ပြောင်းရွှေ့ရခဲ့လျှင် မိမိနှင့်မဆိုင်သောကျောင်း၊ ကျောင်းသုံးပရိဘောဂဝတ္ထုပစ္စည်းတို့ကို နောက်ထပ် ရောက်လာမည့် သာသနာပြုသံဃာ၊ တရားဟောဆရာ၊ ကျောင်းဆရာတစ်ဦးဦး ထံသို့ လည်းကောင်း၊ ဆိုင်ရာထောက်ပံ့ရေး အဖွဲ့သို့ လည်းကောင်း (သို့မဟုတ်)အားလုံးစုံညီရှေ့တွင်လည်း စာရင်းနှင့်တကွ လွှဲပြောင်းအပ်နှံရမည်၊ တောင်တန်းသာသနာပြုအဖွဲ့ချုပ်သို့ လည်း လွှဲအပ်ပြီးကြောင်း စာဖြင့်အကြောင်းကြားရမည်။

www.dhammaransi.com

၁၈။ သာသနာပြုသံဃာတော်သည်အဖွဲ့မှ ရိက္ခာတော်တစ်နှစ်အတွက် ထောက်ပံ့မှုယူပြီးလျှင် မိမိတို့ကျရာ တောင်တန်းဒေသများ၌ ရိက္ခာတော်တစ်နှစ်ကုန်ဆုံးသည့်အထိ စေတနာထား၍ သာနသာပြုရမည်။

၁၉။ ရိက္ခာတော်ထောက်ပံ့ရာ၌ ဆိုင်ရာတောင်တန်းနယ်များသို့ ရိက္ခာသယ်ယူပို့ဆောင်ရေးအတွက် သယ်ယူရမည့်ခရီစရိတ်၊ ပစ္စည်းအသုံးအဆောင်တို့ကို အနီးအဝေးအလိုက် ချင့်ထွက်၍ အဖွဲ့မှသတ်မှတ်ပေးအပ်သည့်အတိုင်း လက်ခံကြရမည်။

၂၀။ အဖွဲ့မှအမိန့်မရဘဲ မြေပြန့်ဒေသသို့ခရီးထွက်ခြင်းနှင့် မိမိတို့သဘောအလျှောက် မည်သည့်ကလေးငယ်များ ခေါ်ဆောင်လာခြင်းအတွက် ကုန်ကျမည့်ခရီးစရိတ်နှင့် ဧည့်ခံ စရိတ်များကို ၎င်းပုဂ္ဂိုလ်ကပင် တာဝန်ယူရပါမည်။

၂၁။ အဖွဲ့မှအမိန့်မရဘဲ တောင်ပေါ်ဒေသ မိမိတို့နေရာကျောင်းများ၌ ပဉ္စင်းခံရှင်ပြုပွဲများပြု လုပ်ခြင်း၊ ကျောင်းကန် ဘုရားစေတီများနှင့်

www.dhammaransi.com

သာသနာအဆောက်အဦများ ဆောက်လုပ်ခြင်း၊ မီးထွန်းပွဲကထိန်ပွဲ၊ ဝက်ဘာပွဲစသည် သာသနာကိစ္စများ ဆောင်ရွက်သောကုန်ကျစရိတ်ကိုလည်း ၎င်းပုဂ္ဂိုလ်ကပင် တာဝန်ယူရပါမည်။

၂၂။ အဖွဲ့မှအမိန့်အရ တောင်တန်းဒေသသို့ သာသနာပြုကိစ္စအဝဝအတွက် ထောက်ပံ့လှူဒါန်း သတ်မှတ်ပြီးသော ထောက်ပံ့စရိတ်ထက် ပိုလွန်သုံးစွဲခြင်းအတွက် ထပ်မံ တောင်းဆိုခြင်း မပြုရပါ။

၂၃။ သို့သော် မိမိတို့တောပြောသာသနာပြုမှုကြောင့် ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်သူများ ပေါ်ပေါက်လာ၍ ရရှိသောအကျိုးကျေးဇူးများကိုမူ ခံစားခွင့်ရှိပါသည်။

၂၄။ တောင်တန်းသာသနာပြုအဖွဲ့ဝင်သံဃာများသည် မိမိတို့ဒေသအလိုက် အဖွဲ့မှခန့်ထားသော ခေါင်းဆောင်ဥက္ကဋ္ဌဆရာတော်အပြင် နိုးစပ်ရာသဘောတူပုဂ္ဂိုလ်အချင်းချင်း စည်းရုံး၍ နိုင်ငံရေးအရသော်လည်းကောင်း၊ သာသ

www.dhammaransi.com

နာရေးအရသော်လည်းကောင်း၊ အသင်းဖွဲ့စည်းခြင်း၊ အတိုက်အခံပြုခြင်း (သို့မဟုတ်) သီးခြားသာသနာပြုအဖွဲ့ တည်ထောင်ခြင်း၊ ခေါင်းဆောင်ဥက္ကဋ္ဌအကျိုး တော်ဆောင်တင်မြှောက်ခန့်ထားခြင်းကို တားမြစ်ပါသည်။

၂၅။ သာသနာပြုသံဃာတော်များသည် ဆိုင်ရာကျောင်းများနှင့်ပတ်သက်သော စာပြဆရာနှင့် တရားဟောဆရာများ သာသနာပြုသံဃာများ ကျောင်းသစ်ဖွင့်ခြင်းတို့ကို မိမိတို့သဘောအလျောက် လွှဲပြောင်းခန့်ထားခြင်း၊ နှုတ်ပယ်ခြင်းများကို မပြုရပါ။

၂၆။ အဖွဲ့မှစေလွှတ်ထားသော သာသနာပြုပုဂ္ဂိုလ်များ နေထိုင်သီတင်းသုံးသော ဌာနတိုင်းရှိ သာသနာပြုကျောင်းများသည် တောင်တန်း သာသနာပြုအဖွဲ့ပိုင်ကျောင်းများသာ ဖြစ်ရပါမည်။

၂၇။ သာသနာပြုအဖွဲ့ဝင် သံဃာတော်များသည် အဖွဲ့သို့ပေးပို့ရန်ရှိသော လစဉ်အစီရင်ခံစာနှင့် အခြားအကြောင်းများအတွက် ဘုံရာဌာန ဗဟို

www.dhammaransi.com

၁၅၂။ ကောင်တန်းသာသနာပြုသမိုင်း

ဖတောင်တန်းသာသနာပြုအဖွဲ့သို့သာ ပေးပို့ရပါမည်။

၂၈။ အထက်ဖော်ပြပါ သတ်မှတ်ချက်များအတိုင်း ဗဟိုအဖွဲ့နှင့် သာသနာပြုပုဂ္ဂိုလ်များ အမြဲတန်းဆက်သွယ်နေရပါမည်၊ သို့မှသာလိုအပ်သောကိစ္စများကို အမြန်ဆုံးဖြေရှင်းပေး နိုင်မည်ဖြစ်သည်။

၂၉။ ဖတောင်တန်းသာသနာပြု သံဃာတော်များနှင့် ကျောင်းဆရာ၊ တရားဟောဆရာများအား ထေက်ပံ့ရေးအတွက် သတ်မှတ်ရာတွင် အဖွဲ့ဝင်သံဃာတော်များသည် မိမိတို့နေထိုင်ရမည့် နေရာကျောင်း၌ လိုအပ်သော ဆွမ်းစရိတ်, ကျောင်းသုံး ပရိဘောဂ, ဆေးဝါးပစ္စည်းများ၊ ကျောင်းသားသူငယ်များအတွက် လိုအပ်သောအဝတ်အထည်, စာရေးကရိယာများ ထောက်ပံ့ရန်တစ်ပါးလျှင် တစ်နှစ်အတွက် ရိက္ခာတော်ငွေကျပ် ၁၀၀၀/-ခံယူရမည်။

၃၀။ အဖွဲ့ဝင်ဒေသဆိုင်ရာ သာသနာပြုခေါင်းဆောင် ဆရာတော်များသည် မိမိတို့လက်အောက်ရှိ

www.dhammaransi.com

သာသနာပြုကျောင်း များနှင့်ဖောင်တန်း သူ/သားများအတွက် နေထိုင်သွားလာရေး၊ ဦးခံပို့ဆောင်ရေးတို၌ အကူအညီပေးနိုင်ရန် တစ်နှစ်လျှင်ရိက္ခာငွေကျပ်-၁၀၀၀/-အပြင် ဦးခံစရိတ်ငွေကျပ်-၅၀၀/-ကိုပါ အခါအားလျော်စွာခံယူခွင့်ရှိသည်။

၃၁။ သာသနာပြုအဖွဲ့ဝင်ကျောင်းဆရာနှင့် တရားဟောဆရာများသည် အခါအားလျော်စွာအဖွဲ့မှ လစဉ်ထောက်ခံ သော ထောက်ပံ့ကြေးငွေ-၅၀၀/-ကို ရရှိခံစားခွင့်ရှိသည်။

၃၂။ သံဃာတော်များသည် မိမိတို့ရိက္ခာတော်နှင့် မကုန်ဆုံးမိ မကျန်းမာခဲ့လျှင် ဆေးဝါးစရိတ်ရရှိရေးအတွက် ဆိုင်ရာမြို့နယ်တောင်တန်း သာသနာပြုထောက်ပံ့ရေးအဖွဲ့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတစ်ဦးဦးထံတွင်ဖြစ်စေ၊ တိုင်းမင်းကြီး, ခရိုင်ဝန်, ဆရာဝန်နှင့် သာသနာရေးအရာရှိတစ်ဦးဦးထံမှ ဖြစ်စေ။ မကျန်းမာကြောင်းထောက်ခံစာ(၂)စောင်ပူးတွဲ၍ ဆိုင်ရာမှတစ်ဆင့် ဆေးဝါးကုသစရိတ်ရရှိရန် တောင်းဆိုခွင့်ရှိသည်။

www.dhammaransi.com

၃၄။ ဗျာပန္နစရိတ်သတ်မှတ်ရေးမှာ ဒေသနယ်ပယ်အလိုက် တောင်တန်းသာသနာပြုအဖွဲ့မှ အခါအားလျော်စွာ ပြောင်းလဲပြင်ဆင်သတ်မှတ်ခွင့်ရှိပါသည်။ (ပြင်ဆင်ဖြည့်စွက်ခွင့် နှုတ်ပယ်ခွင့်များလည်း ရှိသည်။)

၂၇။ ပရဟိတဂေဟာများ တည်ထောင်ခြင်း

ပြည်နယ်တောင်တန်းဒေသတွင် ရှိနေကြသော မိဘမဲ့ကလေးများ ဆင်းရဲနွမ်းပါးသောကလေးများကို သာသနာပြုဌာနများ၌လက်ခံ၍ အခြေခံဘာသာရေး, ပညာရေး, ကျန်းမာရေးနှင့် ဗဟုသုတများကို သာသနာပြုဆရာတော်များကသင်ကြားပေးပို့ခဲ့သည်။

ထိုကလေးများ ပညာသင်ကြားရေးအဆင်ပြေစေရေးနှင့် သူတို့၏ ဘဝမှီခိုအားထားရာရှိရေးအတွက် ကျောင်းအိပ်ကျောင်းစားအဖြစ်လက်ခံကျွေးမွေးပြုစုနိုင်ရန်အတွက် ကော်မတီများဖွဲ့စည်းပြီး တောင်တန်းသာသနာပြု မိဘမဲ့နှင့် ဆင်းရဲသောကလေးများ စောင့်ရှောက်ရေးဂေဟာများကို ၁၉၅၇ ခုနှစ်တွင် တည်ထောင်ခဲ့သည်။

ဗဟိုတောင်တန်းသာသနာပြုမိဘမဲ့နှင့် ဆင်းရဲနွမ်းပါးသည့် ကလေးဂေဟာများ ဖွင့်ခဲ့သောဌာနများမှာ-

www.dhammaransi.com

ဖောင်တန်းသာသနာပြုသမိုင်း ၁၅၆

၁။ မြစ်ကြီးနား ကချင်ပြည်နယ်

၂။ ဟားအံမြို့ ကရင်ပြည်နယ်

၃။ လွိုင်ကော်မြို့ ကယားပြည်နယ်

၄။ ဖရူးဆိုးမြို့နယ်၊ ညောင်ဇင် ။
ဌာန

၅။ ဖရူးဆိုးမြို့နယ်၊ ဖေားလဲဌာန ။

၆။ ဘော်လခဲမြို့နယ်၊ နန်းဖဲဌာန ။

၇။ ရှားဖော်မြို့နယ်၊ဒေါ်တဖနော ။
ဌာန

၈။ လွိုင်ကော်မြို့နယ်၊ ဖောဘင်မော့ ။
ဌာန

၉။ မိုးဖြမြို့နယ်၊ လအိဌာန ရှမ်းပြည်နယ်

၁၀။ မိုးဖြမြို့နယ်၊ဆိုင်ခွန်ဌာန ။

၁၁။ မိုးဖြမြို့နယ်၊လပင်နွဲဌာန ။

၁၂။ မိုးဖြမြို့နယ်၊လကျိုနွဲဌာန ။

၁၃။ ဘီးလင်းမြို့ ။

၁၄။ ဖယ်ခုံမြို့ ။

၁၅။ ဖလမ်းမြို့ ချင်းပြည်နယ်မြောက်ပိုင်း

www.dhammaransi.com

၁၅၇ တောင်တန်းသာသနာပြုသမိုင်း

၁၆။ မင်းတပ်မြို့ ချင်းပြည်နယ်တောင်ပိုင်း

၁၇။ မင်းတပ်မြို့နယ်၊ ။

ဝမ်းမသူးဌာန

၁၈။ ကန်ပက်လက်မြို့နယ် ။

အေးချောင်း

၁၉။ ကွမ်းလုံမြို့ ရှမ်းပြည်နယ်မြောက်ပိုင်း

၂၀။ ခန္ဓီးမြို့ နာဂတောင်တန်း

ထိုဒေဟာများ၌ ကလေးများကိုအခြေခံစိုက်ပျိုးရေးနှင့် လက်မှုပညာ အားကစားနှင့်အခြေခံပညာများ သင်ပေးသည်။ ထူးချွန်လျှင် အလယ်တန်း၊ အထက်တန်းအထိသို့ လွှတ်၍ပညာသင်ပေးပါသည်။ စိုက်ပျိုးရန်မြေကွက်ရှိသော ဒေဟာများ၌ နှစ်စဉ်ကောက်ပဲသီးနှံဟင်းသီးဟင်းရွက်စိုက်ပျိုးပြီး ဒေဟာအတွက် ရိက္ခာအဖြစ်အသုံးပြုသည်။

ထို့နောက် လူမှုဝန်ထမ်းဌာနနှင့်ဆက်သွယ်၍ အကူအညီ အထောက်အပံ့ကို တောင်းခံယူသည်။ လူမှုဝန်ထမ်းဌာနမှ စိစစ်ပြီးလိုအပ်သော အကူအညီများပေးနိုင်ခွင့်ရရန် မှတ်ပုံတင်၍ အသိအမှတ်ပြုပေးသည်။

ထို့နောက် စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်၊ ဆေးဝါးအသုံးအဆောင်ပစ္စည်းများကို နှစ်စဉ်ထောက်ပံ့ကူညီပါသည်။

www.dhammaransi.com

၂၈။ ကျောင်းဆရာ၊ တရားဟောဆရာများ ခေါ်ယူအားပေးခြင်း

ဗောဓိတန်းသာသနာပြုလုပ်ငန်းဆောင်ရွက်ရာတွင် ဗုဒ္ဓဘာသာသံဃာတော်များသည် ခရစ်ယာန်သာသနာပြုများ ဆောင်ရွက်သကဲ့သို့ အစစအရာရာ၌ တန်းတူ မဆောင်ရွက်နိုင်ကြပေ၊ ရဟန်းသံဃာတော်များ ဝိနည်းသိက္ခာပုဒ်များကကန့်သတ်ပေးထားပါသည်။

သို့အတွက် ဗောဓိတန်းသာသနာပြုလုပ်ငန်းကို ထိရောက်အောင်မြင်စွာဆောင်ရွက်လိုပါက ဘာသာတရားကိုင်းရှိုင်း၍ သာသနာပြုလုပ်ငန်းတွင် စိတ်ဝင်စားပြီး သည်းခံမှု၊ ဇွဲသတ္တိရှိမှု၊ စိတ်ရှည်စွာ သိမ်းသွင်းစည်းရုံး နိုင်မှုစသော သာသနာပြုစိတ်ဓာတ်ပြင်းပြသောလူပုဂ္ဂိုလ်များကို သံဃာတော်များနှင့် တွဲဖက်ဆောင်ရွက်ရန် လိုအပ်လာပါသည်။

ဗောဓိတန်းသာသနာပြုလုပ်ငန်းသည် ဘာသာရေးဆိုင်ရာလုပ်ငန်းများကိုသာမက ကျန်းမာရေး၊ ပညာဗဟုသုတတိုးပွားမှု၊ ရပ်ရွာစည်ပင်သာယာမှု၊ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးမှု၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုစသောလုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

www.dhammaransi.com

ထိုလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် တောင်တန်းရှိ တိုင်းရင်းသားများ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုကိုတတ်ကျွမ်းကာ ဘာသာပြန်ပေးနိုင်ပြီး အထက်ဖော်ပြပါ အရည်အချင်းရှိသော လူပုဂ္ဂိုလ်များကို ကျောင်းဆရာ၊ တရားဟောဆရာအဖြစ် သာသနာပြုဌာနနှင့် ပရဟိတတွဲထားသောကျောင်းများ၌ သာသနာပြုဆရာတော်များနှင့် အတူ တွဲ၍ကာလေးများ စပေသင်ကြားရန်ဖြစ်ဓစ၊ သာသနာပြုဆရာတော်မကြွနိုင်သော နေရာသွားရောက်၍ ဟောပြောသင်ကြားရန် ဖြစ်ဓစ၊ သာသနာပြုကျောင်းဆရာများ တရားဟောဆရာများကို ခန့်ထားပေးနိုင်ရန် ၁၉၅၁ ခု၊ လွလာရေးအစီရင်ခံစာအရ ဆွေးနွေးညှိနှိုင်းကြပြီး စီမံချက်ဆောင်ရွက်ခဲ့ရပါသည်။

၂၉။ တောင်တန်းသာပြုကျောင်းဆရာခန့်ထားရေး စည်းမျဉ်း

တောင်တန်းသာသနာပြုဆရာများ ခန့်ထားရေးနှင့် ပက်သက်၍ အောက်ပါစည်းမျဉ်းများကို ရေးဆွဲသတ်မှတ်ခဲ့ကြပါသည်-

၁။ သာသနာပြုဌာနရှိ ကျောင်းဆရာများသည် ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်သူဖြစ်၍ ဗုဒ္ဓ

www.dhammaransi.com

သာသနာပြန့်ပွားဖေးရေးကို လိုလားပြီး ကျန်းမာ
ရေးနှင့်ပြည့်စုံကာ နိုင်ငံတော်အစိုးရ အာသီ
အမှတ်ပြုအလယ်တန်းကျောင်းမှ အနည်းဆုံး
သတ္တမတန်း အောင်မြင်ပြီးသော လူပုဂ္ဂိုလ် (သို့
မဟုတ်) သတ္တမတန်းနှင့် တူညီသော ပညာ
အရည်အချင်းရှိသောပုဂ္ဂိုလ်ဖြစ်ရပါမည်။

၎င်းသည် မိမိ၏သာသနာပြုကျောင်းများတွင်
နေထိုင်သောသံဃာတော်များနှင့် တင့်တယ်
ညီညွတ်စွာနေထိုင်တတ်၍ အမျိုးဘာသာ
သာသနာကြီးပွားတိုးတက်ရေးကို လိုလား
ပြီး၊ သာသနာပြုသံဃာတော်များ၏ကိစ္စ
အမှုကြီး/ငယ်တို့ကို ကူညီဆောင်ရွက်ပေးနိုင်
သော ပုဂ္ဂိုလ်ဖြစ်ရမည်။

သာသနာပြုဌာန၊ ကျောင်းများတွင် နေ့စဉ်
သင်ကြားပေးရသော ကျောင်းသား/သူငယ်ရေ
သည် အနည်းဆုံး(၂၀)ရှိရမည့်ပြင် အနာဂါတ်
တွင် ကျောင်းသားငယ်ရေတိုးတက်ပွယ်အလား
အလာရှိသော သာသနာပြုဌာနအတွက်သာ
ကျောင်းဆရာခန့်ထားရပါမည်။

www.dhammaransi.com

၄။ သို့သော် ကျောင်းဆရာခန့်ထားရာ၌လုံလောက်သော လျှောက်လွှာအထောက်အထား အရည်အချင်းများနှင့် ပြည့်စုံသော်လည်း တောင်တန်းသာသနာပြု ဗဟိုအလုပ်အမှု ဆောင်အဖွဲ့မှ တိုးချဲ့ခန့်ထားရန် သင့်/မသင့်စသော ဆုံးဖြတ်ချက်များအပေါ်တွင် မူတည်၍ ဆောင်ရွက်ကြရမည်။

၅။ ကျိုက်ဖော်ပြပါ သတ်မှတ်ချက်များဖြင့် အရည်အချင်းနှင့် ပြည့်စုံသောကျောင်းဆရာများအား ရွေးချယ်ခန့်ထားရမည်။

တောင်တန်းသာသနာပြုသမိုင်း ၂၂၉

နာဂဇေတောင်တန်းရှိ သာသနာပြုကျောင်းများနှင့် ရဟန်းတော်များ စာရင်း

၁။ ဝိန်းကူးကျောင်း	ဦးကုသလ
၂။ ဟတ္ထိကျောင်း	ဦးကောဝိဒ
၃။ ဆော်လော်ပုံညိုကျောင်း	ဦးကဝိန္ဒ
၄။ လေရှိုးကျေးရွာကျောင်း	ဦးဝိသုဒ္ဓ
၅။ စွန်ပရာလေရှိုးကျောင်း	ဦးဝိစိဿ
၆။ မေတဲကျောင်း	ဦးသဒ္ဓမ္မလင်္ကာရ
၇။ လဟယ်ကျောင်း	ဦးကဝိန္ဒာစရိယ
၈။ ရုံစီကျောင်း	ဦးသုမန
၉။ နောက်လော်ကျောင်း	ဦးဂ္ဂနန္ဒက
၁၀။ နန်းရုံးကျောင်း	ဦးသုန္ဒရ
၁၁။ ကြယ်တခုကျောင်း	ဦးသုမန
၁၂။ ပန်ဆောက်ကျောင်း	ဦးဝါယမ

www.dhammaransi.com

အာသံပြည်နယ်ရှိ သာသနာပြုကျောင်းများနှင့် ရဟန်းတော်များ စာရင်း

၁။	တောဖာကျယ်ကျောင်း	ဦးတိသ(ခေါင်းဆောင်)
၂။	ပုံမိုးကျောင်း	ဦးဂုဏဝံသ
၃။	ဒီဘိုရန်းကျောင်း	ဦးသီလာယတန
၄။	နောင်ဇံကျောင်း	ဦးဒေဝိန္ဒ
၅။	တောရပထကျောင်း	ဦးကဿာစာရ
၆။	ဒါမာရာကျောင်း	ဦးကောဝိဒ
၇။	လောင်ဂံကျောင်း	ဦးဝါယမ
၈။	ဂါရိဟီလ်ကျောင်း	ဦးကောသလ္လ
၉။	ပန်စွန်ကျောင်း	ဦးကဿဝံသ

တောင်တန်းသာသနာပြုရေးနှင့်ပတ်သက်၍ နှံငင်တော ဗုဒ္ဓသာသနာအပ္ပံ့မှ နှံစဉ်ညီ သုံးစွဲခဲ့သောငွေများစာရင်း

၁၉၅၂-၅၃ခုနှစ်အတွက်	ငွေကျပ်-၁၆၉၁၄၀/-
၁၉၅၃-၅၄ခုနှစ်အတွက်	ငွေကျပ်-၂၁၆၀၀၀/-

www.dhammaransi.com

၁၉၅၄-၅၅ခုနှစ်အတွက် ဌေးကျော်-၂၀၉၂၃၁/-

၁၉၅၅-၅၆ခုနှစ်အတွက် ဌေးကျော်-၁၀၉၂၄၅၆/-

၁၉၅၆-၅၇ခုနှစ်အတွက် ဌေးကျော်-၂၄၂၃၁၂/-

၁၉၅၇-၅၈ခုနှစ်အတွက် ဌေးကျော်-၁၈၂၂၅၃/-

၁၉၅၈-၅၉ခုနှစ်အတွက် ဌေးကျော်-၂၃၄၂၆၆/-

၁၉၅၉-၆၀ခုနှစ်အတွက် ဌေးကျော်-၂၂၇၁၅၃/-

၁၉၆၀-၆၁ခုနှစ်အတွက်(လျှာထား) ဌေးကျော်-၂၂၀၀၀၀/-

မှတ်ချက်။ ။ ၁၉၆၀-၆၁ခုနှစ်အတွက် ၂၂၀၀၀၀/လျှာထား ခဲ့ရာ ယနေ့အထိ အမှန်သုံးစွဲငွေကျပ် ၁၉၇၁၄၈/-ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဖောင်တန်းဒေသအသီးသီးတွင် သာသနာပြုကျောင်းများ တည်ထောင်ထောက်ပံ့ခြင်း၊ သာသနာပြု စာသင်ကျောင်းများကိုလည်း တည်ထောင်၍ ကျောင်းသုံးစာအုပ်စာတမ်းများနှင့် အဝတ်အထည်များ ထောက်ပံ့ခြင်း၊ သာသနာပြုရဟန်းတော်များကို ပစ္စည်းလေးပါး ဖြင့် ထောက်ပံ့ခြင်း၊ ရှင်ပြုမည့်ဘာသာဝင်များကို ပရိက္ခရာများ လှူဒါန်းခြင်း၊ သာသနာပြုတောင်တန်းဒေသများတွင် ဆေးဝါး

www.dhammaransi.com

များဂျူဒါန်းခြင်းစသည်ဖြင့် နည်းမျိုးစုံအသုံးပြုကာ ဗုဒ္ဓသာဒ၊နာပြုကိစ္စကြီးများကို စွမ်းအားရှိသမျှ ဆောင်ရွက်လာခဲ့ရာ ဖောင်တန်းဒေသအသီးသီးတွင် သာသနာပြုကျောင်းပေါင်း (၁၂၂)ကျောင်း၊ သာသနာပြုရဟန်းတော်ပေါင်း(၁၂၄)ပါး၊ သာသနာပြုတရားဟောဆရာပေါင်း(၃၀)၊ သာသနာပြုကျောင်းဆရာပေါင်း(၂၉)ဦး၊ ကျောင်းသူ/ကျောင်းသားပေါင်း(၆၄၅၀)ကျော် ရှိပါသည်။ ဗုဒ္ဓဘာသာဝင်အဖြစ် သက်ဝင်ယုံကြည်လာသူပေါင်းမှာ(၁)ကချင်ပြည်နယ်တွင်-၁၄၆၆၄၊ (၂) ကယားပြည်နယ်တွင်-၂၁၆၂၂၊ (၃) ချင်းဖောင်တောင်ပိုင်း ကန်ပက်လက်၊ မင်းတပ်နှင့် မတူပီနယ်တွင်-၂၄၂၄၃၊ (၄) ပလက်ဝနယ်တွင်-၁၆၁၅၈၊ (၅) ချင်းဖောင်မြောက်ပိုင်း တီဒင်၊ ဖလန်း၊ ဟားခါးနယ်တွင်- ၁၃၆၀၂၊ (၆) နာဂဖောင်တန်းနယ်တွင်- ၁၁၅၅၀ (၇) နယ်ခြားအုပ်ချုပ်ရေးအထူးခရိုင်ကိုးကန့်နယ်နှင့်(၀)နယ်တွင် ၃၈၂၄၊ (၈) အာသံပြည်နယ်တွင်- ၅၃၇၀၀၊ စုစုပေါင်း- ၁၅၉၄၅၉ အထိ တိုးတက်လာပါသည်။

www.dhammaransi.com

၄၇။ ဗောဓိတန်းသာသနာပြုဗဟိုအဖွဲ့၏ ဆောင်ရွက်လုပ်ကိုင်မှုများ

ဗောဓိတန်းသာသနာပြုအဖွဲ့သည် ရန်ကုန်၊ ကမ္ဘာအေးတွင် ရုံးစိုက်ထားပြီး-

-ဗောဓိတန်းဒေသအသီးသီးတွင် သာသနာပြုကိစ္စအဝဝကို ဆောင်ရွက်လုပ်ကိုင်လျက်ရှိသော သံဃာတော်များနှင့် လူပုဂ္ဂိုလ်ကျောင်းဆရာ၊ တရားဟောဆရာများအား သာသနာပြု လုပ်ငန်းဆိုင်ရာ ညွှန်ကြားမှု ကွပ်ကဲကြပ်မတ်မှုများ ဆောင်ရွက်သည်။

-ဗဟိုအမှုဆောင်ဆရာတော်များအဖွဲ့သည် အကျိုးတော်ဆောင်ချုပ်ဆရာတော်နှင့်တွဲဘက်၍ ရက်သတ္တပါတ်လျှင် (၃)ရက် ရုံးတက်ပြီး ဗောဓိတန်းဒေသအသီးသီး၌ သာသနာပြုပုဂ္ဂိုလ်များထဲမှ သံဃာတော်ဘက်ဆိုင်ရာ လစဉ်အစီရင်ခံများ၊ ကျောင်းဆရာ၊ တရားဟောဆရာများ၏ လစဉ်အစီရင်ခံစာများကို ပေးပို့လာသည်ကို ဖတ်ရှုလေ့လာ၍ လိုအပ်သည်များကို အမြန်အကြောင်းပြန်ပေးရသည်။

-လုပ်ငန်းစဉ်အရပ်ရပ်ကိုလည်း လပြည့်-လကွယ်

www.dhammaransi.com

အဖိတ်နေ့များ၌ ကျင်းပသော ဗဟိုသံယာအမှုဆောင် ဆရာတော်ကြီးများ၏ အစည်းအဝေးတွင်တင်ပြ ဆွေးနွေးဆုံးဖြတ်ကြသည်။

–ထိုအစည်းအဝေးမှာပင် ငွေကြေးနှင့်ပက်သတ်၍ ဆောင်ရွက်ဖွယ်ကိစ္စရပ်များကို အုပ်ချုပ်ရေးဘက်ဆိုင်ရာသို့ စီစဉ်လွှဲပြောင်းပေးသည်။

–လစ်လပ်သောသာသနာပြုဌာနများအတွက် သံဃာတော်များ ရှာဖွေခွေးချယ်၍သြဝါဒရက်ကို သင်တန်းပေးပြီး သာသနာပြုဌာနများသို့ စေလွှတ်ပေးသည်။

–တောင်တန်းဒေသနယ်ဖျား၌ ဗဟိုသာသနာပြုဌာနများမှ သက်ဆိုင်ရာသာသနာပြုရဟန်းတော်များကို ပင့်ဖိတ်၍ တောင်တန်းသာသနာပြုနှစ်ပတ်လည်ညီလာခံများနှင့်သာသနာပြုလုပ်ငန်းဆိုင်ရာ အစည်းအဝေးတွင် ဆွေးနွေးသည့်နှိုးနှောဖလှယ်ပွဲကို နှစ်စဉ်ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ပေးသည်။

–ထိုညီလာခံများသို့ အမှုဆောင်ဆရာတော်များနှင့်စုံစမ်းစစ်ဆေးရေးကော်မတီအတွင်းရေးမှူး၊ အုပ်ချုပ်ရေးအရာရှိချုပ်တို့ ကြွရောက်၍ တစ်နှစ်အတွင်းသက်ဆိုင်ရာ

www.dhammaransi.com

နယ်အသီးသီး၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုများကို စစ်ဆေးသုံးသပ်ခြင်း၊နယ်သာသနာပြုကျောင်းများသို့ ကိုယ်တိုင်ကြွရောက်၍စစ်ဆေးခြင်း၊သာသနာပြု လုပ်ငန်းအတွက် လိုအပ်သည်များကို လက်တွေ့ ညွှန်ကြားဩဝါဒပေးခြင်းများကို ဆောင်ရွက်ကြရသည်။

-ဓေတာင်တန်းသာသနာပြုနှစ်ပတ်လည်ညီလာခံကျင်းပသည့်အခါ သာသနာပြုရဟန်းတော်များလာရောက် ရသည့်ခရီးစရိတ်များကို သာသနာပြုအဖွဲ့မှ ကုန်ကျခံရသည်။

-နယ်ခံသံဃာတော်များနှင့်တကွ အမှုဆောင်ဆရာတော်များဦးပရိသတ်လူပုဂ္ဂိုလ်များ၊ ဆွမ်းကွမ်းကျွေးမွေးစရိတ်ညီလာခံကျင်းပစရိတ် ၁၅၀၀/ကျပ်ကို ရုံးချုပ်မှ ထောက်ပံ့မှုပေးရသည်။

-အခြားလိုအပ်သောစရိတ်များကို ထောက်ပံ့ရေးအဖွဲ့ခွဲနှင့်တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များက အချိုးကျကျခံရသည်။

-ဓေတာင်တန်းသာသနာပြုအဖွဲ့ပိုင်ကျောင်းများကို သက်ဆိုင်ရာထောက်ပံ့ရေးအဖွဲ့ခွဲများနှင့်တိုင်းရင်းသားဗုဒ္ဓ

www.dhammaransi.com

ဘာသာဝင်များအလှူငွေဖြင့် ထိန်းသိမ်းပြုပြင်ရသည်၊ ငွေမလုံလောက်သည့်အခါ သာသနာပြုအဖွဲ့သို့ အကူအညီတောင်းရသည်။

–ရုံးချုပ်မှ အကူအညီတောင်းခံသည့်ကိစ္စအပေါ်တွင် စိစဉ်၍ ကျောင်းပြုပြင်ထိန်းသိမ်းရေးစရိတ်ကို လှူဒါန်းသည်။

–ထိုကျောင်းများ၏ဝန်းခြံစည်းရိုးများကို လုံခြုံရေး ရှိရေးစသည့်ကိစ္စများတွင်လည်း အလားတူပင်ခွင့်ပြုချက်ဘတ်ဂျက်ရန်ပုံငွေနှင့်ချင့်ချိန်၍ ကျခံလှူဒါန်းပါသည်။

–ထိုသို့ကျခံနိုင်ရန်အတွက် သာသနာပြုဌာနမှ သာမန်အသုံးစရိတ်နှင့်စရိတ်ခွင့်ပြုငွေများကို နှစ်စဉ်ရရှိပါသည်။

၄၈။ သာသနာပြုလုပ်ငန်းမှရရှိသောတိုင်းရင်းသား ချစ်ကြည်ရင်းနှီးမှု

တောင်တန်းသာသနာပြုကျောင်းဖွင့်လှစ်ရာ တောင်တန်းဒေသ၌ ဒေသခံတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များ ဆည်းကပ်ကိုးကွယ်ခွင့်ရရှိစေရန်အတွက် ကျေးဇူးမှလှူဒါန်းသော အလှူငွေများနှင့်အခြားပေးလာပါက သာသနာပြုဌာနတွင် ဗုဒ္ဓသာသနာရောက်ရှိရာ မော်ကွန်းအထိမ်းအမှတ်အနေဖြင့် စေတီတော်များ တည်

www.dhammaransi.com

ထားကိုးကွယ်ခွင့်ပြုခဲ့သည်။

ထိုဧစတီကို အကြောင်းပြု၍ ပြုလုပ်သောဘုရားပွဲတော်များတွင်အခြားဘာသာဝင်များလည်း ပါဝင်ပျော်ရွှင်ခွင့်ရကြသဖြင့် ရပ်ရွာ စည်ပင်သာယာမှုရရှိသည်။

လူမှုစည်းရုံးရေးတစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးမှုစသော အကျိုးကျေးဇူးများ ရရှိပါသည်။

သာသနာပြုအထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်နိုင်သောဧစတီများမှာ-

၁။ ချင်းပြည်နယ်တောင်ပိုင်း၊ ဇရောင်းရွာ ကိုးတောင်ပြည့်ဧစတီ

၂။ ချင်းတောင်ပိုင်း၊ ဝမ်းမသူနယ်-မြင်းချရွာဧစတီ

၃။ ချင်းတောင်ပိုင်း၊ ကန်ပက်လက်မြို့-ရေးဧစတီ

၄။ ကချင်ပြည်နယ်၊ ဟူကောင်းတောင်ကြား-ဆင်ဖွဂရန်ရွာဧစတီ

၅။ ကံနိုင်မြို့ဧစတီ

၆။ ချင်းပြည်မြောက်ပိုင်း၊ တီးတိန်ရှိ-ဝဝင္ဆုဝန်ဧစတီ

၇။ ချင်းပြည်မြောက်ပိုင်း၊ ဟားခါးရှိ-သာသနာ့ကျောင်ခြည်ဧစတီတို့ ဖြစ်ကြပါသည်။

www.dhammaransi.com

၄၉။ တော်လှန်ရေးကောင်စီအစိုးရလက်ထက် တောင်တန်းသာသနာပြုလုပ်ငန်း

၁၉၆၂-ခု၊ မတ်လ(၂)ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော တော်လှန်ရေးအစိုးရတက်လာခဲ့သည်။

တော်လှန်ရေးအစိုးရသည် တောင်တန်းသာသနာပြုလုပ်ငန်းကိုဆက်လက်ဆောင်ရွက်နိုင်ရန် တောင်တန်းဒေသနာပြုအဖွဲ့ကို ဗုဒ္ဓသာသနာအဖွဲ့စုံစမ်းစစ်ဆေးရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆက်လက်ဆောင်ရွက်စေခဲ့ပါသည်။

တော်လှန်ရေးအစိုးရလက်ထက်တွင် တောင်တန်းသာသနာပြုသင်တန်းနှင့်ပတ်သက်၍ သင်တန်း(၂)မျိုးဖွင့်ခဲ့သည်-

(၁) အခြေခံသင်တန်း

(၂) ဉာဏ်သစ်လောင်းသင်တန်း

တို့ ဖြစ်ပါသည်။

အခြေခံသင်တန်းမှာ သာသနာပြုသံဃာအသစ်များအတွက် ရည်ရွယ်ပြီး ဉာဏ်သစ်လောင်းသင်တန်းမှာ သာသနာပြုခန့်ထားပြီး ဆောင်ရွက်နေသော သံဃာတော်များအတွက် ဖွင့်လှစ်ပေးခြင်း ဖြစ်ပါသည်။

သင်ရိုးဘာသာရပ်တွင် ယခင်က (၈)မျိုးသာ ပြဋ္ဌာန်းသင်

www.dhammaransi.com

ကြားခဲ့ဖေသော်လည်း ယခုမူ (၂၂)မျိုး သင်ကြားပေးရန် စီစဉ်ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။

အသစ်ထပ်မံသတ်မှတ်သောဘာသာရပ် (၂၂)မျိုးမှာ ဖအောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ဖတောင်တန်းသာသနာပြုသာသနာဝင်

(၂) အုပ်ချုပ်ပုံစနစ်

(၃) နယ်ခြားဖဒေသခရိုးလမ်းစသည့် ပထဝီဝင်

(၄) သာသနာပြုနည်း အဖခြေခံသဖောတရားများ

(၅) ဖကျောင်းထိုင်ပုဂ္ဂိုလ်၏အာဂါရပ်များ

(၆) ကလေးနှင့်လူကြီးများအတွက် ဗုဒ္ဓဘာသာအဖခြေခံသင်တန်း

(၇) တရားဟောနည်း (က)တစ်ဦးချင်း (ခ)ပရိသတ်

(၈) ဖတောင်တန်းသာသနာပြုရဟန်းတော်များ၏ ကိုယ်တွေ့အဖကြောင်းများ

(၉) ဖတောင်တန်းဖဒေသဖလေ့ထုံးစံများ

(၁၀) ဗုဒ္ဓသာသနာအဖွဲ့၏ လုပ်ငန်းများအဖကြောင်း

(၁၁) မြန်မာနိုင်ငံတွင်း နိုင်ငံခြားသာသနာပြုများ၏ ဖဆောင်ရွက်ချက်နှင့်စိတ်ဓာတ်

(၁၂) ဗုဒ္ဓသာသနာဝင်သမိုင်း

(၁၃) ဗုဒ္ဓစာဖပေနှင့်ယဉ်ဖကျေးမှု

www.dhammaransi.com

(၁၄) မြန်မာရာဇဝင်၊ မြန်မာစာပေနှင့်မြန်မာ့ယဉ်ကျေးမှု

(၁၅) ကိုးကွယ်မှုဘာသာ

(၁၆) ကမ္ဘာဘာသာကြီးများအထူးဖြစ်ရပ်များနှင့်နယ်ပယ် ကျယ်ပြန့်မှုပထဝီဝင်

(၁၇) အခြေခံမူလတန်းပညာသင်ကြားရေး

(၁၈) လူမှုရေးရာနှင့်သံဃာတော်များဆက်စပ်မှု

(၁၉) စိုက်ပျိုးရေးပညာ

(၂၀) ပရဟိတလုပ်ငန်းများ၊ မိဘမဲ့ကလေးများစောင့်ရှောက် ရေးနှင့်လက်မှုပညာသင်ကြားရေး

(၂၁) ကျန်းမာရေး

(၂၂) အားကစား စသည့်ဘာသာရပ်ပေါင်း(၂၂)ခု ပို့ချသင်ကြား ပေးပါသည်၊ ယင်းသင်တန်းကို ကမ္ဘာအေးကုန်းမြေ၊ ဥတ္တရကုရု ကျောင်းဆောင်တွင် ၁၉၆၂-ခု မှ ၁၉၆၄ ခုထိ ပို့ချပေးခဲ့ပါသည်၊ သင်တန်းကာလမှာ (၃)လခွဲ ကြာမြင့်ပါသည်။

ယင်းသင်တန်းကို ကျန်းမာရေးဌာနမှ ဆရာဝန်ကြီးများ၊ တိုင်းရင်းမြန်မာ့သမားတော်ကြီးများ၊ ပညာရေးဌာနမှ ဝန်ထမ်း များ၊နယ်ခြားဒေသအုပ်ချုပ်ရေးမှတာဝန်ရှိ တပ်မတော်အရာရှိ များ၊ ဓမ္မကထိကဦးလှသိန်းစသည့် ပညာရှင်များက ပို့ချပေးခဲ့ ကြသည်။

www.dhammaransi.com

ဖောင်တန်းသာသနာပြုသမိုင်း ၂၄၁

ထိုအချိန်တွင် ဖောင်တန်းဗုဒ္ဓသာသနာပြုဌာနများကို လည်း ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ရာ၊ ၁၉၆၃-ခုနှစ်တွင် ကရင်ပြည်နယ်၌ (၄)ဌာန၊ ၁၉၆၄-ခုနှစ်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်၌(၄)ဌာန၊ ထိုနှစ်အတွင်းမှာပင် ရှမ်းပြည်နယ်မြောက်ပိုင်း (၈)နယ်၌(၆)ဌာနတို့ ပေါ်ထွက်ခဲ့ပါသည်။ စုစုပေါင်း သာသနာပြုဌာန(၁၃၂)ဌာန ဖြစ်လာပြီး သာသနာပြုရဟန်းတော်(၁၃၂)ပါးထိ ရှိလာခဲ့ပေသည်၊ ယင်းဌာနများကို ဒေသအလိုက် ဖော်ပြရသော်-

(က)ကချင်ပြည်နယ် ၂၂-ဌာန

(ခ) ရှမ်းပြည်မြောက်ပိုင်း/တောင်ပိုင်း ၁၀-ဌာန

(ဂ) နာဂတောင်တန်းဒေသ ၁၂-ဌာန

(ဃ) ချင်းတောင်မြောက်ပိုင်း ၁၇-ဌာန

(င) ချင်းတောင်တောင်ပိုင်း ၃၂-ဌာန

(စ) ချင်းတောင်အနောက်ပိုင်း ၁၃-ဌာန

(ဆ) ကယားပြည်နယ် ၁၇-ဌာန

(ဇ) အာသံတောင်တန်းဒေသ ၅-ဌာန

(ဈ) ကရင်ပြည်နယ် ၄-ဌာန

www.dhammaransi.com

အာသီးသီးဖြစ်ပါသည်။

အာသံပြည်နယ်တွင် သာသနာပြုဌာနများဖွင့်လှစ်ကာစက ၉-ဌာနဖြစ်သော်လည်း သာသနာပြုရဟန်းတော်များမရှိတော့သဖြင့် ၄-ဌာနပျက်၍ ၅-ဌာနသာ ကျန်တော့သည်။

သာသနာပြုဌာနများတိုးတက်ခဲ့သလို တောင်တန်းသာသနာပြုလုပ်ငန်း၏ ကျေးဇူးကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်လာသော တိုင်းရင်းသားများသည်လည်း တိုးတက်လာခဲ့ပါသည်။

တောင်တန်းသာသနာပြုသံဃာတော်များ ကျောင်းဆရာတရားဟောဆရာများ၏ အစီရင်ခံစာအရ ၁၉၅၅-မှ ၁၉၆၅-အထိ တောင်တန်းဒေသအာသီးသီးရှိ ဗုဒ္ဓဘာသာဝင်ဦးရေ တိုးတက်လာမှု ဇယားကို ပူးတွဲပါအတိုင်း တွေ့ရပါသည်-

စဉ်	ပြည်နယ်	၁၉၅၁-၅၈	၅၈-၆၉	၆၉-၆၀	၆၀-၆၁	၆၁-၆၂	၆၂-၆၃	၆၃-၆၄	၆၄-၆၅	၆၅-၆၆
၁	ကချင်	၁၄၆၀၀	၁၄၆၁၀	၁၄၆၃၀	၁၄၆၅၂	၁၄၆၆၄		၁၄၇၀၀	၁၄၇၆၂	၁၄၇၇၉
၂	ကယား	၂၁၆၇၀	၂၁၆၉၀	၂၁၇၀၀	၂၁၇၁၁	၂၁၇၂၂		၂၁၇၅၄	၂၁၇၇၀	၂၁၇၉၄
၃	ချင်းတောင်	၂၄၁၆၀	၂၄၁၈၈	၂၄၂၀၀	၂၄၂၂၀	၂၄၂၄၃		၂၄၂၇၂	၂၄၂၉၉	၂၄၃၁-၃၂
၄	ပလက်ဝ	၁၆၀၅၀	၁၆၀၇၈	၁၆၁၀၀	၁၆၁၃၀	၁၆၁၄၈		၁၆၁၆၅	၁၆၁၈၀	၁၆၂၀၁
၅	ချင်းမြောက်	၁၃၅၄၀	၁၃၅၆၀	၁၃၅၇၀	၁၃၅၉၀	၁၃၆၀၂		၁၃၆၃၀	၁၃၆၄၀	၁၃၆၅၉-၆၆
၆	နာဂတောင်	၁၁၄၈၀	၁၁၅၀၀	၁၁၅၁၀	၁၁၅၂၀	၁၁၅၄၂		၁၁၅၈၉	၁၁၆၁၀	၁၁၆၃-၆၄
၇	ဝ,နယ်	၃၇၆၀	၃၇၈၀	၃၈၀၀	၃၈၀၀	၃၈၂၄		၃၈၆၅	၃၈၈၂	၃၉၀၇
	စုစုပေါင်း	၁၀၅၂၆၀	၁၀၅၄၀၆	၁၀၅၅၁၀	၁၀၅၆၃၃	၁၀၅၇၅၃		၁၀၅၉၇၅	၁၀၆၁၆၄	၁၀၆၂၆၈
နှစ်အလိုက်တိုး လာသည့်ဦးရေ			၁၄၆	၁၀၄	၁၂၃	၁၂၀		၉၉	၁၇၁	၂၂၄

www.dhammaransi.com

www.dhammaransi.com

၅၀။ တောင်တန်းသာသနာပြုညီလာခံများ ကျင်းပခြင်း

၁၃၂၄-ခု၊ တပေါင်းလပြည့်ကျော် (၁၄)ရက်၊ ၂၂-၄-၆၄ နေ့တွင် ကချင်ပြည်နယ်တောင်တန်းသာသနာပြုအဖွဲ့ (၁၅)နှစ်မြောက် နှစ်ပတ်လည်ညီလာခံကို မြစ်ကြီးနားမြို့ တောင်တန်းသာသနာပြုကျောင်းဝန်းသာသနာ့ဗိမာန်အဆောက်အဦး၌ ကျင်းပခဲ့သည်။

ထို့အတူ ၁၃၂၇-ခု၊ တပေါင်းလဆန်း(၂)ရက်၊ ၂၁-၂-၆၆ နေ့တွင် ကယားပြည်နယ်တောင်တန်းသာသနာပြုညီလာခံကို လွိုင်ကော်မြို့ မြို့လယ်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

၅၁။ တောင်တန်းသာသနာပြုအမှုဆောင်အဖွဲ့ ပြန်လည်ပဲ့ဓနည်းခြင်း

တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့ အမှုဆောင်သံဃာ့အဖွဲ့ကို ၁၉၆၆-ခုနှစ်တွင် ပြင်ဆင်ပဲ့ဓနည်းခဲ့သည်၊ ယင်းအဖွဲ့သစ်တွင်

(၁) ဦးအာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ)
ဆောက်ထပ်ကြီးကျောင်းတိုက် (ရန်ကုန်) ဥက္ကဋ္ဌ

(၂) ဦးပညာသာမိ (ဘုံပြန်ကျောင်း)
ကျောင်းကြီးတိုက်၊ ကြည့်မြင်တိုင် ဒု-ဥက္ကဋ္ဌ

(၃) ဦးပညာသာမိ (တောင်ပေါ်ကျောင်း)
ရေတာရွာလယ်း၊ ဗဟန်း အကျိုးတော်ဆောင်

www.dhammaransi.com

စသည့်ဆရာတော်များစုစုပေါင်း (၁၅)ပါးဖြင့် ပြန်လည် ဖွဲ့စည်းခဲ့ပါသည်။

၅၂။ သာသနာရေးဦးစီးဌာနပေါ်လာခြင်း

တော်လှန်ရေးကောင်စီလက်ထက်တွင် အုပ်ချုပ်ပုံစနစ်သစ်အရ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ ဘုတ်ကော်ပိုရေးရှင်းများကို ဖွဲ့စည်းပုံအသစ်ဖြင့် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းရာ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကို ဖျက်သိမ်း၍ သာသနာရေးဦးစီးဌာနအဖြစ် ပြောင်းလဲခဲ့ပါသည်၊ ၁၉၇၂-ခုနှစ်၊ မတ်လ(၁၅)ရက်နေ့မှစ၍ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနဟူ၍ ဖွဲ့စည်းခဲ့ပြီး သာသနာရေးဦးစီးဌာနတွင် အတွင်းဝန်ရုံး၊ သာသနာ့ညွှန်ကြားရေးဌာနခွဲ၊ ပါဠိတက္ကသိုလ်နှင့်ဓမ္မာစရိယဌာနခွဲ၊ ပါဠိပညာရေးဌာနခွဲ၊ ကမ္ဘာဗုဒ္ဓတက္ကသိုလ်၊ နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့၊တိပိဋကဓရဂ္ဂေးချယ်ရေးအဖွဲ့တို့ကို ပူးပေါင်းကာ သာသနာရေးဦးစီးဌာနဟူ၍ ဖွဲ့စည်းခဲ့ပါသည်၊ သာသနာရေးဦးစီးဌာန၏ သာသနာရေးလုပ်ငန်းများကို လုပ်ငန်းသဘာဝအမျိုးအစားအလိုက် ဌာနစု ပေါင်း(၂၀)ဖွဲ့စည်းထားရာ တောင်တန်းဗုဒ္ဓသာသနာပြုဌာနသည် ဌာနစုတစ်စုအဖြစ် ပါဝင်ပါသည်။

၁၉၈၀ပြည့်နှစ်တွင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်စွာ

www.dhammaransi.com

ကျင်းကပပြီးစီးနိုင်ခဲ့ပြီးနောက် ယင်းအစည်းအဝေးကြီးမှ အတည်ပြုပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံတော်သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများအရ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် သာသနာရေးဦးစီးဌာန ကို-

(က) သာသနာရေးရာနှင့်ပိနိစ္ဆယဌာနခွဲ

(ခ) စာမေးပွဲဌာနခွဲ

(ဂ) စီမံခန့်ခွဲရေးဌာနခွဲ

(ဃ) ပုံနှိပ်ထုတ်ဝေးရေးဌာနခွဲ

ဟူ၍ ဌာနခွဲ (၄)ဌာနဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၅၃။ ၁၉၈၀-ပြည့်နှစ် ဂုဏ်းပေါင်းခုံသံဃာ့ အစည်းအဝေး

သံဃာတော်များ ဝိနည်းဒေသနာတော်နှင့်အညီ ကျင့်ကြံ နေထိုင်သီတင်းသုံးနေနိုင်ရေးအတွက် အချင်းချင်းကြပ်မတ် ကွပ်ကဲခြင်း၊ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို ဝိနည်း ဒေသနာတော်နှင့်အညီ ပြေငြိမ်းစေခြင်း၊ ရဟန်းစစ် ရဟန်းတု တို့ကို ခွဲခြားသိနိုင်ခြင်းတို့သည် ဒေသနာတော်နှင့်ညီသဖြင့် သာသ နာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် လိုအပ်သော လုပ်ငန်းများဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်များအနေဖြင့် သက်ဝင်_

www.dhammaransi.com

ယုံကြည်ကြသည့်အလျောက် ခေတ်အဆက်ဆက်တွင်ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့ဆောင်ရွက်နိုင်သမျှကို ဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် ရဟန်းသံဃာတော်များနှင့်စပ်လျဉ်းသည့် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများကို ရိုးရိုးတရားရုံးများတွင် ရိုးရိုးတရားမမှုများကဲ့သို့ တရားဥပဒေများဖြင့် စစ်ဆေးစီရင်ဆုံးဖြတ်ခြင်းမပြုတော့ဘဲ ဝိနည်းဒေသနာတော်များဖြင့်သာ စစ်ဆေးစီရင်ဆုံးဖြတ်နိုင်စေရန် ရည်သန်ပြီး ၁၉၄၉-ခုနှစ်တွင် "၁၃၁၁-ခုနှစ် ဝိနိစ္ဆယ ဌာနအက်ဥပဒေ"ကို ပြဋ္ဌာန်းခဲ့ပါသည်။

ယင်းအက်ဥပဒေအရ ဆောင်ရွက်ရာတွင် အကြောင်းကြောင်းတို့ကြောင့် ရဟန်းသံဃာတော်များ မကျေမနပ်ဖြစ်လာကြသဖြင့် ၁၉၅၅-ခုနှစ်တွင် "၁၃၁၇ ခုနှစ်၊ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေ"ကို တစ်ဖန်ပြဋ္ဌာန်းခဲ့ပါသည်။ယင်းပြင်ဆက်ချက်အက်ဥပဒေအရ ဝိနိစ္ဆယဌာနအက်ဥပဒေ"အဖြစ် ပြောင်းလဲခဲ့ပါသည်။

၁၉၆၂-ခုနှစ်၊ မတ်လ(၂)ရက်နေ့တွင် တော်ပုန်ရေးအဖိုးရတက်လာသောအခါ "၁၃၁၁-ခုနှစ် ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေ"အရပင် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်း

www.dhammaransi.com

များနှင့်စပ်လျဉ်းပြီး ဆက်လက်ကျင့်သုံးခဲ့ပါသည်၊ ထိုသို့ကျင့်သုံးခဲ့ရာတွင် သံဃာတော်များအချင်းချင်း ဝိနည်းသိက္ခာပုဒ်တော်များနှင့်အညီ ကျင့်ကြံနေထိုင်သိတင်းသုံးခြင်းရှိ-မရှိ ကြပ်မတ်ရာ၌ လည်းကောင်း၊ ''ဘုဘဝ-ခုနှစ် ဝိနိစ္ဆယဌာနနှင့်ဝိနစ္ဆယခုံ အက်ဥပဒေ'' သည်ထိရောက်အောင်မြင်ခြင်းမရှိကြောင်းတွေ့ရသဖြင့် ယင်းအက်ဥပဒေကို ဘဝ၆၅-ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လွှန်ရေးကောင်စီဥပဒေအမှတ်-၁ ဖြင့် ရုတ်သိမ်းခဲ့ပါသည်။

ထို့နောက် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို ဌာနဆိုင်ရာညွှန်ကြားချက်များဖြင့် ဆောင်ရွက်ပေးရင်း-

(၁) ရဟန်းသံဃာတော်များ ဝိနည်းသိက္ခာပုဒ်တော်များနှင့်အညီ သိတင်းသုံးနေထိုင်သွားနိုင်ရေးအတွက် အချင်းချင်းကြပ်မတ်ကွပ်ကဲထိန်းသိမ်းရေး

(၂) ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို ဝိနည်းဒေသနာတော်နှင့်အညီ ပြေငြိမ်းပြီးပြတ်အောင် ဆောင်ရွက်ရေး

(၃) ရဟန်းတုန့်ရဟန်းစစ်တို့ကို အလွယ်တကူခွဲခြားသိနိုင်ရေးတို့အတွက် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စိမ့်သောဌာ ဂိုဏ်းပေါင်းသံဃာ့အစည်းအဝေးကြီးကျင်းပပြီး တညီတညွတ်တည်း အဆုံးအဖြတ်ပြု၍ ဓမ္မစက်ဖြင့်ပြဋ္ဌာန်းပေးတော်မူကြပါရန် မြန်မာနိုင်ငံတော်ရှိ

www.dhammaransi.com

ဆရာတော် သံဃာတော်တို့အားနိုင်ငံတော်အစိုးရက လျှောက်ထားခဲ့ပါသည်။

၁၉၆၅-ခုနှစ်၊ မတ်လ(၁၇)ရက်နေ့မှ (၁၉)ရက်နေ့အထိ (၃)ရက်တိုင်တိုင် မော်ဘီမြို့၊ စိုက်ပျိုးရေးဥယျာဉ်၌ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ကျင်းပခဲ့ပါသည်၊ ထိုသံဃာအစည်း အဝေးပွဲကြီးက ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ သံဃာ့ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ (မူကြမ်း) တွင် (၁) သံဃာတော်များ အဆင့်ဆင့်ဖွဲ့စည်းခြင်း၊ (၂) ဝိနိယ (၃)မြန်မာနိုင်ငံတစ်ဝှမ်းလုံး ရှိ ဆရာတော်သံဃာတော်များအားလုံးတို့က တညီတညွတ်တည်း အဆုံးအဖြတ်ပြု၍ ဓမ္မစက်ဖြင့် ပြဋ္ဌာန်းပေးနိုင်ခြင်း မရှိခဲ့ပါ။

သာသနာတော်နှင့်သက်ဆိုင်သည့်ကိစ္စများကို သာသနာ့ ဝန်ထမ်းရဟန်သံဃာတော်များက တညီတညွတ်တည်း အဆုံး အဖြတ်ပြု၍ ဓမ္မစက်ဖြင့်ပြဋ္ဌာန်းပေးမှသာ နိုင်ငံတော်က လိုအပ် သလို အာဏာစက်ဖြင့်ကူညီဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ဂိုဏ်းပေါင်းစုံရဟန်းသံဃာတော်များ အားလုံးပါဝင်သည့် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို ဖောင်မြင့်စွာကျင်းပနိုင်ရေးအတွက် အချိန်အခါနှင့်အခြေအနေ ကိုစောင့်ဆိုင်းနေစဉ်ကာလအတွင်း ဝိနည်းဓမ္မကံအဓိကရဏ်း မှုခင်းများနှင့်စပ်လျဉ်း၍ ပြေငြိမ်းမှုရရှိစေရန် ပြည်ထဲရေးနှင့်

www.dhammaransi.com

သာသနာရေးဝန်ကြီးဌာနသည် ၁၉၇၅-ခုနှစ်၊ ဖေဖော်လ (၂၈)ရက်နေ့မှအစပြု၍ ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့များသို့ နည်းလမ်း(၄)သွယ်ကို ယာယီအစီအစဉ်အနေဖြင့် ချမှတ်ပေးပို့ခဲ့ပါသည်။

၁၉၇၉-ခုနှစ်၊ သြဂုတ်လ(၄)ရက်နေ့တွင် ကျင်းပသော နိုင်ငံတော်ကောင်စီအစည်းအဝေးတွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီးက သံဃာအချင်းချင်းအငြင်းပွားမှုများကို ဖြန်ဖြေဆုံးဖြတ်ရန် အတွက် ခုံရုံးများဖွဲ့စည်းပေးသင့်ကြောင်းနှင့်ပတ်သက်၍ အကျယ်တဝင့်ဆွေးနွေးလမ်းညွှန်ခဲ့ရာမှ ကောက်နှုတ်၍ အချက်(၂)ချက်ကို ဝန်ကြီးအဖွဲ့သို့ ပေးပို့ခဲ့ပါသည်။

အချက်(၂)ချက်ကို ဆောင်ရွက်ရာတွင်လည်း သံဃာတော်များ၏ ဆန္ဒမပါဘဲ နိုင်ငံတော်ကဆောင်ရွက်သည့်အဖြေအနေမျိုးမဖြစ်သင့်ဘဲ သာသနာတော်အတွက် သံဃာတော်များကဆောင်ရွက်ပေးစေလိုသည့်သဘောသာ ဖြစ်သင့်ကြောင်း လမ်းညွှန်ခဲ့ပါသည်။

အချက်(၂)ချက်မှာ-

(၁) သံဃာတော်များဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ရေး

www.dhammaransi.com

(၂) သံဃာအချင်းချင်း အငြင်းပွားမှုများကို ဖြန်ဖြေဆုံးဖြတ်ရန်အတွက် သံဃာတော်များက ရွေးချယ်တင်မြှောက်သောသံဃာများပါဝင်သည့် ခုံအဖွဲများဖွဲ့စည်းပြီး ဖြန်ဖြေစီရင်ဆုံးဖြတ်ရေးတို့ဖြစ်ပါသည်။

ထိုအချက်(၂)ချက်ကို အကောင်အထည်ဖော်ပေးရန် ဝန်ကြီးအဖွဲ့က ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနအား တာဝန်ပေးခဲ့သဖြင့် စီမံချက်များ ရေးဆွဲချမှတ်၍ဆောင်ရွက်ခဲ့ပါသည်။

၁၉၇၉-ခုနှစ်၊ သြဂုတ်လအတွင်းတွင် မူရည်ရွယ်ရင်းရှိသည့်အတိုင်း မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ဂိုဏ်းပေါင်းစုံရဟန်းသံဃာတော်များအားလုံးပါဝင်သည့် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကို ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေတွင် မဖြစ်မနေကျင်းပရန် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနက ကြိုးပမ်းခဲ့ပါသည်။

သို့ဖြင့် ပထမအကြိမ် သာသနာတော်တည်တံ့ပြန့်ပွားရေးဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကို ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၁) ရက်နေ့မှ နယုန်လဆန်း (၁၄) ရက်နေ့ (၁၉၈၀ပြည့်နှစ်၊ မေလ-၂၄ ရက်နေ့မှ မေလ-၂၇)ရက်နေ့အထိ (၄)ရက်တိုင်တိုင် ရန်ကုန်မြို့ ၊ကမ္ဘာအေးကုန်းမြေ မဟာပါသဏ္ဌာ

www.dhammaransi.com

၂၅၁ တောင်တန်းသာသနာပြုသမိုင်း

လိုဏ်ဂူတော်ကြီးခွဲ အောင်မြင်စွာ ကျင်းပခဲ့ပါသည်။

- ၁၉၇၂ မှ ၁၉၈၀ ကာလအတွင်း တောင်တန်း သာသနာပြုအဖြေအနေ

- ၁၉၈၀ မှ ၁၉၉၁ ကာလအတွင်း တောင်တန်း သာသနာပြုအဖြေအနေ ဖော်ပြသင့်ပါသည်။

www.dhammaransi.com

အပိုင်း(၇)

၁၄။သာသနာရေးဝန်ကြီးဌာနဖွဲ့စည်းပြီးကာလ မြန်မာနိုင်ငံတော်တွင် ဖောင်တန်းသာသနာပြု လုပ်ငန်းများဆောင်ရွက်မှု

(က) သာသနာရေးဝန်ကြီးဌာနသီးခြား ပေါ်ပေါက်လာခြင်း

ဖောက်လှန်ရေးကောင်စီလက်ထက်တွင် အုပ်ချုပ်ပုံစနစ် သစ်အရ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ ဘုတ်ကော်ပိုးရေးရှင်း များကို ဖွဲ့စည်းပုံအသစ်ဖြင့် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းရာတွင် နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့ကို ဖျက်သိမ်း၍ သာသနာရေးဦးစီး ဌာနအဖြစ် ပြောင်းလဲပြီး၊ ၁၉၇၂-ခုနှစ်၊မတ်လ(၁၅)ရက်နေ့မှစ၍

www.dhammaransi.com

ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေး၊ အာမျိုးသားမှတ်ပုံတင်ရေးနှင့်သန်းခေါင်စာရင်းဝန်ကြီးဌာန၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးနှင့်ဒေသန္တရအဖွဲ့များ ဝန်ကြီးဌာနနှင့်သာသနာရေးဦးစီးဌာနတို့ကို စုစည်း၍ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ဟူ၍ဖွဲ့စည်းခဲ့ပါသည်။

ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏အဓိကတာဝန်မှာ ပြည်ထဲရေးရာကဏ္ဍနှင့်သာသနာရေးရာကဏ္ဍတို့ဖြစ်ပါသည်။ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနလက်အောက်တွင် ပြည်သူ့ရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အာကျဉ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊မီးသတ်ဦးစီးဌာနနှင့်သာသနာရေးဦးစီးဌာနတို့ပါဝင်လျက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေး၊နိုင်ငံသားစစ်စိစစ်ရေးနှင့်သာသနာရေးဆိုင်ရာလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရပါသည်။

၁၉၈၈–ခုနှစ်၊ အရေးအခင်းကာလတွင် တွေ့ကြုံခဲ့ရသောခါးသည်းလှသည့် အတွေ့အကြုံများအရ ပြည်သူများသည် လောကပါလတရားများဆိတ်သုဉ်းပြီး လောဘ၊ ဒေါသ၊ မောဟတရား များလွှမ်းခြုံကာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများ ချို့ယွင်းလာသည်ကို တွေ့ရှိရသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းသာမက ပြည်ပနိုင်ငံအသီးသီး တို့တွင်

www.dhammaransi.com

လည်း ဗြဟ္မစိုရ် တရားဟေးပါးထွန်းကားလာပြီး ဟောဘ၊ ဒေါသ၊ မောဟတရား များး နည်းပါးနိုင်သမျှ နည်းပါးစေရန် မြန်မာ့ရိုးရာ ယဉ်ကျေးမှု ထွန်းကားလာရေး၊ ပြည်တွင်းပြည်ပတွင် ဗုဒ္ဓအဆုံး အမ ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားလာရေးစသည်တို့ကို ဆောလျင်စွာ ဆောင်ရွက်ရန် အချိန်ကျရောက်ပြီဟု နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က သုံးသပ်မိသဖြင့် သာသနာရေးဆိုင်ရာကိစ္စအဝဝကို အားသွန်ခွန်စိုက် ဆောင်ရွက် နိုင်ရေး အတွက် ၂၀-၃-၉၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၃/၉၂) ဖြင့် သာသနာရေးဝန်ကြီးဌာနကို သီးခြားဖွဲ့စည်း တာဝန် ပေးအပ် ခဲ့ပါသည်၊ သာသနာရေးဝန်ကြီးဌာန၏ ရည်ရွယ်ချက် များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သာသနာအသီးသီးကိုလွတ်လပ်စွာကိုးကွယ်ခွင့်ပြု ကြရန်

(ခ) ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ထွန်းကား ပြန့်ပွားစေရန်

(ဂ) အပြည်ပြည်ဆိုင်ရာ သာသနာရေးရာကိစ္စရပ်များကို ကူညီဖြေရှင်းနိုင်စေရန်

(ဃ) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာ ရှင်သန်ပေါ်ထွန်းလာစေရန်

တို့ဖြစ်ပါသည်။

www.dhammaransi.com

၂၃ ဖောင်တန်းသာသနာပြုသမိုင်း

သာသနာရေးဝန်ကြီးဌာန မူဝါဒများမှာ ဖအောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နေထိုင်ကြသော နိုင်ငံတော်သူ၊ နိုင်ငံသားတိုင်း လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ပြုကြရန်။

(ခ) ဘာသာအချင်းချင်း ချစ်ခင်ရင်းနှီးစွာနေထိုင်ရန်။

(ဂ) သံဃာတော်များ အချင်းချင်းညီညွတ်ရန်။

(ဃ) ပြဋ္ဌာန်းထားသည့်တရားဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရန်

(င) နိုင်ငံတော်အစိုးရအဖွဲ့မှ အကောင်အထည်ဖော်ရန် လမ်းညွှန်သည့်ညွှန်ကြားချက်များ၊ အမိန့်များကို မူဝါဒအဖြစ် အကောင်အထည်ဖော်ရန်

(စ) ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်

(ဆ) ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများသို့ မူဝါဒများချမှတ်၍ အကောင်အထည်ဖော်စေရန်

တို့ ဖြစ်ပါသည်။

သာသနာရေးဝန်ကြီးဌာနလက်အောက်တွင် ဦးစီးဌာန (၂)ခုနှင့်တက္ကသိုလ်(၁)ခု ရှိပါသည်၊ ယင်းတို့မှာ ၉-၅-၁၉၉၁နေ့တွင်

www.dhammaransi.com

အသစ်ဖွင့်လှစ်သော သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ မူလရှိနှင့်ပြီးဖြစ်သော သာသနာရေးဦးစီးဌာနနှင့် ၉-၁၂-၁၉၉၈ ခုနှစ်တွင် ဖွင့်လှစ်သော အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့ ဖြစ်ပါသည်။

(ခ) သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဖွဲ့စည်းတည်ထောင်ခြင်း

ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိသာသနာရေးရာကဏ္ဍတွင် သာသနာရေးဦးစီးဌာနတစ်ခုတည်းဖြင့် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ဟိန္ဒူဘာသာနှင့်နတ်ကိုးကွယ်သောဘာသာအားလုံးတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်၊ ၁၉၈၀-ပြည့်နှစ်တွင် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်စွာကျင်းပလာနိုင်သည်ဖြစ်ရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပြည်နယ်/တိုင်း/မြို့နယ်/ရပ်ကွက်/ကျေးရွာသံဃနာယကအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ထိုအဖွဲ့အသီးသီး၏လုပ်ငန်းတာဝန်ပိုင်းကို သာသနာရေးဦးစီးဌာနက ကူညီပံ့ပိုးဆောင်ရွက်ပေးနေရပါသည်၊ ထို့ပြင် နိုင်ငံတော် ဝိနိစ္ဆယရုံးကို ကမ္ဘာအေးကွင်ထားရှိသဖြင့် ယင်း ဝိနိစ္ဆယဆိုင်ရာရုံးလုပ်ငန်းတာဝန်များကိုလည်း သာသနာရေး

www.dhammaransi.com

၂၅၇ တောင်တန်းသာသနာပြုသမိုင်း

ဦးစီးဌာနကပင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်တွင် ရဟန်း၊ သာမဏေသုံးသိန်းကျော်ခန့်ရှိရာ ထိုရဟန်းသာမဏေများ၏ သာသနာရေး၊ ပညာရေးနှင့် ဝိနည်းယ ရေးရာစသောကိစ္စအဝဝတို့ကို ပရိယတ္တိသာသနာရေးဦးစီးဌာန ကပင် ဆောင်ရွက်ပေးရပါသည်၊ နှစ်စဉ် တိပိဋကဓရဂျွန်ချယ်ရေး စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲ၊ပထမပြန်စာမေးပွဲ၊အာဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများ၊ နိကာယ်စာမေးပွဲများကိုလည်း ကျင်းပပေး လျက်ရှိပါသည်။

အထူးသဖြင့် ရဟန်းတု၊ ရဟန်းယောင်၊ ရဟန်းဆိုးများ ကင်းရှင်းရေးအတွက် သာသနာသန့်ရှင်းရေးကိစ္စအဝဝတို့ကို လည်း သာသနာရေးဦးစီးဌာနကပင် စဉ်ဆက်မပြတ် ကြပ်မတ် ဆောင်ရွက်လာခဲ့ရပါသည်။

ဤအခြေအနေအရ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်းသုံးရပ်တွင် သန့်ရှင်းရေးနှင့်တည်တံ့ရေး အပိုင်းလောက်ကိုသာ သာသနာရေးဦးစီးဌာနက ဆောင်ရွက်နိုင် ပြီး သာသနာတော်ပြန့်ပွားရေးကိစ္စကိုမူ သာသနာရေးဦးစီးဌာန အနေဖြင့် ထိရောက်စွာဆောင်ရွက်နိုင်ခြင်းမရှိသည့်အခြေအနေ တွင်ရှိနေပါသည်။

www.dhammaransi.com

သို့ဖြစ်၍ ဂိုဏ်းပေါင်းစုံဆရာတော်များဆန္ဒနှင့်အညီ ပြည်တွင်းပြည်ပနှစ်ဌာနလုံး၌ ထေရဝါဒဗုဒ္ဓသာသနာတော်ပြန့်ပွားရေးကိစ္စကို အလေးအနက်ထား၍ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားနိုင်ရန်၊ပြည်တွင်း၌ တောင်တန်းဒေသကိုအခြေခံ၍ အခြားလိုအပ်သောဒေသများ၌ တိုးမြှင့်၍ သာသနာပြုရန်၊ပြည်ပနိုင်ငံတကာတို့၌ ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားရေးကို အင်တိုက်အားတိုက်ဆောင်ရွက်သွားရန်၊ ဤသို့ သာသနာပြုရာ၌ အထေက်အကူပြုရန်အတွက် ပိဋကဘာသာပြန်လုပ်ငန်း၊ ဗုဒ္ဓကျမ်းစာပြုစုရေးလုပ်ငန်း၊ဟောပြောပို့ချရေးလုပ်ငန်း၊နိုင်ငံတကာနှင့်ဆက်ဆံရေးလုပ်ငန်း၊သာသနာပြုများအား ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်ရန်၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊သီရိလင်္ကာနိုင်ငံစသော ပြည်ပနိုင်ငံများ၌ ဗုဒ္ဓဘာသာရဟန်းသံဃာတော်များ၊ဗုဒ္ဓဘာသာကျောင်းကန်ဘုရားများ၊ တည်ရှိနေသည်ဖြစ်ရာထိုရဟန်းသံဃာတော်များအား ထောက်ပံ့အားပေးရန်နှင့် ကျောင်းကန်ဘုရားများ မဆုံးရှုံးမပျက်စီးစေရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုးပွားရေးစသည်တို့ကို ဆောင်ရွက်သွားရန်၊ ဤကဲသို့ ပြည်တွင်းပြည်ပတို့၌ ထေရဝါဒဗုဒ္ဓဘာသာတရားထွန်းကားစေခြင်းဖြင့် လူတို့၏လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတရားဆိုးများ ခေါင်းပါးလာစေမည် ဖြစ်ပါသည်၊လူလူချင်းပဋိပက္ခမှုများ နည်းပါးလာစေမည်ဖြစ်ပါသည်၊တည်ဆောက်ရေး

www.dhammaransi.com

လုပ်ငန်းများကိုလည်း စိတ်အေးချမ်းသာစွာ ဆောင်ရွက်နိုင်၍ နိုင်ငံတိုးတက်ချမ်းသာရေးကို အကျိုးပြုစေမည် ဖြစ်ပါသည်၊လူ့ဘောင်ဘဝသည်လည်း ဗုဒ္ဓရှင်တော်ဘုရား၏ အဆုံးအမထိုးတော် ရိပ်တွင် ငြိမ်းချမ်းစွာတည်ရှိပြီး ပစ္စုပ္ပန်ချမ်းသာတမလွန်ချမ်းသာကို ရရှိစေမည် ဖြစ်ပါသည်။

အထက်ပါရည်ရွယ်ချက်များဖြင့် သာသနာတော်ထွန်းကားပြန့်ပွားရေးလုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနကို ၁၉၉၁-ခုနှစ်၊ မေလ(၉)ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ အဓိကတာဝန်များမှာ-

(၁) မြန်မာနိုင်ငံတော်အတွင်း၌ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေး

(၂) ပြည်ပနိုင်ငံတကာတို့၌ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေး

(၃) ပြည်တွင်း၊ ပြည်ပသာသနာပြုများအား ထောက်ပံ့ရေး

www.dhammaransi.com

(၄) ပြည်တွင်းသာသနာပြုလုပ်ငန်းဆောင်ရွက်ရေးအတွက် လိုအပ်သောပံ့ပိုးကူညီမှုဖောက်ပံ့မှုများပြုရေး

(၅) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ(ရန်ကုန်/မန္တလေး)တည်တံ့တိုးတက်ရေးအတွက် လိုအပ်သောပံ့ပိုးကူညီမှု၊ ထောက်ပံ့မှုများပြုရေး

(၆) ပြည်ပနိုင်ငံများရှိ ဗုဒ္ဓသာသနိကအဆောက်အဦးများနှင့် သာသနာပြုဆရာတော်များအား ကူညီထောက်ပံ့ရေး

(၇) နိုင်ငံတကာရှိပုဂ္ဂိုလ်များ၊ ဗုဒ္ဓဘာသာအသင်းအဖွဲ့များနှင့် ဆက်သွယ်၍ ထေရဝါဒဗုဒ္ဓသာသနာတိုးတက်ပြန့်ပွားစေရန် ဆောင်ရွက်ရေး

(၈) ပိဋကတ်ကျမ်းစာများနှင့်ဗုဒ္ဓစာပေတို့ကို အရေးကြီးသည့်ကမ္ဘာ့ဘာသာရပ်များသို့ ပြန်ဆိုပြန့်ဝေရေး

(၉) ဖော်ပြပါလုပ်ငန်းများအတွက် စီမံခန့်ခွဲရေးနှင့်အခြားအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ရေး

(၁၀) အထက်ဖော်ပြပါအစည်းမျှားမှ အခါအားလျော်စွာပေးအပ်သည့် သာသနာ့တော်ထွန်းကားပြန့်ပွားရေးဆိုင်ရာ တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေး

ကို ဖြစ်ပါသည်။

www.dhammaransi.com

၂၆၁ တောင်တန်းသာသနာပြုသမိုင်း

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ အောက်တွင် ပြည်ပသာသနာပြုဌာနခွဲ၊ ပြည်တွင်းသာသနာပြုဌာနခွဲ၊ ဦးစီးရေးရာဌာနခွဲနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)ဌာနခွဲများ ပါရှိပါသည်။

(၈) ပြည်တွင်းသာသနာပြုလုပ်ငန်းဌာနခွဲ၏ လုပ်ငန်းတာဝန်များ

ပြည်တွင်းသာသနာပြုဌာနခွဲ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သာသနာပြုဒေသအလိုက် နယ်မြေသမိုင်းနှင့်အခြေအနေများကို စုစည်းမှတ်တမ်းပြုစုခြင်း

(ခ) သာသနာပြုဌာနအဆောက်အဦးများ ထိန်းသိမ်းပြုပြင်ခြင်း

(ဂ) သာသနာပြုပုဂ္ဂိုလ်များခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ အရေးယူခြင်းလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးခြင်း

(ဃ) ဘာသာရေးအခမ်းအနားများ ကျင်းပပေးခြင်း

(င) တိုးတက်မှုအစီရင်ခံစာများ ပြုစုတင်ပြခြင်း

(စ) ပြည်တွင်းသာသနာပြုသင်တန်းပေးကျင်း ဖွင့်လှစ်ရန် ဆောင်ရွက်ခြင်း၊ ကြီးကြပ်စီစဉ်ခြင်း၊ ပြင်ပဆရာများခန့်ထားရေးဆောင်ရွက်ခြင်း

www.dhammaransi.com

(ဆ) ပစ္စည်းများထောက်ပံ့လှူဒါန်းခြင်း၊ လေ့လာရေးခရီးများ စီစဉ်ခြင်း

(၈) သာသနာပြုထောက်ပံ့ရေးကိစ္စများကို ဆောင်ရွက်ခြင်း တို့ ဖြစ်ပါသည်။

၁၅။ တောင်တန်းသာသနာပြုစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း

ခရီးလမ်းပန်းခက်ခဲဝေးဝေါင်သော တောင်တန်းဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားများ ဗုဒ္ဓ၏အဆုံးအမ ယဉ်ကျေးမှုများကို ကျင့်သုံးလိုက်နာခွင့်ရစေရန်နှင့် သာသနာတော်၏အကျိုးကျေးဇူးကို ရရှိခံစားနိုင်ကြစေရန် ရည်ရွယ်၍ တောင်တန်းသာသနာပြုလုပ်ငန်းကို လွတ်လပ်ရေးမရမီကပင် ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးပညာစသော ဂိုဏ်းပေါင်းစုံဆရာတော်သံဃာတော်များနှင့် လူ ဒါယကာပုဂ္ဂိုလ်များ စုပေါင်းဆောင်ရွက်တော်မူခဲ့ကြပါသည်။

ထို့နောက် ၁၉၅၀-ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့အက်ဥပဒေ အရ တည်ထောင်ခဲ့သော နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့လက်ထက်တွင် တောင်တန်းသာသနာပြုစိမံကိန်းနှင့်စည်းမျဉ်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်း၍ ဆက်လက်ဆောင်ရွက်ခဲ့ရာ အုပ်ချုပ်ရေးစနစ်

www.dhammaransi.com

သစ်အရ ဖွဲ့စည်းခဲ့သော သာသနာရေးဦးစီးဌာနလက်ထက်တိုင်ထိ ဖြစ်ပါသည်။

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ၁၉၈၀-ပြည့်နှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှ အတည်ပြုပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏(၂၆-၅-၈၀)နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပထမအစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများအရ တောင်တန်းဗုဒ္ဓသာသနာပြုဗဟိုသံဃာ့အဖွဲ့စည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများကို ၁၉၈၂-ခုနှစ်၊ ဇွန်လ(၄)ရက်နေ့တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကအတည်ပြုပြဋ္ဌာန်းခဲ့သည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ တောင်တန်းဗုဒ္ဓသာသနာပြုဗဟိုသံဃာ့အဖွဲ့စည်းမျဉ်းတွင် နိဒါန်းနှင့် အခန်းပေါင်း(၆)ခန်း ပါဝင်ပါသည်၊ ယင်းတို့မှာ-

-အခန်း(၁)အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

-အခန်း(၂)တောင်တန်းဗုဒ္ဓသာသနာပြုဗဟိုသံဃာ့အဖွဲ့ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

www.dhammaransi.com

–အခန်း(၃)ဖောင်တန်းဗုဒ္ဓသာသနာပြုဗဟိုသံဃာ့အဖွဲ့ အစည်းအဝေးများ

–အခန်း(၄)ဖောင်တန်းဗုဒ္ဓသာသနာပြုဗဟိုသံဃာ့အဖွဲ့ ၏လုပ်ပိုင်ခွင့်များ

–အခန်း(၅)စည်းမျဉ်းလုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း၊ ပြင်ဆင်ခြင်း

–အခန်း(၆)အထွေထွေ

ဟူ၍ ပါရှိပါသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖောင်တန်းဗုဒ္ဓသာသနာပြုဗဟိုသံဃာ့အဖွဲ့လုပ်ထုံးလုပ်နည်းများတွင် နိဒါန်းနှင့်အခန်းပေါင်း(၉)ခန်း ပါဝင်ပါသည်၊ယင်းတို့မှာ–

–အခန်း(၁)အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

–အခန်း(၂)ဖောင်တန်းဗုဒ္ဓသာသနာပြုဗဟိုသံဃာ့အဖွဲ့ ဖွဲ့စည်းခြင်း

–အခန်း(၃)ဖောင်တန်းဗုဒ္ဓသာသနာပြုဗဟိုသံဃာ့အဖွဲ့ ၏လုပ်ပိုင်ခွင့်များ

–အခန်း(၄) အစည်းအဝေးများ

www.dhammaransi.com

၂၆၅ တောင်တန်းသာသနာပြုသမိုင်း

–အခန်း(၅)ထောက်ပံ့မှုနှင့်ထောက်ပံ့ရေးအဖွဲ့များ ဖွဲ့စည်းခြင်း

–အခန်း(၆)ဗုဒ္ဓသာသနာပြုရဟန်းတော်များခန့်ထားခြင်း

–အခန်း(၇)ဗုဒ္ဓသာသနာပြုရဟန်းတော်များ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ခံစားခွင့်များ

–အခန်း(၈)ဗုဒ္ဓသာသနာပြုကျောင်းဆရာများ၊ တရား ဟောဆရာများခန့်ထားခြင်း၊ တာဝန်လုပ်ပိုင်ခွင့်နှင့် ခံစားခွင့်များ

–အခန်း(၉) အထွေထွေ

ဟူ၍ ပါရှိပါသည်။

ဤအပြင် တောင်တန်းသာသနာပြုလုပ်ငန်းများကို ချောမောလွယ်ကူစွာဆောင်ရွက်နိုင်ရန် ၁၉၈၆–ခုနှစ်၊ ဇွန်လ(၂၀)ရက် နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကြီးက ''တောင်တန်းဗုဒ္ဓသာသနာပြုဆိုင်ရာလက်စွဲ''ကို အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တောင်တန်းဗုဒ္ဓသာသနာပြုဆိုင်ရာလက်စွဲတွင် နိဒါန်းနှင့်အခန်းပေါင်း(၁၇)ခန်း ပါဝင်ပါသည်၊

www.dhammaransi.com

ယင်းတို့မှာ-

-အခန်း(၁)ရည်ရွယ်ချက်

-အခန်း(၂)လုပ်ကိုင်ဆောင်ရွက်ရန်နည်းလမ်းများ

-အခန်း(၃)ဗဟိုထောက်ပံ့ရေးအဖွဲ့ ဖွဲ့စည်းခြင်း

-အခန်း(၄)ဗဟိုထောက်ပံ့ရေးအဖွဲ့ဝင်တို့၏အရည်အချင်းများ

-အခန်း(၅)ဗဟိုထောက်ပံ့ရေးအဖွဲ့၏လုပ်ငန်းတာဝန်များ

-အခန်း(၆)ဗဟိုသံဃာအဖွဲ့၏(ပြည့်စုံက)လုပ်ငန်းတာဝန်များ

-အခန်း(၇)တောင်တန်းဗုဒ္ဓသာသနာပြုမြို့နယ်၊ သဝါဒီစရိယအဖွဲ့သတ်မှတ်တာဝန်ပေးအပ်ခြင်း

-အခန်း(၈)မြို့နယ်ထောက်ပံ့ရေးအဖွဲ့ ဖွဲ့စည်းခြင်း

-အခန်း(၉)မြို့နယ်ထောက်ပံ့ရေးအဖွဲ့ဝင်တို့၏ အရည်အချင်းများ

-အခန်း(၁၀)မြို့နယ်ထောက်ပံ့ရေးအဖွဲ့၏လုပ်ငန်းတာဝန်များ

www.dhammaransi.com

၂၆၇ တောင်တန်းသာသနာပြုသမိုင်း

–အခန်း(၁၁)အစည်းအဝေးများကျင်းပခြင်း

–အခန်း(၁၂)အဖွဲ့ဝင်အဖြစ်မှရပ်စဲခြင်း

–အခန်း(၁၃)ရန်ပုံငွေထိန်းသိမ်းသုံးစွဲခြင်း

–အခန်း(၁၄)အထွေထွေ

ဟူ၍ ပါရှိပါသည်။

အဆိုပါ တောင်တန်းဗုဒ္ဓသာသနာပြုဆိုင်ရာလက်စွဲရေး ဆွဲရခြင်း အဓိကရည်ရွယ်ချက်များမှာ–

–ဗုဒ္ဓသာသနာတော်၏ အနှစ်သာရဖြစ်သော သီလ၊ သမာဓိ၊ပညာကောင်းကျိုးထူးတရားတို့ကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး အပြည့်အဝရရှိ ခံစားနိုင်ကြစေရန်

–တောင်တန်းဒေသနေ တိုင်းရင်းသားများသည် မိမိတို့ ၏ဘဝကို မြတ်ဗုဒ္ဓအဆုံးအမများဖြင့် ငြိမ်းချမ်းစွာ တည်ဆောက်နိုင်ကြစေရန်

–တောင်တန်းဒေသနေ တိုင်းရင်းသားတို့၏ ရိုးရာယဉ် ကျေးမှုများကို ဗုဒ္ဓယဉ်ကျေးမှုများဖြင့် အားဆင့်၍ မြှင့်တင်ပေးနိုင်ရန်

www.dhammaransi.com

–ယဉ်ကျေးလေးနက်သော ဗုဒ္ဓစာပေများကို တောင်တန်းဒေသနေ တိုင်းရင်းသားတို့ကိုယ်တိုင်လေ့လာဆည်းပူးသင်ယူနိုင်ကြပြီး လောကီလောကုတ္တရာဗဟုသုတများ ပြည့်စုံစွာရရှိကြစေရန်

–ဗုဒ္ဓစာပေအာသိဉာဏ်များဖြင့် သိပ္ပံဆိုင်ရာ အယူအဆများကို ဝေဖန်ဆန်းစစ်လက်ခံတတ်ကြစေရန်

–ဗုဒ္ဓသာသနာနည်းလမ်းများဖြင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးအချင်းချင်း ခိုင်မြဲသော စည်းလုံးညီညွတ်မှု တိုးတက်ရရှိလာစေရန်

–ဘာသာရေးစည်းလုံးညီညွတ်မှုရရှိရာမှ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မြလာပြီး ဗုဒ္ဓဘာသာမြန်မာနိုင်ငံတော် အဝန့်ရှည်ကြာတည်တံ့ခိုင်မြစေရန်

တို့ ဖြစ်ပါသည်။

ယင်းစည်းမျဉ်းအရ ကချင်၊ ကရင်၊ ကယား၊ ရှမ်း၊ ချင်း တောင်တန်း၊ နာဂတောင်တန်းနှင့်အာသံပြည်နယ်တို့၌ သာသနာပြုဌာန (၁၃၂)ဌာနဖွင့်လှစ်၍ သာသနာပြုရဟန်းတော်(၁၃၂)ပါး၊ သာသနာပြုကျောင်းဆရာ(၄၈)ဦး၊ တရားဟောဆရာ(၅၂)ဦးတို့ကို

www.dhammaransi.com

စေလွှတ်ခန့်ထား၍ သာသနာပြုလုပ်ငန်းဆောင်ရွက်ရန် ဖြစ်ပါသည်။

သို့ရာတွင် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနပေါ်ပေါက်လာသောအခါ နယ်စပ်နှင့်တောင်တန်းဒေသကို အခြေခံ၍ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် လိုအပ်နေသောဒေသမြို့(၉၉)မြို့၌ အခြေခံသာသနာပြုဌာန(၉၉)ဌာနဖွင့်လှစ်၍ သာသနာပြုရဟန်းတော်ချင်းဆောင်(၉၉)ပါးကို စေလွှတ်ထားရန်၊အခြေခံသာသနာပြုဌာန(၁)ဌာနအောက်တွင် အခြေခံသာသနာပြုဌာနခွဲ(၇)ဌာနနှုန်းဖြင့် အခြေခံသာသနာပြုဌာနခွဲ(၁၉၆)ဌာနဖွင့်၍ လက်ထောက်သာသနာပြုရဟန်းတော် (၁၉၆)ပါး စေလွှတ်ခန့်ထားရန်၊ အခြေခံသာသနာပြုဌာနခွဲ(၁)ဌာနအောက်တွင် အခြေခံသာသနာပြုဌာနစိတ်(၃)ဌာနနှုန်းဖြင့် အခြေခံသာသနာပြုဌာနစိတ်(၁၁၈၈)ဌာနဖွင့်လှစ်၍ သာသနာပြုလူပုဂ္ဂိုလ်များကို စေလွှတ်ခန့်ထားရန်နှင့် လိုအပ်သောဒေသများ၌ သာသနာပြုစာသင်တိုက်၊ကမ္ဘာန်းတိုက်များဖွင့်လှစ်၍ သာသနာပြုရဟန်းတော်များ၊သီလရှင်များ စေလွှတ်ရန်လျာထားသတ်မှတ်ခဲ့ပါသည်၊ထောက်ပံ့ရေးစည်းမျဉ်းတစ်ခုကိုလည်း ရေးဆွဲ၍တတိယအကြိမ်၊ နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဆဋ္ဌမအစည်းအဝေးသို့ဟင်မြအတည်ပြုချက်ရယူပြီး လက်ရှိတောင်တန်းဗုဒ္ဓသာသနာပြုဗဟိုသံဃာ့အဖွဲ့စည်းမျဉ်းနှင့်တွဲဖက်၍ အသုံးပြုခဲ့ပါသည်။

www.dhammaransi.com

သို့ရာတွင် လက်ရှိအသုံးပြုလျက်ရှိသော ၁၉၈၂-ခုနှစ်၊ ဖောင်တန်းသာသနာပြုဗဟိုသံဃာ့အဖွဲ့စည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများ၊ ၁၉၈၆-ခုနှစ်၊ ဖောင်တန်းဗုဒ္ဓသာသနာပြုဆိုင်ရာလက်စွဲများသည် သာသနာဖော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ သာသနာပြုလုပ်ငန်းဆိုင်ရာ လျာထားသတ်မှတ်ချက်နှင့်လိုက်လျောညီထွေဖြစ်မှုမရှိတော့သည့်အပြင် အသစ်ရေးဆွဲအသုံးပြုလျက်ရှိသော ထောက်ပံ့ရေးစည်းမျဉ်းမှာလည်း သာသနာပြုများအား ထောက်ပံ့မှုကိုသာဖော်ပြထားသဖြင့် ပြည့်စုံမှုမရှိ ဖြစ်နေသည်၊ထို့ကြောင့် လက်ရှိစည်းမျဉ်းနှင့်လက်စွဲတို့ကို ပြင်ဆင်ရန်လိုအပ်လာပါသည်၊ ယင်းလိုအပ်ချက်အရ သာသနာဖော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က (၄-၁၂-၉၃)နေ့တွင် ကျင်းပသော တတိယအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄ရ)ပါး စုံညီ ဒွါဒသမအစည်းအဝေးသို့ တင်ပြလျှောက်ထားခဲ့ရာ အစည်းအဝေးက သာသနာပြုလပ်ငန်းဆိုင်ရာစည်းမျဉ်းကို ပြင်ဆင်ရေးဆွဲ၍ တင်ပြရန် ဆုံးဖြတ်ညွှန်ကြားတော်မူခဲ့ပါသည်။

ယင်းဆုံးဖြတ်လမ်းညွှန်ချက်အရ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက လက်ရှိတောင်တန်းဗုဒ္ဓသာသနာပြုဗဟိုသံဃာ့အဖွဲ့စည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများ၊ တောင်တန်းဗုဒ္ဓသာသနာပြုဆိုင်ရာလက်စွဲနှင့်ထောက်ပံ့ရေးစည်းမျဉ်း(၃)ရပ်ကို

www.dhammaransi.com

အခြေခံ၍ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီး ဌာန၏ ရည်မှန်းချက်လုပ်ငန်းနှင့်လိုက်လျောညီထွေမှုရှိသော ''ထေရဝါဒ ဗုဒ္ဓသာသနာပြုဝါဒစရိယအဖွဲ့စည်းမျဉ်း'' ကို ရေးဆွဲ၍ ထေရဝါဒဗုဒ္ဓသာသနာပြုဝါဒစရိယအဖွဲ့ဆရာတော်ကြီးများအား တင်ပြအတည်ချက်ရယူခဲ့ပါသည်၊ ၎င်းနောက် တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)မှ တစ်ဆင့် (၁၉-၃-၉၄)နေ့တွင် ကျင်းပသော(၄၇)ပါးစုံညီ ထေရသမအစည်းအဝေးသို့တင်ပြပြီး (၂၃-၃-၉၄)နေ့တွင် ကျင်းပပြုလုပ်သော တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေးသို့ ထပ်မံတင်ပြခဲ့ရာ အစည်းအဝေးက အတည်ပြု ပြဋ္ဌာန်းပေးခဲ့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ထေရဝါဒဗုဒ္ဓသာသနာပြုဝါဒစရိယအဖွဲ့စည်းမျဉ်းတွင် နိဒါန်းနှင့်အခန်းပေါင်း(၁၁)ခန်း ပါဝင်ပါသည်၊ယင်းတို့မှာ-

-အခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

-အခန်း(၂) ထေရဝါဒဗုဒ္ဓသာသနာပြုဝါဒစရိယအဖွဲ့ ဖွဲ့စည်းခြင်း

-အခန်း(၃) ထေရဝါဒဗုဒ္ဓသာသနာပြုဝါဒစရိယအဖွဲ့၏ တာဝန်လုပ်ပိုင်ခွင့်နှင့်ခံစားပိုင်ခွင့်များ

www.dhammaransi.com

–အခန်း(၄) အစည်းအဝေးများ

–အခန်း(၅) သာသနာပြုဌာနများသတ်မှတ်ခြင်း

–အခန်း(၆) ထေရဝါဒဗုဒ္ဓသာသနာပြုများခန့်အပ်ခြင်း

–အခန်း(၇) သာသနာပြုများ၏လုပ်ငန်းတာဝန်နှင့်ရပိုင်ခွင့်၊ ခံစားခွင့်များ

–အခန်း(၈) ထေရဝါဒဗုဒ္ဓသာသနာပြုထောက်ပံ့ရေးအဖွဲ့များ ဖွဲ့စည်းခြင်း

–အခန်း(၉) ထေရဝါဒဗုဒ္ဓသာသနာပြုထောက်ပံ့ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များ

–အခန်း(၁၀)စည်းမျဉ်းအတည်ပြု၊ ထုတ်ပြန်၊ ပြင်ဆင်၊ ဖြည့်စွက်၊ နှုတ်ပယ်ခြင်း

–အခန်း(၁၁)အထွေထွေ

ဟူ၍ ပါရှိပါသည်။

၅၆။ တောင်တန်းသာသနာပြုထေရဝါဒဩဝါဒ ဆရာတော်များဖွဲ့စည်းခြင်း

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က(၄-၆-၈၂)နေ့တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့သော တောင်တန်းဗုဒ္ဓသာသနာပြုဗဟိုသံဃာ့အဖွဲ့စည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများအရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် အဖွဲ့ဝင်ဆရာတော်(၉)ပါး ပါဝင်

www.dhammaransi.com

သော တောင်တန်းဗုဒ္ဓသာသနာပြုဗဟိုသံဃာ့အဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါသည်။

ထို့နောက် (၂၃-၃-၉၄)နေ့တွင် ကျင်းပပြုလုပ်သော တတိယအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးက အတည်ပြုပြဋ္ဌာန်းပေးခဲ့သော ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒစရိယအဖွဲ့စည်းမျဉ်းအရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အဖွဲ့ဝင်ဆရာတော်များထံမှဖြစ်စေ၊ ပြင်ပဆရာတော်များထဲမှဖြစ်စေ၊ အဖွဲ့ဝင်ဆရာတော် (၉)ပါး ပါဝင်သော ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒစရိယအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါသည်။

ယင်းအဖွဲ့ဝင်ဆရာတော်များသည် ရုန်ကုန်စည်ပင်သာယာနယ်နမိတ်အတွင်း သီတင်းသုံးသူ ဖြစ်ရပါမည်။

ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒစရိယ အဖွဲ့ဝင်ဆရာတော်များသည် အောက်ဖော်ပြပါအရည်အချင်းများနှင့်ပြည့်စုံရမည် ဖြစ်ပါသည်-

(က) သိက္ခာဝါ(၂၀)နှင့်အထက်ဖြစ်ခြင်း

(ခ) သာသနာပြုလုပ်ငန်းကို စိတ်ပါဝင်စားခြင်း

(ဂ) ခမာ၊ ဇာဂရိယစသော နာယကဂုဏ်နှင့်ပြည့်စုံခြင်း

www.dhammaransi.com

(ဃ) ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံရခြင်း

(င) ပရိယတ္တိဂုဏ်နှင့်ပြည့်စုံခြင်း

(စ) သာသနာပြုလုပ်ငန်းကို ကျွပ်နှန်အောင် ဆောင်ရွက်နိုင်စွမ်း ရှိသည့်ကျန်းမာရေးနှင့်ပြည့်စုံခြင်း

(ဆ) ရဟန်းတော်များကို စိမံအုပ်ချုပ်မှုအတွေ့အကြုံရှိခြင်း

(ဇ) ပြည်တွင်း၊ ပြည်ပသာသနာပြုလုပ်ငန်းတာဝန်နှင့်ရည် ရွယ်ချက်များ ဖအောင်မြင်အောင်ဆောင်ရွက်လိုသည့် ဆန္ဒရှိခြင်း

စသည်တို့ ဖြစ်ပါသည်။

ထေရဝါဒဗုဒ္ဓသာသနာပြုဝါဒစရိယအဖွဲ့ဝင် ဆရာတော် တစ်ပါး လစ်လပ်ပါက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က အစားထိုးခွေးချယ်တာဝန်ပေးအပ်ရမည်။

အဖွဲ့ဝင်ဆရာတော်တစ်ပါးသည် နှုတ်ထွက်လိုလျှင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ အကျိုးအကြောင်းဖော်ပြ လျှောက်ထား၍ ခွင့်ပြုချက်ရပါက နှုတ်ထွက်နိုင်သည်။

အဖွဲ့ဝင်ဆရာတော်တစ်ပါးသည် အောက်ဖော်ပြပါ ဂုဏ် အင်္ဂါအရည်အချင်းတစ်ရပ်ရပ်ချွတ်ယွင်းပါက အဖွဲ့ဝင်အဖြစ်မှ

www.dhammaransi.com

၂၇၅ တောင်တန်းသာသနာပြုသမိုင်း

အလိုအလျောက်ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်-

(က) ပျံလွန်တော်မူခြင်း

(ခ) ရဟန်းအဖြစ်ကို စွန့်လွှတ်ခြင်း

(ဂ) ရဟန်းအဖြစ်မှ ဆုံးရှုံးခြင်း

(ဃ) ရန်ကုန်စည်ပင်သာယာနယ်နမိတ်မှ အခြားတစ်ပါးသို့ အမြဲပြောင်းရွှေ့သိတင်းဆုံးခြင်း

(င) အဖွဲ့ဝင်ဆရာတော်အဖြစ် ဆက်လက်ဆောင်ရွက်ရန် မသင့်လျော်တော့ဟူ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က သတ်မှတ်ခံရခြင်း(သို့မဟုတ်)တာဝန်မှ နုတ်ပယ်ခံရခြင်း

(စ) အကြောင်းမလုံလောက်ဘဲ ပေးအပ်သောတာဝန်ကို ကျေပွန်စွာမဆောင်ရွက်ခြင်း

ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒစရိယအဖွဲ့၏ သက်တမ်းသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က အဖွဲ့သစ်ကို နောက်တစ်ကြိမ်ပြန်လည်ရွေးချယ်ဖွဲ့စည်းပေးပြီးသည့်နေ့အထိ တည်ရှိမည်ဖြစ်ပါသည်။

ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒစရိယအဖွဲ့၏ ပုံမှန်အစည်း

www.dhammaransi.com

အဝေးကို လစဉ်ပြုလုပ်ရပါမည်။ အထူးအစည်းအဝေးများကို အခါအားလျော်စွာ ကျင်းပပြုလုပ်နိုင်ပါသည်။

ပထမအကြိမ် ပုံမှန်အစည်းအဝေးတွင် အဖွဲ့ဝင်ဆရာတော်များသည် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်၊ တွဲဖက်အကျိုးဆောင်တို့ကို ရွေးချယ်တင်မြှောက်ရပါမည်။

ပုံမှန်အစည်းအဝေး အထူးအစည်းအဝေးများတွင် ဥက္ကဋ္ဌဆရာတော်သည် သဘာပတိအဖြစ်လည်းကောင်း၊ အကျိုးတော်ဆောင်ဆရာတော်သည် အခမ်းအနားမှူးအဖြစ်လည်းကောင်း၊ ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်တို့ တာဝန်ထမ်းဆောင်ရန် မဖြစ်နိုင်သောအခါ ဒုတိယဥက္ကဋ္ဌဆရာတော်သည် သဘာပတိအဖြစ် လည်းကောင်း၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်သည် အခမ်းအနားမှူးအဖြစ် လည်းကောင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ရန်ကုန်မြို့သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနသည် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒစရိယအဖွဲ့၏ တည်ရာဖြစ်ပါသည်။

www.dhammaransi.com

၅၇။ ပြည်နယ်နှင့်တိုင်းအလိုက် ဌာနစုများပွဲစဉ်းခြင်းနှင့် သာသနာပြုဌာနများပွင့်လှစ်ခြင်း

ပြည်တွင်းသာသနာပြုဌာနခွဲအောက်တွင် ပြည်နယ်နှင့် တိုင်းအလိုက် ဌာနစုများနှင့် သာသနာပြုဌာနများကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည်-

(က) ကချင်/ စစ်ကိုင်း /မန္တလေးဌာနစု

ကချင်ပြည်နယ်ရှိ မြို့နယ်(၁၄)မြို့နယ်တွင် သာသနာပြုရဟန်းတော်(၅၇)ပါး၊ သာသနာပြုသီလရှင်(၁၃)ပါး၊လက်ထောက် သာသနာပြုလူပုဂ္ဂိုလ်(၅၆)ဦးရှိပြီး မြို့နယ်သာသနာရေးဦးစီးအရာရှိ (၈)ဦးခန့်အပ်ထားရှိပါသည်။

စစ်ကိုင်းတိုင်းရှိ မြို့နယ်(၉)မြို့နယ်တွင် သာသနာပြုရဟန်းတော်(၇၃)ပါး၊ သာသနာပြုသီလရှင် (၉)ပါး၊ လက်ထောက် သာသနာပြုလူပုဂ္ဂိုလ်(၁၃၄)ဦး ရှိပြီး မြို့နယ်သာသနာရေးဦးစီးဌာနအရာရှိ (၇)ဦး ခန့်အပ်ထားပါသည်။

မန္တလေးတိုင်းရှိ မြို့နယ်(၁၉)မြို့နယ်တွင် သာသနာပြုရဟန်းတော်(၁)ပါး၊ လက်ထောက်သာသနာပြုလူပုဂ္ဂိုလ်(၅၀)ဦး ရှိပြီး မြို့နယ်သာသနာရေးဦးစီးဌာနအရာရှိ (၁)ဦး ခန့်အပ်ထားပါသည်။

www.dhammaransi.com

(ခ) ကရင်/မွန်/ကယား/တနင်္သာရီ ဌာနစု

ကရင်ပြည်နယ်ရှိ မြို့နယ်(၇)မြို့နယ်တွင် သာသနာပြုရဟန်းတော်(၁၈)ပါး၊ လက်ထောက်သာသနာပြုလူပုဂ္ဂိုလ်(၈၃)ဦးရှိပြီး မြို့နယ်သာသနာရေးဦးစီးဌာနအာရာရှိ (၂)ဦး ခန့်အပ်ထားပါသည်။

မွန်ပြည်နယ်ရှိ မြို့နယ်(၂)မြို့နယ်တွင် သာသနာပြုရဟန်းတော် (၃)ပါး ရှိပါသည်။

ကယားပြည်နယ်ရှိ မြို့နယ်(၇)မြို့နယ်တွင် သာသနာပြုရဟန်းတော်(၅၁)ပါး၊ လက်ထောက်သာသနာပြုလူပုဂ္ဂိုလ် (၁၀၅)ဦး ရှိပြီး မြို့နယ်သာသနာရေးဦးစီးဌာနအာရာရှိ (၅)ဦး ခန့်အပ်ထားပါသည်။

တနင်္သာရီတိုင်းရှိ မြို့နယ်(၃)မြို့နယ်တွင် သာသနာပြုရဟန်းတော်(၄)ပါး ရှိပါသည်။

(ဂ) ရှမ်းဌာနစု

ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြို့နယ်(၃)မြို့နယ်တွင် သာသနာပြုရဟန်းတော်(၂၇)ပါး၊ လက်ထောက်သာသနာပြုလူပုဂ္ဂိုလ်(၃၁)ဦးရှိပြီး မြို့နယ်သာသနာရေးဦးစီးဌာနအာရာရှိ (၂)ဦး ခန့်အပ်ထားပါသည်။

www.dhammaransi.com

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်(၂၂)မြို့နယ်တွင် သာသနာပြုရဟန်းတော် (၃၉)ပါး၊ သာသနာပြုသီလရှင်(၆)ပါး၊ လက်ထောက်သာသနာပြုလူပုဂ္ဂိုလ်(၁၀၀)ဦးရှိပြီး မြို့နယ်သာသနာရေးဦးစီးအရာရှိ (၁၁)ဦး ခန့်အပ်ထားရှိပါသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်းရှိမြို့နယ်(၉)မြို့နယ်တွင် သာသနာပြုရဟန်းတော် (၂၇)ပါး၊ သာသနာပြုသီလရှင်(၃)ပါး၊လက်ထောက်သာသနာပြုလူပုဂ္ဂိုလ်(၄၈)ဦးရှိပြီး၊ မြို့နယ်သာသနာရေးဦးစီးအရာရှိ(၈)ဦးခန့်အပ်ထားရှိပါသည်။

(ဃ) ချင်း၊ မကွေးဌာနစု

ချင်းပြည်နယ်တောင်ပိုင်းရှိ မြို့နယ်(၄)မြို့နယ်တွင် သာသနာပြု ရဟန်းတော်(၇၅)ပါး၊ လက်ထောက်သာသနာပြုလူပုဂ္ဂိုလ်(၁၄၆)ဦးရှိပြီး မြို့နယ်သာသနာရေးဦးစီးဌာနအရာရှိ(၄)ဦး ခန့်အပ်ထားပါသည်။

ချင်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်(၅)မြို့နယ်တွင် သာသနာပြု ရဟန်းတော်(၃၂)ပါး၊ လက်ထောက်သာသနာပြုလူပုဂ္ဂိုလ်(၅၈) ဦးရှိပြီး မြို့နယ်သာသနာရေးဦးစီးဌာနအရာရှိ(၃)ဦး ခန့်အပ်ထားပါသည်။

မကွေးတိုင်းရှိ မြို့နယ်(၉)မြို့နယ်တွင် သာသနာပြုရဟန်းတော်(၉)ပါး၊ လက်ထောက်သာသနာပြုလူပုဂ္ဂိုလ် (၂၂)ဦး ခန့်အပ်ထားရှိပါသည်။

www.dhammaransi.com

(c) ရခိုင်ဌာနစု

ရခိုင်ပြည်နယ်ရှိ မြို့နယ်(၁၀)မြို့နယ်တွင် သာသနာပြု ရဟန်းတော်(၆၃)ပါး၊ လက်ထောက်သာသနာပြုလူပုဂ္ဂိုလ် (၆၀) ဦးရှိပြီး မြို့နယ်သာသနာရေးဦးစီးဌာနအရာရှိ (၅)ဦး ခန့်အပ် ထားပါသည်။

၅၈။ သာသနာပြုရဟန်းတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ် သင်တန်းများပွင့်လှစ်ခြင်း

သာသနာပြုရဟန်းတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ် သင်တန်းများကို ရန်ကုန်မြို့နှင့်သက်ဆိုင်ရာ ပြည်နယ်/တိုင်းများ ရှိမြို့များတွင် ပူးတွဲပါအတိုင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

၅၉။ သာသနာပြုရဟန်းတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ ရွေးချယ်စေလွှတ်ခြင်း

(က) သိက္ခာ(၅)ပါနှင့်အထက် သက်တော်(၂၅)နှစ်အထက်၊ သက်တော်(၈၀)အတွင်း ဖြစ်ရမည်။

(ခ) သာသနာပြုအသစ်အဖြစ် စတင်ရွေးချယ်တာဝန်ပေးအပ်ရာတွင် အသက်(၅၀)နှစ်ထက် မကြီးစေရန်

(ဂ) ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ မှန်ကန်သောအယူဝါဒကို နားလည်ရမည်

www.dhammaransi.com

(ဃ) အာနည်းဆုံး၊ သီလပေး၊ ရေစက်ချ၊အာနုမောဒနာတရား နှင့်ပရိတ်မေတ္တာဘာဝနာများကို အလွတ်ရရှိပြီး ကောင်း စွာဆောင်ရွက်နိုင်ရမည်၊ (လုပ်ငန်းတာဝန်များကို ထိရောက်စွာစွမ်းဆောင်နိုင်သောပုဂ္ဂိုလ်ဖြစ်လျှင် ဩဝါဒ စရိယအာဖွဲ့မှ ချင်းချက်ဖြင့် ခန့်ထားနိုင်သည်)

(င) သာမှု၊ နာမှု၊ သုမင်္ဂလ၊ဒုမင်္ဂလဆိုင်ရာကိစ္စတို့ကို ညွှန်ပြ ဆောင်ရွက်နိုင်စွမ်းရှိရမည်

(စ) ဗုဒ္ဓဘာသာအဆုံးအမခံယူစေခြင်း၊ ရှင်ပြုပေးခြင်း၊ရဟန်း ခံပေးခြင်း၊ဘာသာရေးအားဇြခံကံကြီးကံငယ်လုပ်ငန်း များကို စီစဉ်ဆောင်ရွက်ရမည်။

(ဆ) ဝါဆိုပွဲ၊ ပဝါရဏာပွဲ၊ကထိန်ပွဲ၊ ဗုဒ္ဓပူဇနိယပွဲတို့ကို ထေရ ဝါဒဗုဒ္ဓတရားတော်နှင့်အညီဖြစ်အောင် စီစဉ်ဆောင်ရွက် ရမည်

(ဇ) အာဇြခံဘာသာရေးသင်တန်း သင်ခန်းစာများကို သင် ကြားပို့ချပေးနိုင်ရမည်။

(ဈ) ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်လိုသူများအား အာဇြခံ ဝိပဿနာတရားကို ပြသနိုင်ရမည်။

(ည) သာသနာပြုရဟန်းတော်အဖြစ် စတင်ရွေးချယ်ခန့်အပ် ချိန်တွင် ကျန်းမာရေးအထူးပြည့်စုံ၍ စေလွှတ်ရာ ဌာန

www.dhammaransi.com

သို့ သွားရောက်နိုင်သူ ဖြစ်ရမည်။

(၄) ဝိနည်းသိက္ခာပုဒ်နှင့်ပတ်သက်၍ ဂရုဏာအာပတ်ကြီးများက ကင်းရှင်းပြီး နာယကဂုဏ်နှင့် ပြည့်စုံ၍ လူအများကြည်ညိုလေးစားနိုင်လောက်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့်ပြည့်စုံသူဖြစ်ရမည်။

(၅) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ညွှန်ကြားထားသောညွှန်ကြားလွှာများနှင့်အညီ နေထိုင်သောပုဂ္ဂိုလ် ဖြစ်ရမည်။

(၃) နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသော သာသနာရေးဆိုင်ရာဥပဒေများ၊အမိန့်များကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးသောပုဂ္ဂိုလ်ဖြစ်ရမည်။

(၂) နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသော သာသနာရေးဆိုင်ရာဥပဒေများ၊အမိန့်များကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးသောပုဂ္ဂိုလ်ဖြစ်ရမည်။

(၁) ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒစရိယအဖွဲ့၏ ညွှန်ကြားချက်များနှင့်ဩဝါဒစရိယဆရာတော်ကြီးများ၏ ဩဝါဒအရ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ချမှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်နိုင်သောပုဂ္ဂိုလ်ဖြစ်ရမည်။

(ဃ) အာနည်းဆုံး(၃)နှစ်သာ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ပါမည် ဟုဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည် ဖြစ်ပါသည်။

www.dhammaransi.com

အထက်ပါအချက်များနှင့်ပြည့်စုံ၍ ပညာအရည်အချင်း အနည်းဆုံးပထမလက်တန်းအဆင့်ရှိ ဂုဟာန်းတော်များကို ဖွဲ့ချယ်၍ နိုးစပ်ရာသာသနာပြုသင်တန်းသို့တက်ရောက်စေပြီး ပြည်နယ်နှင့်တိုင်းအသီးသီးရှိ လစ်လပ်လျက်ရှိသော သာသနာပြုဌာနများနှင့်တိုးချဲ့ဖွင့်လှစ်သည့် သာသနာပြုဌာနအသစ်များသို့ စေလွှတ်ခန့်ထားပါသည်။

သာသနာပြုပုဂ္ဂိုလ်များသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည် ဖြစ်ပါသည်-

(က) အသက်(၁၈)နှစ်အထက်(၅၀)နှစ်အတွင်း ဖြစ်ရမည်၊ (လက်တွေ့အကျိုးရှိအောင်ဆောင်ရွက်နိုင်သူဖြစ်က (၅၀) နှစ်သတ်မှတ်ချက်ကို ချဉ်းချက်အဖြစ် တိုးမြှင့်စဉ်းစားနိုင်သည်)

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူ ဖြစ်ရမည်။

(ဂ) တာဝန်ကျရာ သာသနာပြုအရပ်ဒေသ၊လူမျိုးများ၏ ဓလေ့ထုံးတမ်းကို အထိုက်အလျောက် နားလည်သူဖြစ်ရမည်။

(ဃ) သာသနာပြုအရပ်ဒေသရှိဒေသခံများ၏ ဘာသာစကားကို အထိုက်အလျောက် ပြောဆိုနိုင်ရမည်။

www.dhammaransi.com

(ဂ) စိတ်ရှည်၊ ခွဲသန်၊ သည်းညည်းခံ၍၊ ထိုးဖောက်ဝင်ရောက်စည်းလုံးနိုင်သော စွမ်းရည်သတ္တိရှိရမည်။

(စ) ဗုဒ္ဓဘာသာအကြောင်းကို နားလည်သူဖြစ်ရမည်။

(ဆ) ရဟန်းသံဃာများနေထိုင်ကျင့်ကြံပုံအကြောင်းကို သိရှိနားလည်ပြီး ရဟန်းသံဃာတော်များ၏ သီလ၊သမာဓိ ပညာ တို့ကို အထောက်အကူပြုနိုင်သူ ဖြစ်ရမည်။

(ဇ) ဘုရားဓမ္မတာများ၊ ရုပ်ပွားဆင်းတုတော်များ ရှိခိုးပူဇော်မှုအကြောင်းကို သိရမည်။

(ဈ) ရှိခိုးဦးချနည်းမှစ၍ အခြေခံဗုဒ္ဓဘာသာဓလေ့ထုံးတမ်းများကို နားလည်လိုက်နာရမည်။

(ည) နိုင်ငံတော်နှင့်သာသနာတော်ကို ဆန့်ကျင်သူမဖြစ်စေရ။

(ဋ) ကျန်းမာရေးနှင့်ပြည့်စုံသူဖြစ်ရမည်။

(ဌ) သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာသူဖြစ်ရမည်။

(ဍ) နိုးစပ်ရာသာသနာပြုရဟန်းတော်များ၊ ရပ်ကွက်/ကျေးရွာနှင့်မြို့နယ်သံဃနာယကအဖွဲ့များ၏ သဘင်္ဂများနှင့် မဆန့်ကျင်အောင် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

www.dhammaransi.com

(ပ) သက်ဆိုင်ရာမြို့နယ်သာသနာရေးဦးစီးအရာရှိ၊ မြို့နယ်သာသနာရေးမှူးတို့၏ ဦးဆောင်မှုကိုခံယူနိုင်သူ ဖြစ်ရမည်။

(ဈ) စေလွှတ်ရာ သာသနာပြုကွက်သို့ သွားရောက်ပြီး အနည်းဆုံး(၃)နှစ်၊သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည် ဖြစ်ပါသည်။

အထက်ပါအချက်များနှင့်ပြည့်စုံသူများကို ဆိုင်ရာသာသနာပြုရဟန်းတော်၊ ရပ်ကွက်/ကျေးရွာ/မြို့နယ်သံဃနာယကအဖွဲ့၊ရပ်ကွက်/ကျေးရွာ/မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်သာသနာရေးဦးစီးအရာရှိ၊မြို့နယ် သာသနာရေးမှူးတို့၏ ထောက်ခံချက်များနှင့်အတူ စိစစ်ရွေးချယ်ပြီး သာသနာပြုကွက်များသတ်မှတ်၍ ခန့်အပ်ပါသည်။

၆၀။ သာသနာပြုရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့၏ လုပ်ငန်းတာဝန်များ

သာသနာပြုရဟန်းတော်နှင့်သီလရှင်တို့၏ လုပ်ငန်းတာဝန်များမှာ-

(က) မိမိတာဝန်ကျသောဇကျောင်းဌာနထိုင်သီတင်းသုံး၍ သာသနာပြုတာဝန်များ ဆောင်ရွက်ရမည်။

www.dhammaransi.com

(ခ) အာရည်အာချင်းသတ်မှတ်ချက်တွင် ဖော်ပြထားသော ဘာသာရေးလုပ်ငန်းများကို တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ရ၊ ည်။

(၁) မကြည်ညိုသေးသောသူများ ကြည်ညိုစေရန်၊ ကြည်ညိုပြီးသူများ အကြည်ညိုတိုးပွားစေရန် နေထိုင်ပြောဆို ဆက်ဆံရမည်။

(ဃ) ပိဓိထံသို့အပ်နှံလာသော ဗုဒ္ဓဘာသာမဖြစ်သေးသူများကို ဗုဒ္ဓဟာသာသနာတော်အဆိုးအမင်္ဂလာခံယူစေပြီး အခြေခံဗုဒ္ဓဘာသာ သင်ခန်းစာများကို သင်ကြားပေးရမည်။

(င) ဗုဒ္ဓဘာသာဖြစ်ပြီးသူများအားလည်း အခွင့်ကိုလိုက်၍ ဗုဒ္ဓဘာသာတရားကို သင်ကြားပို့ချပေးပြောပေးရမည်။

(စ) ပိဓိတာဝန်ကျရာ သာသနာပြုဌာနကျောင်းတွင် ကလေးများကို စုစည်းမွေးမြူ၍ ပရဟိတကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများဖြစ်အောင် ကြိုးစားအားထုတ်ရမည်။

(ဆ) ကမ္ဘာ့ဌာန်းတိုက်ဖဟုတ်သော်လည်း ကမ္ဘာ့ဌာန်းထိုင်လိုသူများ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သေးသော်လည်း ဗုဒ္ဓဘာသာတရားကို လေ့လာသူများအား အခြေခံဝိပဿနာတရား

www.dhammaransi.com

၂၈၆ တောင်တန်းသာသနာပြုသမိုင်း

အခြေခံဗုဒ္ဓဒေသနာတော်များကို ပြသဟောပြောပေးရမည်။

(၈) မိမိပတ်ဝန်းကျင်ရှိ အခြားဘာသာများ၏အနေအထား၊ ဆောင်ရွက်ချက်တို့ကို မပြတ်လေ့လာ၍ မိမိလုပ်ငန်းတိုးတက်အောင် ဆောင်ရွက်ရမည်။

(၈၂) မြတ်စွာဘုရားရှင်ကိုနည်းယူ၍ ဘာသာခြားများနှင့်လို အပ်သလို ကောင်းမွန်စွာဆက်ဆံပြီး၊ထိုသူတို့အား ဗုဒ္ဓတရားတော်များကို တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ သိရှိနားလည်စေရန် ပြောဆိုဟောပြောရမည်။

(၈၃) ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒစရိယဆရာတော်များ၏ ဥွန်ကြားချက်များနှင့်ဆတရာတော်များ၏ဩဝါဒအာရသာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက သတ်မှတ်ပေးသောတာဝန်ဝတ္တရားများကို မပျက်မကွက် ဆောင်ရွက်ရမည်။

(၈၄) သက်ဆိုင်ရာသာသနာပြုခေါင်းဆောင်ရဟန်းတော်၏ ကြီးကြပ်မှုကိုခံယူ၍ ဆောင်ရွက်ရမည်။

(၈၅) သံဃအဖွဲ့အစည်းများ၏ဆန့်ကျင်မှုမရှိဘဲ သက်ဆိုင်ရာသံဃအဖွဲ့အစည်းအဆင့်ဆင့်၏ လမ်းညွှန်ချက်ကို ခံယူ၍ ဆောင်ရွက်ရမည်။

www.dhammaransi.com

(၃) နိုးစပ်ရာ သာသနာပြုလူပုဂ္ဂိုလ်များအား နည်းလမ်းတကျ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး အတွက် လမ်းညွှန်မှုပေးရမည်။

(၄) သာသနာပြုလုပ်ငန်းအတွက် အခက်အခဲကြုံတွေ့လာပါကသက်ဆိုင်ရာခေါင်းဆောင်ဆရာတော်၊ မြို့နယ်သံဃမဟာနာယကအဖွဲ့နှင့်သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ခန့်အပ်တာဝန်ပေးအပ်သောပြည်နယ်၊ တိုင်း၊ မြို့နယ်၊သာသနာရေးမှူးများနှင့်ညှိနှိုင်းဆောင်ရွက်ရမည်၊ပြေလည်မှုမရှိသေးပါက ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒစရိယအဖွဲ့သို့ တင်ပြရမည်။

(၅) မိမိတို့သီတင်းသုံးနေထိုင်ရာ သာသနာပြုကျောင်း တိုးတက်စည်ပင်ရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သောကူညီပံ့ပိုးမှု ထောက်ပံ့ရေးနှင့်စပ်လျဉ်း၍သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ၊ထေရဝါဒဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့ကျောင်းဒါယကာ၊ဒါယကာမများနှင့်ညှိနှိုင်း၍ ဆောင်ရွက်ရမည်၊လုံလောက်မှုမရှိသေးပါကသက်ဆိုင်ရာ ပြည်နယ်၊တိုင်း၊မြို့နယ်နှင့်ထေရဝါဒဗုဒ္ဓသာသနာပြု ထောက်ပံ့ရေးအဖွဲ့အဆင့်ဆင့်နှင့်ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒစရိယအဖွဲ့သို့ တင်ပြအကူအညီတောင်းခံနိုင်သည်။

www.dhammaransi.com

(က) မိမိတို့ကျောက်ရာသာသနာပြုငှာန၊ရပ်ကွက်၊ ကျေးရွာ ပြုနယ်၌ ရပ်ကွက်၊ကျေးရွာ၊ပြုနယ်သာသနာပြုထောက် ပံ့ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ပြုနယ်သံဃနာယကအဖွဲ့(သံဃ နာယကအဖွဲ့မရှိကသတ်မှတ်နာယက)နှင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကို ထောက်ပံ့ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရန် နှိုးဆော်တိုက်တွန်းရမည်။

ထေရဝါဒဗုဒ္ဓသာသနာပြုလှုပ်ရှိလ်များ၏ လုပ်ငန်းတာဝန် ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မိမိအတွက် သတ်မှတ်ပေးထားသော သာသနာပြုကွက် (ရပ်ကွက်/ကျေးရွာ)သို့ ကိုယ်တိုင်သွားရောက်နေထိုင် ၍ သာသနာပြုရမည်။

(ခ) နှိုးစပ်ရာပြုနယ်၊ရပ်ကွက်၊ကျေးရွာသံဃနာယကအဖွဲ့၊ သာသနာပြုရဟန်းတော်၊သာသနာပြုလှုပ်ရှိလ်ခေါင်း ဆောင်၊ပြုနယ်သာသနာရေးမှူးတို့၏ဦးဆောင်မှုကို ခံယူ၍သာသနာပြုရမည်။

(ဂ) အရည်အချင်းသတ်မှတ်ချက်တွင် ပါရှိသောဘာသာရေး ဆိုင်ရာလုပ်ငန်းများကို တာဝန်တစ်ရပ်အဖြစ် ဆောင် ရွက်ရမည်။

www.dhammaransi.com

(ဃ) ဗုဒ္ဓဘာသာဖြစ်ပြီးသူများကို အခြေခံ၍ ဗုဒ္ဓဘာသာဝင်မဖြစ်သေးသူများကို ဗုဒ္ဓဘာသာဝင် ဖြစ်လာအောင် စည်းရုံးဆောင်ရွက်ရမည်။

(င) ဒေသခံဗုဒ္ဓဘာသာဝင်များနှင့်ပထမဦးစွာ သင့်မြတ်အောင် ပေါင်းသင်းရမည်။

(စ) ပုဂ္ဂိုလ်ခင်မှ တရားမင်ဆိုရိုးစကားအရ ဗုဒ္ဓဘာသာမဖြစ်သေးသူများ(ဘာသာခြားများ)နှင့်လည်း ဆက်သွယ်မှုရရှိအောင်၊ခင်မင်ရင်းနှီးမှုရှိအောင် ဦးစွာပေါင်းသင်းရမည်

(ဆ) ရွာတစ်ရွာ(သို့မဟုတ်)ဒေသတစ်ခုတွင် ဩဇာရှိသူ၊ အာဏာရှိသူအကြီးအကဲကို ခင်မင်ရင်းနှီးမှုရရှိအောင် နည်းအမျိုးမျိုးဖြင့် ချဉ်းကပ်စည်းရုံးရမည်။

(ဇ) သာသနာပြုတိုးတက်မှုအစီရင်ခံစာကို နှိုးစပ်ကာသာသနာပြုရဟန်းတော်၏ထောက်ခံချက်ဖြင့် တစ်လတစ်ကြိမ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနသို့ ပို့ရမည်။

(ဈ) ဗုဒ္ဓဘာသာသာသနာအဆိုးအမခံယူမည့်သူ(သူများ)ရရှိသောအခါ အနီးဆုံးရှိ သာသနာပြုရဟန်းတော်ထံပို့ဆောင်၍ ဗုဒ္ဓဘာသာသာသနာအဆိုးအမခံယူစေရမည်၊အရွယ်ရောက်ပြီးသူဖြစ်လျှင် ၎င်း၏မှတ်ပုံတင်၊

www.dhammaransi.com

နိုင်ငံသားကတ်ပြားရှိ ''ဘာသာ'' ဟူသောအကွက်တွင် ''ဗုဒ္ဓ'' ဟု ထည့်သွင်းစေရမည်။

(ဃ) မိမိသာသနာပြုကွက်ရှိ ရပ်ကွက်၊ကျေးရွာ၊ထေရဝါဒ ဗုဒ္ဓသာသနာပြုထောက်ပံ့ရေးအဖွဲ့ပလုပ်ငန်းများကို အကူအညီပေးဆောင်ရွက်ရမည်။

(င) မိမိသာသနာပြုကွက်ရှိ ရပ်ကွက်၊ကျေးရွာ၌ ဝတ်အသင်းများကို ဖွဲ့စည်း၍ ဘာသာရေးလုပ်ငန်းအတွက် ဦးဆောင်မှုပေးရမည်။

(စ) မိမိတာဝန်ကျရာဒေသအတွင်း၌ ကျင်းပသောဘာသာရေးအခမ်းအနားများတွင် ဦးဆောင်မှုပေးရမည်။

(ဆ) မိမိတာဝန်ကျရာဒေသ သာသနာပြုလုပ်ငန်းများအတွက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ဖြစ်စေ၊ ထေရဝါဒဗုဒ္ဓသာသနာပြုထောက်ပံ့ရေးဗဟိုအဖွဲ့ကဖြစ်စေ၊သက်ဆိုင်ရာ ပြည်နယ်၊တိုင်း၊မြို့နယ်ထေရဝါဒဗုဒ္ဓသာသနာပြုထောက်ပံ့ရေးအဖွဲ့တို့ကဖြစ်စေ ပေးပို့လာသောနဝကမ္မများ၊လျှုပ်ဖွယ်ပစ္စည်းများကို ပေးပို့လာသော အဖွဲ့အစည်းဏာရှိသူနှင့်ကြားချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်။

www.dhammaransi.com

၆၁။ သာသနာပြုစာသင်တိုက်များတည်ဇောထောင်ခြင်း

သာသနာပြုရဟန်းတော်များကျောင်းထိုင်၍ ဇေသခံတိုင်းရင်းသားရဟန်း၊သာမဏေများအား ပရိယတ္တိစာပေတို့ကို တစိုက်မတ်မတ်သင်ကြားပေးနိုင်ရန်အတွက် ကချင်ပြည်နယ်တွင် မိုးညှင်းမြို့နယ်၌လည်းကောင်း၊ချင်းပြည်နယ်တွင် ဟားခါး၊ဖလမ်း(လုံပို)၊မင်းတပ်မြို့နယ်များ၌လည်းကောင်း၊ရှမ်း(ရှေ့)တွင် ကျိုင်းတုံမြို့နယ်၊ ရှမ်း(မြောက်)တွင် တန့်ယန်း၊ ဟိုပန်မြို့နယ်များ၌လည်းကောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုပရိယတ္တိစာသင်တိုက်များကို ဖွင့်လှစ်ထားရှိခဲ့ပါသည်။

၆၂။ တိုင်းရင်းသားဘာသာဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်များ ဘာသာပြန်ထုတ်ဝေခြင်း

ဇေသခံတိုင်းရင်းသားဘာသာစကားများဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ စာဇေပများကို ဇောက်ပါအတိုင်း ဘာသာပြန်ဆိုဇေးသားထုတ်ဝေခဲ့ပါသည်-

(၁) ကယား (ဗုဒ္ဓဘာသာအနှစ်ချုပ်)

(၂) ကယား (ဗုဒ္ဓဘာသာပထမတွဲ)

(၃) ကယား (ဗုဒ္ဓဘာသာဒုတိယတွဲ)

(၄) ကဖား (မြတ်ဗုဒ္ဓဝတ်ရွတ်စဉ်)

www.dhammaransi.com

(၅) ကရင် (စကော)ဘာသာ

(၆) ကချင် (ဂျန်းဖော)ဘာသာ

(၇) ချင်း (ဇိုမီး)ဘာသာ

(၈) ချင်း (မင်းတပ်ဘာသာ)

(၉) ချင်း (ဟားခါး)ဘာသာ

(၁၀) ရှမ်းဘာသာတရားတော်

(၁၁) ရှမ်း (၂၂၇)သွယ်

(၁၂) "ဝ" အခြေခံဗုဒ္ဓဘာသာတရားတော်

တို့ ဖြစ်ကြပါသည်။

ယင်းစာအုပ်များကို သက်ဆိုင်ရာပြည်နှာ/တိုင်းအသီး သီးရှိ ဒေသခံတိုင်းရင်းသားများ ဖတ်ရှုလေ့လာနိုင်ရန် ဖြန့်ချိခဲ့ပါသည်။

၆၃။ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ ဖွင့်လှစ်ခြင်း

နိုင်ငံတော်သံဃနာယကအဖွဲ့ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများကို (၃၀-၄-၈၃)နေ့ တွင် ရန်ကုန်တိုင်းမှစ၍ ဖွင့်လှစ်ခဲ့သည်မှာ ယနေ့ထိ ပြည်နယ်/

www.dhammaransi.com

တိုင်းအာသီးသီးခွဲ ကျောင်းထိုင်ဘုန်းကြီးသင်ဟန်းကျောင်းပေါင်း (၁၃)ကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

၆၄။ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု စည်းမျဉ်းရေးဆွဲအတည်ပြုခြင်း

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးလုပ်ငန်း သည်မြန်မာ့လူဘောင်အတွင်းရှိ လူငယ်လူရွယ်များအား မြန်မာ့ယဉ်ကျေးမှုကိုအခြေခံမှစ၍ သင်ကြားပေးသဖြင့် နိုင်ငံတော်နှင့်အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးသော စိတ်ဓာတ်ပေါက် ဖွားတိုးတက်စေခဲ့ပါသည်။

မြန်မာနိုင်ငံသည် တိုင်းတစ်ပါး၏အုပ်ချုပ်မှုအောက်သို့ ကျရောက်ခဲ့စဉ်က မြန်မာတိုင်းရင်းသားအချို့သည် မြန်မာ့ယဉ်ကျေးမှုမှုနှင့် တစတစကင်းကွာလာခဲ့ပါသည်။ လူငယ်လူရွယ်များ၏သဘာဝန်ဒြလည်း မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော ဓရိုက်လက္ခဏာဆိုးများ လွှမ်းမိုးကိန်းအောင်းခဲ့ပါသည်။

စာရိတ္တကောင်းမွန်ပြီး ယဉ်ကျေးသိမ်မွေ့သည့် နိုင်ငံတော်၏သားကောင်းသမီးမွန် မျိုးဆက်သစ်များပေါ်ထွန်းလာရေးအတွက် ဘုန်းတော်ကြီးကျောင်းဌ ဘဝခြေခံပညာနှင့်ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျလေ့ကျင့်သင်ကြားပေး

www.dhammaransi.com

ရန်လိုအာပ်ကြောင်းကို နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများက လိုလားလျက်ရှိပါသည်။

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ သဒ္ဓါဒဖြစ်သော မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေး လုပ်ငန်းကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သာသနာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းခဲ့ရာ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးလုပ်ငန်းကို သဘောတူလက်ခံကြောင်း ပညာရေးဝန်ကြီးဌာန၏(၄-၁-၉၂) ရက်စွဲပါစာအမှတ်၊ ၄-ပညာ ၂၉၈)၉၁(၁၃၅၇)ကိုလည်းကောင်း၊ အခြေခံပညာဦးစီးဌာနမှလည်း ၂၇-၁-၉၂ ရက်စွဲပါစာအမှတ် ဌာနစု(၁၉)/၁၄၇၃/၂-သ(၂-၁၁)၉၂ ကိုလည်းကောင်း ထုတ်ပြန်ခဲ့ပါသည်။

တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ (၄၇)ပါးစုံညီ တတိယအစည်းအဝေး၏ဆုံးဖြတ်ချက်အရ ၊နှင်းကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးလုပ်ငန်းရှင်းလင်းပွဲတစ်ရပ်ကို ၁၉၉၂-ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နှင့်(၂)ရက်နေ့များတွင် ပြုလုပ်ခဲ့ပါသည်၊ အဆိုပါရှင်းလင်းပွဲဒသို့ နိုင်ငံတော်သံဃမဟာနာ

www.dhammaransi.com

ယကအဖွဲ့ဥက္ကဋ္ဌ ဘဒန္တသောဘိတ(အဘိဓမ္မမဟာရဋ္ဌဂုရု၊အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက)နှင့်အဖွဲ့ဝင်ဆရာတော်ကြီးများ၊ ပြည်နယ်/တိုင်းအသီးသီးရှိ ဂိုဏ်းပေါင်းစုံသံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာန၊ဝန်ကြီးဗိုလ်ချုပ်မျိုးညွန့်၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဖေသိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးလုပ်ငန်းကို အကောင်အထည်ဖော်ရာတွင် စနစ်တကျရှိစေရန်အတွက် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်းကိုရေးဆွဲပြီး ၁၉၉၄-ခုနှစ်၊ မတ်လ(၁၈)ရက်နှင့်(၁၉)ရက်နေ့များတွင် ကျင်းပပြုလုပ်သော တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ထေရသမအစည်းအဝေးသို့တင်ပြခဲ့ရာ အစည်းအဝေးမှ အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါသည်။

တစ်ဖန် ၁၉၉၄-ခုနှစ်၊ သြဂုတ်လ(၁၄)ရက်နှင့်(၁၅)ရက်နေ့များတွင် ကမ္ဘာ့အေးကုန်းမြေ၊ ဝိဇ္ဇယမင်္ဂလာဓမ္မသဘင်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးမုံညီ ဓုဒ္ဓမအစည်းအဝေးမှ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရန် ဆုံးဖြတ်တော်မူခဲ့ကြသဖြင့် ၁၉၉၅-ခုနှစ်၊

www.dhammaransi.com

၌နှစ်လ(ဂျ)ရက်နေ့၌ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနဈာစည်းအဝေးခန်းမတွင် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီးသော်လည်း ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်းတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ဆိုင်ရာ ပြဋ္ဌာန်းချက်များမပါရှိသဖြင့် ဗဟိုကြီးကြပ်ရေးအဖွဲ့ဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့်မြို့နယ်ကြီးကြပ်ရေးအဖွဲ့တို့ကို ပေါင်းကူးဆက်သွယ်ပေးနိုင်ရန် ပြည်နယ်/တိုင်းကြီးကြပ်ရေးအဖွဲ့ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဖြည့်စွက်ရန်လိုအပ်လာပါသည်။

ထို့ကြောင့် ပထမအကြိမ် ကျင်းပပြုလုပ်သော ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုဗဟိုကြီးကြပ်ရေးအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ဤစည်းမျဉ်းကိုပြင်ဆင်ဖြည့်စွက်ပြီး (၁၄-၆-၉၅)ရက်နေ့တွင် ကျင်းပသော စတုတ္ထအကြိမ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ) ၏၁၅-ပါးစုံညီ ပထမအကြိမ် ဒုံဒဿမအစည်းအဝေးမှတစ်ဆင့် ၁၉၉၅-ခုနှစ်၊ ဇူလိုင်လ(၃)ရက်နှင့်(၄)ရက်နေ့များ၌ ဝိဇယမင်္ဂလာဓမ္မသဘင်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော စတုတ္ထအကြိမ်၊နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး

www.dhammaransi.com

သို့တင်ပြခဲ့ရာ အစည်းအဝေးက ပြင်ဆင်ချက်ဖြင့် အတည်ပြု ပြဋ္ဌာန်းပေးခဲ့ပါသည်။

သီလရှင်သင် (အမျိုးသမီး)ပညာရေးကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ဘုန်းတော်ကြီး ကျောင်းပညာသင်ကြားမှုစည်းမျဉ်းတွင် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်လာသဖြင့် ၁၉၉၇-ခုနှစ်၊နိုဝင်ဘာလ(၂၀)ရက်နှင့်(၂၁) ရက်နေ့များ၌ ဝိဇ္ဇယမဂ်လာဓမ္မသဘင်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော စတုတ္ထအကြိမ်၊ နဝမအစည်းအဝေးမှ စည်းမျဉ်းပြင်ဆင်ချက်ဖြည့်စွက်ချက်များကို ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပါသည်။

ထိုပြင်ဆင်ပြောင်းလဲလာသော ပညာရေးစနစ်အရ အခြေခံပညာအလယ်တန်းအဆင့်သင်ကြားခွင့်နှင့်စပ်လျဉ်း၍ စတုတ္ထအကြိမ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒွိဒသမအစည်းအဝေးမှလည်းကောင်း၊ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင် ရွက်ရာ၌ ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့်ပြည်နယ်/တိုင်းမြို့နယ် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်သွယ်မှုပြုရာတွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏အခန်းကဏ္ဍကို ပိုမိုဦးစားပေးရန် ရည် ရွယ်သောအားဖြင့်လည်းကောင်း၊ ပြည်နယ်/တိုင်းနှင့်မြို့နယ် ကြီးကြပ်ရေးအဖွဲ့များကို ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ပါသည်၊

www.dhammaransi.com

ထို့ကြောင့် ၁၉၉၉-ခုနှစ်၊ နိုဝင်ဘာလ(၂၉)ရက်နှင့်(၃၀)ရက်နေ့က ကျင်းပခဲ့သော စတုတ္ထအကြိမ်၊နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမအစည်းအဝေးမှ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုစည်းမျဉ်းအခန်း(၃) ပြည်နယ်/တိုင်းကြီးကြပ်ရေးအဖွဲ့နှင့်သက်ဆိုင်သည့် အပိုဒ်(၁၅)၊ (၁၆)နှင့် မြို့နယ်ကြီးကြပ်ရေးအဖွဲ့နှင့်သက်ဆိုင်သည့် အပိုဒ်(၂၃)တို့ကို ထပ်မံပြင်ဆင်ဖြည့်စွက်အတည်ပြုခဲ့ပါသည်။

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်း (ပြင်ဆင်ချက်)တွင် နိဒါန်းနှင့်အခန်းပေါင်း(၈)ခန်း ပါရှိပါသည်။ ယင်းတို့မှာ-

အခန်း(၁)-အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

အခန်း(၂)-ရည်ရွယ်ချက်များ

အခန်း(၃)-ကြီးကြပ်ရေးအဖွဲ့ (ဗဟိုကြီးကြပ်ရေးအဖွဲ့၊ ပြည်နယ်/တိုင်းကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်ကြီးကြပ်ရေးအဖွဲ့)

အခန်း(၄)-ကျောင်းအုပ်ဆရာတော်၏တာဝန်ဝတ္တရားများ

အခန်း(၅)-ပညာသင်ဆရာ၏တာဝန်နှင့်ဝတ္တရားများ

အခန်း(၆)-ကျောင်းဝင်ခွင့်လျှောက်ထားခြင်း

www.dhammaransi.com

အခန်း(၇)–ကျောင်းသား/ကျောင်းသူများ၏တာဝန်နှင့်ဝတ္တရား

အခန်း(၈)–စည်းမျဉ်းပြင်ဆင်ခြင်း

တို့ ဖြစ်ပါသည်။

၆၅။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွင့်လှစ်ခြင်း

၁၉၉၂–ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နှင့်(၂)ရက်ဖြစ် များ၌ ကျင်းပပြုလုပ်ခဲ့သော ဘုန်းတော်ကြီးကျောင်းပညာသင် ကြားရေးလုပ်ငန်းရှင်းလင်းပွဲတွင် တစ်မြို့နယ်လျှင် ဘုန်းတော် ကြီးသင် ပညာသင်ကြားရေးကျောင်း(၅)ကျောင်းဖွင့်လှစ်ရေးမူ အရ ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ ပြ သက်ဆိုင်ရာပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့၊ခရိုင်နှင့်မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တို့ ညှိနှိုင်းပေါင်းစပ်၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၉၃–ပညာသင်နှစ်မှစ၍ ဘုန်းတော်ကြီးသင်ပညာ သင်ကြားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ပါသည်၊ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးလုပ်ငန်း စတင်အကောင်အထည်ဖော်သည့် ၁၉၉၃-၉၄ ပညာသင်နှစ်၌ မြို့နယ်ပေါင်း(၁၄၃)မြို့နယ်တွင် ဘုန်းတော်ကြီး[illegible]

www.dhammaransi.com

ကျောင်းပေါင်း(၁၀၀၅)ကျောင်း ဖွင့်လှစ်နိုင်ပြီး ကျောင်းသား/သူ ပေါင်း(၃၃၆၆၈)ဦးတို့ ပညာသင်ကြားလျက်ရှိပါသည်။

ထေရဝါဒဗုဒ္ဓဘာသာသာသနာပြုလုပ်ငန်းကို သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ အားသွန်ခွန်စိုက်ဆောင်ရွက် လျက်ရှိရာ သာသနာပြုတာဝန်ထမ်းဆောင်လျက်ရှိကြသော သာသနာပြုရဟန်းတော်များသည် မိမိတို့မူသာသနာပြုလုပ်ငန်း တာဝန်အပြင် တိုင်းရင်းသားကလေးသူငယ်များအား အပြေခံ ပညာတတ်မြောက်ကြရန်နှင့်ဘာသာသာသနာ၏အဆုံးအမကို သိရှိ၍ ယဉ်ကျေးသိမ်မွေ့လာကြစေရေးအတွက် သာသနာပြု ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ဖွင့်လှစ်ခဲ့ကြပါ သည်။ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်သည့် ၁၉၉၃-၉၄ ခု၊ ပညာသင်နှစ် မှစ၍ (၂၀၀၁-၂၀၀၂)ခု ပညာသင်နှစ်အထိ ပြည်နယ်/တိုင်း အသီး သီး၌ ထေရဝါဒဗုဒ္ဓသာသနာပြု ကျောင်းပေါင်း(၄၈)ကျောင်းတွင် ကျောင်းသား/သူပေါင်း (၅၁၇၉)ဦး ခန့်ပညာသင်ကြားခဲ့ကြောင်း သိရှိရပါသည်။

ဘုန်းတော်ကြီးပညာရေးကျောင်းများနည်းဟူ အမျိုး သမီးငယ်များအတွက် သီလရှင်အမျိုးသမီးပညာရေးကျောင်းများ ကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်၊ယခုအခါ သီလရှင်

www.dhammaransi.com

အာမျိုးသမီးပညာရေးကျောင်းပေါင်း (၁၆)ကျောင်းရှိပြီး ကျောင်းသူ ၊ ကျောင်းသားပေါင်း(၁၇၀၀)ကျော် ပညာသင်ကြားပေးခဲ့ပါသည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် အခြေခံပညာအပြင် မြန်မာ့ယဉ်ကျေးမှုကိုမြတ်နိုးခုံမင်သည့်စိတ်ဓာတ်ပေါ်ထွန်းရေးကိုဦးတည်သော ဗုဒ္ဓဘာသာယဉ်းကျေးမှုသင်ခန်းစာများကိုပါ သင်ကြားပေးသည့်အတွက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသူ/သားများသည် နိုင်ငံတော်နှင့် သာသနာအတွက် အားထားရမည့်မျိုးဆက်သစ်များ ဖြစ်ပေါ်လာကြမည်ဖြစ်ပါသည်။

၆၆။ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲစီမံချက်မျဉ်းရေးဆွဲခြင်း

ဗုဒ္ဓဘာသာသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိုဆောင်ရွက်ရာတွင် ရဟန်းသာမဏေများဘက်ကို တိုးမြှင့်ပေးရုံမျှဖြင့် ပြည့်စုံလုံလောက်မှုမရှိသေးပါ။ ရဟန်းသံဃာအဖွဲ့အစည်းသည် ပစ္စည်းလေးပါးဒါယကာ. ဒါယကာမများအပေါ် လုံးဝတည်မှီနေပါသဖြင့် ဒါယကာများဘက်၌ သာသနာဆုတ်ယုတ်လာပါလျှင် သာသနာ့ဝန်ထမ်းများ၏တည်ရာမှီရာအားနည်းပါးမည်ဖြစ်ပါသည်။

www.dhammaransi.com

သို့ဖြစ်သောကြောင့် ပစ္စည်းလေးပါးဒါယကာဒါယကာမများနှင့်ဂုဏ်မျိုးဆက်ရင်သွေးငယ်များဘက်ကို ထိရောက်သောသာသနာပြုလုပ်ငန်းတိုးမြှင့်ပေးရန် လိုအပ်လျက်ရှိပါသည်၊ ဤလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းပေးရန်အလို့ငှာ ဤဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို ကျင်းပပေးရန် စီမံပေးခြင်း ဖြစ်ပါသည်။

ဤစာမေးပွဲသည် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏အထက်တန်းကျသောမျိုးရိုးဇာတိအကျင့်အကြံ၊ ရေခံမြေခံ လက်ကိုင်တရားနှင့်အမျိုးတို့၏ယဉ်ကျေးပွယ်ရာ အသိအလိမ္မာရေးရာအဖြာဖြာတို့ကို ဖော်ထုတ်သိမြင်လိုက်နာချင်ဖွယ်ဖြစ်အောင် စီစဉ်ကျင်းပသည့် မျိုးချစ်တရားပြန့်ပွားရေး စာမေးပွဲပင် ဖြစ်ပါ သည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကျင်းပခြင်းဖြင့် အနည်းဆုံးအောက်ပါအကျိုးကျေးဇူးများကို ရရှိနိုင်မည် ဖြစ်ပါသည်။

(က) ဗုဒ္ဓ ဓမ္မနှင့်ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ အသိအလိမ္မာတိုးတက်လာမည်။

(ခ) ရပ်ကွက်၊ကျေးရွာများရှိ ဗုဒ္ဓဘာသာ ကလေးသူငယ်များအကျင့်စာရိတ္တပျက်ပြားမှုမှ ကာကွယ်နိုင်မည်။

(ဂ) လူကောင်းတစ်ယောက်ဖြစ်လာစေရန် ငယ်စဉ်တည်းကပြုပြင်ပေးလာနိုင်သည်။

www.dhammaransi.com

(ဃ) ဗုဒ္ဓသာသနာတော်၌ သက်ဝင်ယုံကြည်မှု ခိုင်မြဲလာနိုင်သည်။

(င) သာသနာတော်အတွက်ရော၊ တိုင်းပြည်အတွက်ပါ လိုအပ်သောလူကောင်းလူတော်များ များစွာ ဖြစ်ထွန်းလာနိုင်မည်ဖြစ်ပါသည်။

ဤဗုဒ္ဓဘာသာယဉ်ကျေးမှုစာပေးပွဲစီမံချက် စည်းမျဉ်းကို ၁၉၈၂-ခုနှစ်၊ ဇွန်လ(၄)ရက်နေ့တွင် ကမ္ဘာအေးကုန်းမြေ၌ ကျင်းပပြုလုပ်ခဲ့သော ပထမအကြိမ်၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်တတိယအစည်းအဝေးကတည်တည့်တ်တည်း အတည်ပြုပေးခဲ့ပါသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာပေးပွဲစီမံချက်စည်းမျဉ်းတွင် နိဒါန်းနှင့်အောက်ပါအချက်များ ပါဝင်ပါသည်-

- စာပေးပွဲဆိုင်ရာဘာသာရပ်များ
- ပြဋ္ဌာန်းကျမ်းစာများ
- ပြဋ္ဌာန်းကျမ်းစာများနှင့်နှစ်အလိုက်သတ်မှတ်ခြင်း
- မေးခွန်းထုတ်စည်းမျဉ်း
- အောင်မြင်ခြင်းနှင့်ဂုဏ်ထူးအောင်သတ်မှတ်ခြင်း

www.dhammaransi.com

၃၀၄ တောင်တန်းသာသနာပြုသမိုင်း

- မေးခွန်းစာရင်းချုပ်
- ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများကျင်းပခြင်း
- ကော်မတီဖွဲ့စည်းပုံ
- ကော်မတီတာဝန်ဝတ္တရားများ
- စာမေးပွဲဆိုင်ရာသတ်မှတ်ချက်များ
- တခြားညီဖြစ်ရန် သတ်မှတ်ချက်များ

တို့ ဖြစ်ပါသည်။

၆၇။ ယဉ်ကျေးမှုသင်တန်းပွင့်လှစ်ခြင်း

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို ၁၃၄၄-ခုနှစ်၊ နယုန်လဆန်း(၁၃)ရက်၊ (၄-၆-၈၂)နေ့တွင် ကမ္ဘာအေးကုန်းမြေ၌ ကျင်းပပြုလုပ်သည့် ပထမအကြိမ်၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်တတိယအစည်းအဝေးက အတည်ပြုခဲ့သော "ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲစီမံချက်စည်းမျဉ်း" နှင့်အညီ နိုင်ငံတော်သံဃနာယကအဖွဲ့သည် ၁၃၄၄-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၅)ရက်နေ့စွဲဖြင့် "နိုင်ငံတော်တစ်ဝှမ်းရှိ မြို့နယ်အသီးသီးတွင် မြို့နယ်သံဃနာယကအဖွဲ့များက တာဝန်ယူ၍ နှစ်စဉ် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများ ကျင်းပသွားရန် ညွှန်ကြားချက်" ကို ညွှန်

www.dhammaransi.com

ကြားလွှာအမှတ်(၄၅)ဖြင့် ထုတ်ပြန်ကြေငြာခဲ့ပြီးနောက် ၁၉၈၄-ခုနှစ်မှစ၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာပေးပွဲများကို မြို့နယ်များအလိုက် ကျင်းပပြုလုပ်ခဲ့ပါသည်။

၁၉၈၄-ခုနှစ်၊ ပထမအကြိမ်မှ ၁၉၉၁-ခုနှစ် အဋ္ဌမအကြိမ်အထိ သာသနာရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၁၉၉၂-ခုနှစ် နဝမအကြိမ်မှ ယနေ့အထိ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။ နောက်ဆက်တွဲ ၎င်

၆၈။ မြို့နယ်သာသနာရေးအရာရှိများ ဖွဲ့စည်းခန့်အပ်တာဝန်ပေးခြင်း

သာသနာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှစ်ခုသည် သာသနာရေးဦးစီးဌာနလက်အောက်ရှိ ပြည်နယ်နှင့်တိုင်းသာသနာရေးမှူးများ ပံ့ပိုးမှုဖြင့်လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်နှင့်တပြေးညီလုပ်ငန်းများ ပြီးစီးအောင်မြင်မှုမရရှိနိုင်သဖြင့် လိုအပ်သောနယ်စပ်ဒေသများတွင် မြို့နယ်သာသနာရေးဦးစီးအရာရှိများ ခန့်ထားကာ အားဖြည့်အထောက်အကူပြုမှုများလိုအပ်လာသဖြင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနအနေဖြင့် မြို့နယ်သာသနာရေးဦးစီးဌာနအရာရှိများ၊ ခန့်အပ်

www.dhammaransi.com

နိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီသို့တင်ပြခဲ့ရာ (၅-၁-၉၄)ရက်စွဲပါအမိန့် ကြော်ငြာစာ အမှတ်(၁/၉၄)ဖြင့် ခွင့်ပြုခဲ့ပါသည်။

ဖွဲ့စည်းပုံအရ မြို့နယ်သာသနာရေးဦးစီးအရာရှိ (၇၃)ဦး နှင့် စာရေးဝန်ထမ်း(၇၃)ဦး ပါရှိပါသည်၊ ယခုအခါတွင် ပြည်နယ်/တိုင်းအသီးသီးရှိ မြို့နယ်များတွင် မြို့နယ်သာသနာရေးဦးစီး အရာရှိ(၆၁)ဦးနှင့်စာရေးဝန်ထမ်း(၃၁)ဦး ခန့်အပ်ထားရှိခဲ့ပါသည်။

၆၉။ သာသနာပြုအထောက်အကူပြုတိုင်းရင်းဆီး ပညာသင်တန်းများပွင့်လှစ်ခြင်း

သာသနာပြုလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ တိုင်းရင်းဆေးပညာသင်တန်းများကိုလည်း အောက်ပါအတိုင်း ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်-

-(၆-၅-၂၀၀၂)မှ (၃၁-၅-၂၀၀၂)အထိ နေ-ပ-သ (မန္တလေး)တွင် သင်တန်းသားရဟန်းတော်(၁၀၅)ပါး အားလည်းကောင်း

-(၂၂-၄-၂၀၀၂)မှ(၂၀-၅-၂၀၀၂)အထိ နေ-ပ-သ (ရန်ကုန်)တွင် သင်တန်းသားရဟန်းတော်(၉၂)ပါးအား လည်းကောင်း

www.dhammaransi.com

-(၂၅-၇-၂၀၀၂)မှ(၂၆-၈-၂၀၀၂)အထိ ကမ္ဘာအေး သာသနာပြုသီလရှင်(၆)ပါး၊ လက်ထောက်ဘာသနာပြု လူပုဂ္ဂိုလ်(၂၄)ဦးတို့အားလည်းကောင်း သင်ကြားပို့ချပေးခဲ့ပါသည်။

၇၀။ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပေါ်ပေါက်လာပြီးနောက် ရဟန်းတော်များ၊ လူပုဂ္ဂိုလ် များအား သက်ဆိုင်ရာဘွဲ့တံဆိပ် တော်များအား လှူဒါန်းခြင်းနှင့်ဘွဲ့တံဆိပ် တော်ရ တောင်တန်း သာသနာပြု ရဟန်း တော်များနှင့်လူပုဂ္ဂိုလ်များ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက် ထက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနပေါ်ပေါက် လာပြီးနောက်တွင် နိုင်ငံတော်အစိုးရက (၂၄-၁-၉၁)နေ့စွဲပါ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့၊ အမိန့်ကြော်ငြာစာအမှတ်(၄၂/၉၁)ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို အသစ်တီထွင် ပြဋ္ဌာန်းပေးခဲ့ပါသည်။

ဤကဲ့သို့ပြဋ္ဌာန်းပေးခဲ့သဖြင့် သာသနာပြုဆိုင်ရာဘွဲ့ တံဆိပ်ဖြစ်သည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်၊

www.dhammaransi.com

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်နှင့်သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များကို တောင်တန်းဗုဒ္ဓသာသနာပြုရဟန်းတော်များ၊ သာသနာပြုသီလရှင်များ၊ လက်ထောက်သာသနာပြုပုဂ္ဂိုလ်များအား ဆက်ကပ်လှူဒါန်း ချီးမြှင့်နိုင်ခဲ့ပါသည်။

၁၉၉၂-ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၀၂-ခုနှစ် ဇန်နဝါရီလ အထိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ သာသနာပြုဆရာတော်(၁၁)ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရသာသနာပြုဆရာတော်(၁၉)ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရသာသနာပြုရဟန်းတော်(၂၈)ပါး၊ သာသနာပြုသီလရှင်(၂)ပါး၊ လက်ထောက်သာသနာပြုလူပုဂ္ဂိုလ်(၂)ဦးတို့ ပေါ်ထွန်းခဲ့ပါသည်။

www.dhammaransi.com

၇၁။ အခြားအဖဲ့အစည်းများမှ တောင်တန်းသာသနာပြု ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်ဒေသမျာ၊ ပြည်နယ်နှင့် တောင်တန်းဒေသများတွင် ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရန် အတွက် အစိုးရမဟုတ်သော အမျိုးဘာသာသာသနာကို ချစ်မြတ် နိုးကြသော ပုဂ္ဂိုလ်များသည် အဖဲ့အစည်းအသင်းများ တည်ထောင်၍ ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့ရပါသည်။

(က) မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖဲ့

နိုင်ငံကျော်ဓမ္မကထိကသာသနာပြုဆရာကြီးဦးလှသိန်း သည် အနယ်နယ်အရပ်ရပ်သို့ တရားဟောခရီးထွက်ရင်း ကျေးလက်ဒေသ၊ ပြည်နယ်ဒေသ၊ တောင်တန်းဒေသရှိ ကလေး သူငယ်များသည် ဘုရားရှင်၏အဆုံးအမနှင့် ဗုဒ္ဓဘာသာယဉ်ကျေး မှုများ သက်ဝင်ကျရောက်မှုအားနည်းလာသည်ကို သတိပြုမိလာ ခဲ့သည်။ သာသနာ၏ ရေသောက်မြစ်ဖြစ်သော ကျေးလက်ဒေသ ကျောင်းများ၌ ကျောင်းသား, ကိုရင်များမရှိ တိမ်ကောလာသည် ကို သတိထားလာပြီး ဤအတိုင်းသာ ဆက်သွားပါက မြန်မာ နိုင်ငံတွင် ဗုဒ္ဓသာသနာ ရေသောက်မြစ်ပြတ်တောမည်ဟု ယုံကြည်မိလာသည်။

www.dhammaransi.com

သို့အတွက် ဆရာကြီးဦးလှသိန်းသည် သာသနာရေးနှင့် ဘာသာယဉ်ကျေးမှုများကို စိတ်ဝင်စားကြသော ဦးဝတင်(သခင်ဝတင်)၊ ဦးမောင်စိန်၊ ဦးမော်၊ ဦးဘသောင်းအစရှိသောပုဂ္ဂိုလ်များနှင့် ညှိနှိုင်းစည်းဝေးကြကာ အောက်ပါရည်ရွယ်ချက်(၃)ရပ်ဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်ကြီးကို ၁၃၂၂ ခုနှစ် နယုန်လဆန်း(၇)ရက်၊ (၃၀-၅-၆၀)နေ့တွင် နာယက(၅)ဦး၊ အလုပ်အမှုဆောင်(၁၂)ဦး၊ အဖွဲ့ဝင်(၃၅)ဦးတို့ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

ရည်ရွယ်ချက်(၃)ရပ်မှာ

(၁) မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်တောရွာများမှစ၍ မြို့ပြများ၌ မှိတင်နေထိုင်လျက်ရှိသော-

(က) ၁၀-နှစ်အောက် ကလေးသူငယ်များနှင့် သင့်လျော်သည့် ဗုဒ္ဓသာသနာတော်

(ခ) ၁၀-နှစ်အထက် လူငယ်လူလတ်များနှင့် သင့်လျော်သည့် ဗုဒ္ဓသာသနာတော်

(ဂ) လူကြီးများနှင့်သင့်လျော်သည့် ဗုဒ္ဓသာသနာတော်များ ပြန့်ပွားစေရန်

www.dhammaransi.com

(၂) အာဖဲ့ချုပ်မှ ဦးစီးဦးဆောင်ပြုလျက် ဗုဒ္ဓသာသနာပြု ကျောင်းများ ဖွင့်လှစ်တည်ထောင်ရန်

(၃) တောင်တန်းဒေသနှင့် မြေပြန့်မှကလေးသူငယ်များတို့ အား စားဝတ်နေရေးမှစ၍ ထောက်ပံ့ပြီး သာသနာရေး အခြေခံ ပညာနှင့် ခေတ်ပညာကို ပို့ချသင်ကြားပေးရန်

(ခ) ရဟန်းတော်များ မူလတန်းဆရာဖြစ်သင်တန်း ပွင့်လှစ်ခြင်း

အာဖဲ့ဖဲ့စည်းတည်ထောင်ပြီးနောက် ပညာသင်ကြားခွင့် မရသေးသည့် တောင်ပေါ်မြေပြန့်ကျေးရွာများရှိ ကလေးသူငယ် များအား ခေတ်ပညာအခြေခံမူလတန်းပညာကို သင်ကြားပို့ချနိုင် ပြီး ရပ်ရွာဒေသပတ်ဝန်းကျင်ရှိ ဒါယကာ ဒါယိကာမများကို ဗုဒ္ဓ ယဉ်ကျေးမှုများ မြန်မာ့ယဉ်ကျေးမှုများအပြင် အခြေခံကျန်းမာရေး ပညာကိုပါ ဖြန့်ဖြူးပေးနိုင်ရေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရဟန်းတော်များ သာသနာပြုမူလတန်းဆရာဖြစ် သင်တန်းကို ရွှေတိဂုံဘုရားလယ်း ကျောက်စိမ်းမဟာရုံ၌ စတင်ပွင့်လှစ်ခဲ့ပါသည်။ ရဟန်းတော်များ မူလတန်းဆရာဖြစ် သင်တန်းပွင့်ခဲ့သလို ပမ်းချောင်းပြို့နယ်၊ ကျန်းတောလယ်း၊ ဒေါ်ညာကာစာရိသိလရှင် ကျောင်းထိုင်၌လည်း သိလရှင်မူလတန်းဆရာဖြစ် သင်တန်းကို (၂)နှစ်တိတိ ပွင့်လှစ်ခဲ့ပါသည်။

www.dhammaransi.com

ဆင်ကြားသောဘာသာပေါ်များမှာ-

၁။ ဗုဒ္ဓဘာသာယဉ်ကျေးမှုဘာသာ

၂။ မြန်မာစာ ၅။ ပထဝီ

၃။ အင်္ဂလိပ်စာ ၆။ သမိုင်း

၄။ သချာ ၇။ အထွေထွေသိပ္ပံ

၈။ သာသနာပြုစည်းရုံးရေးဘာသာ

သင်တန်းတစ်ပါတ်လျှင်(၃)လမှ (၄)လအထိ သတ်မှတ်ပြီး အရေးပေါ်ပို့ချခဲ့ရာ ပထမပတ်မှ ဒုတိယတိ(၂၂)ပါတ်ထိ ဘုဂ္ဂရ ခုထိ (၂၅)နှစ်ကာလအတွင်း သင်တန်းသားရဟန်းတော်ပေါင်း(၅၀၀) ကျော် မွေးထုတ်ပေးနိုင်ခဲ့သည်။

သာသနာပြုစေလွှတ်ခြင်း

သာသနာပြု မူလတန်းဆရာဖြစ်သင်တန်း အောင်မြင်ပြီးသော ရဟန်းတော်များကို အပွဲချုပ်စီမံကွပ်ကဲမှုဖြင့် တိုင်းနှင့်ပြည်နယ်အသီးသီးသို့ သာသနာပြုစေလွှတ်ပြီး ဘုန်းတော်ကြီးသင်ပညာရေး(ဘ-က)ကျောင်းများ တည်ထောင်ဖွင့်လှစ်စေခဲ့ပါသည်။

၁။	ကချင်ပြည်နယ်တောင်တန်းဒေသသို့	၅ - ပါး
၂။	ကယားပြည်နယ်ဒေသသို့	၆ - ပါး
၃။	ချင်းပြည်နယ်ဒေသ(တောင်/မြောက်)	၈ - ပါး

www.dhammaransi.com

၄။ ရှမ်းပြည်နယ်(တောင်/မြောက်) ၁၀ – ပါး

၅။ ကရင်ပြည်နယ် ၇ – ပါး

၆။ မွန်ပြည်နယ် ၁၅ – ပါး

၇။ ရခိုင်ပြည်နယ် ၁၀ – ပါး

၈။ ဇောဝတီတိုင်း ၃၀ – ပါး

၉။ မကွေးတိုင်း ၄၀ – ပါး

၁၀။ စစ်ကိုင်းတိုင်း ၅၀ – ပါး

၁၁။ ပဲခူးတိုင်း ၅၅ – ပါး

၁၂။ မန္တလေးတိုင်း ၄၅ – ပါး

၁၃။ တနင်္သာရီတိုင်း ၂၇ – ပါး

၁၄။ ရန်ကုန်တိုင်း ၁၅ – ပါး

အသီးသီး ဘကဇကျောင်းများ ဖွင့်လှစ်၍ သာသနာပြုနိုင်ခဲ့ပါသည်။

အချို့သာသနာပြုရဟန်းတော်များသည် သက်ဆိုင်ရာ ပိဂိုလ်တို့၏ ဆရာသမားများ၏ ကျောင်းဌာပြန်လည်ဝါဆို၍ ဗုဒ္ဓဘာသာယာဉ်ကျေးမှုသင်တန်းများကို ပို့ချသင်ပြပြီး သာသနာပြုနေခဲ့ကြပါသည်။

www.dhammaransi.com

(၈) မြန်မာနိုင်ငံတောင်တန်းဒေသ ဗုဒ္ဓဘာသာသာသနာပြုအဖဲ့

၁။ အဖဲ့တည်ထောင်ခြင်း

မြန်မာနိုင်ငံ တောင်တန်းဒေသဗုဒ္ဓဘာသာသာသနာပြုအဖဲ့ကို "အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ" အဆင့်ဖြင့် သာသနာပြုဘွဲ့တံဆိပ်ရ အဏ္ဏာဝါဦးသန်းအောင်က ဦးဆောင်ဦးရွက်ပြုကာ (၁၉၆၇)ခုနှစ်မှစတင် ဖဲ့စည်းတည်ထောင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၇ မှ ၁၉၉၀ ထိ တစ်ဦးတည်းဦးစီးဆောင်ရွက်ခဲ့ပါသည်။ တဖြည်းဖြည်း တပည့်များကို စည်းရုံး၍ အဖဲ့လိုက်ဆောင်ရွက်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ယခုဆိုလျှင် အဏ္ဏာဝါဦးသန်းအောင်သည် အသက်(၈၇)နှစ်ရှိပြီဖြစ်ပါသည်။ အစိုးရမဟုတ်သော အဖဲ့အစည်း(NGO)အနေဖြင့် ဥက္ကဋ္ဌတာဝန်ကို ယူရပါသည်။ နိုင်ငံတော်အစိုးရနှင့် ဆက်စပ်လုပ်ရမည့် သာသနာနုဂ္ဂဟ(ဗဟို)အဖဲ့တွင်လည်း ဥက္ကဋ္ဌအဖြစ် တာဝန်ပေးခြင်းခံရပါသည်။

၂။ အဖဲ့၏ ရည်ရွယ်ချက်-ဗုဒ္ဓသာသနာတော်ကို နေတစ်ထောင် လတစ်ထောင် ထွန်းလင်းတောက်ပ ထွန်းကားပြန့်ပွားလာအောင် မလွဲမသွေ အသက်ကို ပဓာနမထားဘဲ ဆောင်ရွက်ရန်၊

www.dhammaransi.com

၃။ **အဖွဲ့၏တည်ရာ** (က) အမှတ်(၂၆၂–၂၈၆) အခန်း(၃၁) အပေါ်ဆုံးထပ်၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

(ခ) အင်္ဂလိပ်မဟာရုံ၊ အမှတ်(၁၄–ခ)ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၄။ **အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ**

(က) ပြည်နယ်နှင့်တောင်တန်းဒေသခံများဗုဒ္ဓဘာသာဝင်ဖြစ်စေရေး ဆောင်ရွက်ခြင်း (ပြည်မမှာပါ ဆောင်ရွက်ခဲ့ရသည်များ ရှိပါသည်။)

(ခ) ပြည်နယ်နှင့်တောင်တန်းဒေသခံများ ဗုဒ္ဓစာပေတတ်ကျွမ်း နားလည်စေရေး ဆောင်ရွက်ခြင်း

(ဂ) ပြည်နယ်နှင့်တောင်တန်းဒေသခံများဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး ရဟန်းနှင့် ရှင်သာမဏေအဖြစ်ခံယူစေရေး ဆောင်ရွက်ခြင်း

(ဃ) ပြည်နယ်နှင့်တောင်တန်းဒေသခံများ ကိုးကွယ်ပူဇော်နိုင်ရေးအတွက် ဆင်းတုတော်, ပုံတိုး စသည့်သာသနိကပစ္စည်းများ လှူဒါန်းထောက်ပံ့ခြင်း

(င) ပြည်နယ်/တိုင်း တောင်တန်းမြေပြန့်နယ်စပ် ဒေသနေရာ အနှံ့အပြားတွင် ဘုရား, စေတီ,

www.dhammaransi.com

၃၁၆ တောင်တန်းသာသနာပြုသမိုင်း

ပုထိုး, သိမ်, ကျောင်း, ကန်, ရေ, မီး, လျှပ်စစ်, ဓမ္မာရုံ. သာသနာ့ဗိမာန် စသည်တို့ကို အလျှဉ်းသင့်သလို ဆောက်လုပ်လှူဒါန်းခြင်း

(စ) သာသနာပြုရဟန်းတော်များအတွက် ဆွမ်းသက်နှံး ကျောင်း ဆေးစသည်တို့ကို နှစ်စဉ်နှစ်တိုင်း ဝတ်မပျက် ထောက်ပံ့လှူဒါန်းခြင်း

၅။ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓဇရဘွဲ့တံဆိပ်ရ အဏ္ဏဝါဦးသန်းအောင် ဥက္ကဋ္ဌအဖြစ်ဦးဆောင်ဦးရွက်ပြု၍ သာသနာပြုလုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်နေကြသော တောင်တန်းဒေသ ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့သည် စတင်တည်ထောင်သည်မှ ယနေ့တိုင်အောင် ဓစတနာ သဒ္ဓါ ဝီရိယ ထက်သန်စွာဖြင့် အမြဲတစေ တိုးတက်အောင်ဆောင်ရွက်လျက် ရှိပါသည်။

သာသနာပြုသမိုင်းနှင့်ပတ်သက်၍ လေ့လာသုံးသပ်ချက်

တောင်တန်းသာသနာပြုသမိုင်း၏ နောက်ခံ(အတိတ်ဖြစ်ရပ်များ)ကို ပြန်လည်သုံးသပ်ကြည့်သောအခါ အောင်မြင်မှုများရရှိခဲ့သကဲ့သို့ မအောင်မြင်မှု(ဆုံးရှုံးမှု)များလည်း တွေ့ရှိခဲ့ရပါသည်။ မအောင်မြင်ခဲ့ရသည့်အကြောင်းရင်းများမှာ ဗုဒ္ဓဘာသာရဟန်းတော်များသည် ပြည်နယ်တောင်တန်းဒေသများသို့

www.dhammaransi.com

သာသနာပြုကြွရောက် ဟောပြောစည်းရုံးမှု အားနည်းခဲ့သော ကြောင့် ဖြစ်ပါသည်။ အားနည်းရခြင်းမှာ-

(၁) ခရီးလမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်း

(၂) သဘာဝရာသီဥတု ဆိုးဝါးခြင်း

(၃) အစားအစာရိက္ခာ ရှားပါးခြင်း

(၄) ရောဂါဘယ ထူပြောခြင်း

(၅) အုပ်ချုပ်သူတို့၏ အားပေးထောက်ခံမှုမရှိခြင်းနှင့် အဟန့်အတား အနှောင့်အယှက်ပြုခြင်းစသည် တို့ကြောင့် ဖြစ်ပါသည်။

မအောင်မြင်မှုများရှိသကဲ့သို့ အောင်မြင်မှုများ ရှိခဲ့ခြင်းမှာ အမျိုးဘာသာသာသနာပြု ချစ်စိတ်အပြည့်အဝရှိကြသော ဆရာတော်များ လူပုဂ္ဂိုလ်များတို့၏ ကြိုးစားဆောင်ရွက်မှုကြောင့် နယ်စပ်တောင်တန်းတွင် သာသနာရောင်များ ထွန်းလင်းတောက်ပနေသည်ကို တွေ့မြင်နေကြရခြင်း ဖြစ်ပါသည်။ သာသနာရောင် ထွန်းလင်းပြောင်ရခြင်းမှာ အုပ်ချုပ်သူ အစိုးရမင်းတို့၏ အားပေး ကူညီထောက်ပံ့မှုကိုရယူနိုင်ကြသော မျိုးချစ်စိတ်ဘာသာ သာသနာချစ်စိတ်ပြင်းထန်သော ဆရာတော် သံဃာတော်များနှင့် လူပုဂ္ဂိုလ်တို့၏ အဓိကစွမ်းဆောင်ချက်ကြောင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိ နိုင်ပါသည်။

www.dhammaransi.com

"တောင်တန်းသာသနာပြုဗဟိုဌာနချင်းကျောင်း"အခြေအနေ

သာသနာပြုလုပ်ငန်းကို အထောက်အကူပြုစေရန် အတွက်"တောင်တန်းသာသနာပြု ဗဟိုသင်တန်းကျောင်း" ဆောက်လုပ်ရန် မြေနေရာကို ရန်ကုန်တိုင်း၊ မရမ်းကုန်း မြို့နယ်၊ အမှတ်(၈)ရပ်ကွက် (တံတားလေးလမ်းဆုံ)ရှိ မြေကွက်အမှတ် ၄၉၊ ဦးပိုင်အမှတ် ၄က၂ အကျယ် ၂၀ ၂၂၀ကေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ရန်လျာထား သတ်မှတ်ပြီး ၃-ဘက်တွင် အုတ်တံတိုင်းကာရံပြီး ဖြစ်ပါသည်။ ဆောက်လုပ်ရန် အတွက်လည်း ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

တောင်တန်းသာသနာပြုအဖွဲ့.ပိုင်(ထေရဝါဒဗုဒ္ဓ သာသနာပြုအဖွဲ့.ပိုင်) မြေကွက်နှင့်ပတ်သက်၍ သမိုင်း ကြောင်းအကျဉ်းချုပ်မှာ အောက်ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်-

၁။ ၁၉၀၄ ခုနှစ်တွင် ဦးကေတုသာလ ပံ့လွန် တော်မူပြီးနောက် ဇွဲစုံဦးအာစိဏ္ဏ အပါ အဝင်ရဟန်း(၁၅)ပါးနှင့် လူပုဂ္ဂိုလ်(၂၁)ဦး တို့က အရှင်ကေလာသ(မဟာဝိဇ္ဇာ)အား

www.dhammaransi.com

အာရာမ်နှင့်တကွ လှူဒါန်းခဲ့သည်။ တစ်ဖန် သာသနာရေးဆိုင်ရာ မြေကွက်အဖြစ် လျှောက်ထားသော ဗုဒ္ဓဘာသာနှင့် ကမ္ဘာ့ဆက်ဆံရေးအဖွဲ့သို့ ၉-၁၂-၁၉၅၄ ခုနှစ်တွင် နိုင်ငံတော်သမ္မတကြီးဦးဘဦးကိုယ်စားဝတ်လုံတော်ရဦးဘဝင်းမှတဆင့် ဗုဒ္ဓသာသနာပြုအဆောက်အအုံများ ဆောက်လုပ်ရန် လှူဒါန်းခဲ့ပါသည်။

၁၉၅၈-ခုနှစ်တွင် အရှင်ကေလာသ (မဟာဝိဇ္ဇာ)နှင့် တပည့်ဒကာမတို့က တစ်ဘက် ဆရာတော်ဦးသာဂရနှင့် ဦးအာစိဏ္ဏတို့က တစ်ဘက် ကျောင်းလုပ်ငွေ ဖြစ်သွားခဲ့သည်။ ၁၀-၁-၁၉၆၁ ခုနှစ်တွင် မြို့နယ်တရားရုံးက ဆရာတော်ဦးကေလာသ(မဟာဝိဇ္ဇာ)အား အနိုင်ပေးခဲ့သည်။ ၁၂-၃-၁၉၆၂ ခုနှစ်တွင် အင်းစိန်ခရိုင်တရားရုံးမှ အယူခံမှုကို တရားစရိတ်နှင့်တကွ ပယ်ချလိုက်ပြီး အရှင်ကေလာသ(မဟာဝိဇ္ဇာ)အား အနိုင်ပေးခဲ့သည်။

www.dhammaransi.com

၃။ ၂၅-၁၁-၁၉၇၂ ခုနှစ်တွင် ဗုဒ္ဓဘာသာနှင့် ကမ္ဘာဆက်ဆံရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်ကြီးနှင့် ဆရာတော်ဦးကေလာသ (မဟာဝိဇ္ဇာ)တို့က တောင်တန်းသာသနာ ပြုဗဟို သံဃအဖွဲ့ချုပ်သို့ မှတ်ပုံတင် စာချုပ်ဖြင့် လှူဒါန်းခဲ့သည်။

၄။ ၂၄-၁၁-၁၉၇၆ ရက်နေ့ကပင် တောင်တန်း မြေ ၄က၂ ဧရိယာ ၂. ၂၂၀ ဧကနှင့် ငွေစုံ မြေကွက်အမှတ် ၅ ဧရိယာ ၄. ၁၆၈၈က တို့သည် သီးခြားစီ ဂရမ်ထွက်ရှိပြီး ဖြစ်ပါ သည်။ ၃-၃-၁၉၉၈ရက်နေ့က တောင်တန်း သာသနာပြုမြေသည် အခွန်လွတ် သာသ နာ့ဂရမ်အဖြစ် ရရှိပြီးဖြစ်ပါသည်။ ၁၉၉၁ ခုနှစ်တွင် သာသနာတော်ထွန်းကားပြန့်ပွား ရေးဦးစီးဌာန ဖွင့်လှစ်ပြီးနောက် သာသနာ တော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ထေရ ဝါဒ ဗုဒ္ဓသာသနာသြဝါဒါစရိယအဖွဲ့

www.dhammaransi.com

ဆရာတော်ကြီးများနှင့် ဌာနအကြီးအကဲ တို့၏ ဩဝါဒလမ်းညွှန်ချက်နှင့် အညီ သာသနာ့မြေ ဆုံးပါးပျောက်ပျက်မသွား စေရေးနှင့် တောင်တန်းသာသနာပြုဗဟို သင်တန်းကျောင်း ဖြစ်ပေါ်ရေးအတွက် အစဉ်တစိုက် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

၅။ ၁၉၉၉-ခုနှစ်တွင် ဇဲစုံကျောင်းဦးဥတ္တမက မြေပုံကူးယူခွင့် လျှောက်ထားရာ ရန်ကုန် မြို့တော်စည်ပင်သာယာရေး ကော်မတီက ခွင့်မပြုခဲ့ပါ။

၆။ နိုင်ငံတော်ဝိနိစ္ဆယအဖွဲ့ ၃/၈၄အရ ဇဲစုံ ဦးဥတ္တမက ပိုင်ဆိုင်သည်ဟု ပြောဆိုနေ သော်လည်း ၁၉၈၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့ သော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ် နည်းများစာအုပ် အခန်း(၅) အထွေထွေ အပိုဒ်၁၀တွင် "ဤဥပဒေအာဏာ မတည်မီ

www.dhammaransi.com

ကပြီးငြိမ်းပြီးသော အဓိကရုဏ်း မှုခင်းများကို မည်သည့်သံဃာဝိနိစ္ဆယကမျှ လက်ခံစစ်ဆေးဆုံးဖြတ်ခြင်း မပြုရ" ဟု ပြဋ္ဌာန်းပါရှိသဖြင့် ၁၉၈၀ပြည့်နှစ် မတိုင်မီကပင် တောင်တန်းသာသနာပြုအဖွဲ့(ယခု ထေရဝါဒဗုဒ္ဓသာသနာပြု သြဝါဒါစရိယဆရာတော်များအဖွဲ့)ပိုင် မြေဖြစ်ကြောင်း အခိုင်အမာထင်ရှားပြီး ဖြစ်ပါသည်။

၇။ ၁၆-၁-၂၀၀၁ နေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ ရပ်ကွက်/မြို့နယ် အာဏာပိုင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့က နယ်နိမိတ်တိုင်းတာသတ်မှတ်ပြီး ၁၂-၇-၂၀၀၁ ရက် က၂၀၀၀/၂၀၀၁ ခုနှစ်သုံး မြေတိုင်းမြေပုံအရ သက်သေခံမြေပုံ ထုတ်ပေးရရှိပြီး ဖြစ်သည်။

www.dhammaransi.com

၈။ ရှေ့နေချုပ်ရုံးမှ ဟန့်တားနှောက်ယှက်သူ များအား ဥပဒေအရ အရေးယူရန် အကြံ ပြုပြုန်ကြားထားပြီး ဖြစ်ပါသည်။

၉။ ၂၅-၁၁-၂၀၀၂ နေ့တွင် ပဉ္စမအကြိမ် နိုင်ငံ တော် သံဃမဟာနာယကအဖွဲ့ ဒုတိယ အဖွဲ့ခွဲဝင်ဆရာတော်ကြီးများ ရှေ့မှောက်၌ ဇွဲစုံကျောင်းတိုက်မှ ဦးဥတ္တမ၊ ဦးဝါယာမိန္ဒ၊ ဦးဓမ္မပိယ (၃)ပါးတို့က သာသနိက အဆောက်အအုံများ ဆောက်လုပ်မည့် ကိစ္စကို သဘောတူဝမ်းမြောက်ပါကြောင်း လက်မှတ်ရေးထိုး ကတိခံဝန်ချက် ပြုခဲ့ကြ ပြီး ဖြစ်ပါသည်။

၁၀။ ၂၈-၁၁-၂၀၀၂ နေ့တွင်ကျင်းပသော ပဉ္စမ အကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေး ဆုံးဖြတ်ချက်အရ ၆-၁၂-၂၀၀၂ နေ့တွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးထံသို့ သာသနာပြု ဗဟိုသင်တန်းကျောင်း

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

ဆောက်လုပ်နိုင်ရေးအတွက် ကြိုးပမ်းတွန်းအား ပေးကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

၁၁။ ၁၂-၅-၂၀၀၃ နေ့တွင် ခြံစည်းရိုးဓာတ်ရန် ကျသင့်ငွေ ၄၆၀၅၀/-ကို ရန်ကုန်မြို့ တော်စည်ပင်သာယာရေး ကော်မတီသို့ ပေးသွင်းပြီး ဖြစ်ပါသည်။ တောင်တန်းမြေနှင့် ဆက်စပ်မြေကွက်ပိုင်ရှင်များ သာသနာရေးဦးစီးဌာနတို့မှ ကန့်ကွက်ရန် မရှိကြောင်းကို သက်ဆိုင်ရာရပ်ကွက်/မြို့နယ် အာဏာပိုင်တို့၏ ထောက်ခံချက်များနှင့် အတူ အင်ဂျင်နီယာဌာနသို့ ပေးပို့ပြီး ဖြစ်ပါသည်။

၁၂။ ၁၈-၇-၂၀၀၃ ရက်နေ့တွင် စစ်ဒေသမှူး၊ ညွှန်ကြားရေးမှူးချုပ်၊ မြို့တော်စည်ပင်၊ ဆိုင်ခန်းပိုင်ရှင်များ၊ ဂေါပကအဖွဲ့၊ရပ်ကွက်မြို့နယ် အာဏာပိုင်အဖွဲ့အစည်းတို့ ပါဝင်သော တောင်တန်းမြေနှင့် ပတ်သက်သည့် အစည်းအဝေးကျင်းပကာ မြို့တော်စည်

www.dhammaransi.com

ပင်မမှဆိုင်ခန်းများကို လိုင်စင်ထပ်မံ ထုတ်
မပေးရန်၊ လိုင်စင်ချထားပေးသော ဆိုင်ခန်း
များကို၃၁-၃-၂၀၀၄နေ့တွင်လည်းကောင်း၊
လိုင်စင်မရှိသော ဆိုင်ခန်းများကို ၃၁-၁၂
၂၀၀၃နေ့တွင်လည်းကောင်း ဖျက်သိမ်းရန်
အားလုံးသဘောတူပြီးဖြစ်ပါသည်။

၁၃။ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီမှ ဆိုင်ခန်းများ ရှင်းလင်း
ရေး ဆောင်ရွက်ရာတွင် လုံခြုံရေး အကူ
အညီပေးမည်ဖြစ်ကြောင်း ပြန်ကြားပြီး
ဖြစ်ပါသည်။

၁၄။ ဦးဥတ္တမက မကျေနပ်၍ ထပ်မံတိုင်ကြား
စာအပေါ် ၂၇-၂-၂၀၀၄ နေ့က ကျင်းပ
သော ဒွမအကြိမ် နိုင်ငံတော်သံဃာ
မဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒသမ
အစည်းအဝေးက ယင်းမြေကွက် အပေါ်
တွင် သာသနိကအဆောက်အအုံများ
ဆက်လက်ဆောက်လုပ်နိုင်ရေးအတွက်

www.dhammaransi.com

သာသနာရေးဝန်ကြီးဌာနသို့ လွှဲအပ်ရန်"
ပယူသော ၂၈-၁၂-၂၀၀၂ အစည်းအဝေး
ဆုံးဖြတ်ချက်ကို ထပ်မံအတည်ပြုခဲ့ပါ
၁၁ည်။

၁၅။ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေကွက်
အမှတ်-၄၉ ဦးပိုင်အမှတ်(၄က၂)ဧရိယာ
၂. ၂၂၀၀ကရိုမြေကွက်သည် တောင်တန်း
သာသနာပြုအဖွဲ့(ထေရဝါဒဗုဒ္ဓ သာသနာ
ပြု ညြဝါဒါစရိယအဖွဲ့)ပိုင်မြေဖြစ်ကြောင်း
စာချုပ်၊ စာရွက်၊ စာတမ်း၊ သက်သေခံ
အထောက်အထားများ ပြည့်စုံစွာရှိပါသည်၊
တောင်တန်းသာသနာပြုဗဟိုသင်တန်းကျောင်း
ဆောက်လုပ်ပြီးစီးသောအခါ ပြည်နယ်/တိုင်း အသီးသီးမှ
သာသနာရေးကိစ္စဖြင့် ရန်ကုန်မြို့သို့ ကြွရောက်လာကြမည့်
သာသနာပြုရဟန်းတော်များအား တည်းခိုသီတင်းသုံးရေး
အဆင်ပြေသွားပါမည်။ သာသနာပြုရဟန်းတော်များ
သင်တန်း၊ လူပုဂ္ဂိုလ်သင်တန်း စသည်ဖြင့် သာသနာရေး
ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချရေး အဆင်ပြေမည်
ဖြစ်ပါသည်။ ဘာသာရေး အခမ်းအနားများလည်း ကျင်းပ
သွားနိုင်မည်ဖြစ်ပါသည်။

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

လက်ရှိနယ်စပ်/တောင်တန်းသာသနာပြုလုပ်ငန်း ဆောင်ရွက်နေသော ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယဆရာတော်များအဖွဲ့

စဉ် ဘွဲ့တော် တာဝန် ကျောင်း

၁။ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ဥက္ကဋ္ဌ ပိဋကတ်တိုက်ကျောင်း၊
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) စလင်းတိုက်၊ ကြည့်မြင်တိုင်

၂။ ဘဒ္ဒန္တကုန္ဒဓာ ဒုတိယဥက္ကဋ္ဌ ဓမ္မိကာရုံပါဠိတက္ကသိုလ်
(အဂ္ဂမဟာပဏ္ဍိတ၊ ဒေဝသာဂရသိမ်ကုန်း၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မင်္ဂလာတောင်ညွန့်မြို့နယ်

၃။ ဘဒ္ဒန္တဝါယာမိန္ဒ အကျိုးတောင်ဆောင် အာသေဝကကျောင်
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ခြောက်ထပ်ကြီး၊ဗဟန်း

၄။ ဘဒ္ဒန္တကုမာရ တွဲဖက် ။ ဇေယျသိဒ္ဓိကျောင်း၊ ဘိုကုန်း
(မဟာသဒ္ဓမ္မဇောတိကဓဇ) ရပ်ကွက်၊ အင်းစိန်မြို့နယ်

၅။ ဘဒ္ဒန္တတိလောက အဖွဲ့ဝင် မဟာတိလောကရုံကျောင်း၊
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ကျိုက်ဝိုင်း၊မရမ်းကုန်းမြို့နယ်

၆။ ဘဒ္ဒန္တပဏ္ဍိတ ။ မဟာဝိသုတာရာမစာသင်တိုက်
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဆယ်သိန်းရပ်ကွက်၊သက်နန်းကျွန်း

www.dhammaransi.com

တောင်တန်းသာသနာပြုသမိုင်း

၇။ ဘဒ္ဒန္တပဏ္ဍိတ ။ ဆုထူးပန်စာသင်တိုက်၊
(မဟာဂန္ဓဝါစကပဏ္ဍိတ) နတ်မောက်လမ်း၊ဗဟန်း

၈။ ဘဒ္ဒန္တဝိစိတ္တာဘိဓာ ။ မဟာအောင်မြေဘုံစံကျောင်း
၁-လမ်း၊ ဗဟန်း

၉။ ဘဒ္ဒန္တဝိမလ ။ ဝိမလာရာမနတ်ညွှန်း စာသ၊
(မဟာဂန္ဓဝါစကပဏ္ဍိတ) တိုက်၊၃-လမ်း၊ဗဟန်း

ပ.ဖ.၁၁.စ-၆၂/၁၈.၁.၂၀၀၆ (၁၀၀၀) လစ်သို(ဖြစ)။ ။

www.dhammaransi.com